ဝိုင်းမော်
ဂွတ်ဘိုင်
ဘလတ်ဒီးမေရိ
ဝါဝိယွန်
Jackie Lynn
WHISPER of WORDS

ဂွတ်ဘိုင်
ဘလတ်ဒီးမေရိ
ပါဝီယွန်
WHISPER of WORDS
Jackie Lynn

ဂွတ်ဘိုင် ဘလတ်ဒီးမေရီ

လုံးချင်းဝတ္ထု

ပါပီယွန်

E-Books

ပုံနှိပ်မှတ်တမ်း

ဂွတ်ဘိုင် ဘာလတ်ဒီးမေရီ (ပါပီယွန်)

ပထမအကြိမ် - အောက်တိုဘာ၊ ၂၀၂၀ တန်ဖိုး • ၄၀၀၀ကျပ်

မျက်နှာဖုံး • **Jackie Lynn**

အတွင်းစာမျက်နှာ • ဝေးခေါင်

စီစဉ်သူ • **Whispers of Words**

© ပါပီယွန်မူပိုင်ဖြစ်သည် (စာရေးသူခွင့်ပြုချက်မရှိပဲ-ဖြန့်ဝေခြင်း၊ ရောင်းချခြင်း၊ သွယ်ဝိုက်အကျိုးစီးပွားအတွက် အသုံးပြုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းများ မပြုလုပ်ရ)

မာတိကာ

မျှောလွင့်နေသော ဘဝများသို့ ဦးညွှတ်ခြင်း
ဖြောင့်ချက်
ဆာယာယေဗိုနေ့ရက်များ
မိုးကောင်းကင် အိမ်မက်များ
ရောမကို အာခံသူ
လူမိုက်များက ခြိမ်းခြောက်ခြင်း
မက္ကဇင်ဂေါ်ကီ၏ နွေနှောင်းတစ်ည
တောခိုဖူးခြင်း
မာနယ်ပလောစခန်း ကျဆုံးခန်း
ငဖိုးရှောင်
မစ္စတာပန်းနီးနှင့် သူ၏ အလုပ်သမားခေါင်းဆောင်
ကျနော့်သရဲမလေး ဘလတ်ဒီးမေရီ
မှော်ရုံတောတွင် မိန်းမောခြင်း
ရောမန္တိက နေ့ရက်များ
ရန်သူဟောင်းအား ဒုက္ခပေးခြင်း
စီနီကိုလု(ပ) က ဗမာ့ထွက်ရပ်ဂိုဏ်း
မိုက်မဲတဲ့ ဘလတ်ဒီးမေရီ
ရှိုးဒေါင်း
အစောင်မြင်စွာဆုတ်ခွာရန် ကြိုးပမ်းကြခြင်း
အမှောင်ထုထဲသို့
ပြစ်မှုနဲ့ ပြစ်ဒဏ်
Papillon သို့ ဦးညွှတ်ခြင်း
သင်ယူခြင်း
လွတ်မြောက်သွားသူ
အိမ်အပြန်
နော်စတဲဂျား

မျှောလွင့်နေသောဘဝများသို့ဦးညွှတ်ခြင်း

(အောင်ခင်မြင့်)

ကျွန်တော်က မြဝတီမှာ တာဝန်ကျဖူးတော့ ပါပီလွန်ရဲ့ဝတ္ထုထဲက ရွှေ့ပြောင်းလုပ်သားတွေ၊ အလုပ်သမားကတ်အတုတွေ၊ ရက်လွန်နေတဲ့ ပတ်စ်ပို့တွေ၊ အိမ်လွမ်းနာတွေ၊ တရားမဝင်အချစ်တွေ၊ ထောင်ထဲ ဝင်ရတာ တွေ၊ လောကထဲကနေ အစရှာမရပဲ ပျောက်သွားတဲ့သူတွေ၊ သူစိမ်းမြေမှာ နလုံးသားနာကျင်ရခြင်းတွေ၊ မျိုးသိပ်ရတဲ့ ရမ္မက်ဆန္ဒတွေ၊ ဘယ်တော့မှ အိမ်ပြန်မရောက်နိုင်တော့တဲ့ အဖြစ်တွေ စတာတွေနဲ့ ထိုက်သင့်သလောက် ရင်းနှီးတယ်။ တနယ်တကျေးမှာ နိုင်ငံရပ်ခြားမှာ အလုပ်သွားလုပ်ကြတဲ့ ရွှေ့ပြောင်းလုပ်သားတွေဟာ ကျွန်တော်တို့ခေတ်ရဲ့ အတွေ့ရအများဆုံး ဇာတ်ကောင်တွေပါပဲ။ ခုလည်း ပါပီယွန်ရဲ့ ဝတ္ထုထဲက ဇာတ်ကြောင်းပြောသူ လူငယ်လေးဟာ အဲဒီ တရားမဝင်အလုပ်သမား၊ အားလုံးကို ကိုယ်စားပြု ထားတဲ့ ဘုံဇာတ်ပြောသူပဲပေါ့။

ဒီနေ့ခေတ်ကမ္ဘာမှာ အဲဒီလို အိမ်နဲ့ဝေးပြီး မျှောလွင့်နေတဲ့ သူ တွေ အများကြီးပါပဲ။ **floating** လို့ခေါ်တဲ့ မျှောလွင့်ခြင်းဟာ ဖွံ့ဖြိုးဆဲနိုင်ငံ တွေမှာသာ မက တရုတ်ပြည်လို နိုင်ငံတွေ၊ တခြားဖွံ့ဖြိုးပြီးနိုင်ငံတွေမှာပါ တွေ့ရတဲ့ **global phenomenon** တစ်ခုဖြစ်ပါတယ်။

ပါပီယွန်ရဲ့ ဝတ္ထုကို ဖတ်တော့ ကျွန်တော့်အာရုံထဲမှာ ရွှေ့ပြောင်း လုပ်သားတွေအကြောင်း အမြဲရိုက်လေ့ရှိတဲ့ တရုတ်ဒါရိုက်တာ ကျားကျန်းခဲ ရဲ့ ရုပ်ရှင်တွေထဲက ဆေးလိပ်သောက်နေတဲ့ စွပ်ကျယ်အင်္ကျီနဲ့လူတွေ ပြန်ပေါ်လာတယ်။ ပါပီလွန်ရဲ့ ဝတ္ထုထဲမှာလည်း အဲဒီလို ဆေးလိပ်သောက် နေတဲ့ မြင်ကွင်းတွေ မကြာမဏေပါတယ်။ ပါပီယွန်ရဲ့ ဇာတ်ကောင်တွေလိုစက်ရုံတွေ၊ လုံခြုံမှုမရှိတဲ့ လုပ်ငန်းခွင်တွေထဲမှာ လစာနည်းနည်းနဲ့ ပိတ်မိ နေတဲ့ လူငယ်တွေ လူလတ်ပိုင်းတွေဟာ နိုင်ငံရပ်ခြားမှာ ဒုနဲ့ဒေး။ သူတို့ အတွက် အမောဖြေစရာက မျက်စိမှိတ်ပြီး စီးကရက်တစ်လိပ်ကို အရှည်ကြီး ဆွဲရှိုက်လိုက်ဖို့၊ ခက်ခဲတဲ့ နှစ်တစ်နှစ် ဒါမှမဟုတ် ခက်ခဲတဲ့ ဒီဘဝကြီး တစ်ခု လုံးကို တစ်ရှိုက်တည်းနဲ့ ပြာတောင့်ရှည်ကြီးအဖြစ် ပြောင်းလဲသွားအောင် စီးကရက်ကို အသားကုန်ရှိုက်သွင်းပစ်လိုက်ဖို့။

နောက်တစ်ခါ ကျွန်တော့်စိတ်ထဲ စွဲနေတာက အန်မိုကီရှိ တောင် ကုန်းလေးပေါ် တက်သွားတဲ့ ရွှေ့ပြောင်းလုပ်သား ဗမာလေးနဲ့ စင်ကာပူသူ တရုတ်မလေး စုံတွဲ။ သူတို့ တစ်ချိန်မှာ ကွဲကွာသွားမယ် ဆိုတာကိုတော့ အတွေ့အကြုံရှိတဲ့ ဘယ်စာဖတ်သူမဆို သိပြီးသား ဖြစ်မှာပဲ။ သူစိမ်းမြေဟာ ပထမ အချစ်ကို ပေါက်ဖွားစေတယ်။ နောက်တော့ အသည်းကွဲခြင်း၊ နောက် ဆုံးမှာတော့ ဆုံးရှုံးခြင်းပဲပေါ့။ ဒါဟာ အမိမြေနဲ့ သူစိမ်းမြေကြားထဲက ဖြစ်ရိုး ဖြစ်စဉ်

ပတ်သက်မှုပါပဲ။ ဒါဟာ ရိုးအီနေပေမယ့် လှပနေဆဲ **realism** ပါပဲ။ တောင်ကုန်းတစ်ခုရဲ့ အလွန်မှာ မိန်းမတစ်ယောက် ပျောက်ကွယ်သွားတာ ဟာ ဘာမှမဟုတ်ရင်လည်း ဘာမှမဟုတ်ပေမယ့် ဆွေးမယ်ဆိုလည်း တစ်ဘဝလုံးဆွေးစရာကြီးပေါ့။

ခုနပြောတဲ့ **realism** ဆိုတာလေးကို ပါပီယွန်ရဲ့ ဝတ္ထုနဲ့ ကိုက်ညီ မှုဆိုလို့ ဆက်ပြောပါရစေ။ ဒီဝတ္ထုထဲက အကြောင်းအရာတွေဟာ တကယ် ဖြစ်ခဲ့လို့ ဒီဇာတ်ကောင်တွေက တကယ်ဖြစ်လို့ ဘာညာပြောလို့ ကျွန်တော် တို့က ဒီဝတ္ထုတစ်ပုဒ်ကို ကောင်းလှချည်ရဲ့ စစ်မှန်လှချည်ရဲ့ လို့ ပြောစရာ အကြောင်း မရှိပါ။ ကျွန်တော်တို့က အနုပညာရှင် (ဝါ) စာရေးဆရာရဲ့ တည်ဆောက်မှုကို ကြည့်ရမှာပဲ ဖြစ်တယ်။ ဥပမာပြောရရင်း ဗန်ဂိုးဟာ ကုလားထိုင်တစ်လုံးကို ဘွတ်ဖိနပ်တစ်ရံကို ဆွဲတဲ့နေရာမှာ လက်သမားက ကုလားထိုင်ကို လုပ်သလို ဖိနပ်ချုပ်သမားက ဖိနပ်ကို ပြုလုပ်သလို ဆွဲခဲ့ပုံမျိုးကိုကျွန်တော်တို့က**realism** လို့ခေါ်ဝေါ်ခြင်းဖြစ်တယ်။ ထိုလက်ရာမျိုးကို ကျွန်တော်တို့က အမြတ်တနိုး တန်ဖိုးထား ခံစားကြရတယ်။

ပါပီယွန်ရဲ့ ဒီဝတ္ထုမှာလည်း အဲဒီ **realism** ကို သူကြိုးစား တည် ဆောက်တာ ကျွန်တော် သတိထားမိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ သန်း ခေါင် စာရင်းထဲ နာမည်ပေါက်နေပေမယ့် အိမ်မှာမရှိတဲ့သူတွေ အများကြီး ပဲ။ သူတို့ဟာ မလေးမှာ စလုံးမှာ၊ ဖဦးထုပ်မှာ၊ ယိုးဒယားမှား အမေရိကမှာ စသဖြင့် ကမ္ဘာအနှံ့မှာ ပြန့်ကျဲနေကြတယ်။ အများစုက အလုပ်သွားလုပ်နေ ကြတာ။ တစ်ချိန်က ဂျူးလူမျိုးတွေ ကမ္ဘာအနှံ့ ပြန့်ကျဲသွားတာကို ဒိုင်ယာ စပိုရာ **(diaspora)** လို့ ခေါ်ခဲ့ကြတယ်။ အခုလည်း အရှေ့နိုင်ယာစပိုရာ လို့ သတ်မှတ်ကြတဲ့ အရှေ့တွေ ရေကြည်ရာ မြက်နုရာ အလုပ်ရှာ/ပြောင်း ရွှေ/ အခြေချကြတာဟာ လူဦးရေ သန်းနဲ့ချီနေတာပဲ။

ကျွန်တော် တွေးမိတာက အဲဒီလိုနိုင်ငံရပ်ခြားမှာ အလုပ်သွား လုပ်နေတဲ့ မြန်မာပြည်သူပြည်သားတွေရဲ့ မျှောလွင့်နေတဲ့ ဘဝတွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ လိပ်ပြာကို ဘယ်လို ခြောက်လှန့်နေမလဲ ဆိုတာကိုပါ။ ပါပီယွန်ရဲ့ ဝတ္ထုထဲကလို လူတွေဟာ ဘာကို လိုချင်လို့ ရေခြားမြေခြားမှာ အလုပ်သွားလုပ်ကြတာလဲ၊ ဘာလို့ သူတို့ ဆင်းရဲကြီးစွာ ရုန်းကန်ကြတာလဲ။ သူတို့ လိုချင်တာက အများကြီးမဟုတ်ပါဘူး။ အမြင့်ကြီးလည်း မဟုတ်ဘူး။ ဒါပေမယ့် သူတို့လိုချင်တာကို သူတို့နိုင်ငံက မပေးစွမ်းနိုင်ဘူး။ သူတို့ရှာဖွေ နေတာက တစ်ခုတည်း။ ပိုကောင်းတဲ့ ဘဝ”

(a better life)

ဖြောင့်ချက်

အီရန် ဒါရိုက်တာ မဂျစ်ရဲ့ "ဘာရန်" ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားကို ကြည့်တုန်းက ကျနော် စိတ်ထိခိုက်ခဲ့ရတယ်။ စကားမစပ်၊ အဲ့ဒီတုန်းက မဂျစ်ရိုက်တဲ့ ဇာတ်ကားတွေ တစ်ကားမှ မကြည့်ဖူးသေးဘူးဗျ။ ကလပ်စစ် ကယ်လ် ဂစ်တာဆရာ ကိုမြင့်သန်းထွန်းဆီက အဲ့ဒီ ဗီစီဒီအခွေ ရလာတာပဲ။ ဒီ အီရန်ဆရာရဲ့ ရုပ်ရှင်က ဒိုင်ယာလော့ဂ် သိပ်မပါဘူးရယ်။ အပြေတွေပဲ များတယ်။ အပြောနည်းတယ် ဆိုပါတော့။ ဇာတ်လမ်းဇာတ်ညွှန်းကလည်း သူကိုယ်တိုင်ပဲ ရေးတယ်ဆိုလား။ အပြောနည်းတာမှ ဘယ်လောက်ထိလဲ ဆိုတော့ကာ သူ့ဇာတ်ကောင် **Lateef** ဆိုတဲ့ကောင်လေး နဲ့ ဇာတ်လိုက်မ **Baran** ဆိုတဲ့ ကောင်မလေးဟာ တစ်ကားလုံး တစ်ယောက်နဲ့တစ်ယောက် ဘာစကားမှကို ကောင်းကောင်းမပြောမသွားခဲ့ဘူး။ ဒါပေမယ့် ဇာတ်သိမ်းခန်း မှာ ကျနော် အသည်းကွဲတာပဲ။ အီရန် ဒါရိုက်တာရဲ့ ရိုက်ချက်ပြင်းလွန်းတော့ ကာ ရုပ်ရှင်ကြည့်ပြီး နှစ်ရက် သုံးရက်အထိ လူက နေရထိုင်ရတာ အဆင် မပြေဘူး။ စိတ်ထဲ စူးနစ်နေအောင် ခံစားရတယ်ပေါ့။

ဒီဇာတ်ကားကို ရုပ်ရှင်ဇာတ်ကားကောင်းကောင်း ကြိုက်တဲ့သူ တွေလည်း အနည်းနဲ့အများဆိုသလို ခံစားနစ်သက်ကြပါလိမ့်မယ်။ ကျနော် က နည်းနည်းသွားပိုနေတယ်ဗျာ။ ဘာကြောင့်လဲ ဆိုတော့ကာ ... သူတည် ထားတဲ့ ဇာတ်အိမ်ပေါ့....

အီရန်နိုင်ငံ တီဟီရန်မြို့တော် ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုက အောက်ခြေသိမ်းအလုပ်သမားတွေရယ်

lateef ဆိုတဲ့ အီရန်ကောင်လေး ။

မဖြစ်မြစ်ကျယ်အမူအကျင့်ရှိလို့ အခြားအလုပ်သမားတွေနဲ့မတည့်ဘူး။

သူ့အလုပ်ကအလုပ်သမားတွေကိုလက်ဖက်ရည်ဖျော်တိုက်ရတာ။

သူတို့ဆောက်လုပ်ရေးခွင်ထဲကအလုပ်သမားတော်တော်များများဟာ စစ်ဖြစ်လို့ပျက်စီးသွားတဲ့ အာဖဂန်နစ္စတန်က လာတဲ့ အာဖဂန်တွေ။မှတ်ပုံတင်မရှိတဲ့ ဈေးပေါပေါ တရားမဝင် အလုပ်သမားတွေပေါ့။ အီရန် လဝက တွေ ဆိုက်ထဲ ဝင်စစ်ရင် ဥပဒေမဲ့ တွေမို့ ပြေးရ လွှားရ ပုန်းရတဲ့ အနေအထား။ အဲဒီမှာ **rahmat** ဆိုတဲ့ ပျော့တိ ပျော့ဖက် အာဖဂန်ချာတိတ်လေးက ခြေထောက်ကျိုးသွားတဲ့သူ့အဖေအစား အလုပ်လာဝင်လုပ်တယ်။

အဲဒီအာဖဂန် ကောင်လေးက အလုပ်ကြမ်းမလုပ်နိုင်ဘူး။ဝိုမင် ကအီရန်လက်ဖက်ရည်အဖျော်ဆရာ **lateef** နဲ့ နေရာချင်းလဲပေးလိုက်တယ်။ **lateef** ကပေါက်ကွဲတာပေါ့။ **rahmat** ဆိုတဲ့ အာဖဂန် ကောင်လေးက သူ့နေရာ လုတယ်ပေါ့။

အငြိုးထားတော့တာပဲ။ ဘယ်လိုဒုက္ခပေးရမလဲချောင်းနေတာရယ်၊ ချောင်းနေရင်မတော်တဆဘာတွေသွားလဲဆိုတော့ **rahmat** ဆိုတဲ့ အာဖဂန်ကောင်လေး ပျော့တိပျော့ဖက်လေးက လူအလုပ်စ်မှာ ဝှတ်ထားတဲ့ ဆံပင်အရှည်ကြီးတွေကို ဖြန့်ချပြီး ဖြီးသင်နေတာကိုဗျ။

rahmat ကနုနုနယ်နယ်မျက်ခွက်လေး နဲ့ အာဖဂန်ကောင်လေး မဟုတ်ဘူး၊ တစ်ပြေ တစ်ရွာမှာ ထမင်းငတ်လွန်းလို့ ယောက်ကျားအယောင်ဆောင် ပြီး အလုပ်ကြမ်းလာဝင်လုပ်နေတဲ့ အာဖဂန်မ လေးပဲ။

နာမည်အရင်းက **Baran** (မိုး လို့အဓိပ္ပာယ်ရတယ်) တဲ့၊ အီရန်အလုပ်သမားလေး **leteef** ဟာအဲဒီ **rahmat** တဖြစ်လဲ **Baran** ဆိုတဲ့ အာဖဂန် ကောင်မလေးကို တစ်ဖက်သတ် စွဲလန်းသွားပြီး သူ့ဘဝ ပျက်လုနီးပါး ဖြစ်သည်အထိ ကူညီဖို့ ကြိုးစားတော့တာပဲ။

ထားပါတော့။ ဇာတ်ကြောင်းအကုန် ပြန်ရေးပြမနေတော့ပါဘူး။ ချစ်ခြင်းမေတ္တာဆိုတာ ခရမ်းချဉ်သီး အနီရဲရဲလေးတွေ အတူတူကောက်ခဲ့ဖူးတာလည်း ဖြစ်နိုင်တာပဲ လို့ ညွှန်းဆိုပြီး ဒီရုပ်ရှင်အကြောင်း ကျနော် ရေးခဲ့ဖူးသေးတယ်။

ဒီရုပ်ရှင်ဟာ ကျနော့်ကို အသေသက်တယ်ဗျာ။ မိမိမွေးရပ်မြေကို စွန့်ခွာပြီး တစ်ပြေတစ်ရွာမှာ တရားမဝင် နေထိုင်ရှင်သန်ရင်း ဘဝကျောင်းရ တဲ့ အခါပေါ့။ အဲ့ဒီဇာတ်အိမ်ကြီးက ဆိုးရွားလွန်းတယ်။ အထူးသဖြင့် ဇာတ်ကွက်တစ်ခုမှာဗျာ ... ဆောက်လုပ်ရေးလုပ်ငန်းခွင်ထဲ ရဲတွေ ဝင်ဖမ်း တဲ့အခါ အာဖဂန်ကောင်မလေးက ချာခနဲ လှည့်အပြေး ... ရဲတွေက လိုက်၊ မီလုမီစင်မှာ ကျနော်တို့ ဇာတ်လိုက်ကျော် အီရန်ကောင်လေးက နောက်က လိုက်လာပြီး ရဲတွေကို ဝင်လုံးပြီး နှောင့်ယှက်တယ်။ အာဖဂန်မလေး လွတ်ထွက်သွားတယ်။ အီရန်ချာတိတ်လေးကို ရဲတွေက ဝိုင်းရိုက်တယ်။ အဲ့ဒီဇာတ်ကွက်ကြီးဟာ ကျနော့်ကို စိတ်ထိခိုက်စေတယ်။ အဲဒါနဲ့ ခပ်ဆင် ဆင်တူတဲ့ဇာတ်ကွက်တွေဟာကျနော့်ဘဝမှာတစ်ခါက မျက်မြင်ကိုယ်တွေ့ တွေကိုး။

အခု ဒီဝတ္ထုကို ကျနော်ရေးပါတယ်။

ဝန်ခံချင်တာက ဒီထဲက ဇာတ်ကောင်တွေဟာ နာမည်ကချို့ ပြောင်းထား (တချို့ကိုတော့ မပြောင်းထား) ပေမယ့် အပြင်လောကမှာ တကယ်ရှိခဲ့ပါတယ်။ **Narrator** ကျနော် ဆိုသူက "ကျနော်"ဆိုတဲ့ ရှုထောင့် ကနေပဲ ဇာတ်ကြောင်းပြောသွားပေမယ့် သူတို့ဘဝတွေအကြောင်း သူတို့ ပြောပြတာက ပိုပြီး ပြည့်စုံမှာပါ။ ဒါပေမယ့် ဇာတ်ကောင်တွေဟာ စာတစ် တန် ပေတစ်ဖွဲ့ လုပ်နိုင်ရှာတဲ့ လူတွေမဟုတ်ခဲ့ပါဘူး။ ထမင်းငတ်တာဟာ ရှက်စရာလို့ ယူဆနေတဲ့ လူမှုပတ်ဝန်းကျင်မှာ သူတို့ဘဝမှာ ဘာတွေဖြစ်ခဲ့၊ ကြုံခဲ့ရတယ်ဆိုတာတောင် ဖော်ထုတ်ပြောပြဖို့ မလွယ်ကူပါဘူး။ တစ်သက်လုံး သေသည်အထိ ဘဝဒဏ်ရာတွေကို ရင်ဘတ်ထဲ တိတ်တိတ်ကလေး သိမ်းဆည်းထားရဖို့ ပိုများပါတယ်။

ဆရာမြသန်းတင့်ရေးဖူးတယ်ထင်တယ်...

"လူတစ်ယောက်ဟာ တစ်ဘဝတည်းမှာ ပန်းပဲသမား၊ ဆရာဝန်၊

ငှက်ခတ်သမား၊ အင်ဂျင်နီယာ အစရှိတာတွေ ပြိုင်တူ လုပ်လို့မရဘူး။ အဲ့ဒါ

ကြောင့် ကျနော်တို့ စာဖတ်ကြတယ်”တဲ့။

လူတစ်ယောက်ဟာ ကိုယ် မကြုံနိုင်တဲ့ အခြားသောသူတွေရဲ့ ဘဝထဲကို ချောင်းမြောင်းကြည့်ရှုဖို့ရာ၊ အခြားဘဝတွေအကြောင်း သင်ယူ ဖို့ရာ ကျနော်တို့ စာဖတ်ကြပါတယ်။

အခု **Narrator** “ကျနော်” ဟာ စာဖတ်သူအများစုနဲ့ မနီးစပ် နိုင်လောက်တဲ့ တစ်ခါက ဘဝတွေအကြောင်း ပြောပြဖို့ ကြိုးစားထားတယ်။ ဖတ်တဲ့ လူတွေကို ဘာအသိပညာမှ မပေးလိုဘူး။ ဘယ်သူ့ကိုမှလည်း ဉာဏ်အလင်းပွင့်ပါစေဆိုတဲ့ ရည်ရွယ်ချက် မပါပါဘူး။ တတ်နိုင်သလောက် လိုတိုရှင်း ဇာတ်ကြောင်းပြန်ပြထားတယ်။

“ငါသိတဲ့ အကြောင်းအရာတွေပဲ ငါချရေးတယ်...” လို့ ဟဲမင်းဝေး ပြောခဲ့ဖူးသလိုပဲ။ ကျနော် သိခဲ့တဲ့ ဘဝတွေအကြောင်း ကျနော် ရိုးရိုးသား သား ပြောပြဖို့ ကြိုးစားထားပါတယ်။

ဒီဝတ္ထုကို မတော်တဆဖတ်မိတဲ့ ကျနော့် ရဲဘော်ဟောင်းတွေကို ပြောချင်တာက...

“ဟုတ်ပါတယ်..ဒီစာကိုရေးတဲ့ ပါပီယွန် ဆိုတာ နိုင်ငံရပ်ခြားမှာ ခင်ဗျားတို့ တစ်ချိန်က သိခဲ့တဲ့ ဆံပင်ရှည်ရှည် မိုက်တိမိုက်ကန်းကောင်လေး ပါပဲ။ ကျနော် မသေသေးပါဘူး။ ဒါပေမယ့် လာမဆက်သွယ်ကြပါနဲ့။ အတိတ်အကြောင်းတွေ ပြန်ပြောင်းပြောပြီး အနာတွေကို ကုတ်ခြစ်ဖို့ ကျနော် စိတ်မဝင်စားတော့ဘူး။

ဆရာ သော်တာဆွေဟာ အဘိုးကြီးဘဝနဲ့ ကသာမြို့ကို ပြန်ရောက်တော့

စင်ပေါ်ကနေ မိုက်ခရိုဖုန်းနဲ့ အော်ဟစ်ခဲ့တယ်။

မသူ ရေ... ငါ့ကို ခွင့်လွှတ်တယ်ဆို လာတွေ့ပါလားကွယ်တဲ့။

ကျနော်က တစ်ဆယ့်ရှစ်နှစ်လုံးလုံး၊ ရင်ဘတ်ထဲမှာ အံကြိတ် ပြီး အော်ဟစ်နေခဲ့တယ်။

မေရီလင်းရေ ငါပြန်မလာ နိုင်တော့ဘူးကွာလို့။

ပါပီယွန်

၁၆ ဒီဇင်ဘာ ၂၀၁၉

ဆာရာယေဗို နေ့ရက်များ

ကျနော့် လက်ထဲက ဒေါ်လာသုံးထောင့်ငါးရာဟာ တဖြေးဖြေး လျော့လျော့လာတယ်။ ဒီပိုက်ဆံလေးဟာ မိုးပေါ်က ကျလာတာ။ ဘယ်ကမှန်း မသိတဲ့ ကျနော့်ဘကြီး ဆိုတဲ့လူက အမေရိကကနေဆိုလား လှမ်းပို့လာတာ။ တတိတိ သုံးရင်း ပါးလျလာလိုက်တာ၊ ဒါကုန်ရင် ဖျာပုံ ပြန်မယ်ဆိုတဲ့ အခြေနေကို တဖြေးဖြေး ဆိုက်တော့မယ်။ ပါ့စပို့စာအုပ်က လည်း ခဏခဏ သက်တမ်းတိုးရလွန်းလို့ ပွဲစားခနဲ့တင် လူက ရှူးချင်လာပြီ။

အဲ့ဒီခေတ်က ပါ့စပို့ လက်ထဲကိုင်ထားပြီး ခြောက်လအတွင်း ဘယ်မှ မသွားဖြစ်ရင် သက်တမ်းပြန်တိုးရတဲ့ ခေတ်။ တစ်နှစ်ပြည့်သွား ရင် ပြန်အပ်ပြီး အစအဆုံး ပြန်လုပ်ရပြန်ရော။

ဘားလမ်း မွတ်စလင်ဆေးရုံရှေ့က ပလက်ဖောင်းပေါ်မှာ ဖွင့် တဲ့ လက်ဖက်ရည်ဆိုင်ကလေးမှာ ဘဝတူ လူငယ်တွေနဲ့ လက်ဖက်ရည် သောက်၊ စမူဆာသုပ်စား၊ တစ်နေကုန် ခြေကန်ထိုင်ပြီး ဘယ်နိုင်ငံခြား အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီက ဘာအလုပ်ခေါ်ပြီလဲ စနည်းနာ၊ မိုးချုပ်ရင် မြို့တော်ခန်းမဘေးက ၄၅ ဘတ်စ်ကား စီးပြီး သမိုင်းဖက်က တိုက်ခန်းကိုပြန်။ နေ့တစ္စ ဒါချည့်ပဲ။

ရန်ကုန်မြို့ကြီးဟာ မြို့ပျက်ကြီးလိုပဲ။ ဘော့စနီးယား - ဟာဇီဂိုးဗီးနား ပြည်တွင်းစစ်အတွင်းက

ထောင်းလမောင်းကျေနေတဲ့ ဇာလတာ၏ နေ့စဉ်မှတ်တမ်းထဲက ဆာရာယေဗို မြို့ကြီးလို ပြိုကျမွဲခြောက်စုတ်ပြတ်နေတာရယ် ဘတ်စ်ကားအစုတ်တွေ၊ ဆိုက်ကားတွေ၊ မကြာခဏ လူတိုက်သတ်တဲ့ ဒိုင်နာကားတွေ၊

ဘတ်စ်ကားမှတ်တိုင်မှာ ရိုးဝန်ထမ်း ယောင်ဆောင်ပြီး မတ်တပ်ရပ်နေတဲ့ ပြည့်တန်ဆာမတွေ၊အမှိုက်တွေနဲ့ပြည့်နှက်နေတယ်။

အဲ့ဒီ မြို့အပျက်ကြီးထဲမှာ ယူမိုးရဲ့ ဗက်ထရန်စမေလိုဗစ် ဆိုတဲ့ လူသိပ်မသိတဲ့ ဗမာသီချင်းတစ်ပုဒ်ကို ကျနော်တို့ အော်ဆိုနေခဲ့ကြတယ်။

သင်္ချိုင်းမြေတလင်းတစ်ခုမှာ တယောထိုးနေသူ တစ်ဦးရယ် ဆာရာယေဗိုမြို့ပေါ်မှာ သူ့မျက်ရည်တွေ စီးဆင်းကာနေ

ကျနော်တို့လူငယ်တွေမှာ အနာဂတ် မရှိဘူး။ ခက်တာက ဒီ တိုင်းပြေက ထွက်ပြေးသွားဖို့ကလည်း ထင်သလောက် မလွယ်ကူပြန် ဘူး။ နိုင်ငံခြားသွားဖို့အရေး ဟိုပြေးဒီပြေး လုပ်ရလွန်းလို့ စိတ်ဓာတ်က ကျစပြုလာပြီ။ အေဂျင်စီ ဆိုတဲ့ဟာတွေကလည်း အလိမ်အညာတွေ ချည့် ခပ်များများရယ်။ လေကြီးမိုးကြီးတွေ

လျှောက်ပြောမယ်။ ဆေးစစ် ခိုင်းမယ်။ နက်ဖန် သန်ဘက်ခါ ဆိုသလိုတွေ သွားရမလို ပြောမယ်။ ပ့ါစပို့စာအုပ်တွေကို အပေါင်သဘောမျိုး သိမ်းထားမယ်။ လပေါင်းများစွာ ကြာလာလို့ ဘာမှ ထူးခြားမလာဘူး။ အဲ့ဒါကို သည်းမခံနိုင်ပဲ ပ့ါစပို့ ပြန် သွားတောင်းတဲ့ အခါ ဘာမှမဆိုင်ပဲ ပိုက်ဆံ ငါးသောင်းပေးရမယ်တွေတွေ ထလုပ်ပြန်ရော။ အကုန်လူလိမ်တွေချည့်ပဲ။

ခက်တာက အဲ့ဒီခေတ်မှာ အင်တာနက်တွေ အီးမေးလ်တွေ မရှိဘူး။ နိုင်ငံခြား ဆိုတာကလည်း ဘယ်နားနေမှန်းတောင် မသိဘူး။ အိုဗာဆီးဖုန်းတောင် ခေါ်ရခက်တဲ့ ခေတ်ဆိုတော့ကာ ဘယ်နားက အလုပ်ကို ဘယ်လို လှမ်းလျှောက်ရမှာလဲ။ တစ်နေ့ ဖြစ်လာနိုးနိုးနဲ့ အင်ဂျင်စီတွေနဲ့ မကင်းပဲ မနေနိုင်ပြန်ဘူး။ နောက်ဆုံး ဘားလမ်းက ပလက်ဖောင်းလက်ဖက်ရည်ဆိုင်လေးမှာ နှစ်ပေါက်အခင်ထိုင်ခဲ့ရအပြီး မှာ ၃၆ လမ်းထဲက လိမ်ပါတယ်လို့ နာမည်ကြီးတဲ့ အင်ဂျင်စီတစ်ခုက လှမ်းပြောလာတယ်။ အင်းစိန် မီးရထားစက်ခေါင်းစက်ရုံမှာ ဝရိန်ဆော်တဲ့ ထရိန်နင် ၂ ပတ် သွားတက်ပါ၊ အဲ့ဒါပြီးရင် နိုင်ငံခြားမှာ ဂရိန်သွားဆော်ရ မယ်တဲ့။ ကိုယ်လိုချင်တဲ့ အလုပ်နဲ့ ဘာမှမဆိုင်သော်ငြား ဘားလမ်း လက်ဖက်ရည်ဆိုင်လေးထဲကနေ ဝမ်းသာအားရနဲ့ အတူတူ ထိုင်ဖော် ထိုင်ဖက်တချို့နဲ့အတူ အင်းစိန်ကို ပြေးတော့တာပါပဲ။ ကိုစောကြီး၊ ကိုဖြူ၊ အသေးလေးနဲ့ ကျနော်ပေါ့။ ပန်းခင်းတဲ့ လမ်းကြီး စတော့မယ်လို့ ထင်နေ ကြတဲ့ အဲ့ဒီအုပ်စုလေးဟာ ရန်ကုန် ဘူတာကြီးကနေ မြို့ပတ်ရထား တက်စီးတဲ့ပြီး အင်းစိန် မီးရထားစက်ခေါင်းစက်ရုံကို လစ်သွားခဲ့ကြတယ်။

မိုးကောင်းကင် အိပ်မက်များ

ကိုလိုနီခေတ်က ဘိလပ် ပညာတော်သင်သွားတဲ့ ဗမာတစ် သိုက်ဟာ မတော်မလျော် ဖြစ်နေတဲ့ အနောက်တိုင်းဝတ်စုံတွေ ဝတ်စုံ ပြည့်ဝတ်ရင်း စိတ်ကျဉ်းကြပ်နေခဲ့သတဲ့။ သဘောပေါ် ပါလာတဲ့ ဘိုတွေ က သူတို့ကို အကြည့်တစ်မျိုးနဲ့ ဝိုင်းကြည့်တာ ခံရတဲ့အခါ ဗမာ ကျောင်းသားတစ်ယောက်က ပြောတယ်။

“ငါတို့တွေက သူတို့အမြင်မှာ မျောက်တွေကို အဝတ် ဝတ် ထားပေးသလိုဖြစ်နေပုံရတယ်…”တဲ့။

ကျနော်တို့ အုပ်စုလည်း ထိုနည်းၡင်းပါပဲ။ မိတ်အင် ပန်းဆိုး တန်း အနောက်တိုင်းဝတ်စုံတွေ ဝတ်(လည်ပင်းမှာ အင်္ဂလိပ်လက်သုတ် ပဝါကြီးတွေ စည်းနှောင်လို့)၊ ဂွပ်ဂွပ်မြည်တဲ့ အမည်းရောင် ရှူးဖိနပ် ကြပ်ကြပ်ကြီးတွေ စွပ်လို့။ ကိုစောကြီးဆို ရေသဘင်မျက်မှန် အနက် ရောင်ကြီး တပ်ထားသေးတယ်။ သေးစော်နဲ့ အစောက်သိုးသိုးအနံ့တွေ မွှန်ထူနေတဲ့ မင်္ဂလာဒုံလေဆိပ်ထဲမှာ လမ်းသလားနေကြရင်း၊ အမယ် ငါတို့ပုံစံတွေက **The Godfather** ထဲက မာဖီးယားတွေနဲ့ ခပ်ဆင်ဆင် ပါလားလို့ တွေးရင်း ပြုံးနေမိတယ်။

လေယာဉ်ပျံ တက်သွားတဲ့အခါ ငါတို့တော့ ဆာရာယေပိုမြို့ ကြီးက လွတ်ပြီဆိုတဲ့ အတွေးနဲ့ အချင်းချင်း လက်ဆွဲနှုတ်ဆက်လိုက်ကြ သေးတယ်။ ရှေ့လျှောက်ပြီး နိုင်ငံရပ်ခြားမှာ ကျွန်ခံရရင်လည်း ခံကြစို့၊ အဆင်ပြေရင် ပြန်မလာတော့ဘူး ဆိုတဲ့ မျက်နှာပေးလေးတွေနဲ့ပေါ့။ လေယာဉ်ပေါ်မှာ အစားအသောက်တွေ ချကျွေးတဲ့အခါ ကိုယ့်လူတွေက ကျနော့်ကိုပဲ အားကိုးတကြီး ကြည့်နေကြတယ်။ ဘားလမ်းက လက်ဖက် ရည်ဆိုင်မှာ အတူထိုင်ခဲ့ကြစဉ်က သူတို့အမြင်မှာ ကျနော်က လည်လည် ဝယ်ဝယ်ရှိပြီး ဘိုလို ဒွက်ဒက် ရွတ်ရက်ကလေးကလည်း တတ်တဲ့ ကောင်ကိုး။ ကျနော်လုပ်သမျှ နောက်က လိုက်လုပ်ပြီး ဟန်ကိုယ့်ဖို့နေ ကြတာရယ်။

ပထမ စားစရာတွေ စားနေတုန်းမှာ အေးဆေးပဲ။ ကျနော် လည်း ခပ်တည်တည်နဲ့ မှာစား။ သူတို့ကလည်း သံယောင်လိုက်ပေါ့။ ကာဖီရည် သောက်တော့မှ ပြဿနာတက်တယ်။ ကာဖီခွက်ထဲ တွေ့ကရာ အထုပ်တွေ ဖောက်ထည့်မိရော။ အဲ့ဒီမှာ အထုပ်တစ်ထုပ်ကို ဖောက်ထည့်ပြီးမှ ဖတ်ကြည့်မိတော့ အင်္ဂလိပ်လို ရေးထားတာက ငရုတ် ကောင်းမှုန့် တဲ့။ ဒါနဲ့ ကျနော်လည်း ဖျော်ပြီးသား ကာဖီခွက်ကို မထိတော့ ဘူး။ ကိုစောကြီး၊ ကိုဖြူနဲ့ အသေးလေးတို့ သုံးယောက်သား ငရုတ် ကောင်းမှုန့် ထည့်ဖျော်ထားတဲ့ ကာဖီတွေသောက်ပြီး အဟွတ် အဟတ်နဲ့ ဖြစ်နေတာကို မသိချင်ယောင်ဆောင်ပြီး ကြိတ်ရယ်နေလိုက်ခဲ့တယ်။

စကော်ပူ ချန်ဂီ လေဆိပ်ကို ရောက်တော့ တစ်အုပ်စုလုံး

ကျီးကြည့်ကြောင်ကြည့်ပဲ။ အဲ့ဒီခေတ်က ချန်ဂီဟာလေဆိပ်တာမီနယ်လ် နှစ်ခုပဲ ဆောက်ရသေးတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ နာရီအနည်းငယ်က ကျနော်တို့ စွန့်ခွာခဲ့တဲ့ မင်္ဂလာဒုံလေဆိပ်နဲ့ ယှဉ်လိုက်ရင် ဘာမှမဆိုင်တော့ဘူး။ အေးစက်ပြီး မွှေးပျံ့နေတာပဲ။ "လွမ်းမောရသော တက္ကသိုလ် နွေညများ" ထဲက ဟန်ဂေရီ ပြည်ပြေးကျောင်းသား ဂျော့ချ်ကဲလား တစ်ယောက် စကောလားရှစ်ရလို့ ဟားဘတ်တက္ကသိုလ်တက်ဖို့ အမေရိ ကကို ရောက်သွားတဲ့အခါ "ခင်ဗျားတို့ဆီမယ် အရောင်တွေ စုံနေတာပဲ သောက်ကျိုးနဲ့ဗျာ၊ ကျုပ်တို့ဆီမယ်ကတော့ မွဲခြောက်နေတာဗျ" လို့ အံ့ဩတကြီး ရေရွတ်ခဲ့သလိုမျိုး ကျနော်တို့အမြင်မှာ ချန်ဂီလေဆိပ်ဟာ ထိတ်လန့်စရာ ကောင်းလောက်အောင် ပြိုးပြိုးပြက်ပြက် တောက်ပနေ ခဲ့တယ်။

ရင်တထိတ်ထိတ်နဲ့ လဝက ကောင်တာတွေကို ဖြတ်တယ်။ တရားဝင် လာတာကိုပဲ လဝကက မကြည့်လို့ ပြန်လွှတ်ရင် ဒုက္ခ ဆိုတဲ့ သိမ်ငယ်စိတ်တွေ ကြီးစိုးလို့။ အပြင်ဖက်ကို ရောက်မှ သက်ပြင်းချနိုင် တယ်။

အပေါက်ဝမှာ အသင့်စောင့်နေတဲ့၊ အင်္ဂလိပ်စကား အကျိုး အပျက်တွေ ပါးစပ်က ကပေါက်တိ ကပေါက်ချာ တတွတ်တွတ် ရွတ်နေ တဲ့ အောင်ဝင်း ဆိုတဲ့ ဗမာပွဲစားက ကျနော်တို့ကို မီနီဘတ်စ်တစ်စီးပေါ် တွန်းတင်တယ်။ ကားပေါ်မှာ အိပ်ရာလိပ်တစ်ခုစီ ပေးတယ်။ မင့်တို့ ပတ်စပို့စာအုပ်တွေ ငါ့ကို ပေးထားဆိုပြီး သိမ်းသွားလိုက်တာ ပြန်ကို မမြင်ရ တော့ပါဘူး။ နောင်တစ်ချိန်မှာ အဲ့ဒီကိစ္စဟာ ကျနော့်ကို ဒုက္ခ အကြီး အကျယ် ပေးလိမ့်မယ်ဆိုတာ မရိပ်မိခဲ့ဘူး။

မီနီဘတ်စ်ဟာ မာဆဲလင်း တောင်ကုန်းဘေးနားက တိုက်ခန်း တစ်ခုကို ရောက်သွားတယ်။ အိပ်ခန်းတွေထဲမှာ သူ့ပစ္စည်းကိုယ့်ပစ္စည်း နေရာချထားတယ်။ ပွဲစားအောင်ဝင်းက ပါ့စပို့တွေ ပြန်မပေးတော့ဘူး။ အဝင်တုန်းက လက်ထဲကိုင်လာတဲ့ အိုင်ပီအေ ဆိုတဲ့ အလုပ်ခေါ်စာ မိတ္တူ လေးတွေကို ကိုင်ထားပါတဲ့။ လမ်းသွားရင်း ရဲနဲ့တွေ့ရင် အဲ့ဒါလေး ထုတ်ပြ လိုက်ပါပေါ့။ အဆင်မပြေရင်တော့ ရဲစခန်းလိုက်သွားရလိမ့်မယ်။ အလုပ် သမားမှတ်ပုံတင် မရမချင်း အိမ်အပြင်မထွက်ပါနဲ့လို့ ခြောက်လှန့်သွား သေးတယ်။

ကျနော်တို့ အုပ်စုလေးလည်း အသင့်ပါလာတဲ့ အိုးခွက်တွေ ဆန်၊ ဆီ၊ ဆားတွေ သုံးပြီး ညစာချက်စား၊ ရေမိုးချိုးပြီး၊ ကိုယ်စီကိုယ်ငှ အိပ်ရာထဲ လှဲ၊ နေ့လယ်က မြင်ခဲ့ရတဲ့ အမှိုက်တွေ ကင်းစင်၊ စိမ်းလန်း စိုပြေသာယာ လှပနေတဲ့ မြင်ကွင်းတွေအကြောင်း စမြုံ့ပြန်ရင်း အနာဂတ် စိတ်ကူးဖဲလေးတွေ ရိုက်ကြရင်း အိပ်ပျော်သွားကြတယ်။

နောက်တစ်နေ့မှာ ပွဲစားအောင်ဝင်းနဲ့ အတူ အလုပ်သမား ဝန်ကြီးဌာန ရုံးမှာ တန်းစီရတယ်။ အလုပ်သမားမှတ်ပုံတင်လုပ်ဖို့ လက်ဗွေနှိပ် ဘာညာပေါ့။ အဲ့ဒီခေတ်က အလုပ်သမား ပါမစ်ဆိုတာ ၂ မျိုး ပဲ ရှိတယ်။ **EP** လို့ခေါ်တဲ့ ပညာရှင်တွေကို ပေးတဲ့ ပါမစ်ရယ်၊ **WP** လို့ ခေါ်တဲ့ အောက်ခြေအလုပ်သမားတွေကို ပေးတဲ့ ပါမစ်ရယ်၊ ဒါပဲ။ ၂ ခု ထဲမှာ **EP** ကတ်ပြား ကိုင်ထားတဲ့လူက ဘုရားပဲ။ အများကြီး မရှိဘူး။ ကျန်တဲ့လူတွေက အကုန် **WP** တွေချည့်ပဲ။ အင်ဂျင်နီယာ၊ သူဌေးသား၊ ဘွဲ့ရ၊ ဘွဲ့မရ၊ ဆယ်တန်းအောင်၊ ဆယ်တန်းမအောင် အစရှိသဖြင့် ဗမာ ပြေမှာ ဘာဖြစ်ခဲ့ဖြစ်ခဲ့၊ ဒီတိုင်းပြေရောက်လာရင် အကုန် တွေ့ကရာတွေ ဝင်လုပ်တဲ့ပြီး **WP** ကိုင် အောက်တန်းစားလေးတွေပေါ့။ နောက်တစ် ခေတ်မှာ ခေတ်စားလာမယ့် **S-Pass** ခေါ် ပါမစ်တွေ၊ **PR** ခေါ် အမြဲနေ ထိုင်ခွင့် ကတ်ပြားတွေ(တစ်ယောက်တလေက လွဲပြီး)

ခေတ် မရှိသေးဘူး။

အဲ့ဒီရုံးမှာ တန်းစီနေရရင်း တံဗီစခရင်မှာ ဆောင်ရန် ရှောင်ရန်တွေ စာတမ်းထိုးပြထားတယ်။ အမှတ်တမဲ့ ဖတ်လိုက်မိတဲ့ စာကြောင်း တစ်ခုက

WP ခေါ် **Work Permit** ကိုင်ဆောင်ထားသော နိုင်ငံခြား သားများအား စင်္ကာပူနိုင်ငံသူများနှင့် အိမ်ထောင်ပြုခွင့် မပေးပါ၊ ဥပဒေ အရတားမြစ်ထားပါသည်” တဲ့။

ကျနော် အဲ့ဒီ စာကြောင်းကို ဖတ်မိပြီး ဟီး ခနဲ ဖြစ်မိသွားသေး တယ်။ လှောင်ရယ် ရယ်မိတယ်ပေ့ါ။ အစောက်တန်းစား မာလီများအား အိမ်ကြီးရှင်သမီးနှင့် မပေးစားပါ ဆိုတာကြီးကို ပေါ်တင်ကြေညာထား တာကိုး။ တယ်လည်း မောက်မာတဲ့ တိုင်းပြေပါလား ပေ့ါ။ စိတ်ထဲမှာ အလိုလိုနေရင်း မျက်ခနဲ ဖြစ်သွားမိပေမယ့် ငါနဲ့မဆိုင်ပါဘူး လို့ ဖြေတွေး တွေးရင်း လှောင်ရယ် ရယ်နေခဲ့မိတယ်။

ငါအဲ့ဒီတုန်းက ရယ်ခဲ့မိတာပေ့ါမေရီလင်းရာ။

ရောမကို အာခံသူ

မနက်ခင်း ၄ နာရီခွဲဆို အကုန် ကုန်းရုန်းပြီး ထကြရတယ်။ ထမင်းထုပ်တွေ ထုပ်၊ ရေမိုးချိုး၊ ဘွိုင်လာဆု လို့ ခေါ်တဲ့ ဝတ်စုံတွေ ဝတ်၊ ကျောပိုးအိတ်ကလေးတွေ လွယ်လို့ အလင်းရောင် မမြင်ရသေးတဲ့ မနက်ခင်းမှာ အိမ်အောက်ဆင်းပြီး လာကြိုမယ့် လော်ရီကားကြီးကို စောင့်ရတယ်။ ကျွန်းအစွန်အဖျားက **Tuas** ဆိုတဲ့အရပ်မှာရှိတဲ့ သင်္ဘော ကျင်းကြီး တစ်ခုဆီကို အကြာကြီး ကားစီးရတော့တာပဲ။ ကားပေါ်မှာ အကုန်လုံး တိတ်တဆိတ် ပြန်ငိုက်ကြတာပေါ့။

သင်္ဘောကျင်းကြီးထဲ ရောက်တဲ့အခါ မိုးစင်စင်မလင်းသေး ဘူး။ သံတိုသံစတွေ၊ သင်္ဘောပန်ကာအပျက်တွေ၊ သင်္ဘောဝမ်းဗိုက် ဟောင်းကြီးတွေ ပုံထားတဲ့ ကွင်းပြင်ထဲမှာ ခြင်အကိုက်ခံပြီး (သန့်ပါတယ် ဆိုတဲ့ အဲ့ဒီတိုင်းပြည်ရဲ့ တချို့နေရာတွေမှာ ခြင်တွေ တဝီဝီပါပဲ) ထိုင်စောင့် နေရတယ်။ မနက် ၇ နာရီခွဲတဲ့ အခါ အလုပ်စဖို့ ဥသြဆွဲလိမ့်မယ်။ လေးလံတဲ့ ဆေးဖတီး ဘွတ်ဖိနပ်ကြီးတွေ စွပ်၊ ခါးမှာ အသက်ကယ် ခါးပတ်ပတ်၊ ဟဲလမက် ဆောင်း၊ ဝရိန်ဆော်ဖို့ တန်ဆာပလာတွေကို လက်တွန်းလှည်းလေးပေါ် စုပုံတင်ပြီး ဟိုးအဝေးကြီးမှာ မြင်နေရတဲ့ သင်္ဘောကြီးတွေဆီ တွန်းရင်း တိတ်တဆိတ် ချီတက်ရပြီ။ ကိုယ်အလုပ် လုပ်မယ့် သင်္ဘောဆီရောက်ရင် မတ်စောက်တဲ့ လှေကားကြီးတွေပေါ် လေးလံတဲ့ တန်ဆာပလာတွေလွယ်ပြီး တက်ရပြန်ဦးမယ်။

တဖြေးဖြေး နေမြင့်လာတဲ့အခါ သင်္ဘောပေါ်ဘဲ သံပြားတွေ ဟာ ခြစ်ခြစ်တောက် ပူလောင်လာတယ်။ အပေါ်က နေပူ၊ ဖောdern အပူရှိန်က အပေါ်ကို ဟပ်၊ ဝတ်ထားတဲ့ ဝတ်စုံက လေးလံလှောင်အိုက်၊ နေပူလောင်မှာ စိုး၊ လက်ကို လက်အိတ် စွပ်၊ ဂုတ်ပိုးနဲ့ လည်ပင်းကို စွပ်ကျယ်နဲ့ ပတ်ချည်း အောက်မှာက သံပြားပါတဲ့ ဆေးဖတီဖိနပ် ကြီး စီးလို့။ ဘဝမှာ သက်သောင့်သက်သာ အမြဲနေခဲ့ရတဲ့ သာမန်လူ တစ်ယောက်ဟာ အဲ့ဒီ အခြေနေကို ရောက်သွားခဲ့ရင် ၅ မိနစ်တောင် တောင့်ခံနိုင်ဖို့ မလွယ်လောက်ပါဘူး။

ဒီကြားထဲ ကျနော်တို့ လက်ထဲက ဝရိန်ဆော်တံကနေ မီးပန်း တွေ တဖွားဖွား ပန်းထွက်နေတယ်။ ဂတ်စ်မီးနဲ့ သံပြားတွေ ဖြတ်တောက် ပစ်နေတယ်။ ခေါင်းမှာ စွပ်ထားတဲ့ ဝရိန်မီးကာပြားကြီးကလည်း တင်း ကျပ်ကျပ်ကြီး၊ ချွေးတွေ မျက်လုံးထဲ ခဏခဏ ဝင်လို့ အနေရခက်တယ်။ ကိုယ့်ခေါင်းပေါ်မှာ ရှုပ်ရှက်ခတ်အောင် ရွေ့လျားနေတဲ့ တာဝါ ကရိန်း လက်တံတွေကို သတိထားနေရသေး။ တစ်ခုခု ပြုတ်ကျလာရင် သေဖို့ပဲ၊ ကျနော်တို့ ရောက်ပြီး သိပ်မကြာခင်မှာပဲ ဝင့်ကြိုးရိုက်ပြီး ရင်ဘတ်တစ်ခု လုံး ကြေမွသွားတဲ့ ဗမာအလုပ်သမားတစ်ယောက်ကို မြင်ခဲ့ရပြီးပြီ။ ပွေ့ထားတဲ့ လူရဲ့ ပေါင်ပေါ်မှာ သွေးတွေ ပွက်ပွက်အန်ပြီး အသက်ထွက် သွားတာပဲ။ မသေခင် တုန်တုန်ချိချိနဲ့ သူ့ အိတ်ကပ်ထဲက ပလတ်စတစ် အအုပ်ကလေးကို နှိုက်ထုတ်ပြီး လက်နဲ့ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင် သွားရင်း အသက်ထွက်သွားတာပဲ။

ဘာလေးလဲဗျာ ဆိုပြီး စပ်စုမိတော့ သူ့ကို ပွေ့ထားတဲ့ ဗမာက ငိုယိုပြီး ပြောတယ်။ သူ့အမေရဲ့ဆံပင်နဲ့ သွား အကျိုးလေးတွေတဲ့။ ဒီကောင်က အမေတစ်ခု သားတစ်ခုတဲ့။

အဲ့ဒီနေ့က ကျနော် ဝရိန်မီးကာပြားကြီး မျက်နှာမှာ စွပ်ရင်းမျက်ရည်ကျခဲ့ရတယ်။

ကျနော် တို့လိုက်တိုင်း လက်ခနဲ လက်ခနဲ ဖြစ်ဖြစ်သွားတဲ့ ဝရိန် မီးပွင့်တွေထဲမှာ ကျနော့်အဖွားရဲ့ဂရုဏာမျက်ဝန်းတွေ ဖျက်ခနဲ ဖျက်ခနဲ ပေါ်ပေါ်နေတာရယ်။

အခံရအခက်ဆုံး ဝေဒနာက နေ့ခင်း ထင်းစားချိန် ပါ အဆောင်ထိ ပြန်လာပြီး ထမင်းထုပ်လေးတွေ ဖွင့်စား၊ ရေသောက်

ဆစ်ကလက်ဖွာပြီး ခနနားလို့ အပြီးမှာ သံဘောတွေဆီ ဒုတိယအကျော ပြန်သွားရတဲ့ အချိန်ပဲ။ နေရောင် စူးရှချက်က သူတစိမ်းဝတ္ထုထဲက မာဆော့ ပြောသလို မျက်လုံးကို လက်သီးနဲ့ လာထိုးနေသလိုပဲ။ ကွန်ကရိ လမ်းမကြီးက တံလျှပ်တွေ တညီးညီး တောက်လို့။ အဝေး က ဒေါက်တင်ထားတဲ့ သံဘောကြီးတွေဟာ ဒါလီရဲ့ ပန်းချီကားထဲက နာရီတွေလိုတွန့်ခေါက်ပြီး ပျော်ကျနေသလား မှတ်ရတယ်။ အသေမျှာ မမြင်ရတော့ဘူး။ အဲ့ဒီ ပြင်းထန်တဲ့ အပူရှိန်ထဲမှာ တရုတ်၊ ကုလား၊ လူမျိုးပေါင်းစုံ ပါတဲ့ အလုပ်သမားလူအုပ်ကြီးဟာ ပုရွတ်ဆိတ်တွေလို အဝေးက သံဘောကြီးတွေဆီ တရွေ့ရွေ့ လျှောက်သွားနေကြတယ်။ ကိရိယာတန်ဆာပလာတွေ လွယ်ပိုးပြီးခြေတရွတ်ဆွဲနေတဲ့ အဲ့ဒီလူတွေ အားလုံးရဲ့မျက်နှာတွေက ညှိုးငယ်နေတာပါပဲ။

ကျနော့်စိတ်ထဲ ရောမကို အာခံသူ” ထဲက ကျွန်တွေကို ပြေးမြင်မိတယ်။ ငါတို့ကော ဘာထူးသလဲပေါ့။ တစ်နာရီ ၂ ဒေါ်လာလေး ရတာ တစ်ခုပဲ ပိုလာတာပါကွာ ပေါ့။ ခေတ်သစ် ကျွန်ပြုမှုပါပဲ။နောင်အခါ မှာ အဲ့ဒီမြင်ကွင်းကြီးဟာ ကျနော့်အာရုံမှာ မကြာခဏ ပေါ်ပေါ်လာတတ် တယ်။

ချူး ဆိုတဲ့ ထိပ်ပြောင်ပြောင်၊ ဟစ်တလာ နှုတ်ခမ်းမွေးနဲ့တရုတ်ရယ်၊ နီယို ဆိုတဲ့ ဘယ်ဖက်မျက်လုံး တန်းနေတဲ့ တရုတ်ရယ် က ကျနော်တို့ အလုပ်ရှင်တွေပဲ။ အလုပ်သမားတွေကို လူတွေလို့ သဘော မထားဘူး။ တစ်ချိန်လုံး ဆဲဆိုကြိမ်းမောင်းနေတာရယ်။ တစ်ခုခုဆို **You want to go back Burma lah?** ဆိုပြီး ခြိမ်းခြောက်တော့တာပဲ။ ရှိစုမဲ့စု ပိုက်ဆံလေးတွေ အဂျေင်စီကို ပေးခဲ့ရတဲ့ အလုပ်သမားတွေဟာ မျက်လွှာလေးတွေ ချလို့ ငိုမဲ့မဲ့နဲ့ အခောင့်ခံနေရတာပဲ။ လူ့ဂုဏ်သိက္ခာ ဆိုတာ ဘာမှမကျန်တော့အခောင် နေ့စဉ်နဲ့အမျှ အနိုင့်အထက် အပြုခံနေ ရတယ်။ ဘာသာစကားအခက်အခဲ၊ ဝန်နဲ့အား မမျှတဲ့ အလုပ်တွေ အစရှိတဲ့ အချက်တွေကြောင့် ကျနော်တို့ အုပ်စုဟာ အလုပ်လုပ်ပြီး အေးအေး ဆေးဆေး အိမ်ပြန်ရတယ်ဆိုတာ မရှိပါဘူး။ နေ့စဉ်နဲ့အမျှ ပြဿနာတွေ တက်၊ ဆဲဆို ကြိမ်းမောင်းခံနေရတာချည့်ပဲ။

အဲ့ဒီမှာ မခံနိုင်တဲ့ ကျနော်က တစ်ခုခုဆို ပက်ခနဲ ပြန်ပြန်ပြော လာတယ်။ မင်းတို့ ငှားထားတဲ့ အလုပ်သမားတွေဟာ ၁ နာရီ ၂၈ ဒေါ်လာ တန်တွေ၊ ဒီတော့ကာ ဘာသာစကားမှာ မွေးကထဲက ထဲက အင်္ဂလိပ်လို ပြော လာတဲ့ မင်းတို့နဲ့ စကားမပေါက်ဘူး (တကယ်တမ်းတော့ သူတို့ ပြောတဲ့ အင်္ဂလိပ်စကား ဆိုတာကလည်း

ဘာအဆင့်မှမရှိပါဘူး။ လူတွေက လည်း ဗမာပြေမှာဆို ပန်းရံခေါင်းအဆင့်လောက်နဲ့ ကန်ပနီထောင်ထား တဲ့ လူတွေ)၊ ဒီတော့ကာ ငါ့ကို အရင်ပြောပါ။ ငါအတတ်နိုင်ဆုံး စကားပြန်လုပ်ပေးမယ်။ စွတ်အဇ်ာဟစ်ကြိမ်းမောင်း မလုပ်ပါနဲ့။ လူဟာ အဲ့လို အခြေနေမှာ **panic** ဖြစ်တဲ့ပြီး ကပေါက်တိ ကပေါက်ချာတွေ များများပိုလုပ်လာလိမ့်မယ်။ နှစ်ဦးနှစ်ဖက် အကျိုးမရှိဘူး။ နောက်တစ်ခု က ငါတို့ရှိတဲ့ လူအင်အားနဲ့ အလုပ်နဲ့ဟာ မမျှတဘူး။ မနက် အစောကြီး ကတည်းက ထလာရတဲ့လူတွေကို အလုပ်အရေးကြီးလို့ အိုဗာတိုင်ခိုင်း တယ်။ ဟုတ်ပြီ၊ ပိုက်ဆံများများရဖို့ ငါတို့ လုပ်မယ်။ ဒါပေမယ့် ၂၄ နာရီ လုံးလုံး ဆက်တိုက် ပရိန်ဆော်ခိုင်းတာဟာ အသေသတ်နေတာပဲ။

ချူးနဲ့ နီယိုက ကျနော့်ကို ကြည့်ပြီး သူတို့ချင်း ဟော့ကင်း တရုတ်လို ကွစိကိုစိတွေ ပြောတယ်။ ဘာပြောမှန်းမသိပေမယ့် ကျနော် ရိပ်မိတယ်။ ကျနော့်ကို အဆိပ်ရှိတဲ့ အလုပ်သမားလို့ သတ်မှတ်လိုက်ကြပြီ။

ဟစ်တလာ နှုတ်ခမ်းမွှေးနဲ့ ထိပ်ပြောင်နေတဲ့ ချူးက ကျနော့်ကို ပြုံးပြပြီး ရိသဲ့သဲ့ပြောတယ်။

“ကောလိပ်ကျောင်းသား သွားမလုပ်ပဲ ငါ့ဆီ အလုပ်လာလုပ် ပြီး တရားလာဟောနေတယ် ဟုတ်လား” တဲ့

စနက်တံဟာ မီးစလောင်နေပီ။ မကြာခင်ပေါက်ကွဲတော့မယ်။

လူမိုက်များက ခြိမ်းခြောက်ခြင်း

အလုပ်မသွားရတဲ့ ရက်တွေ များလာပြန်တယ်။ ပထမတော့ နားအေးပါးအေး အိမ်မှာ နပ်နေရတယ်ဆိုပြီး သိပ်ဂရုမစိုက်ပါဘူး။ လစာ ထုတ်တော့ အလုပ်မသွားရတဲ့ ရက်တွေကို ပိုက်ဆံမပေးထားဘူး။ တစ်ရက် ၃ ဒေါ်လာပဲ ပေးထားတယ်။ ထမင်းဖိုးလို့ ရေးထားသေးတာ စာရွက်ထဲမှာက။ လူတွေအကုန်လုံး စိတ်ဓာတ်ကျဆင်းကုန်တယ်။ နကို ကတည်းက အခြေခံလစာက တစ်ပဲ ခြောက်ပြား လစာပါဆိုနေ ခုလိုလုပ် တော့ အဂျေင်စီကို ပေးခဲ့ရတဲ့ ပိုက်ဆံတွေဘယ်နားက ပြန်ရပါတော့မလဲ ဆိုပီး ရင်ပူနေရပြီမဟုတ်လား။ ပိုင်ရှင်တရုတ်တွေ လုပ်ပုံက ခပ်ရိုးရိုး ရယ်။ အလုပ်တွေ စုပုံနေတာကို အမြန် အမြန် ဆိုပြီး နေ့ရောညပါ အတင်း တွန်းခိုင်းတယ်။ မအိပ်မနေတွေ လုပ်ခိုင်းတယ်။ အကုန်ပြီးသွားတာနဲ့ အလုပ် မဆင်းရတော့ဘူး။ အိမ်မှာ အိပ်နေကြတော့။ လစာမပေးဘူး။

တစ်ရက် ၃ ဒေါ်လာ ထမင်းဖိုးရမယ်။ ဒါပါပဲ။ ပန်းခင်းတဲ့ လမ်း ဆိုတဲ့ အိပ်မက်ကြီး ပြီးဆုံးသွားပါပီ။

တစ်ပတ်လောက် ကြာတော့ ကျနော် ဥပဒေကို စတင်ချိုး ဖောက်တယ်။ အိမ်ကနေ မနက် အစောကြီး ထထွက်သွားပြီး ညနေမှ ပြန် ပြန်လာတယ်။ ဟိုက ဒီက ရလာတဲ့ ဖုန်းနံပါတ်ကလေးတစ်ခုကနေ အဆက်ဖြစ်တဲ့ပြီး ရေဆိုးသန့်စင်တဲ့ စက်ရုံထဲမှာ ဆေးသွားသုတ်နေတာ ရယ်။ အဲ့ဒီနေရာမှာ ဆေးသုတ်နေတဲ့ ကန်ထရိုက်က တရားမဝင် အလုပ်သမားတွေချည့် ငှားခိုင်းတာပဲ။ တစ်ရက်ကို ဒေါ်လာ ၅၀ ပေးတယ်။ အဲ့လို အလုပ်သွားခိုးလုပ်တာဟာ၊ တရားမဝင်ဘူး။ ပြီးတော့ အတူတူလုပ်နေတဲ့ ကောင်တွေ အကုန်လုံးက အိုဗာစတေးတွေချည့်ပဲ။ ရဲဝင်ဖမ်းလို့ သူတို့နဲ့ အတူတူ ကိုယ်ပါ မိသွားရင် ပြဿနာအကြီးကြီး။ မတတ်နိုင်ပါဘူး။ ဖြစ်ချင်ရာဖြစ်ဆိုပြီး နေ့တိုင်း သွားဆင်းတာပါပဲ။ ဒါပေမယ့် အဲ့ဒါဟာ အချိန်အကြာကြီး မခံလိုက်ဘူး။ ဆေးသုတ်တဲ့ အလုပ်က ပြီးသွားတယ်။ တစ်ပတ် ဆယ်ရက်လောက်နဲ့တင် ပြတ်သွားပြီ။ ကန်ထရိုက်ကုလားက နောက် ရှိသေးရင် ခေါ်မယ်ကွာလို့တော့ ပြောတာပဲ။

မူလ သင်္ဘောကျင်းထဲက အလုပ်တွေ ပြန်ပေါ်လာပြန်တယ်။ နေ့စဉ်နဲ့အမျှ ပင်ပန်းဆင်းရဲကြီးစွာ ဝရိန်တွေ ဆက်ဆော်နေရတယ်။ အတူလုပ်တဲ့ အယောက် ၂၀ လောက်ရှိတဲ့ ဗမာအုပ်စုထဲက ခပ်အအ လူ တစ်ယောက် မတော်တဆဖြစ်ပြီး လက်ကျိုးသွားတယ်။ ကျောက်ပတ်တီး၊ ကိုင်လိုက်ရပြီး အိမ်မှာ နားနေရတယ်။ ထုံးစံအတိုင်း လစာ မရဘူး။ တစ်ရက် ၃ ဒေါ်လာပဲ။ သူ့မျော ဗမာပြေမှာ ဘာတွေ ဘယ်လိုချေးငှား ပြီး လာခဲ့ရတယ် ကျနော်မသိဘူး။ တစ်ရက် ၃ ဒေါ်လာကို မခံနိုင်တဲ့အဆုံး ကျောက်ပတ်တီး ဖြုတ်ပြီး အတင်း အလုပ်ပြန်ဆင်းတယ်။ ကျိုးထားတဲ့ ညာလက်ကို မသုံးဘူး။ ဘယ်ဖက်လက်နဲ့ပဲ ကျနော်တို့ကို ဟိုးကူ ဒီကူးနဲ့ ဘေးက လာကူရင်း လုပ်နေရရှာတယ်။ စပ်ရိုးရိုးအအ အသက်ကြီးကြီး အဲ့ဒီ

တိုင်းရင်းသားကို ကျနော် မြင်ရတာ စိတ်မချမ်းသာဘူးဗျာ။ နီယို ဆိုတဲ့ တစ်ဖက်လပ်တရှုတ်ကောင်က ကျနော်တို့နား ရောက်လာတိုင်း လက်ကျိုးနေတဲ့ ဟိုလူကို မကန်းတဲ့ မျက်လုံးတစ်ဖက်နဲ့ ငေးရင်း ဇိမ်ခံမံ နေတာ မြင်ရတိုင်း ကျနော့်ရင်ထဲမှာ ဒေါသတွေ ဆူပွက်နေတာပဲ။ ဘေးနား လာလာရပ်တဲ့ နီယိုကို ဝရိန်မီးကာ မျက်မှန်ကို ဆွဲလှန်တင်ပြီး မိုက်ကြည့်ကြည့်နေတယ်။

ကျနော် ဗမာပြေမှာ နေစဉ်က စာအုပ်ထဲ ဖတ်ဖူးခဲ့တဲ့ အရင်းရှင် တို့၊ ဂုတ်သွေးစုပ်တာတို့၊ ခေါင်းပုံဖြတ်တာတို့ အစရှိတဲ့ဟာတွေကို အသေချာ နားမလည်ခဲ့ပါဘူး။ ခုတော့ မျက်ဝါးထင်ထင် မြင်နေရပြီ။ ဒါနဲ့ပဲ ကျနော် လက်ကျိုးနေတဲ့ လူကို ပြောတယ်။ ခင်ဗျားဖြစ်တဲ့ ကိစ္စက လျော်ကြေးပေးရမယ့် ကိစ္စကို ဒီအလုပ်ရှင်တွေက ညစ်နေတာရယ်။ အလုပ်သမားဝန်ကြီးဌာနကို သွားတိုင်ဗျာ။ လျော်ကြေးယူပြီး အိမ်ပြန် ပေတော့။ နောက်နောင်လည်း ဒီလိုဘဝမျိုးကြီးကို ပြန်လာဖို့ စိတ်မကူးပါ နဲ့တော့ လို့ ပြောမိတယ်။ အဲ့ဒီလူက လူကြောက်ဗျ။ အင်းမလုပ် အဲမလုပ် နဲ့ ကျနော်အဲ့လို တိုက်တွန်းတိုင်း ငူတူတူကြီး လုပ်နေတာပဲ။ ကျနော် ဏခဏ တိုက်တွန်းလွန်းတော့ ဘေးလူတွေကလည်း ကြားမိပါလိမ့် မယ်။ အဲ့ဒီမှာ ဘယ်သူမှန်းမသိတဲ့ ဗမာတစ်ယောက်က ရှူးနဲ့နီယိုကို သွားတိုင်ပါလေရော။ ဂျပန်ခေတ်က ဗမာစကားပြန်တွေလုပ်တဲ့ အကွက် တွေ ဆိုပါတော့။

ဒီလိုနဲ့ တစ်ရက်မှာ အလုပ်ဆင်းဖို့ လူစာရင်းမှာ ကျနော့် နာမည် ပါမလာဘူး။ တစ်အိမ်လုံးမှာ ကျနော်တစ်ယောက်ပဲ ကျန်ခဲ့တယ်။ ကျနော်လည်း ဂရုမစိုက်ပါဘူး။ အိမ်မှာ သတင်းစာဖတ်ရင်း ကျန်ခဲ့တာ ပေါ့။ နေ့လယ် ထမင်းစားချိန်မှာ အလုပ်ဆင်းနေတဲ့ ကိုကေကြီးဆီက ဖုန်းလာတယ်။

ဟော့ကောင် မင့်ကို ဒီနေ့ ဗမာပြေ ပြန်ပို့လိမ့်မယ်။ အန္တရာယ် ကောင်တဲ့၊ ရှူးနဲ့ နီယို အဲ့လိုပြောတာ ငါကြားရတယ်။ ဘယ်လိုလုပ်မလဲ ကွာ … တဲ့။ ကိုစောကြီးက အသံတွေ ကတုန်ကယင်နဲ့ စိတ်ပူနေရာ တယ်။ ကျနော် ဘာမှ ပြန်မဖြေပဲ ဖုန်းချလိုက်တယ်။ အဝတ်အစား အိတ်ထဲက အကောင်းဆုံး အလတ်ဆုံး လေးငါးစုံကို ကျောပိုးအိတ်ထဲ ထည့် တယ်။ ဂျင်းပန်တစ်ထည် ကောက်စွပ်တယ်။ တီရှပ်အဝါရောင်တစ်ထည် ကို ဝတ်တယ်။ အလုပ်သမား မှတ်ပုံတင်ကတ်နဲ့ ရှိစုမဲ့စု ပိုက်ဆံ ၁၀ တန် ၃ ရွက်ကို ဘောင်းဘီရှေ့အိတ်ထဲ ထည့်ထားလိုက်တယ်။ အဲ့လို ထုပ်ပိုး နေတုန်း အောက်ထပ်က တံခါးမကြီးကို သော့ဖွင့်နေတဲ့ အသံတွေ ကြား လိုက်ရတယ်။

အောက်ထပ်ကနေ အပေါ်ထပ်တက်တဲ့ အတွင်းလှေကားရဲ့ ထိပ်ကို ကျနော်ပြေးသွားပြီး အပေါ်စီးကနေ ရပ်ရင်း အကဲခတ်လိုက် တော့ တံခါးမကြီး ပွင့်လာတယ်။ တစ်ခါမှ မမြင်ဘူးတဲ့ အရပ်မြင့်မြင့် လူ ကောင်ထွားထွား မျက်နှာစိမ်း ကုလားနှစ်ယောက် အိမ်ထဲ ဝင်လာပြီး လှေကားရင်းမှာ လာရပ်တယ်။

“..” ဆိုတာ မင်းလား တဲ့။ ခြိမ်းခြောက်ဟန် အပြည့်နဲ့ လှမ်း ပေးတယ်။

“ဟုတ်တယ်၊ ဘာလုပ်မလို့လဲ” ဆိုတော့၊ “မင်း အထုပ်တွေ သိမ်းလိုက်တော့၊ ဗမာပြေပြန်ရမယ်၊ ငါတို့နဲ့လိုက်ခဲ့ပါ” ဆိုလား။

မင်းတို့က ဘယ်သူတွေလဲ ဆိုတာကို ပြန်မဖြေဘူး။ ငါတို့

အချိန်သိပ်မရှိဘူးကွာ ဆိုပြီး လှေကားထစ်တွေကနေ တက်လာဖို့ ပြင် တယ်။ ကျနော့် ညာဖက်လက်ကို မြှောက်ပြလိုက်တော့ သူတို့တက်မလာ ရဲတော့ဘူး။ ကျနော့်လက်ထဲမှာ ချွန်ထက်တဲ့ အရာဝတ္ထုတစ်ခုကို ကိုင် ထားတာကိုး။ သံဘောကျင်းထဲမှာ အလုပ်လုပ်နေရင်း လက်ကိုင်လို့ ကောင်းရုံအရွယ်လေး ဖြစ်အောင် သံပြားတစ်ခုကို မီးနဲ့ဖြတ်၊ ကျောက် စက်နဲ့တိုက်ပြီး၊ သွေးထားတဲ့ လက်လုပ်ဓါး အချွန်ကို ကျနော် မြှောက်ပြ လိုက်တော့ သူတို့ တွန့်သွားတယ်။ အဲ့ဒီပစ္စည်းကို ကျနော် အလုပ်မှာ

သေချာလုပ်ခဲ့ပြီး စွပ်ကျယ်ကိုင်ပြီး အိမ်သယ်လာတာရယ်။ မင်းတို့ ကြည့်ရတာ ရှူးနဲ့ နီယိုတို့ လွှတ်လိုက်တဲ့ ဂန်းစတား တွေထင်တယ်။ ငါ့ကို အိမ်ပြန်ပိုလို့တော့ မရဘူး။ တက်လာတဲ့ကောင် ဓါးစာ မိသွားမယ်။ ဒီကိစ္စကို အိုဒီ မအေဘေးနှစ်ကောင် လာရှင်းရင် ရှင်း၊ မရှင်းလို့ကတော့ငါ့ကို အင်အားသုံးရင် သုံးတဲ့ကောင်ကို အသေသတ်ပြီး ထောင်ထဲ သွားမယ်။ ငါ တကယ်ပြောနေတာ။ ငါတို့ဗမာတွေက လုပ်ပြီ ဆိုလုပ်ပြီပဲ။ နစ်ခါ မစဉ်းစားဘူး ငါကျိန်ရဲတယ်။

ကုလားလန်ဘား နှစ်ကောင် လန့်သွားတယ်။ လှေကားကျဉ်း ကျဉ်းလေးကို သူတို့ ပြိုင်တူတက်လာလို့ မရဘူး။ တစ်ယောက်ချင်း တက်မှ ရမယ်၊ အပေါ်စီးက စောင့်နေတဲ့ ကျနော်က လက်ထဲမှာ တလက် လက်ထနေတဲ့ ဓါးအချွန်နဲ့၊ သေမထူး နေမထူးဖြစ်နေတဲ့ ချာတိတ်လေး ကို သူတို့ တက်ဆွဲဖို့ရာ အန္တရာယ်များလွန်းနေပြီ။ သူတို့ အချင်းချင်း စားပရယ် နားပရယ်တွေ ကုလားလို ပြောပြီး တိုင်ပင်တယ်။ ဖုန်းထုတ်ပြီး ဆက်တယ်။ ဟို မအေဘေး အလုပ်ရှင်တွေဆီပဲ နေမှာပေ့ါ။ တစ်ဖက်က ဘာပြန်ပြောတယ်မသိဘူး။

ရက်စ်ထား ရက်စ်ထားနဲ့ ပြန်ပြောရင်း ကျနော့်ကို မော့ကြည့် ရာက နောက်ပြန်ထုတ်သွားကြတယ်။ တံခါးမကြီး ကနေ အပြင်ထွက် သွားကြတယ်။ ပြူတင်းပေါက်က ခေါင်းပြူကြည့်တော့ ကုလားနှစ်ကောင် ကားပေါ်တက်ပြီး မောင်းထွက်သွားတာ မြင်လိုက်ရတယ်။

၁၀ မိနစ်လောက် ကျနော် စောင့်ကြည့်နေလိုက်သေးတယ်။ ပြီးတော့မှ ကျောပိုးအိတ်ကို ကောက်လွယ်တယ်။ ကင်းဘတ်ရှူး အစုတ် လေးကို ကောက်စွပ်တယ်။ အခေါက်ထပ်ကို ဆင်းပြီး သတိအနေအထား နဲ့ အပြင်ဖက်ကို ထွက်တယ်။ ပတ်ဝန်းကျင်မှာ လူသွားလူလာတောင် မရှိ ဘူး။ ကျနော်ပြေးပြီး တောင်ကုန်းကို ပတ်ပြီး လမ်းမကြီးကနေ ပြေး တယ်။ ပြေးနေရင်း ရေကန်တစ်ခုဘေးကို ရောက်သွားတယ်။ တေးဘီ ဝဲယာကို အကဲခတ်၊ ကျောပိုးအိတ်ဘေးအိတ်ထဲက လက်လုပ်ဓါးမြှောင် ကို ထုတ်ပြီး ရေကန်ထဲကို အားနဲ့ လွှဲပြီး ပစ်ချလိုက်တယ်။ မတော်တဆ လမ်းမှာ ရဲလှည့်ကင်းနဲ့ တိုးရင် ဒါကြီးဟာ ကျနော့်ကို ထောင်ထဲတန်းပို့ မယ့် ကိစ္စကြီးမို့ လက်စဖျောက်ပစ်တဲ့ သဘောပဲ။

အဲ့ဒီနောက်မှာ ကျနော် တက်ပြေးတယ်။ ကျနော့်နောက်ကို ခုနက ကုလားတွေ လိုက်လာမှာလား မသေချာဘူး။ ဗျူးနဲ့ နီယိုက ရဲတိုင် လိုက်ပြီလား မသိဘူး။ ရဲကားတွေ ကျနော့်နောက်ကို လိုက်လာနေပြီ ထင်တာပဲ။ နောက်ဆုံး မောလွန်းလို့ ဆက်မပြေးနိုင်တော့ဘူး။ တစ်လှမ်း ချင်း ခြေတရွတ်ဆွဲပြီး ခြေဦးတည့်ရာ လျှောက်နေမိတယ်။

ညမိုးချုပ်စ ပြုလာပြီ။ နီယွန် မီးတိုင်တွေရဲ့ အလင်းရောင် အောက်မှာ

ချာတိတ်လေးတစ်ယောက် ဘယ်သွားရမှန်းမသိဘူး။ လမ်း ပျောက်နေတယ်။ သူ့တိုင်းပြေမဟာဂုတ်တဲ့ တိုင်းတပါးမှာ ဘယ်ဆီ ဘယ် ဝယ်မှန်းမသိ ရည်ရွယ်ချက်မဲ့စွာ လျှောက်သွားနေတယ်။ ခုနက ကုလား ဂန်းစတားတွေကို ဓားနဲ့ထိုးမယ်လို့ ဒေါသတကြီး ကြုံးဝါးနေခဲ့တဲ့ ကောင် လေးဟာ ခု မျက်ရည်ဝဲနေပြန်ပြီ။ ကျနော် အရမ်းကြောက်တယ်ဗျာ။ ကျနော်အိမ်ပြန်ချင်ပြီ အဖွားရယ် လို့ စိတ်ထဲမှာ ဆောက်တည်ရာမရ အော်ဟစ်နေခဲ့မိတယ်။

မက္ကဇင်ဂေါ်ကီ၏ နွေနှောင်းတစ်ည

ကျနော်လမ်းပေါ်မှာ ခြေဦးတည့်ရာ လျှောက်သွားနေခဲ့တာ ဘယ်နှစ်ရက်တောင် ရှိနေခဲ့ပြီလဲ မသိဘူး။ ဥပဒေပြင်ပ က အိမ်ခြေယာမဲ့ ဖြစ်နေခဲ့ပြီ။ ရထားဘူတာရုံ အိမ်သာတွေထဲက လက်ဆေးပိုက်ခေါင်းက ရေကို သောက်တယ်။ ဗိုက်ဆာရင် တစ်မတ်တန် ဆိတ်သားပတ်ဖ် မုန့်လေးတွေ ဝယ်စားတယ်။ နေ့လယ်နေ့ခင်းဆို အရိပ်ကောင်းတဲ့ ပန်းခြံတွေထဲ ဝင်ခိုနေလိုက်တယ်။ ညဖက်ရောက်ရင်တော့ ပန်းခြံတွေ က မလုံခြုံတော့ဘူး။ တစ်ယောက်ယောက်က မသင်္ကာလို့ ရဲတိုင်လိုက် ရင်ပဲဖြစ်ဖြစ်၊ ပတ်တရောင်လှည့်တဲ့ ရဲကင်းနဲ့တွေ့ရင်ပဲဖြစ်ဖြစ် အစစ်ဆေး ခံရပြီး ပြဿနာတက်လိမ့်မယ်။ ဒီတော့ကာ ညဖက်ရောက်ရင် လူစည်ကားတဲ့ နေရာတွေမှာ တဝဲလည်လည် လျှောက်သွားနေရတယ်။ မိုးလင်း ခါနီးလို့ အိပ်ချင်စိတ်ကို တားမရတဲ့အခါ ဖလိုင်းအိုဗာ လို့ခေါ်တဲ့ မိုးပျံ တံတားတွေရဲ့ အောက်ဖက် အမှောင်ကျကျ အခြမ်းမှာ ကျောပိုးအိတ် ကလေး ခေါင်းခုပြီး အထိတ်တလန့်နဲ့ ကြွက်အိပ် ကြွက်နိုးပေါ့လေ။ ဗမာ တွေ စုရပ်ဖြစ်တဲ့ စီးတီးဟောလ် ဘူတာဖက် မသွားရဲသေးဘူး။ ရှူးနဲ့ နီယိုတို့ကောင်တွေ ကျနော့်ကို လိုက်ဖမ်းဖို့ ကြိုးစားကောင်း ကြိုးစားနေ လိမ့်မယ်လို့ ထင်နေတော့ကာ အဲ့လိုနေရာမျိုးကို ခြေဦးမလှည့်တာ အကောင်းဆုံးပဲ။စီးတီးဟောလ် ဘူတာနားက ပန်နယ်ဘူးလား ပလားက အောက်မှာ မနက်ခင်းတိုင်း ဘောက်အလုပ်လုပ်ဖို့ ကန်ထရိုက်တွေက တရားမဝင် ဗမာအလုပ်သမားတွေကို ကားနဲ့ လာလာတင်သွားတတ်ထာ ကျနော်သိတယ်။ အဲ့ဒီနား သွားရင် အလုပ်တစ်ခုရဖို့ များတယ်။ ဒါပေ မယ့် လောလောဆယ် အခြေနေအရ ကျနော် အဲ့ဒီနေရာကို ရှောင်နေ လိုက်တယ်။ ခက်တာက ကျနော့် အိတ်ကပ်ထဲမှာ ပိုက်ဆံသိပ်မကျန် တော့ဘူး။ တစ်ညသား ဂေလန်း လို့ ခေါ်တဲ့ မီးအိမ်နီရပ်ကွက်တွေဖက် မှာ ဟိုဒီလျှောက်သွားရင်း စက်ဘီးတစ်စီးနဲ့ လျှောက်သွားနေတဲ့ ဗမာ တစ်ယောက်နဲ့ သွားဆုံတယ်။ လှဝင်း ဆိုတဲ့ အညာသားတစ်ယောက်ပဲ။ ရုပ်ကြည့်တာနဲ့ ဗမာမှန်း သိသာလို့ သွားနှုတ်ဆက်တော့ စကားပြန်ပြော တာက မှုမမှန်ဘူး။ ငါးတွေ ချထားလို့ ကွဲကြောင်ကြောင်ဖြစ်နေတာရယ် (ချောင်းဆိုးပျောက်ဆေးရည် ကို ဗန်းစကားဖြင့် ငါး ဟု ခေါ်သည်။ ထိုစဉ် က ၄င်းတိုင်းပြေတွင် ဖောချင်းသောချင်း ဝယ်၍ရသည့် မူးယစ်ဆေး)။ ကျနော့်အနေအထားကို ကြည့်ပြီး သူကဒဲ့ပဲမေးလာတယ်။ “ဟေ့ကောင် … မင်း ဝလုံးလား၊ ရေကူးလာတာလား၊ အခြေ နေမကောင်းဘူးမှတ်တယ်” တဲ့။ ဝလုံး ဆိုတာ အိုကာစတေးရဲ့အစ စကားလုံး “O” ကို ယူထားတဲ့ ဗန်းစကား ဆိုပါတော့။ ရေကူးတယ် ဆိုတာက တစ်ဖက်ကမ်းကနေ ရေလက်ကြားကို ဖြတ်ပြီး ခိုးဝင်လာတာလား လို့ မေးတာရယ်။ ကျနော် ပြုံးပြီး ခေါင်းခါပြလိုက်တယ်။ လှဝင်းက ချက်ချင်းပဲ ဆက်မေးတယ်။ “ပါမစ်ပြေးပေါ့… ဒါဆိုရင်” တဲ့။ ကျနော် ခေါင်းညိတ်ပြလိုက်မိတယ်။ ဒါနဲ့ပဲ ဆေးကွဲနေတဲ့လှဝင်းက ကျနော့်ကို လမ်းဘေးက ခေါက်ဆွဲပြုတ်ဆိုင် တစ်ဆိုင်ထဲ ခေါ်သွားပြီး ခေါက်ဆွဲပြုတ်တိုက်တယ်။ ဆာဆာနဲ့ ခေါက်ဆွဲပြုတ်၂ ခွပ်တိတိ ကုန်းပြီးလွေးတာပါပဲ။ လက်ဖက်စိမ်း လက်ဖက်ရည်တစ်အိုး တိုက် တယ်။ ဒန်းယေးလ်ဆစ်ကလက် အရှည်ကြီး ၂လိပ်

တိုက်တယ်။ ကျနော် စားနေသောက်နေချိန်မှာ သူ့ပါးစပ်က တတွတ်တွတ်နဲ့ ဘာတွေပြောနေ မှန်းကို မသိဘူး။ ချောင်းဆိုးပျောက်ဆေးတွေ ကွဲနေတာဆိုတော့ ရောက်တတ်ရာရာတွေ လျှောက်ပြောနေတာရယ်။ ကျနော် နားလည် တာက သူ ဒီကိုရောက်နေတာ ၁၀ နှစ် ကျော်ပြီး၊ ယိုးဒယားကနေ မလေး ရှား၊ မလေးရှားကနေ ဒီဖက်ကို ရေကူးပြီး ဝင်လာတာ။ ပထမ တစ်ခါ အဖမ်းခံရပီးပြီ။ ထောင်ကျ၊ ကြိမ်ထိပြီး ဗမာပြေ ပြန်ပို့ခံရတယ်။ အဲ့ဒါကို ဒုတိယအကြိမ် အပေါ်လမ်းက (လေယာဉ်ပျံနဲ့) ပွဲစပို့နဲ့ ပြန်ဝင်လာတာ။ ဒီဖက်ရောက်တာနဲ့ သူ့အဆက်အသွယ်ကနေ တစ်ဆင့် သူ့ပွဲစပို့ကို ရောင်းစားပစ်လိုက်တယ်။ အိမ်ပြန်ချင်နေတဲ့ ဗမာအိုဗာစတေး တစ်ယောက်ယောက်က အဲ့ဒီ ပွဲစပို့ကို ပြန်ဝယ်၊ ဓာတ်ပုံ ကပ်စွာလုပ်ပြီး ခပ်တည်တည်နဲ့ ပြန်ထွက် ပေ့ါ။ ချန်ဂီ လေဆိပ်က လဝက ကောင်တာကို အထွက်မှာ ဘုရားစာရွတ် ပြီး ထွက်ကြတာပါပဲ။ ဗမာပြေဖက် အခြမ်းမှာတော့ အဲ့ဒီကပ်ခွာကြီးနဲ့ ဒီတိုင်း သွားဝင်လို့မရဘူးပေ့ါ။ အိမ်ကို ဖုန်းဆက်ပြီး လမ်းကြောင်းဝင် ထားရတယ်။ မင်္ဂလာဒုံ လေဆိပ်မှာ ဇာတ်လမ်းမရှုပ်အောင် ဆိုပါတော့။ လှဝင်း ဆိုတာကလည်း သူ့နာမည် အမှန်လားတောင် မသေချာပါဘူး။ နောက်နောင်မှာ ပွဲစပို့ ၇အုပ်ကို နာမည် ၇ မျိုးနဲ့ ကိုင်တဲ့ ဗမာတစ်ယောက် ကိုတောင် တွေ့ဖူးသေးတယ်။ လိုရင်းပြောရရင် လှဝင်းက ဝလုံးပဲ။ ဒါပေမယ့် ဒီတိုင်းပြေမှာဘယ်လိုအသက်ရှင်ရမလဲ အသေချာသိပြီး လူလည်ကျနေတဲ့ ကိုး တစ်ကောင်ဖြစ်နေပြီ။ စားသောက်ပြီးစီးလို့ ဆစ်ကလက်တွေဖွာ ဇိမ်ကျနေတုန်း လှဝင်းက စက္ကူအပိုင်းအစလေးတစ်ခုပေါ်မှာ သူ့ဖုန်းနံပါတ်နဲ့ နောက်ထပ် ဘယ်သူမှန်းမသိတဲ့ ဖုန်းနံပါတ်တစ်ခုကို ရေးပေးလိုက်တယ်။ ဖုန်းဆက် ကြည့်ပေ့ါကွာတဲ့။ အဲ့ဒီ ဒန်းဟီးလ် ဆစ်ကလက်ဘူးကို မင်းယူလိုက်တော့ တဲ့။ အဲ့လိုပြောလို့အပြီးမှာ ကျနော့်လက်ထဲကို ၁၀ တန်တစ်ရွက် ထည့် ပေးတယ်။ ပြီးတာနဲ့ ဆတ်ခနဲ ထပြီး ခေါက်ဆွဲဆိုင်ထဲက ထွက်၊ သူ့ စက်ဘီးပေါ်တက်ပြီး နင်းထွက်သွားတာပါပဲ။ လှဝင်းရဲ့အဲ့ဒီအပြုအမူဟာ ကျနော့်ကို နောက်နောင်မှာ အများ ကြီး လွှမ်းမိုးခဲ့တယ်။ ကျနော့်လို ချာတိတ်လေးတွေ လမ်းပေါ်မှာ၊ တိုပါးရိုး ဘုန်းကြီးကျောင်းမှာ မတော်တဆ ဆုံမိတိုင်း ဘာမှမကူညီနိုင်ရင်တောင် ထမင်းတစ်နပ် ကျွေးဖို့၊ ဆစ်ကလက် တိုက်ဖို့၊ ပိုက်ဆံ ၅၀ တန် တစ်ရွက် လောက် လက်ထဲ ထည့်ပေးလိုက်ဖို့၊ ဖုန်းနံပါတ်လေး ရေးပေးခဲ့ဖို့ ကျနော် ဝန်မလေးတော့ဘူး။ အဲ့ဒီနောက် ပိုင်းရက်တွေမှာ ကျနော်ဟာ လမ်းပေါ်မှာချည့်ပဲ ဆက်နေနေရတာပါပဲ။ ဆံပင်ရှည်တွေက ရေမချိုးရတာကြာလာတော့ စေးထန်းနေ ခဲ့တယ်။ လက်ထဲမှာ ဆိတ်သားပတ်ဖ်ကလေးမှ ဝယ်စားစရာ ပိုက်ဆံ တစ်ပတ်တောင် မကျန်တော့တဲ့အထိ အခြေနေဆိုးသွားပြီ။ ထုံးစံအတိုင်း ရည်ရွယ်ချက်မဲ့ လျှောက်သွားနေရင်း တစ်ညမှာ ပါရာလေဗာ ဘူတာနား ရောက်သွားတယ်။ ဆက်လျှောက်လာရင်း လိုင်းရင်းစီးတီးနား အရောက် မှာ ဆက်မလျှောက်နိုင်တော့ဘူး။ အစားအစာ မစားရတာ နာရီပေါင်းများစွာကြာသွားပြီမို့ သွေးထဲမှာ သကြားဓာတ် ကအားကျလာဟန် တူတယ်။ မူးရိပ်ရိပ် ဖြစ်လာတယ်။ ဒါနဲ့ ပလက်ဖောင်းပေါ်မှာ ဖင်ချထိုင်ပြီး ခေါင်းကို ငိုက်စိုက်ချထားမိတယ်။ ဆာလောင်လိုက်တာဗျာ။ "ငါ့သား ရေမိုးချိုးချေ အဖွား ထမင်းပွဲပြင်ထားပြီး မုန့်ညင်းစော နဲ့ ဝက်သားအာလူးဆီပြန်ဟဲ့" ဆိုတဲ့ ကျနော့်အဖွားရဲ့ စကားသံတွေ နားထဲမှာ တစ်ချက်တစ်ချက် ကြားနေရတယ်။ လူက ကယောင်ကတမ်း ဖြစ်ချင်လာပြီ။ အဲ့ဒီမှာ ခပ်ဝဲဝဲ ဗမာစကားသံကို ကြားလိုက်ရတယ်။ "မောင်လေး ... ဗမာမဟုတ်လား"တဲ့။ ခေါင်းကို မနည်း ထောင်ကြည့်လိုက်တော့ ဆံပင်ဂုတ်ဝဲနဲ့ အမျိုးသမီးတစ်ယောက်ပဲ။ ဗမာရုပ်မပေါက်တဲ့ ကျနော့်ကို ဗမာမှန်း ဘယ်လိုသိသွားတယ် မသိဘူး။ မူးဝေနေတဲ့ ကျနော် ပြန်မဖြေနိုင်ဘူး။ ခေါင်းပဲ ညိတ်ပြနိုင်တော့တယ်။ နောက်တော့ ကျနော် ဘာတွေ ဆက် ပြောမိတယ် မမှတ်မိတော့ဘူး။ သူ ကျနော့်ကို ဆွဲယူမပြီး ကွဲခေါ်သွားတာ ပဲ မှတ်မိတယ်။

ဓာတ်တိုင်နှစ်တိုင်လောက်အကွာက တိုက်အိုကြီးတစ်ခု ရဲ့ ပထမထပ်ကို ရောက်သွားတယ်။ မီးဖိုခန်းထဲက ထမင်းစားပွဲမှာ ခနထိုင်ခိုင်းပြီး ထမင်းဟင်းတွေ ခူးခပ်ပြီးကျွေးတယ်။ ဆာလောင်နေ လို့ တုန်ယင်နေတဲ့ လက်တွေနဲ့ ကျနော် အငမ်းမရစားတာကို ဆံပင်ဂုတ်ပဲ အမကြီးက စိတ်မကောင်းဟန်နဲ့ငေးကြည့်နေတယ်။ ဗိုက်ဝ သွားတဲ့ အခါ ကျနော့်ကို ရေချိုးခန်းပြပေးတယ်။ ရက်ပေါင်းများစွာ ညှော်တွေ တက်နေတဲ့ ကျနော့်တစ်ကိုယ်လုံးကို ဆပ်ပြာမွှေးတွေနဲ့ တိုက်ချွတ် ဆေးကြောလိုက်ရတော့ ပေါ့ပါးကြည်လင်သွားတာပါပဲ။ ရေချိုးပြီးတဲ့အခါ ကျောပိုးအိတ်ထဲက အဝတ်အသစ်တစ်စုံနဲ့ လဲလှယ်ပြီး သူ့အိပ်ခန်းထဲက ကြမ်းပြင်ပေါ်မှာ ပက်လက်လှန်လှဲရင်း မျက်နှာကြက်ကမီးလုံးကို အဓိပ္ပါယ်မဲ့စွာ ကြည့်နေမိတယ်။ အဒီညက ခုတင်ပေါ်မှာ လှဲလျောင်းနေတဲ့ သူမ နဲ့ လက်တစ် ကမ်းအကွာ ကြမ်းပြင်ပေါ်မှာလှဲနေတဲ့ ကျနော်တို့ ရောက်တတ်ရာရာ တွေ ပြောကြတာပါပဲ။ သူ့နာမည် ကျနော့်ကို ပြောတော့ပြောတယ်။ အပေါ်ဖက်တဲ့ တိုင်းရင်းသားနာမည်ဆိုတော့ မမှတ်မိတော့ပါဘူး။ အဓိပ္ပာယ်က တောင်ဇလပ်ပန်း ဆိုလားပဲ။ ထူးဆန်းတာက ဘဝ ဆိုတာ အဲ့လိုပဲပေါ့ မောင်လေးရာ ဆိုတဲ့ ဝါကျကို သူ သူ့ခနခနရေရွတ်တာပဲ။ နောက်တော့ အရမ်းပင်ပန်းလွန်းနေတဲ့ကျနော်အိပ်ပျော်သွားတယ်။ အိပ်မက်ထဲမှာ ကျနော့်နောက်ကို ချူးနဲ့ နီယို လွှတ်လိုက်တဲ့ ကုလား ဂန်းစတားတွေ အုပ်စုလိုက်ကြီး လိုက်လာနေတယ်လို့ မက် တယ်။ ရဲတွေကလည်း ဝါယာလက်ကားတွေနဲ့ လိုက်တယ်။ ကျနော် ခြေကုန်သုတ်ပြီး ပြေးရတယ်။ အဘွားရေ...ကျနော့်ကို မကယ်နိုင်တော့ ဘူးလားလို့ သံကုန်ဟစ်တော်ပေမယ့် ပါးစပ်က အသံမထွက်နိုင်ဘူး။ မျက်ရည်တွေ ရွှဲနစ်နေပြီး ကျနော် လန့်လန့်နိုးလာတိုင်း တောင်ဇလပ်ပန်း ဟာ ကြမ်းပြင်ပေါ်မှာ လှဲလျောင်းရင်း ကျနော့်ကို တင်းတင်းကြပ်ကြပ်ကြီး ဖက်ထားပေးမှုန်း မြင်ရတယ်။ "မောင်လေး...မကြောက်နဲ့နော်...အမ ဒီမယ်" တဲ့။အဲလို ချော့မော့ပြီး ဖက်သိပ်တဲ့အခါ ကျနော်ပြန်ပြန်ပြီး အိပ် ပျော်သွားပြန်ရော။ မနက်မိုးလင်းလို့ ကျနော်နိုးလာတဲ့ အခါ အဲ့ဒီ ဆံပင်ကုပ်ဝဲနဲ့ အမကြီး မရှိဘူး။ အပြင် ထွက်သွားပြီး ကျနော်လည်း ကျောပိုးအိတ် ကလေးလွယ်လို့ ထွက်ခွာခဲ့ပါတယ်။ သူ့ဆီမှာခိုကပ်ပြီး ဆက်မနေချင်ပါ ဘူး။ ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်ဘူး။ ဆင်းရဲစုတ်ပြတ်တဲ့ တိုင်းပြေမှာဘဝ မပြေလည်လို့ တိုင်းတပါးကို ထွက်ခွာ၊ ဥပဒေပြင်ပမှာ အထိတ် တလန့် နေထိုင်၊ ပြည့်တန်ဆာ လုပ်ရင်း မိသားစုကို ထောက်ပံ့နေရှာတဲ့ အမျိုးသမီးတစ်ယောက်ကို ကျနော် ဒုက္ခမပေးလိုဘူး။ ဒါပါပဲ။ သူ့ရဲ့ ဝတ် စား ဆင်ယင်ပုံ၊ ခြယ်သထားပုံကို စမြင်ကတည်းက သူ ဘာအလုပ်လုပ် စားမှန်း ကျနော်သိပါတယ်။ ကျနော်ဟာ ပြည့်တန်ဆာမ တစ်ယောက် ကျွေးတဲ့ ထမင်းတစ်နပ်ကို စားခဲ့တယ်။ ပြည့်တန်ဆာမ တစ်ယောက်ရဲ့ ကရုဏာပြည့်လျှံနေတဲ့ ရင်ခွင်ထဲမှာ တစ်ည အိပ်ခဲ့မိတယ်။ သူဟာ ကျနော့်အတွက် တစ်ညတာ မိခင်ဖြစ်ခဲ့တယ်။ ဒါမှ မဟုတ် ကြင်နာတတ် တဲ့ အမကြီးတစ်ယောက်ပေါ့။ သူဟာ အိပ်မက်ယောင်ရင်း အော်ဟစ် ငိုယိုနေတဲ့ ကောင်လေးကို ထွေးပွေ့ထားရင်းက သူ့ဇာတိ တောင်ပေါ်က သစ်လုံးအိမ်ကလေးထဲမှာ ကျန်ရစ်ခဲ့တဲ့ သူ့မောင်လေး၊ ညီမလေးတွေ ကို သတိရချင်ရနေမှာပေါ့လေ။ နောင်တချိန်မှာ **Maxim Gorky One Autum Night** ဆိုတဲ့ ဝတ္ထုတိုလေးကို ပြန်ဖတ်မိတိုင်း ကျနော်ဟာ ပါရာလေဗာ ဘူတာနဲ့ မလှမ်းမကမ်းက တိုက်အိုကြီးဆီ စိတ်က ရောက်ရောက်သွားတတ် တယ်။ ဝတ္ထုထဲက ဆာလောင်ငတ်မွတ်နေတဲ့ ဇာတ်ကောင်ဟာ နွေ နောင်းညတစ်ညမှာ ပြည့်တန်ဆာမလေး တစ်ယောက်နဲ့ လွှန်းတင်ထား တဲ့ လှေကလေးအောက် ပူးကပ်ပြီး အိပ်ရင်း လောကဓံကို အတူစုံစံခဲ့တဲ့ ဇာတ်ကြောင်းလေးကိုး။ အဲ့ဒီ ဘယ်ကမှန်း မသိတဲ့၊ ဆံပင်ဂုတ်ဝဲနဲ့၊ ကြင်နာသနားတတ် တဲ့ မျက်ဝန်းပိုင်ရှင် တောင်ဇလပ်ပန်းနဲ့

ကျနော် ပြန်မဆုံဖြစ်တော့ဘူး။ ဒါပေမယ့် သေသည်အထိ အမှတ်ရနေမှာ သေချာပါတယ်လေ။

တောခိုဖူးခြင်း

ပါရာလေဗာ တိုက်အိုကြီးကနေ ကျနော်ထွက်လာရင်း ကို လှဝင်း ပေးဖူးတဲ့ ဖုန်းနံပါတ်ကို ဖုန်းခေါ်ကြည့်လိုက်တယ်။ ခပ်ဩဩ အသံနဲ့ လူတစ်ယောက် ပြန်ဖြေတယ်။ ဟော့... ဘယ်သူလဲကွ တဲ့၊ အသံ ကို မတုန်အခေါင်ထိန်းပြီး ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်တယ်။ ကိုလှဝင်းရဲ့ အသိပါ ခင်ဗျာ၊ ကျနော် ထမင်းငတ်နေလို့ အလုပ်တစ်ခုလောက် ပေးပါ ခင်ဗျာလို့ တောင်းပန်တယ်။ မင့်လက်ထဲမှာ ကတ်ပြား အပိုင်ရှိလားတဲ့ တစ်ဖက်က ပြန်မေးတယ်။ ကတ်ပြားဆိုတာ **WP** လို့ ခေါ်တဲ့ အလုပ် သမားမှတ်ပုံတင် ကတ်ပြားကို ပြောတာ။ ဟုတ်ကဲ့ ရှိပါတယ် ဆိုတော့ အယ်လ်ဂျူးနစ် ဘူတာရုံကားပါကင်ကနေ စောင့်နေခိုင်းတယ်။

နောက်မှ တဖြေးဖြေးသိလာရတာက ဝလုံး ခေါ် အိုဗာစတေး တွေဟာ **WP** ခေါ် ဝေါ့ခ်ပါမစ် ကတ်ပြားတွေကို ကိုယ်နဲ့ ရုပ်ချင်းဆင်တဲ့ ကတ်တွေ ရှာဝယ်ပြီး ကိုင်ကြရတယ်။ အဲ့ဒီကတ်ပြားတွေက အမှန်အကန် ပါမစ်သမားတွေက အလုပ်ရှင်ကို ကျပျောက်သွားပါတယ်လို့ လိပ်ပြီး ရောင်းထားတဲ့ ကတ်တွေ၊ ဆီရန်ဂွမ်း လို့ ခေါ်တဲ့ ကုလားတန်းမှာ အဲ့ဒီ ကတ်တွေကို အရောင်းအဝယ်လုပ်တဲ့ အေးဂျင့်တွေ ရှိတယ်။ အချိတ် အဆက်လုပ်ပြီး သူတို့ဆီ သွား၊ အယ်လ်ဘမ်လိုက် ထည့်ထားတဲ့ အထဲက ကိုယ်နဲ့ ရုပ်ခပ်ဆင်ဆင်တူတဲ့ ကတ်ပြားကို ရွေး၊ သက်တမ်းကုန်မယ့် ဒိတ်ပေါ် မူတည်ပြီး ဈေးက အစားစားပဲ။ ကျနော် အမှတ်မမှားရင် တစ်လကို ဒေါ်လာ ၄၀ နဲ့ တွက်ပြီး ရောင်းတယ်။ ဥပမာ ကတ်ပြားမှာ သက်တမ်း တစ်နှစ် ကျန်သေးရင် ဒေါ်လာ ၄၀၀ ပေးရတယ်။

ဝလုံးတွေ အနေနဲ့က စက်ရုံအလုပ်ရုံတွေ၊ ကွန်စထရပ်ရှင်း ဆိုက်တွေထဲ ဝင်တဲ့အခါ ဂိတ်ဝမှာ ကတ်ပြားပေးရတာမို့ ဒီကတ် မရှိရင် အလုပ်လုပ်ဖို့ မလွယ်လှဘူး။ ဂိတ်က လုံခြုံရေးတွေကလည်း ကတ်ထဲက ရုပ်နဲ့ အပြင်နဲ့ တူမတူ သေချာစစ်မနေဘူး။ တချို့ နည်းနည်းရစ်တတ် တဲ့ ကုလားဂိတ်စောင့်တွေနဲ့ ကြုံရင်လည်း ပိုက်ဆံ ၅ ကျပ်တန် တစ်ရွက် လောက် ကတ်နဲ့အတူ ထည့်ပေးလိုက်ရင် **Okay La Okay Lah** လွှတ်ပေးတာပါပဲ။ တစ်ခါတလေဆို ဟာသတွေတောင် ထထဖြစ်ကြ သေးတာရယ်။ ဥပမာ၊ စက်ရုံတစ်ရုံ ဗမာတွေ အုပ်စုလိုက်ကြီး ဝင်တဲ့ပြီး အလုပ်လုပ်ကြရော။ ညနေစောင်း အလုပ်သိမ်းလို့ ပြန်အထွက်မှာ ဂိတ် စောင့်က နာမည်အော်ပြီး ကတ်တွေ ပြန်ဝေတယ်။

ဟောင်နိုင်... မောင်နိုင်... မောင်နိုင်... လို့ အကြိမ်ကြိမ်တော် နေတာကို တစ်အုပ်စုလုံး တုတ်တုတ်မလှုပ်ကြဘူး။ လုံခြုံရေးက စိတ်တိုစ ပြုလာပြီး၊ အကုန်လုံး တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ပြီး ဘယ် ကောင်လဲ မောင်နိုင် ပေ့ါ။ ဟော့ကောင်တွေ ဘယ်သူ့ကက်တုန်းကွ ဘာညာ တွေ မေးမြန်းကုန်ကြပြီ။ အဲ့ဒီမှာ လူအုပ်ထိပ်ဆုံးမှာ ရပ်နေတဲ့ ဗမာတစ် ယောက်က၊ ဩော်... ရက် ရက်စ် မောင်နိုင် မောင်နိုင်” ဆိုပြီး ကတ်ကို လှမ်းယူတယ်။ ပြီးတော့မှ လူအုပ်ဖက်ကို လှည့်တဲ့ပြီး

"မနေ့ကမှ ဝယ်လာ တာပေါ့ ... ငါ့ကိုယ်ငါ မောင်နိုင် ဆိုတာ မေ့သွားတာ၊ လခွမ်းတယ်လိုမှ ပဲ..." လို့ ဗမာလိုလှမ်းပြောတော့မှ အုံးအုံးထ ပွဲတွေကျကုန်ရော။

အယ်လ်ဂျူးနစ် ဘူတာ ကားပါကင်မှာ ပစ်ကပ်ကားတစ်စီး ကျနော့်ကို လာကြိုတယ်။ ကန်ထရိုက်တာ မောင်နီတဲ့၊ ကားမောင်းလာတဲ့ လူက၊ ငါ့ကို ဖုန်းဆက်တာ မင်းလားလို့ မေးတော့ ခေါင်းညိတ်ပြလိုက် တယ်။ ကားနောက်ခန်းကို လက်မနဲ့ ထိုးပြတယ်။ တက်ခဲ့ပေါ့။ နောက်ခန်း မှာ လူ သုံးလေးယောက် ပါတယ်။ ကျနော် ခပ်တည်တည်နဲ့ နောက်ခန်း ကို တွယ်တက်လိုက်တယ်။ ကားပေါ်မှာ ပါလာတဲ့ လူတွေက မရယ်မပြုံး ရုပ်တည်ကြီးတွေနဲ့ ကျနော့်ကို ကြည့်နေတယ်။ ကျနော် သတိထားမိတာ က သူတို့မျက်လုံးတွေပဲ။ ဘေးဘီဝဲယာကို ကျီးကန်းတောင်းမှောက် ကြည့်လိုက်၊ ခုမှ တွေ့တဲ့ ကျနော့်ကိုလည်း သင်္ကာမကင်းတဲ့ အကြည့်နဲ့ အကဲခတ်လိုက် လုပ်နေတဲ့ မျက်လုံးတွေ၊ နောက်တော့လည်း အဲ့ဒီလို မျက်လုံးတွေနဲ့ အကြည့်တွေကို ကျနော် ကြိမ်ဖန်များစွာ မြင်ဖူးခဲ့ရပြီး အထူးအဆန်း မဖြစ်တော့ပါဘူး။

ကုန်လှောင်ရုံတစ်ခုထဲ ရောက်သွားပြီး သန့်ရှင်းရေး လုပ်ရ တယ်။ နံရံတွေကို ဆေးအကြမ်းထည့် သုတ်ရတယ်။ ကျွမ်းနေတဲ့မီး ချောင်းတချို့ကို လှေကားနဲ့တက်ပြီး လဲလှယ်ပေးရတယ်။ အစုံပလုံ လုပ် တဲ့ ကန်ထရိုက် ဆိုပါတော့။ ပါလာတဲ့ လူတွေကလည်း ဘာအလုပ်ရယ် လို့ မရွေးဘူး။ မင်း ဒါလုပ်တတ်ရင် ဒါလုပ်၊ ဟိုကောင် ဟိုဟာလုပ် ဆိုပြီး လူခွဲပြီး ရကြရတာပါပဲ။

နေ့လယ် ထမင်းစားချိန် ရောက်တော့ ကန်ထရိုက်တာ မောင်နီ ထမင်းထုပ်လာပို့တယ်။ ဖယောင်းစက္ကူနဲ့ ထုပ်ထားပြီး၊ ပဲဟင်းရွှဲရွှဲဆမ်း ထားတဲ့ ကုလားထမင်းတွေ၊ ကြက်ပေါင်တစ်တုံးကို ထမင်းပေါ်တင်ထား ပေးတယ်။ ကျနော်လည်း ဆာဆာနဲ့ လက်ဆေးပြီး ကုန်းလွေးတာပါပဲ။ ထမင်းစား ရသောက်ပြီးတော့ မောင်နီက ဆစ်ကလက် တစ်လိပ်စီ ဝေပေးတယ်။ ဆစ်ကလက် ဖွာရင်း လူသစ်ဖြစ်တဲ့ ကျနော့်ကို ဟိုမေး ဒီမေး ပေါ့။ မင့် ကတ်ပြား ပြစမ်းပါဦးတဲ့။ ကတ်ပြားကို ကိုင်ကြည့်ပြီးကျနော့်ရုပ်နဲ့ တိုက်ကြည့်တယ်။

"အမယ်...တယ်တူပုံပါ့လားဟ..." တဲ့။

မယုံသင်္ကာနဲ့ ကတ်ပြားကို ကွေးကောက်ကြည့်နေသေးတယ်။ ကတ်အတုက တယ်ဟုတ်ပါလားလို့ ထင်နေပုံရတယ်။ ကျနော်က ပြုံးစိစိ ပဲ လုပ်နေလိုက်တယ်။ မင်း ဘာရလဲ ဟေ့ကောင်တဲ့(ဘာအလုပ် ကျွမ်းလဲ မေးတာ)။ ဝါယာကြိုး နည်းနည်းပါးပါးရတယ်လို့ ပြန်ဖြေတော့ လက် ဖျောက် တစ်ချက် တီးပြီး ဟုတ်ပြီတဲ့။ ဒီအဆောက်အဦးကြီး တစ်ခုလုံး၊ ကို ဆေးသုတ်၊ မီးပြင်၊ ရေပိုက်ပြင်တွေ လုပ်ရမှာ ကွက်တိပဲ။ ဓာတ်ကြိုး ကိစ္စတွေ မှန်သမျှ မင့်ကိုပဲ ခိုင်းမယ်။ တစ်ပတ်ဆယ်ရက်တော့ အနည်း ဆုံး ငါ့ဆီမှာ အလုပ်ရမယ်တဲ့။ ကျနော် ဝမ်းသာအားရ ခေါင်းညိတ်ပြ လိုက်မိတယ်။

ညနေစောင်းတော့ အလုပ်သိမ်းတယ်။ မနက်က ကားပေါ်မှာ အတူတူပါလာတဲ့ လူတွေနဲ့ တစ်နေ့ကုန် အလုပ်အတူတူလုပ်ရင်း စကား စမြည် ပြောကြရင်း အတော်ခင်သွားကြပြီ။ သူတို့က ဗမာစကားသိပ်မပီ တဲ့ တိုင်းရင်းသားတွေချည့်ပဲ။ စက်ရုံပိုင်ရှင် တရုတ်တွေ လာကြည့်ပြီး ဟိုမေးဒီမေး လုပ်တဲ့အခါ အင်္ဂလိပ်လို ဒိုင်ခံပြီး ပြန်ပြန်ဖြေတဲ့ ချာတိတ် လေး ကျနော့်ကိုလည်း

အတော်အထင်ကြီးသွားကြပုံပဲ။ နေစရာ နေရာ မရှိမှန်းလည်း သိသွားကြတော့ မင်းလမ်းပေါ်မှာ အိပ်မယ့်အစား ငါတို့နဲ့ လိုက်ခဲ့ပါလား တဲ့။ ဘယ်ကိုမှန်း အသေချာ မသိပေမယ့် ကျနော် ခပ် သွက်သွက်ပဲ လိုက်မယ်ဗျာ လို့ပြန်ဖြေလိုက်မိတယ်။

မိုးချုပ်ခါနီးမှာ ကန်ထရိုက်တာ မောင်နီက သူ့ပစ်ကပ်ကား လေးနဲ့ လာကြိုရင်း တစ်ယောက်ကို ၅၀ တန် တစ်ရွက်စီ ထုတ်ပေးတယ်။ ကျနော် ကျစ်ကျစ်ပါအောင် လိပ်ပြီး ဘောင်းဘီရှေ့အိတ်ထဲ ထည့်ထားလိုက်တယ်။ ပစ်ကား ကားလေးက ကျနော်တို့ အုပ်စုကို တင်ပြီး မောင်း ထွက်သွားတယ်။ ပင်ပန်းလွန်းနေတဲ့ ကျနော် ဆောင့်ကြောင့်လေးထိုင် ပြီး ငိုက်နေလိုက်တာ ဘယ်လောက် ကြာသွားမှန်းမသိလိုက်ဘူး။ ဟိုက် ဝေး ကားလမ်းမကြီးဘေးမှာ ကားလေး ထိုးရပ်လိုက်တော့မှ ဘေးဘီ ဗီယာကို အကဲခတ်လိုက်မိတယ်။

"ဆင်းကြစို့... တဲ့။

အတူပါလာတဲ့ လူတွေက အိတ်ကိုယ်စီ လွယ်ပြီး ခုန်ဆင်း တယ်။ ကျနော်လည်း ယောင်နနနဲ့ လိုက်ဆင်းလိုက်တယ်။ လူအကုန်ဆင်း ပြီးသွားတာနဲ့ မောင်နီက ကားကို မောင်းထွက်သွားပြီး ကားလမ်းမကြီး ဘေးနှစ်ဖက်မှာ တောအုပ်ကြီးပဲ။ လူသွားလမ်းလေးအတိုင်း ကားလမ်းမ ကြီးဘေးကို ဆင်းခဲ့ပြီး လျှောက်ရတယ်။ တောအုပ်ထဲကို တော်တော် ကြီးနက်တဲ့ အထိ ဝင်သွားတဲ့အခါ ကျနော် ကြောက်စိတ်တွေ ဝင်စပြုလာ ပြီး ဒီလူတွေ ငါ့ကို ဘယ်ခေါ်လာတာပါလိမ့် ပေါ့။ ညကလည်း မှောင်ရီပျိုးစ ဖြစ်လာပြီ။ တောအုပ်ကြီး အလယ်မှာ ဘုမသိဘမသိရယ်။ တော်တော် လေး လျှောက်ပြီးတော့ တစ်နေရာမှာ မီးရောင်ပျပျမြင်ရတယ်။ နီးလာ လေလေ မီးရောင်တွေက ထိန်ထိန်လင်းလာလေလေပဲ။ အနားရောက် သွားတော့မှ ပလတ်စတစ်တဲအိမ်တွေ အများကြီးပဲ ဆိုတာ မြင်လိုက် တယ်။ ဘတ္တရီမီးချောင်းတွေ ထိန်ထိန်ညီးနေတာပဲ။ လူတွေကလည်း အများကြီးပဲ။ ဘုရား၊ ဘုရား ဒီတောအုပ်ရဲ့ အလယ်မှာ ကျနော်တို့ နိုင်ငံ သား တရားမဝင် ဝလုံးတွေဟာ ရွာတည်ပြီး နေနေကြတာပါလား လို့ သဘောပေါက်သွားခဲ့ရတယ်။

ထမင်းဟင်း ချက်ပြုတ်တဲ့လူက ပြုတ်လို့။ တစ်နေ့တာ ပင်ပန်းလာသမျှ အရက်ဝိုင်းတွေ ဖွဲ့တဲ့လူတွေက ဖွဲ့လို့ရယ်။ တဲတွေရဲ့အလယ်က ကွက်လပ်မှာ တစ်စုံတရာကို မြင်လိုက်ရတော့ ကျနော့်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။ မြတ်စွာဘုရား..."

ဘာများလဲလို့ အသေချာကြည့်မှ ဆီမီးပူဇော်ထားတဲ့ စေတီ လေးပါလား။

ဇာတိစိတ် ... ဇာတိစိတ်။ မြင်မြင်လေရာမှာ ဘုရားတည်ချင် တဲ့ ဇာတိစိတ်ဟာ တယ်ကြောက်စရာ ကောင်းပါလား။ လူတွေက ဘဝ မလှပတဲ့ ခိုးဝင်ဘဝနဲ့ ကျီးလန့်စာစား နေနေရတာတောင် ဘုရားတည်ပြီး၊ ဆီမီးတွေ ပူဇော်လို့တဲ့လား ဗမာပြည်သားတို့ရယ်။

တစ်ချိန်ချိန်မှာ အဲ့ဒီတောအုပ်ကြီးရဲ့အလယ်မှာ ယိုယွင်းပျက်စီးနေတဲ့ စေတီသေးသေးလေး တစ်ခုကို ရှာတွေ့ကြရင် တစ်ခါက ဗမာပြေသားတွေ ဒီနေရာမှာ ရှိခဲ့ဖူးကြောင်း သက်သေခံနေလိမ့်မယ်။

မာနယ်ပလော စခန်းကျဆုံးခန်း

တောထဲက မာနယ်ပလော စခန်းလို့ ကိုယ့်ဖာသာ နာမည် ပေးထားတဲ့ အဲ့ဒီနေရာမှာ တိုင်းရင်းသားအုပ်စုနဲ့အတူ ညအိပ်ရင်း မနက် တိုင်း ကန်ထရိုက်တာ မောင်နီဆီမှာ အလုပ် ပုံမှန်ဆင်းတယ်။ ကုန်လှောင် ရုံကြီး တစ်ခုလုံးရဲ့ ဝါယာကြိုးတွေ ကျနော် ဦးဆောင်ပြီး ကောင်းကောင်း ပြင်ပြနိုင်ခဲ့တဲ့ (ဒါတွေက ရန်ကုန်မှာတုန်းက ကျနော် ထမင်းရှာစားခဲ့ဖူး တဲ့ အတတ်ပညာတွေကိုး)အတွက် မောင်နီက နေ့တွက်တိုးပေးတယ်။ ဆေးသုတ် ဘာညာကတော့ ဟိုတိုင်းရင်းသား ရဲဘော်တို့က ကျွမ်းကျင် တယ်။ ဒီလိုနဲ့ နှစ်ပတ်လောက် ကြာသွားတယ်။ အလုပ် လုပ်ပြီးသလောက် ဖြစ်သွားပြီ။ ကျနော်လည်း အပေါင်းအသင်းတွေ ဘာတွေနဲ့ လူလည်ဖြစ် စပြုလာပြီ။ မာနယ်ပလော စခန်းကိုလည်း ခင်တွယ်စပြုလာပြီ။

လူတွေ ရာဂဏန်းလောက် အဲ့ဒီနေရာမှာ အခြေပြုနေကြတာ ရယ်။ အင်မတန်လျှို့ဝှက်သိပ်သည်းပြီး လုံခြုံတယ်ဆိုပါတော့။ ညတိုင် ကျရင် ယိုးဒယားတွေ ရောက်ရောက်လာတာ မြင်ပြီး ထင်သလောက် တော့ မလုံခြုံဘူးလို့ စိတ်ထဲ နားလည်လာပြန်တယ်။ ယိုးဒယားတွေက အဲ့ဒီ တဲစုလေးနား ရောက်လာတဲ့ပြီး ပလတ်စတစ် မိုးကာစလေးတွေ မြေကြီးပေါ်ဖြန့်ခင်းပြီး ဘတ္တရီမီးချောင်းလေးတွေ ဖွင့်လို့ ခြောက်တောင် ဂျင် လောင်းကစားတွေ ဒိုင်လာဖွင့်တယ်။ အံစာ ခေါက်တဲ့ ဒိုင်တွေက ရင်သားကြီးကြီးနဲ့ ယိုးဒယားမတွေ။ အခုအခံ မပါတဲ့ စွပ်ကျယ်အကျီလေး

တွေ ဝတ်လို့ရယ်။ ရွာခံဗမာတွေက သူတို့ရောင်းတဲ့ မဲခေါင် ရပ်အရက် တွေ သောက်၊ တစ်ဘူး တစ်ကျပ်ခွဲ နှစ်ကျပ်ပဲ ပေးရတဲ့ မှောင်ခို ဆစ်ကလက်တွေ ဖွာရင်း ယိုးဒယားမတွေရဲ့ စွပ်ကျယ်ဝတ် ရင်ဘက်တွေကိုငေးရင်း တစ်ကျပ်ဖိုး၊ နှစ်ကျပ်ဖိုး ခြောက်ကောင်ဂျင် ထိုးရင်း ဟီလာတိုက် ပြီး ပျော်နေကြတာရယ်။ အဲ့ဒီ ဂျင်ဝိုင်းတွေရဲ့ ဘေးမှာ ယိုးဒယားလူမိုက် နှစ်ယောက်လောက် လက်ပိုက်ပြီး ရပ်နေလေ့ရှိတယ်။ မျက်လုံးချင်း ဆုံမိရင် အစွမ်းကုန် ပြုံးပြတတ်ပြီး စကားဖောရောတွေ လုပ်တော့တာပဲ။

“Brother, fucking lah? This one just arrive from Bangkok. Very young. 20 dollars only.” o sce မတောက်တခေါက်တွေ တတွတ်တွတ်ပြောပြီး သူတို့နောက်ကျောဖက် မှာ ပလတ်စတစ်ခုံလေးတွေနဲ့ ထိုင်နေတဲ့ ယိုးဒယားမ ချောချောလေး တွေကို ဓာတ်မီးနဲ့ ထိုးပြတော့တာပဲ။

ပလတ်စတစ်ခုံပေါ်က အစွမ်းကုန်ခြယ်သထားတဲ့ ယိုးဒယား နတ်သမီးလေးတွေကလည်း အသံလေးတွေ တစာစာနဲ့ အော်အော်ပြီး ဆွယ်တယ်။

Darling, fucking fucking… velly good …come come

သူတို့ပြောတဲ့ အင်္ဂလိပ်စကားတွေကို နားထောင်ပြီး ကျနော် မအောင့်နိုင်ပါဘူး။ အော်အော်ပြီး ရယ်မိတာပါပဲ။ လူတွေ … လူတွေ… ဘဝရဲ့

အဆင်းရဲ အနံချာဆုံးဆိုတဲ့ အခြေနေမှာတောင် အိပ်၊ စား၊ ကာမ ဆိုတဲ့ အခြေခံလိုအပ်ချက်တွေကို တစ်နည်းနည်းနဲ့ ဖြည့်ဆည်းနေကြတာပါလားဆိုတဲ့အတွေးလည်း ခေါင်းထဲ ဝင်လာမိတယ်။

ဒီကြားထဲ မဲခေါင်အရက်တွေ သောက်ပြီး မူးနေတဲ့ တိုင်းရင်းသားရဲဘော်တွေထဲက တစ်ယောက်က ဘာပြောတယ်မှတ်လဲ။ ယိုးဒယားမတွေက လုလိုက်တာကွာ ညီလေးရာ၊ ငါတို့ရွာမှာ ဒါမျိုးရုပ်တွေနဲ့ မင်းသမီးတက်လုပ်လို့ရတယ်၊ ဒီထဲက တစ်ယောက်လောက်သာ ငါ့ကို အတည် သူ့ပြီး ဗမာပြေလိုက်မယ်ဆို ယူလိုက်မိမှာကွာ။ ယိုးဒယားခေါင်းတွေ ပြောတာက တစ်ယောက်ကို ဒေါ်လာ ၃၅၀၀ နဲ့ ရောင်းမယ်ဆိုလား။ နို့ အိမ်ပြန်ခေါ်သွားရင် ဟိုဇက်က လူတွေက ငါယူလာတဲ့ မိန်းမ ဘာမှန်း သိမှာမှမဟုတ်ပဲ၊ ဘာဖြစ်လဲနော် ... တဲ့။ ကျနော့်မှာ တဟားဟားနဲ့ ပွဲကျ တနေမိခဲ့တယ်။

ကုန်လှောင်ရုံက အလုပ်တွေ ပြီးသွားတော့ ကန်ထရိုက်တာ မောင်နီက သူ့အလုပ်သမားတွေထဲက ကျနော်နဲ့ တိုင်းရင်းသား ၂ ယောက်ကို အိပ်ကုတ်စ်ထ်ဖက်က အိမ်တစ်အိမ်ကို လိုက်ပို့တယ်။ ရေကူး ကန် သန့်ရှင်းရေးလုပ်၊ အလှမွေး ငါးကန်အကြီးကြီးကို ဆေးကြောပေး။ တစ်အိမ်လုံးက ပြူတင်းပေါက်မှန်တွေကို တိုက်ချွတ်၊ ကျွမ်းနေတဲ့ မီးလုံး မီးချောင်းတွေကို လဲလှယ်ပေး၊ ခြံထဲက မြက်တွေခုတ် အစရှိတဲ့ ဗာဟီရ လေးတွေ သုံးလေးရက် လုပ်ပေးရတယ်။ သက်သောင့်သက်သာရှိတဲ့ အပြင် အိမ်ရှင် ကုလားအဘိုးကြီးက တော်တော်လေးကို လူလိုသူလို ဆက်ဆံတာကို ကြုံရတယ်။ ထမင်းဟင်းကို မနက်စာ၊ နေ့လယ်စာ၊ ညစာ အစရှိသဖြင့် သုံးနပ်လောက်ကို ကျွေးတာရယ်။ သူနဲ့အတူစားခိုင်းတာ မျိုး၊ အိမ်စေတွေ သုံးလေးယောက်နဲ့ အသေချာ ချက်ပြုတ်ပြင်ဆင်ပြီး ကျွေးတယ်။ နေ့လယ်နေ့ခင်းတွေမှာ လက်ဖက်ရည် မုန့် အစရှိသဖြင့် တွေပါကျွေးသေးတာ။

အဲ့ဒီမှာ ကျနော်နဲ့ ကိုယ့်ကောင်တွေ တစ်ခု သွားသတိထားမိ တယ်။ အိမ်ကြီးရှင်က အတော် အဆင့်မြင့်တဲ့ အပြင် သဘောကလည်းကောင်းသေးတယ်ပေါ့ ဘာကောင်ကြီး ဖြစ်မလဲမသိဘူး။ ဧည့်ခန်းထဲက ရှိုးကေစ့်တစ်ခုထဲမှာ ဓါတ်ပုံတစ်ပုံ ထောင်ထားတာသွားတွေ့တယ်၊ ကျွန်တော့် ကောင်တွေကို ခေါ်ပြီးပြတော့ အကုန်လန့်ဖြတ်သွားကြတယ်။ စကာပူဝန်ကြီးချုပ်ဂျိုချောင်ထောင်နဲ့ ပခုံးဖတ်ပြီး ရိုက်ထားတဲ့ရီမော နေတဲ့ ဓါတ်ပုံကြီး။ ဟယ် နင့်မေကလွှား ကန်ထရိုက်တာ မောင်နီဟာ မြွေဖမ်းထားပါပြီကောကလား ဆိုပြီး၊ရင်ထိတ်ရပြီး ငါတို့ကောင်တွေကို ဒီလိုနေရာမျိုးကို ပို့ထားရသလားပေါ့။

နေ့ခင်း လက်ဖက်ရည်သောက်ချိန်မှာ ကုလားအဘိုးကြီး စကားစမြည်ပြောရင်း အမှတ်တမဲ့ မေးလိုက်မိတယ်။ အန်ကယ်လ်က ဂိုချောက်ထောင်နဲ့ ဘယ်လိုသိတာလဲ၊ ဓာတ်ပုံတွေ တွဲရိုက်ထားတာ မြင် လို့ .. ဆိုတော့၊ အဘိုးကြီးက ပြုံးပြီးပြန်ဖြေတယ်။ ကျောင်းနေဖက်တွေ ကွ၊ နို့ ခုလည်း ငါက လွှတ်တော်အမတ် လုပ်နေသေးတာကိုး တဲ့။ ဘုရား ဘုရား ဆိုပြီး မျက်နှာမပျက်အောင် ထိန်းနေရတယ်။ ကျနော်တို့ ကောင် တွေက ဥပဒေပြင်ပက အလုပ်သမားတွေ။ ခုတော့ ဒီတိုင်းပြေက လူကြီး အိမ်မှာ ခပ်တည်တည်နဲ့ အလုပ် လာဝင်လုပ်နေရတယ်။ တစ်ခုခုများ ပြဿနာ ထဖြစ်လို့ကတော့ သေမယ်လို့ တွေးပြီး လန့်နေရပြီး၊

ညနေစောင်းလို့ ကျနော်တို့ကို ကန်ထရိုက်တာ မောင်နီ လာကြိုတဲ့အခါ ကလော်ဆဲမိတယ်။ ခင်ဗျား အတော်ဆိုးတဲ့လူဗျာ ကျုပ်တို့ကို ချောက်တွန်းတာလား ဘာညာပေါ့။ သူကိုယ်တိုင်က န၀၀ တိမ်တောင်ရယ်။ ဟေ ... ဟုတ်လို့လား တဲ့။ သူကလည်း ဒီလိုပဲ သူ့အဆက်တွေဆီက ရလာတဲ့ အလုပ်။ ဘယ်သူဘယ်ဝါ အိမ်ရယ်လို့ သိ တာမျိုး မဟုတ်ဘူး။ အသာလေး လျှိုပြီးတော့သာ လုပ်ကြစမ်းပါကွာ တစ်ရက် နှစ်ရက်ကလေးဟာကို တဲ့။ အဲ့ဒီလိုနဲ့ပဲ လွှတ်တော်အမတ်မင်းရဲ့အိမ်က အလုပ်တွေ ပြီးစီးသွားတယ်။ ကျနော်တို့ သုံးယောက်လည်း မြိုးမြိုးမြက်မြက်ကလေး ရလိုက်တယ်ပေါ့။ မောင်နီဆီက နေ့တွက်အပြင်၊ အိမ်ရှင်က နောက်ဆုံးနေ့အလုပ်ပြီးတော့ ကျေးဇူးပါ ငါ့သားတို့၊ နောက် လိုလည်း မင်းတို့ကိုပဲ ခေါ်ဦးမယ်ဆိုပြီး ဘောက်ဆူး တစ်ယောက်တစ်ရာ စီ ချလိုက်သေးတာကိုး။

အဲ့ဒီနေ့မှာပဲ ကျနော် ကိုလှဝင်းကို ဖုန်းခေါ်ခဲ့မိတယ်။ အရင်

တခါက ဂေလန်းမှာ ခင်ဗျား ခေါက်ဆွဲပြုတ်ဝယ်တိုက်သွားတဲ့ ကောင် လေးဗျာ လို့ မိတ်ဆက်တော့ မှတ်မိသွားတယ်။ ခုလို အလုပ်အကိုင်လေး အဆင်ပြေနေတာ ခင်ဗျာ့ကျေးဇူးတွေ မကင်းဘူး။ ညစာကျွေးမယ်။ ငါး လည်း တိုက်မယ်ဗျာ ဆိုပြီး ချိန်းလိုက်မိတယ်။ ကျနော် အမှတ်မမှားရင် ငါးက တစ်ဆယ်ဖိုး ၄ လုံး၅ လုံးလောက် ရတယ် အဲ့ဒီခေတ်က။

ကျေးဇူးပြုဖူးတဲ့ သူတထူးကို ကျေးဇူးဆပ်ချင်တဲ့ စိတ်အခံ လေးက ကျနော့်ကို ကယ်သွားတာပါပဲ။

ကိုလှဝင်းနဲ့ အဲ့ဒီညနေက စီးတီးဟောလ် ဘူတာမှာ ချိန်းတယ်။ ချောင်းဆိုးပျောက်ဆေးတွေ ဝယ်တိုက်လိုက်တယ်။ အမှတ်တရအနေနဲ့ ဂေလန်းကို လစ်သွားကြပြီး ခေါက်ဆွဲပြုတ် အတူသောက်ကြတယ်။ ကျနော်က ဘီယာတွေ ကွဲ၊ သူ က ငါးတွေ ကွဲတဲ့ပြီး အာလူးဖုတ်ကြတာမိုးအတော်ချုပ်တဲ့အထိပဲ။ ညဥ့်အတော်နက် သွားတော့ ကျွန်တော်ပြန်ဖို့အဆင်မပြေတော့ဘူး။ အတူ သောက်စားပြီးသွားပြီမို့ ကျနော့်ကို ယုံ ကြည်စိတ်ချသွားဟန် တူတဲ့ ကိုလှဝင်းက ငါနဲ့ လိုက်အိပ်ကွာဆိုပြီး ချိုင်းနားတောင်း ပီးပလ်စ် ပွဲခ်နားက သူ့တိုက်ခန်းလေးကို ခေါ်သွားခဲ့ တယ်။

မနက်မိုးလင်းတော့ သတင်းစကား ရောက်လာတယ်။ မာနယ်ပလော စခန်း မနေ့ညကပဲကျသွားခဲ့ပြီး

တောအုပ်တစ်ခုလုံးကို ပတ်ချာလည်ဝိုင်းပြီး ဟယ်လီကော်ပ တာတွေ၊ အနံ့ခံခွေးတွေ၊ ရဲတပ်ဖွဲ့တင်မကာ စစ်တပ်ပါ သုံးပြီး ဝင်စီးသတဲ့ အံ့ဩတုန်လှုပ်ပြီး ငိုင်နေမိတယ်။ အဲ့ဒီနေ့ ညဖက် တီဗီသတင်းမှာ မာနယ်ပလော စခန်းကို ဝင်စီးတဲ့ ဗီဒီယိုတွေ ပြနေတယ်။ ကျနော့် ရဲဘော် တိုင်းရင်းသားညီအကိုတွေကို ငုတ်တုတ်လေးတွေ ထိုင်လို့၊ ကေဘယ်လ် တိုင်း ပလတ်စတစ်ကြိုးတွေနဲ့ လက်နောက်ပြန် အတုပ်ခံလျှက်သားလေး တွေ ဖန်သားပြင်ပေါ်မှာ အတိုင်းသား မြင်နေရတယ်။ မျက်စိသူငယ် နား သူငယ်လေးတွေနဲ့။ စစ်ခွေးတွေက ဘေးကနေ တဝေါင်းပေါင်း မာန် နေတယ်။ ကျနော် ဆက်မကြည့်ရက်တော့ဘူး။ တီဗီကို ထပိတ်ပစ်လိုက် မိခဲ့တယ်။

မာနယ်ပလောစခန်းရဲ့ ပလတ်စတစ် တဲတွေကို ရဲနဲ့ စစ်သား တွေ ဖျက်ဆီးလိုက်မှာ သေချာပါတယ်။

စေတီလေးကိုကော ဖျက်ဆီးလိုက်ကြတာလား၊ ဒီအတိုင်း ပဲပစ်ထားခဲ့ကြတာလား။ တစ်ချိန်ချိန်မှာ အဲ့ဒီတောအုပ်ကြီးရဲ့အလယ်မှာ ယိုယွင်းပျက်စီးနေတဲ့ စေတီ သေးသေးလေးတစ်ခုကို ရှာတွေ့ကြရင် တစ်ခါက ဗမာပြေသားတွေ ဒီနေရာမှာ ရှိခဲ့ဖူးကြောင်း သက်သေခံနေ လိမ့်မယ်။ ဒါပေမယ့် စေတီလေးရှိနေသေးလား ကျနော် မသေချာပါလေ။

ဖိုးရှောင်

အဓောက်လမ်းလို့ ခေါ်တဲ့ မလေးရှား ဂျိုဟိုးဘာရူး ဖက်ကနေ စင်ကာပူဖက်ကို ခိုးကူးတဲ့ လမ်းကြောင်းဟာ အတော်အန္တရာယ်များ လွန်းတယ်။ ပုံမှန်ကတော့ လော်ရီကားတွေထဲမှာ အံဝှက်တွေ လုပ်ပြီး အဲ့ဒီအံဝှက်တွေထဲမှာ ဝှက်တဲ့ပြီး လူသွင်းကြတာပါပဲ (နောက်နောင် အလက်ထရောနစ် စံနစ်တွေ တိုးတက်လာတော့ မရတော့ဘူး)။ တချို့လူ တွေနဲ့ ဆုံလို့ သူတို့ဇာတ်လမ်းတွေ ပြောပြတာ နားထောင်ရရင် ရင်သပ် ရှုမောပေါ့။ လူမှောင်ခိုခ မတတ်နိုင်လို့ ပလတ်စတစ်ပုံးလေး ပိုက်တဲ့ပြီး ရေလက်ကြားကို ဖြတ်ကူးတာမျိုး၊ လူက ဆင်းရဲလွန်းတဲ့အခါ သေခြင်း တရားကိုတောင် ပျက်ရယ်ပြုရဲတာပဲ ဆိုတာမျိုး၊ ကျနော်မြင်တတ်လာ တယ်။ တချို့က ဘိလပ်မြေဖျော်စက် တပ်ထားတဲ့ အုန်းမှွေးလုံးကားကြီး နဲ့ ခိုးဝင်လာတာတဲ့။ အုန်းမှွေးလုံးကြီးထဲ ဝင်ပုန်းပြီးလိုက်လာတာဆိုလား။ ကားက မောင်းနေရင်း ဟိုလူး ဒီလိမ့်ဆိုတော့ အဲ့ဒီ အုန်းမှွေးလုံး ကြီးက လည်ကုန်ရော။ အထဲမှာ ပါလာတဲ့ ငါတို့ကောင်တွေလည်း အုန်း မှွေးလုံးကြီးထဲမှာ အဲ့ဒါကြီး လည်တဲ့အတိုင်း လမ်းတွေလျှောက်နေရတာ ဟေ့။ ငယ်ငယ်ကကြည့်ဖူးတဲ့ မောင်မောင်သန်း ဆပ်ကပ်ထဲကအတိုင်းပဲ ငါ့လခွမ်း...ကျနော့်မှာ စိတ်မကောင်းဖြစ်ရတဲ့ အထဲ သူတို့ ဖြစ်ပျက်တာတွေကို မြင်ယောင်ကြည့်ရင်း တခွိခွိဖြစ်မိတယ်။ ငိုအားထက် ရယ်အား သန်တယ်ဆိုတာ ဒါမျိုးပေါ့။ အဲ့ဒီလို ခိုးဝင်တဲ့ နည်းလမ်းပေါင်းများစွာထဲ ကမှ ဖိုးရှောင် လာတဲ့လမ်းကြောင်းက ကြောက်စရာအကောင်းဆုံးပဲ။

မလေးရှား ဖက်ကမ်းကနေ စင်ကာပူကို ရေတွေလွှတ်ပေးတဲ့ ပိုက်လိုင်းထဲကနေ လမ်းလျှောက်လာတာတဲ့။ သူတို့ ပိုက်ဆံပေးထားတဲ့ လူမှောင်ခိုဂိုဏ်းက ရေမလွှတ်တဲ့ အချိန်ကို ပိုက်လိုင်းအဖုံး ဖွင့်ပြီး၊ ကိုင်း ပြေးကြပေတော့ ဆိုပြီး ထည့်ပေးလိုက်သတဲ့။ တစ်ဖက် စင်ကာပူဖက် ကမ်းကနေ သူတို့ အချိတ်အဆက် လူက ပို ပိုက်လိုင်းအဖုံးဖွင့်ပြီး ကြိုနေ လိမ့်မယ်ပေါ့။

နောက်ကျတဲ့ ခြေထောက် သစ္စာဖောက်ဆိုပြီး ဟိုဖက်ကမ်း ဒီဖက်ကမ်း သွယ်တန်းထားတဲ့ ပိုက်လုံးကြီးထဲမှာ လူအုပ်စုလိုက်ကြီးခြေကုန်သုတ် ပြေးကြရတာပဲ တဲ့။ ရေများ ကောက်လွှတ်လိုက်လို့က တော့ အကုန်သေမှာကိုး။ ပြည်ကြီးတရုတ်၊ ဘင်္ဂလားကုလား၊ ဗမာ အစ ရှိသဖြင့် တယ်ပေါ့။ လူမျိုးအစုံပါတဲ့ လူအုပ်ကြီး ပိုက်လိုင်းထဲမှာ အပြေးသုတ်ကြရတာ။

အသက်လုပြီး အဲ့လိုတွေ ဖြစ်ပျက်နေချိန်မှာ ဖိုးရှောင်ရဲ့ အချစ် ဇာတ်လမ်း ကဖြစ်တာပဲ။ ပြေးကြတဲ့အထဲမှာ ပြည်ကြီးတရုတ်မ ချောချော လေးတစ်ယောက် ပါတယ်။ လမ်းမှာ ခြေပေါက်ပြီး လဲကျသွားတယ်။ ဘယ်သူမှ ပြန်မကူရဲဘူး။ နောက်က ရေလုံးကြီး အချိန်မရွေးလိုက်လာ ကော့မှာ။ သွားကူနေရင် ကိုယ်ပါသေလိမ့်မယ်ဆိုပြီး ပစ်ထားခဲ့ကြတယ်။ ကျနော်တို့ ဇာတ်လိုက် ဖိုးရှောင်က ပြန်လှည့်လာတယ်။ ခွေခွေလေး ငိုခဲ့ခဲ့ မျက်နှာနဲ့ လဲကျနေတဲ့ ပြည်ကြီးတရုတ်မ ပိန်ပိန်သွယ်သွယ်

ချောချောလေးကို ဆွဲပွေ့ထူ၊ ကုန်းပိုးပြီး ဆက်ပြေးတယ်။ ထင်သလောက် လည်း ခရီးမတွင်လှဘူး။ လူတစ်ယောက်လုံးကို သယ်ပြီး ပြေးနေရတာ တိုး။

မျက်လုံးစုံမှိတ်ပြီးသာ ဆက်ပြေးနေရတယ်၊ နောက်က ရေလုံး ကြီးတွေ တဝေါဝေါနဲ့ လိုက်လာနေပြီလားဆိုပြီး တထိတ်ထိတ်ပေါ့။ သူ့ ကျောပေါ်ကနေ တရုတ်မလေးက ငိုသံပါလေးနဲ့ တရုတ်လိုတွေ တတွတ် တွတ် ပြောသေးတာ တဲ့။

"ဘာတဲ့လဲ၊ ညီမလေးကို ထားပစ်ခဲ့ပါတော့ အကိုရယ် တဲ့

လား

"ဟင့်အင်း၊ သိပ်သတ္တိကောင်းတဲ့ အကိုရေ ... ဒီပိုက်လိုင်းထဲ ကျမတို့ မသေခဲ့ရင် အကို့ကို ကျမ လက်ထပ်ပြီး တစ်သက်လုံး ဇနီးမယား အဖြစ်နဲ့ ပြုစုလုပ်ကျွေးဖို့ ကတိပေးပါတယ်...ရှင်... တဲ့။

"ဟမ် ... မင်းက အဲ့တုန်းက တရုတ်လို တတ်သေးလို့လား ဖိုးရှောင်ရာ ငါ့လာမရှီးစမ်းပါနဲ့ လခွမ်း...

"ဟီး...ငါ့ဖာသာ စိတ်ကူးယဉ်ပြီး ဖြည့်စွက်ပြောကြည့်တာ"

"ဟား ဟား . မအေဘေးလေး ကရင်ပြည်နယ်သားလို့

မပြောရဘူး၊ အသက်နဲ့ကိုရင်းပြီး ဖွန်ကြောင်တယ်"

ဖိုးရှောင်ရဲ့ ဇာတ်လမ်းဟာ ဘယ်နှစ်ခါ နားထောင် နားထောင် မရိုးသွားတဲ့ ဇာတ်လမ်းပေါ့။

ကျနော်တို့ မာနယ်ပလောစခန်း ကျသွားတဲ့နောက်မှာ ကို လှဝင်းဆီမှာပဲ လခပေးပြီးနေရင်း ကြုံရာ ဘောက်အလုပ်ကြမ်းတွေ လျှောက်လုပ်နေခဲ့တယ်။ ကန်ထရိုက်တာ မောင်နီဆီမှာ တစ်ခါတလေ အလုပ်မရှိတဲ့အခါ အခြားအဆက်အသွယ်တွေဆီက ရလာတတ်တဲ့အလုပ်မှန်သမျှ အကုန်လျှောက်လုပ်ရတာပါပဲ။ အမြဲတမ်းအလုပ်ရယ်ကို မရတတ်သေးတော့ အဲ့လိုကြုံရာကျပန်းပေါ့။

အဲ့လိုလုပ်ရင်း ဖိုးရှောင်နဲ့တွေ့တာပဲ။ ဆီရန်ဂွန်းက အအေးဘူး တွေဖြန့်တဲ့ ဒိုင်မှာပေါ့။ တစ်နာရီ ငါးဒေါ်လာနဲ့ လော်ရီကားတွေပေါ်ကို အအေးသံဘူးကက်တွေ တင်ပေးရတာ။ မနက် ၁၁ ကနေ ည ၁၀ နာရီ အထိပဲ။ မရပ်မနားနီးပါး သေလောက်အောင် လုပ်ရတယ်။ ပထမဆုံး နေ့မှာ ဖိုးရှောင်က ကျနော့်ကို တရုတ်လို့ ထင်၊ ကျနော်က သူ့ကို တရုတ် ထင်တွေနဲ့ အလုပ်သာ အတူလုပ်နေကြတယ်၊ စကားမပြောဘူး။ ခြေဟန် လက်ဟန်တွေနဲ့ရယ်။ တစ်ယောက်က အောက်ကနေ အအေးကတ်တွေ ပစ်တင်နောက်တစ်ယောက်က ကားပေါ်ကနေ ဖမ်းတဲ့ပြီး စီ၊ အဲ့လိုတွေ လုပ်နေကြရင်း မိုးချုပ်တော့ နှစ်ယောက်လုံး လက်အံ့သေနေကြပြီ။ အပြန်အလှန် ပစ်ရင်း ဖမ်းရင်းနဲ့ ကျနော်ပစ်လိုက်တဲ့ အအေးကတ်က သူ့ ဒူးခေါင်းကို သွားအမှန်မှာ ဖိုးရှောင်ပါးစပ်က အသံထွက်လာတယ်။

"မညယ်... တဲ့။

လိုက်ခနဲ ဝမ်းသာသွားတဲ့ စိတ်က ထိန်းမရဘူး။ ဒါ ကျနော်တို့ နယ်သားတွေ ဆဲလေ့ရှိတဲ့ တိုင်းရင်းသားဘာသာစကားပဲ။ မညယ် ဂျင်ဒီး ရှားနာ့သီး .. လို့ လှမ်းပြောလိုက်တော့ ဒေါဖောင်းနေတဲ့ မျက်ခွက်ပိုင်ရှင် ဖိုးရှောင်က ဟား... လို့တစ်ချက်အော်ပြီး ကားပေါ်က ခုန်ဆင်းလာတယ်။ ငါတို့နယ်သားပါအေ ... နိုင့်မေလွှား မင့်ကို ငါက ပြည်ကြီးတရုတ် မှတ်နေတာ၊ စောစောက သိပါတော့လားကွာ တဲ့၊ ချွေးတွေ ပေလူးနေပေမယ့် မရှုံ့ရှာနိုင်ကြဘူး။ တစ်ယောက်နဲ့တစ်ယောက် တင်းကြပ်နေ အာဘောင် သိုင်းဖက်ထားမိကြတယ်။ သုံးမြို့တော်ထဲကလန်ချားသမား ဟာစရိပါး ပြောသလို ပြောရရင် ကာလကတ္တား တောကြီးမျက်မည်းထဲမှာ

ဘီဟာနယ်သားနှစ်ယောက်ဆုံတွေ့ကြတဲ့အခါ
ညီအစ်ကိုနှစ်ယောက်ဖြစ်သွားသလိုမျိုးပေါ့။

အလုပ်သိမ်းတော့ ထမင်းဆိုင်မှာ အတူတူ ညစာစား ဘီယာ တစ်ခွက်တစ်ဖလား မှာ စကားတွေက ပြောလို့ကို မကုန်နိုင်ကြတော့ဘူး။ အဲ့ဒီညက ဖိုးရှောင်နဲ့အတူ သူ့အိမ်ကို ကျနော် လိုက်သွားဖြစ် တယ်။ ရေမိုးချိုးပြီးတာနဲ့ ဝရန်တာထွက်ထိုင်ပြီး ဆကာလက်ကိုယ်စီဖွာ၊ သူ့ဘဝ ကိုယ့်ဘဝ ဘယ်လိုတွေ ဖြတ်သန်းနေရတယ် ဘာညာ အစရှိ သဖြင့် အာလူးတွေဖုတ်ကြတာ မိုးလင်းခါနီးတဲ့ အထိပဲ။

နောက်နေ့တွေမှာ အဲ့ဒီ အအေးဒိုင်မှာ အလုပ်ဆက်လုပ်ကြ တယ်။ ပင်ပန်းဆင်းရဲပေမယ့် နှစ်ယောက်သား ပျော်ပျော်ပဲ။ ဆိုင်ရှင် နားမလည်တဲ့ ခပ်ဝဲဝဲလေသံနဲ့ စကားပြောကြတယ်။ ကလော်ဆဲကြ တယ်။ ညမိုးချုပ်လို့ အလုပ်သိမ်းတဲ့အခါ သူ့အိမ် ကျနော်လိုက်အိပ်တဲ့ အခါ အိပ်လိုက်၊ ကျနော်အိမ်ကို သူလိုက်အိပ်တဲ့အခါ အိပ်လိုက်နဲ့ပေါ့။ တစ်ခါတလေ ညဖက် အလုပ်သိမ်းချိန်မှာ ပိုက်လိုင်းထဲဖြတ်ခဲ့စဉ်က သူ ကုန်းပိုးပြီး ကယ်ခဲ့တဲ့ တရုတ်မလေး ရောက်ရောက်လာတတ်တယ်။ ခုခါမှာ ဖိုးရှောင်ရဲ့ရည်းစားဖြစ်နေပြီကိုး။

အနီးအနားက ထမင်းဆိုင်တစ်ဆိုင်ဆိုင်မှာ သုံးယောက်သား ထမင်းအတူတူ ဝင်စားကြတဲ့အခါ ကျနော်သတိထားမိတာက ဖိုးရှောင် ဟာ အင်မတန် ကံကောင်းနေပြီ ဆိုတာပါပဲ။ ထမင်းဟင်းတွေ မှာပေး ဇွန်း၊ခရင်း၊လေးတွေ တစ်ရှူးလေးနဲ့ အသေချာသုတ်ပေးပြီးမှ ဖိုးရှောင် လက်ထဲ ထည့်ပေးတာမျိုး၊ ဘီယာလေး ပို့ပေးလိုက်၊ ဆစ်ကလက်လေးမီးညှိပေးလိုက်နဲ့ လူမမာကို ပြုစုယုယပြနေတာဗျား။ ပါးစပ်ကလည်း အကို အရမ်းပင်ပန်းနေလား သနားပါတယ် ဘာညာနဲ့ တရုတ်လိုတတွတ်တွတ် ရွတ်ရင်း ကြင်နာသနားတဲ့ မျက်လုံးလေးတွေနဲ့ အမြတ် တနိုး ငေးနေတာရယ်။ ဖိုးရှောင် ကျနော့်ကို ပြောပြတဲ့၊ သူတို့ ပိုက်လိုင်း ထဲမှာ ပြေးတုန်းက တရုတ်မလေးက ကျောပေါ်ကနေ အော်တယ် ဆိုတာ

“သိပ်သတ္တိကောင်းတဲ့ အကိုရေ ... ဒီပိုက်လိုင်းထဲ ကျမတို့ မသေခဲ့ရင် အကို့ကို ကျမ လက်ထပ်ပြီး တစ်သက်လုံး ဇနီးမယားအဖြစ်နဲ့ ပြုစု လုပ်ကျွေးဖို့ ကတိပေးပါတယ် ... ရှင် ... ”ဆိုတာ တကယ်ဟုတ် လောက်တယ်လို့ ကျနော် ယုံချင်လာတယ်။

ပြီးတော့ ကောင်မလေးက အတော်ချောတာဗျ။ ပိန်ပါးပါးလေး ပေမယ့် အိုမီဂါဆံပင်နဲ့ မျက်နှာလေးက ရှင်းရှင်းသန့်သန့်လေး။ မအေ ဘေး ဖိုးရှောင်နဲ့တောင် မတန်ဘူးရယ်။ ပိုပြီး ရယ်ရတာ ဖိုးရှောင်က တရုတ်လို အိုးနင်းခွက်နင်းလောက်ပဲ

ပြောတတ်ထား တရုတ်မလေးက အင်္ဂလိပ်လို မပြောတတ်တော့ စကားက ရေရေလည်လည် မပေါက်ဘူး။ ဒါပေမယ့် ချစ်ခြင်းမေတ္တာမှာ ဘာသာစကားက လိုမှ မလိုပဲဗျာ။

ကောင်မလေးကို ဘာအလုပ်လုပ်လဲ ပေးကြည့်တော့ သူလွယ် လာတဲ့ အိတ်ကြီး ထိုးပြတယ်။ အိတ်ကိုယူပြီး ဖွင့်ကြည့်လိုက်တော့ ဒင့်မေဝလ္လား ဘီလူးကား ဗီစီဒီချပ်တွေရယ်။ စက်ရုံအလုပ်ရုံတွေ များတဲ့ စက်မှုဇုန်တွေဖက် အဲ့ဒါတွေ လည်ရောင်းတာ တဲ့။ အတော်မြတ်တော့ ပိုက်ဆံတွေတောင် အတော်လေး စုဆောင်းမိနေပြီဆိုလား။ ကျနော့်ကို တောင် ရော့ - - - အကောဖို့ ဆိုပြီး ဂျပန်ကားလေးတွေ လက်ဆောင်ပေး သွားသေးတယ်။

သူတို့နှစ်ယောက်ဟာ လူမျိုးမတူ၊ ဘာသာစကားမတူဘူး။ ဒါပေမယ့် အသက်ဘေးလုရတဲ့ အခြေနေတစ်ခုမှာ ဆုံတွေ့ရာက တစ်ယောက်ကိုတစ်ယောက် အားကိုးခဲ့ပြီး ချစ်ကျွမ်းဝင်သွားခဲ့တဲ့ စုံတွဲလေး ပဲ။ ဒါဟာ ရိုမီယိုနဲ့ ဂျူးလိယက်လို မိုက်ရူးရဲ စိတ်ကူးယဉ်ဇာက်လမ်းထက် ပိုပြီး အဓိပ္ပာယ်ရှိတယ်လို့ ထင်တာပါပဲ။ အမယ် နှစ်ယောက်သား ပိုက်ဆံ တွေ အသေအကျေရှာပြီး စုကြဆောင်းကြတာရယ်။ ဖိုးရှောင်က တရုတ် ပြည်ဖက် တက်လို့ရတဲ့ ကုန်ကားဖိုး ရအောင် ရှာပြီးရင် ပြန်မှာတဲ့။ ဒီ တရုတ်မလေးကို ယူပြီး နယ်စပ်မှာ အတူနေကြမလို့ တဲ့ တရုတ်မလေး ကလည်း ရှောင်ကောကောကို တကယ်ချစ်ပြီး အားကိုးတာ။ လက်ထပ် ပြီးရင် ကလေးတွေ အများကြီး မွေးပေးမယ် ဘာညာနဲ့ ကျနော့်ရှေ့မှာ ဖြစ်ပျက်နေကြတာကို ကြည့်ပြီး ကြည်နူးခဲ့ရတာပေါ့။

အဲ့ဒီနောက်ပိုင်း ကျနော်လည်း အလုပ်တွေ ဟိုတစ်စု ဒီတစ်ခု ရလို့ ဖိုးရှောင်နဲ့ အမြဲတမ်း မတွေ့ဖြစ်ဘူး။

တစ်ရက်မှာ တရုတ်မလေး ဖုန်းဆက်တယ်။ ဖိုးရှောင် ပျောက် သွားပြီတဲ့။ လိုက်ရှာပေးပါ အကော တဲ့။ ဖုန်းအခါလို့လည်း မရတော့ဘူး။ အိမ်လည်း ပြန်မလာတော့ဘူး တဲ့။ ကျမ စိတ်ပူလို့ သေတော့မယ်တဲ့။ ကျနော် ခဏလောက် ငြိမ်နေမိတယ်။ ဖုန်းထဲက ငိုရှိုက်သံ သဲ့သဲ့လေးကို ကြားနေရတယ်။

ဖိုးရှောင် ဘာဖြစ်သွားခဲ့တာလဲ။ ဘာကြောင့် သူ့ကောင်မလေး ကို ဖုန်းတစ်ချက် မဆက်၊ သူအင်မတန် ခင်တဲ့ ကျနော့်ကို မက်ဆေ့ချ် တစ်စောင်လေးမှ မပို့သွားနိုင်ခဲ့တာလဲ။ သူ့လက်ထဲမှာ ဘာကတ်မှ မရှိ ဘူး။ ပါ့စပို့စာအုပ်ရယ်လို့ မရှိဘူး။ တစ်ခါတလေ အလုပ်က အပြန်နောက် ကျတဲ့ ညတွေမှာ ဘူတာတွက်ပေါက်တွေမှာ အရပ်ဝတ်နဲ့ ရဲတွေက မသင်္ကာတဲ့ နိုင်ငံခြားသားတွေကို ခဏရပ်စမ်း ဆိုပြီး မှတ်ပုံတင်တောင်း ကြည့်တတ်တာ အကြိမ်ကြိမ် မြင်ခဲ့ဖူးတယ်။ ညအချိန်မတော် လမ်းလျှောက်နေရင်း ဟာလို ... ဆိုပြီး အနားကပ်လာတတ်တဲ့ရဲတွေ၊ အဲ့ဒီလို ခိုက်ရရှာပြီ ထင်ပါရဲ့လေ။ အဖြစ်အပျက်တစ်ခုခုနဲ့ ရင်ဆိုင်လိုက်ရှာပြီ ထင်ပါလေရဲ့။

ပုရောက်ခူး ရှောင့်မေ...(မငိုပါနဲ့ညီမလေးရာ)လို့ နှစ်သိမ့်မိသေးတယ်။

ကျနော် ကိုယ်တိုင်က သူ့ကိုသာ အဲ့လိုပြန်ပြောနေတယ်၊ မျက်ရည်ဝဲနေပြီ။ အသက်ကလေးမှ ၂၀ ကျော်ခါစ ချာတိတ်လေး။ အသည်းကွဲရပြီ။ ဇာတိချက်ကြွေမှာ ဆင်းရဲမွဲတေမှုကြောင့် တောတောင်တွေ ကျော်ဖြတ်လို့ အသက်နဲ့ရင်းပြီး ဒီနေရာကို ရောက်လာခဲ့ကြရတဲ့သူတွေ။ ဘဝဆိုးကြီးထဲမှာ ကိုယ်စီ ကိုယ်ငှ ပင်ပန်းဆင်းရဲကြီးစွာ

ရုန်းကန်ကြရင်း နိုင်ငံမတူ လူမျိုးမတူ ဘာသာစကား မတူ မတူပေမယ့် အသက်ပေးပြီး ချစ်ကြတဲ့ စုံတွဲလေး။ သူတို့ စိတ်ကူးထဲက အနာဂတ်ပုံရိပ်တွေထဲမှာ ဖိုးရှောင်က ကုန်ကားကြီး မောင်းလို့၊ သူ့အိမ်ရှင်မ တရုတ်မ ပိန်ပိန်လေးက ကလေးလေးတွေ အများ ကြီး မွေးလို့၊ တရုတ်ဗမာနယ်စပ်မှာ အခြေချလို့။ ပျော်ရွှင်ဖွယ်ရာ မိသားစုလေး ။

ကျနော့်သူငယ်ချင်း ဖိုးရှောင်ဟာ ပျောက်ဆုံးသွားခဲ့ပြီ။ သူတို့ နှစ်ယောက်ရဲ့ အိပ်မက်ကလေးလည်း ထို့အတူ ပျောက်ဆုံးသွားရပြီလားကျနော် မပြောဝံ့တော့ပါဘူး။ ဖုန်းပေါ်မှာ ငိုယိုနေရှာတဲ့ တရုတ်မလေးကို ကျနော် စကားတွေ အများကြီးပြောပြီး နှစ်သိမ့်ချင်တယ်။ ဒါပေမယ့် ကျနော့် တရုတ်ဘာသာစကား စွမ်းရည်က အကန့်အသတ်ရှိနေတယ်။ သူကလည်း အင်္ဂလိပ်လို နားမလည်ရှာဘူး။ အတင်းကြိုးစားပြီး သူ့ကို အားပေးတယ်။

ဖိုးရှောင်မင်းကို ဘယ်လောက်ချစ်လဲညီမလေးသိတယ်မလား၊တစ်နေ့မှာ မင်းတို့ ပြန်ဆုံကြလိမ့်မယ်လို့ အတော ယုံတယ်၊ အားတင်း ထားပါ... ကိုယ့်ကိုယ်ကိုယ်ဂရုစိုက်ပါကွာ.. မင်းတို့နှစ်ယောက်အတွက် ငါဆုတောင်းပေးနေမယ်...

ဒီလောက်ပဲ ဆက်ပြောပြီး ဖုန်းချလိုက်တယ်။ ဒီထက်ပိုပြီး ကျနော် ဆက်မပြောတတ်တော့ဘူးလေ။ ဖုန်းချပြီးတာတောင် သူ့ ငိုရှိုက် သံသဲ့သဲ့လေးက ကျနော့်နားထဲမှာ ပဲ့တင်ထပ်နေတုန်းပဲ။

အဲ့ဒီညက အိမ်အပြန် ဘတ်စ်ကားပေါ်မှာ နားကြပ်ကက်ဆက် လေးနဲ့ အငဲရဲ့ ဟိုတစ်ချိန်က ကမ်းခြေဆီ ကို နားထောင်တယ်။ ဒီသီချင်း က ဖိုးရှောင်နဲ့ ကျနော် အအေးကတ်တွေ သယ်တဲ့ အလုပ်က ပြန်တိုင်း ဘတ်စ်ကားပေါ်မှာ အတူတူ နားထောင်နေကျ သီချင်း၊ ဟိုတချိန်က ကမ်းခြေဆီ ငါပျံသန်း အရောက်လာမယ် အမှောင်တွေကို ဖယ်ရှားပြီး

အလင်းသစ်ပွင့်ရာ နေ့ဆီ

နှစ်ယောက်သားတို့ရဲ့အိပ်မက်

ဘတ်စ်ကား ပြူတင်းပေါက်ကနေ အပြင်ဖက်က မြင်ကွင်းတွေ ကို ငေးရင်း ကျနော့်ပါးပြင်ပေါ်မှာ မျက်ရည်စတွေ။

အို ဗမာပဲဟာ အကုန်တတ်တယ်ကွာ လို့ ဆေးသုတ်၊ မီးပြင် ရေပိုက်ပြင် ကူလီထမ်း ဘာလာလာ အကုန်လုပ်တယ်လို့ ပြန်ပြောတော့ ...

မစ္စတာ ပန်းနီးနှင့် သူ၏ အလုပ်သမားခေါင်းဆောင်

ဝုဒ်လန်း ချက်ပ်ပွိုင့်နားက ဈေးလေးတစ်ခု ရှိပါရောလား။ ။ ဈေးပေါ်ပေါ် အစောက်ကြေးအဝတ်အစားလေးတွေ ရောင်းတဲ့ ဆိုင်လေးတွေ ရယ်။ ထမင်းဟင်းတွေ ရောင်းတဲ့ ဈေးတန်းတစ်ခုရယ် ရှိခဲ့ဖူးတယ်။ ရရှိသေးရဲ့လား မပြောတတ်ဘူး။ မစ္စတာမန်းနီး ဆိုတဲ့ ကုလားကို အဲ့နေရာမှာ ပထမဆုံး ဆုံဖူးတာပါပဲ။ စက်ာပူ မာနယ်ပလော စခန်း ဝင်အစီး ခံရစဉ်က မင်းမင်း ဆိုတဲ့ ဗမာကုလားတစ်ယောက်ဟာက်ဟာ ရဲတွေ၊ စစ်တပ် တွေ မအုပ်မိပဲ လွတ်နေတဲ့ တောအုပ်အစပ်နား တစ်နေရာကနေ သူ့ အလုပ်က မြေသယ်တဲ့ ကားကြီးနဲ့ စောင့်ကြို့နေရင်း ဝရှန်းသုံးကား ထွက် ပြေးလာတဲ့ ဗမာတိုင်းရင်းသား အချို့ကို ကားပေါ်တင်ပြီး မောင်းပြေးခဲ့ဖူး တယ်။ အဲ့ဒီခေတ် အဲ့ဒီအခါက ဗမာပြေသားတွေဟာ တရုတ်၊ ဗမာ၊ တိုင်းရင်းသားရယ်လို့ မရှိပါဘူးလေ။ ဒုက္ခတွေ့နေတဲ့ ငါတို့ နိုင်ငံ သားညီ အစ်ကို တွေပဲဆိုတဲ့စိတ်ဓါတ်မျိုးတွေ ကုလားမင်းမင်းက ဆရာသာစု ပြောတဲ့ ဒို့ဗမာကုလား ဆိုပါတော့။ ဘဒုတ်ဖက်က ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုမှာ ယိုးဒယားတွေနဲ့ ဗမာတွေ ရိုက်ကြတော့ ကုလားမင်းမင်းက လူကဲသာ ဖက်တီးကြီး၊ ဗမာအုပ်စုရဲ့ ရှေ့ဆုံးကနေ သံပိုက်လုံးဖြတ်စကြီးကိုင်မြောက်တဲ့ပြီး…

“ဟော့ နိမ်းမေစပ့်ါ ယိုးဒယားတွေ အကုန်သေကုန်မယ်၊ ဗမာကွ အလောင်းဘုရားမျိုးကွ … မအတေစ်ရာတွေ တက်ခဲ့စမ်း..” တဲ့။လူက နက်မှောင်တဲ့ အသားအရည်နဲ့ လူထွားကြီး။ ပါးစပ်က ကွမ်းတွေ တစ်ချိန်လုံးဝါးထားလို့ နီမြန်းနေသေး၊ မျက်လုံးကြီးပြူး၊ သံပိုက် လုံးကြီး တရမ်းရမ်းနဲ့ သူ့ကိုယ်သူ အလောင်းဘုရားမျိုး၊ ဆိုတဲ့ပြီး ကတိ မာန်တွေ ကြွနေတာရယ်။ အဲ့ဒီအဖြစ်အပျက်မှာ ပါတဲ့ ဗမာတွေ အချင်း ချင်း အရက်ဝိုင်းဖွဲ့ကြရင်းမူးများလာပြီလားဆို… ကိုင်း အလောင်းဘုရား နဲ့ မျိုးဆက် ဒို့ဗမာကုလား မင်းမင်းရဲ့ ယိုးဒယားတွေရဲ့ပိုင်နက် ဘဒုတ် ကို သံပိုက်လုံးနဲ့ တက်သိမ်းပုံလေး သရုပ်ဆောင်ပြမယ်နော် ဆိုပြီး မျက်ခွက်ပြောင်ကြရင်း ပွဲကျလေ့ရှိတာပေ့ါ။

ကိုမင်းမင်းက ရွှေဘိုဆက်ဆို ဘာညာတွေ နှပ်ကြောင်းပေး လိုက်ရင် သိပ်ပျော်တာရယ်။ ရွှေဘိုတော့ မဟုတ်ဘူး။ ဇီးကုန်းဖက်ပေ့ါ ကွာ၊ အရမ်းမဝေးပါဘူး ဘာညာနဲ့ စွတ်အမျိုးစပ်ပြီး ဗမာဆန်ပြပါလိမ့် မယ်။ ထင်တယ်၊ အဲ့ဒါကြောင့် ဒီလူကြီး ရုပ်ကသာ တစ်မျိုးဖြစ်နေတာ ဗမာအစစ်ကြီးပါဗျာ လို့ ကြပ်ပေးလိုက်ရင် လွှတ်သဘောတွေကျရော။ အဲ့ဒီမှာ၊ငါ့လူ အလုပ်အကိုင်လေး လုပ်ပါဦးဆိုပြီး တောင်းပေတော့။ အဆက်အသွယ် အင်မတန်များတဲ့ လူတွေဆိုတော့ ကြည့်ကျက်ပြီး ဖန်တီးပေးလိမ့်မယ်။ ကုလားမင်းမင်း ပေးတဲ့ ဖုန်းနံပါတ်နဲ့ ဆက်ကြည့် ရာက စက်ာပူကုလား မစ္စတာမန်းနီးနဲ့ တွေ့တာပါပဲ။

ဝုဒ်လန်းချက်ပ်ပွိုင့်နားက ဈေးလေးမှာ တွေ့ကြပြီး ။ ပစ္စမန်းနီးက မေးတယ်။ မင်း ခရင်းခွကား(**forklift**) မောင်းတတ်လား တဲ့၊ ကျနော် လည်းအလုပ်

လိုချင်နေတော့ကာမောင်းတတ်တယ် လိုင်စင် ဘာညာ တော့မရှိဘူးလို့ ရှီးလိုက်တယ်။ ဒါဆို လိုက်ခဲ့ကွာ ဆိုပြီး သူ့လော်ရီကား ကြီးနဲ့ တင်ခေါ်သွားတာပဲ။ ဘွန်းလေးဖက်က စက်ရုံအဟောင်းတစ်ခုကို ရောက်သွားတယ်။ စက်ရုံကို ဖျက်နေတာရယ်။ ဘင်္ဂလားကုလားတွေအများကြီးနဲ့။ သူ့အလုပ်သမားတွေ ဆိုပါတော့။ အဲ့ဒီမှာ စက်ရုံထဲမှာဟိုဒီ ပုံ့ကျဲနေတဲ့ သံထည်ပစ္စည်းဟောင်း အလေးကြီးတွေကို လူအားနဲ့ ရွှေ့လို့ ဘယ်လိုမှ မနိုင်ဘူး။ ခရင်းခွကားနဲ့ မမှ ရမယ့်အနေအထား၊ ကားနဲ့ ထိုးထိုးကလော် "ပ"ပြီး ခြံထောင့်မှာ ပုံထားပါလို့ မှာပြီး မစ္စတာမန်းနီး ကျနော့်ကို ထားသွားခဲ့တယ်။

ကျနော်လည်း forklift ကားလေးပေါ်အသာတက်ပီးစက်နိုး ကြည့်တယ်။ ဝူးခနဲ နိုးသွားတယ်။ ဘရိတ်၊ လီဗာ ဘာညာကတော့ ရှင်းတယ်။ ခရင်းခွ အတင်အချ လျှောစောင်းလုပ်တာ အစရှိသဖြင့် ဂီယာတံ တွေကို လျှောက်ကစားပြီး ကိုင်း ... လာထားဆိုပြီး တက်မောင်းကော့ တာပဲ။ ပထမတော့ ဟိုယိုင်ဒီထိုးပေါ့။ ဘင်္ဂလားကုလားတွေက ကျနော့် ကို ကွက်ကြည့် ကွက်ကြည့်လုပ်နေတာရယ်။ ဒီကောင့် ကြည့်ရတာ မူမမှန်ဘူးပေါ့။ ကျနော်လည်း ဟန်ကိုယ့်ဖို့ လုပ်နေလိုက်တယ်။ သုံးလေး ခုလောက်ကို ခြံထောင့်မှာ အခေါင်မြင်စွာ ပုံလို့ ပြီးသွားတာနဲ့ ကုလားတွေ နဲ့ ဝင်ရော၊ ဘီဒီဖွာနေတဲ့ ကုလားတွေကို ဆစ်ကလက်တိုက်ပြီး၊ မိတ်ဖွဲ့ ရင်း သစ်သားပလက်ခုံ ခံပေးထား၊ ငါက ခရင်းနဲ့ ဒီပစ္စည်းကို ထိုးတင် မယ်၊ တစ်ချက်ထိန်းထားပေး ဘာညာနဲ့ အကူညီတောင်းသလိုနဲ့ ခိုင်း တော့တာပဲ။

ညနေစောင်းတော့ မစ္စတာမန်းနီး ပြန်ရောက်လာတယ်။ သူ ခိုင်းထားတာတွေ အကုန်ပြီးတာမြင်တော့ ကျေနပ်သွားဟန်ပြတယ်။ ကားပေါ်တက်၊ မင်းပြန်ချင်တဲ့ ဘူတာမှာ ဆင်းတဲ့။ ဘင်္ဂလားကုလားတွေ က သူ့လော်ရီ နောက်ခန်းမှာ အကုန်စုပြုံတက်၊ ကျနော်က ခေါင်းခန်းမှာ သူနဲ့ အတူတူထိုင်ပြီး ဆစ်ကလက်ဖွာရင်း အာလူးဖုတ်ပေါ့။ ပိုက်ဆံ လည်းတစ်ခါတည်းရှင်းပေးတယ်။ forklift မောင်းတာအပြင် ဘာတတ်သေးလဲ တဲ့။ အို... ဗမာပဲဟာ အကုန်တတ်တယ်ကွာ လို့။ ဆေးသုတ် မီးပြင်၊ ရေပိုက်ပြင်၊ ကူလီထမ်း ဘာလာလာ အကုန်လုပ်တယ်လို့ ပြန်ဖြေ တော့ ကြိုက်ပြီ မင်းပုံစံကလဲ လည်လည်ဝယ်ဝယ်ရှိတယ် ငါ့ဆီမှာနည်းနည်းတော့ ပင်ပန်းပေမယ့် အလုပ်အများကြီးရှိတယ်။ နောက်နေ့ လည်း လာကွာ ဆိုပြီး ဖိတ်ခေါ်တယ်။ နောက်နောင် ခင်လာတော့ မစ္စတာမန်းနီး လို့ မခေါ်တော့ပါဘူး။ မန်းနီး လို့ပဲ ရင်းရင်းနှီးနှီးခေါ်တယ်။ သူ့ငွေနဲ့ အလုပ်သမား ဆက်ဆံရေးလည်း မဟုတ်တော့ဘူး။ နောက် လား ပြောင်းလား ဆဲလား ဆိုလားနဲ့ ဘော်ဒါတွေလို ဖြစ်လာခဲ့တယ်။ တစ်ခုပဲ၊ ပထမဆုံး အလုပ်ဆင်းတဲ့နေ့က forklift တက်မောင်းတဲ့ အကြောင်းပြောပြတော့ ဆဲလိုက်တာ မိုးမွှန်နေတာပဲ။ မအေဘေးလက်ရဲ ဖက်ရဲကောင်း မတော်တဆ တစ်ယောက်ယောက်ကို ထိမိလို့ကတော့ ငါ့မှာ ရှင်းလိုက်ရမယ့် အမျိုးတဲ့။ ကျနော်က စပ်ပြုံပြုံနဲ့။ မတတ်နိုင်ဘူးလေ အလုပ်လိုချင်တာကိုး... လို့ ဆင်ခြေပြန်ပေးခဲ့ရတယ်။

မန်းနီးရဲ့တပည့် ဘင်္ဂလားအုပ်စုဟာ အလုပ်လုပ်တဲ့နေရာမှာ နေးကွေးလေးလံလွန်းတယ်။ ထုံပေပေ နိုင်လွန်းတယ်။ ဒါဟာ လူမျိုးရေး ခွဲခြားတဲ့စကားမျိုး မဟုတ်ဘူး။ သူတို့ အမူအကျင့်တွေကကို တစ်မျိုးပဲ။ ကျနော်တို့ ဗမာတွေရဲ့ အလုပ်နဲ့ ပတ်သက်တဲ့ အမူအကျင့်က ဝုန်းဒိုင်း ကြဲပြီး လုပ်ပစ်မယ်။ ပြန်ပြန်ပြီး မြန်မြန်ပြန် ပက်ဆံရှင်းပေး။ ဒါပဲ။ သူတို့နှင့်တွဲခဲ့ပြီး အလုပ်လုပ်ရတဲ့အခါ ကျနော့်မှာ ချော့တစ်ခါ ခြောက်တစ်လှည့် နဲ့လုပ်ကြပါဟ ဟိုကောင် ဒါလေးဖြုတ်ရအခေါင် ထိုင်မနေပါနဲ့၊ သိမ်းမယ် မြန်မြန်လုပ်၊ ပြီးရင်

လက်ဖက်ရည်သောက်ကြရအောင်ကွား ငါတိုက်ပ့ါမယ်... အဲ့လိုတွေ အမြဲအော်ဟစ်နေရတယ်။

အဲ့လိုနဲ့ အချိန်ကြာလာတာနဲ့ အမျှ ကျနော်က မန်းနီးအန်ဘင်ဂ်ါလီး၊ ကန်ပနီက အလုပ်သမားခေါင်း ဖြစ်လာရော။ အလုပ်ဆိုက် အသစ်တစ်ခု ရောက်သွားတာနဲ့ မန်းနီးက ကျနော်ကို ခေါ်၊ ဟော့ရောင် ဒါကို ဒီလိုဖျက်မယ်၊ ဟိုနေရာကိုဟိုလိုရှင်း၊ ဟိုလိုသွားပုံထား၊ ဒါ အကုန်လုံး ပြီးဖို့ မင့်ကုလားတွေနဲ့ ဆွဲရင် ဘယ်နှစ်ရက်ကြာမယ် ထင် သလဲ၊ ကြည့်လုပ်လိုက်ကွာ ဆိုပြီး မျက်နှာလွှဲထားစ ပြုလာပြီ။ နေ့တွက် လည်း ပိုပေးတဲ့ အပြင် တခါတလေ အပိုဘောက်ဆူးလေး ဘာလေးပါ ချပါတယ်။

တစ်ရက်သား ဂျူရောင်းဖက်က စက်ရုံတစ်ရုံရဲ့ ကုန်လှောင်ရုံ ကို သွားရှင်းရတယ်။

အဲ့ဒီမှာ မေရီလင်းကို ကျနော် စတွေ့ဖူးခဲ့တာပါပဲ။

ကျနော့်သရဲမလေး ဘလတ်ဒီး မေရီ

သူနဲ့ ပထမဆုံး စတွေ့စဉ်က အခြေနေကြီးက ရောမန့်တိက သိပ်မဆန်လှဘူးရယ်။ ရပစ် ရိုက်ထားတဲ့ ပစ္စည်းတင်တဲ့ စင်ကြီးတွေကို တတိန်တိန် တတောင်တောင်နဲ့ တစစီဖြစ်အောင် ရိုက်ဖြုတ်၊ ချုပ်တန်း လုပ်ထားတဲ့ သံချောင်းတွေ၊ သံဖရိန်ကြီးတွေကို ထမ်းဟယ် ပိုးဟယ်နဲ့ ဖြစ်ပျက်နေတဲ့ အချိန်ကြီး။ ဒီကြားထဲ၊ ထုံးစံအတိုင်း နေးကွေးလေးလံတဲ့ ကိုယ့်ဘဂ်လား ရဲဘော်တွေကို ဟဲ့ကောင်”မ”လေ၊ ဟိုကောင် အဲ့ဒါ ထိန်း ထားစမ်း … အစရှိသဖြင့် အော်ဟစ်နေရတာရယ်။ ကျနော့်မှာ လူက လည်းချွေးစက်လက်မျက်ခွက်နဲ့၊ ခေါင်းမှာ စွပ်ကျယ်အဖြူလေး စည်းလို့။ စတိုင်ထုတ်တာ မဟုတ်ဘူး၊ ဆံပင်က ပခုံးလောက်ဆိုတော့ ဖုန်တွေ ဖုတ်တွေ ပေမှာစိုးလို့။

အဲ့ဒီမှာ ကုန်လှောင်ရုံ မန်နေဂျာနဲ့ စာရေးမ ရောက်လာတယ်။ မန်နေဂျာ တရုတ်နာမည်က ရိုလန် တဲ့၊ သူ့ဘေးမှာ ရုပ်အဖြူလက်ရှည်၊ ဘောင်းဘီရှည်အနက်နဲ့ ရှူးဖိနပ်လေး စီးထားတဲ့ ကလေးရုပ်ပေါက်နေ တဲ့ တရုတ်မလေးတစ်ယောက် ဖိုင်တွဲလေးတွေ ပိုက်ပြီး ရပ်နေတာရယ်။ နှစ်ယောက်လုံးက ပြုံးတုံ့တုံ့နဲ့ သဘောကောင်းပုံရတယ်။ ရိုလန်က ပြော တယ်။ မန်းနီးရဲ့ တပည့်ကျော်ဆိုတာ မင်းလားတဲ့။ တရုတ်ရုပ် ပေါက်နေ တဲ့ ဗမာကောင်လေးလို့ ငါ့ကို ဖုန်းပေါ်မှာပြောတယ်။ ဘင်္ဂလားတွေကြား ထဲ မင်းတစ်ယောက်တည်း ဆူညံအော်ဟစ်နေတာ ကြည့်ပြီး ငါတို့နှစ်ယောက် ရယ်နေတာကွ … လို့ ပြောရင်း သူ့လက်ထဲက အအေးဘူးကို ကမ်းပေးလာတယ်။ ကျနော်လည်း စပ်ဖြဲဖြဲနဲ့အအေးတွေကို လှမ်းယူရင်း ငါ့ရဲဘော်တွေက အဲ့လို ဆူညံအော်ဟစ်မနေရင် နေးလွန်းကို အလုပ်မပြီးဘူး၊ အဲ့ဒါကြောင့်လို့ပြန်ဖြေတယ်။

ဒါက မေရီ… တဲ့၊ မင်းတို့ အုပ်စုကို ဘယ်ပစ္စည်းတွေ ဘယ်ကို ဖျက်ပြီး ဘာလုပ်ရမယ်ဆိုတာ သူညွှန်ပေးလိမ့်မယ်၊ အိုကေနော် လို့ မိတ်ဆက်ပေးတယ်။ ထုံးစံအတိုင်း မျက်ခွက်ပြောင်တတ်တဲ့ ကျနော်က အမလေးလို့ အော်ပြီး နောက်ကို ခြေတစ်လှမ်း ဆုတ်ပြလိုက်တယ်။ ဟင် ဘာဖြစ်တာလဲ ဆိုတော့မှ၊ **Bloody Mary** (သရဲမ) ကြီးဆို…ကြောက် တာဗျာ လို့ နောက်တောက်တောက်ပြောတော့ မေရီက နင် သေချင်လို့ လား ဆိုပြီး လက်သီးဆုပ်လေး ထောင်ပြတယ်။ ခုမှပဲ တွေ့သေးတယ် အဲ့ဒီလို ပရောပရီ၊ အရောတဝင်တွေ ထဖြစ်နေတဲ့ ကျနော်နဲ့ မေရီကို ကြည့်ပြီး ရိုလန်က တဟားဟားနဲ့ သဘောတွေကျနေရော၊

အဲ့ဒီအထိ ကျနော့်စိတ်ထဲ ဘာမှ သရိုးသရီ မဖြစ်ပါဘူး။ တရုတ် မချောချောလေးဆိုပြီး ဖွန်ကြောင်ချင်တဲ့ စိတ်မရှိတာကို ပြောတာပါ။ နောက်ရက်တွေမှာလည်း ကျနော်တို့ အလုပ်လုပ်နေတဲ့ နား မေရီ ရောက်ရောက်လာပြီး ဟိုဟာလုပ် ဒီဟာလုပ်နဲ့ ညွှန်ကြား ချက် ထုတ်နေတာပါပဲ။ ကျနော် သောက်ရမ်း အကြမ်းပတမ်းကြီးတွေ ဆယ်ပိုးနေရတဲ့ အခါမှာ မေရီက

ခဏနားလိုက်ပါဦး၊ လာ . ငါနဲ့ အပြင် ထွက်ပြီး ဆစ်ကလက်သွားသောက်ကြမယ်လို့ ခေါ်ထုတ်၊ ကုန်လှောင်ရုံ အပြင်ဖက်က အအေးစက်မှာ အအေးနေစ်ဘူးဝယ်ပြီး တူတူမော့ ဆစ်ကလက် တူတူမတ်တပ်ရပ် ဖွာကြရင်း နောက်တီးနောက်တောက် တွေပြော၊ ခဏနေတော့အထဲပြန်ဝင်ပြီး အလုပ်ဆက်လုပ်ကြ၊ ရက်နည်းနည်းကြာတော့ အလုပ်တွေအကုန် ပြီးသလောက် ဖြစ်သွားတယ်။ ဟိုကျန်ဒီကျန်လေးတွေ လက်စသတ်နေကြတုန်း အဘိုး ကြီး ရှိုလန်နဲ့ မေရီ ကျနော့်အနား ရောက်လာတယ်။ ဟေ့ကောင် မင်းကို ငါ့တပည့်မက ကြိုက်နေတာကွ တဲ့၊ ရှိုလန်က အဲ့လို စတယ်။ ဗမာတရုတ် ကလေးက အရမ်းသန်မာတာ တဲ့။ သံဖရိန်ကြီးတွေ ပခုံးပေါ် ပစ်တင်တဲ့ ပြီး ဆတ်ခနဲ ထမ်းထမ်းပစ်တာ အရမ်းကြည့်လို့ကောင်းတာပဲ လို့ ခဏခဏပြောပြောနေတာ။ နောက်ပီးတော့ ငါသတိထားမိတာကွာ၊ မင်းတို့ အလုပ် လာလုပ်ကတည်းက မေရီကို ငါကြည့်နေတာ ရုံးခန်းထဲမှာကို မနေတော့ဘူး။ ဒီကုန်လှောင်ရုံထဲမှာချည့်ပဲ။ မင့်အနားပဲ ပူးကပ်နေတာ။ ကောင်မလေး သနားပါတယ်ကွာ။ ဒိတ်ချင်နေပြီလား မသိဘူး။ မင်း စဉ်းစားပေးလိုက်စမ်းပါ။ အဲ့လိုတွေ အဆက်မပြတ် စနောက်နေရော။ ရှိုလန် ... လို့ မေရီက ကုန်းအော်တယ်။ မျက်နှာက နီရဲတွတ် နေတာပဲ။ သူ အတော်ရှက်သွားတယ်နေမယ်။

ကျနော်ကတော့ မရှက်ဘူးရယ်။ စောင်းငန်းငန်းနဲ့ ကျနော့်ကို ရှက်ဝဲပဲ ကြည့်နေတဲ့ မေရီကို မျက်စိတစ်ဖက်မိုတ်ပြ၊ အို ... ရှက်နေသေး တယ်။ ရှိုလန်ပြောတာ ဟုတ်သလား၊ မရှက်နဲ့နော် ... ငါဖုန်းနံပါတ် ယူ မလား လို့ မေရီကို ပြောင်စပ်စပ်မျက်နှာနဲ့ ညုတုတုပြောလိုက်သေးတာ။ အဲ့ဒီမှာ သူက ပန်းသွေးရောင်တောက်နေတဲ့ မျက်နှာလေးနဲ့ ကျနော့်ကို ခိုးကြည့်ရင်း ပြန်အုပ်တော့တာပဲ။ နင် တကယ်ပေးရဲလို့လား ... တဲ့။ ရှိုလန်ကတော့ ကျနော်တို့ ဖြစ်ပျက်နေတာကို ကြည့်ရင်း တဟားဟားနဲ့ ပွဲကျနေတာပါပဲ။

နောက်တော့လည်း အဲ့ဒီအဖြစ်အပျက်ကို ကျနော် သတိမရတော့ပါဘူး။ အပြောင်အပျက် လုပ်ကြတာလို့ ထင်နေခဲ့တာကိုး၊ အလုပ်ပြီးသွားတယ်။ ဒီနေ့နောက်ဆုံးပဲလို့ ပြောတော့ မေရီ ဆိုတဲ့ တရုတ်မ လေးမျက်နှာသိပ်မကောင်းဘူး။ ပြန်ခါနီးရင် ငါ့ကိုပြောသွားဦး ဆိုပြီး သူ့ရုံးခန်းထဲ ကိုဝင်အသွားမှာ မန်းနီးတစ်ယောက် သူ့လော်ရီကားကြီး နဲ့ရောက်လာတယ်။

ခရီးရောက်မဆိုက် ဟေ့ကောင်ရ ... ဂျူရောင်း အိုင်လန်မှာ အလုပ် ဝွင်အကြီးကြီးတစ်ခု ရနိုင်တယ်။ မင်းနဲ့ ငါ အခြေနေသွားကြည့်ရ အောင်ဆိုပြီး ခေါ်တာနဲ့ ကောက်လိုက်သွားမိရော၊ မေရီကို နှုတ်မဆက် ခဲ့ရဘူး။ နောက်နေ့တွေလည်း အလုပ်များနေတော့ အဲ့ဒီ ချစ်စဖွယ် အရှက်သည်းတတ်တဲ့ တရုတ်မလေးအကြောင်း မစဉ်းစားမိတော့ဘူး။

ဒီကြားထဲ ကျနော် ကံကောင်းတယ်။ နိုင်မင်း ဆိုတဲ့ လူ တစ်ယောက်ဆီက အချိတ်အဆက်နဲ့ အလုပ်တစ်ခုရတယ်။ ဝုဒ်လန်း ကော့စးပို့င့် ကနေ၆၆ နံပါတ် ဘတ်စ်ကားစီးပြီး ၇ ခုမြောက် မှတ်တိုင် မှာ ဆင်းရင် ပုဒ်လန်းစက်မှုဇုန်ထဲက ဆီနီကိုလု(ပ) နား ရောက်သွားမယ်၊ အဲ့နားရောက်ရင် ဒီဖုန်းကို ခေါ်ပါလို့ ဖုန်းနံပါတ်တစ်ခု ပေးတယ်။ ကျနော် သူလမ်းညွှန်တဲ့ အတိုင်းရောက်သွားတယ်။ ဖုန်းခေါ်တော့ ကိုဖိုးကျော် ဆိုတဲ့ လူတစ်ယောက် လာကြိုတယ်။ ပီနန်းဇာတိ မလေးရှားတရုတ် တစ်ယောက် ထောင်ထားတဲ့ စက်ရုံတစ်ခုကိုခေါ်သွားတယ်။ ကိုဖိုးကျော် က တစ်ချိန်က ဝလုံးဘဝနဲ့ ဒီအလုပ်မှာ ဝင်လုပ်ရင်း သူဌေးက အားကိုး

လွန်းတော့ မှောင်ခိုပုံ့ပါစပိုတစ်အုပ် ဝယ်ပြီး ဗမာပြေပြန်လှတ်၊ ပုံ့ပါစပိုအသစ် နာမည်အသစ်နဲ့ စင်္ကာပူကို တရားဝင် ပြန်ခေါ်ထားတာတဲ့။ လောလော ဆယ် သူဌေးရဲ့ ညာလက်ရုံးဖြစ်နေတယ် ဆိုပါတော့။ မီးခံမှန်တံခါးချပ် တွေ၊ စတီးဖရိန်တွေ၊ အလူမီနီယံဘောင်တွေ ထုတ်လုပ်တပ်ဆင်တဲ့နေရာပဲ။ ကျနော့်ကို နှစ်ရက် သုံးရက်လောက် ခိုင်းကြည့်ပြီးတာနဲ့ ကိုဖိုး ကျော်ရဲ့ သူဌေးက ဒီကောင့်ကို ပါးမန့်နန့်ခန့်ပြီး ခေါ်ထားလိုက်တော့ ပြောတာပဲ။ အလုပ်က ပင်ပန်းတယ်ဆိုပေမယ့် အရင်က ဘောက်အလုပ် တွေလောက် မပင်ပန်းဘူး။ ပိုက်ဆံက နင့်နေအောင်ရတယ်။ ဒီအလုပ် ရှင်ရဲ့ အမူအကျင့်က အလုပ်ကို သေလောက်အောင်ခိုင်းမယ်။ ပိုက်ဆံ လည်း ကောင်းကောင်းပေးမယ် ဆိုတဲ့ဟာမျိုး။ နေစရာကလည်း စက်ရုံ ထဲမှာပဲ ဆိုတော့ ကျနော်လည်း အဲ့ဒီကို အပြီးပြောင်းနေလိုက်တော့ တယ်။ လမ်းပေါ်မှာ ကြုံရာလုပ်နေရတဲ့ ဘဝကနေ ပထမဆုံး တည်ငြိမ်တဲ့ အခြေနေကို ရလိုက်တယ်ပေါ့။

တစ်ရက်သား တနင်္ဂနွေ အလုပ်ပိတ်ရက်တစ်ခုမှာ အကုန် အပြင်ထွက်ကြတယ်။ ကျနော်က စက်ရုံမှာပဲ စာထိုင်ဖတ်နေတာရယ်။ မဂ္ဂဇင်းတစ်ခုထဲက အောင်ခင်မြင့်ရဲ့ တိမ်လွှာမို့မို့လွင် ဘာညာ ဆိုတဲ့ ဆောင်းပါးဆိုတာ အတိအကျမှတ်မိနေသေးတယ်။ အဲ့ဒီမှာ ဘယ်ကမှန်း မသိတဲ့ ဖုန်းနံပါတ်တစ်ခုက ခေါ်လာတယ်။ ကိုင်လိုက်တော့၊ မိန်းမအသံနဲ့ မေရီလင်းပါ တဲ့။ ကျနော်က ရယ်ချင်လျက် ပက်ကျိအသံနဲ့ ငါ့ဖုန်းနံပါတ် ကို ဘယ်ကရတာတုံးဆိုတော့ ပန်းနီးဆီက တဲ့၊ ပုဒ်လန်း ကော့စဝေးပွိုင့် ကို အခုထွက်လာခဲ့ပါ။ ငါစောင့်နေတယ် တဲ့။ အဲ့လို သံပြတ်နဲ့ပြောပြီး ဖုန်းချသွားရော။

ကျနော်လည်း တီရှပ်အနက်ရောင်လေး ဝတ်၊ ဂျင်းပန်တစ် ထည် ကောက်စွတ်ပြီး ပြေးတာပဲ။ မှန်ရာကို ဝန်ခံရရင် ကျနော်စိတ်လှုပ် ရှားနေပေမယ့် ဘယ်လောက်မှ မျှော်လင့်မထားခဲ့ပါဘူးလေ။ ဒါပေမယ့် ကျနော့် ဘလတ်ဒီး မေရီလေးဟာ ကူလီထမ်းတဲ့ တရုတ်ရုပ်ပေါက်နေ တဲ့ ဗမာကောင်လေးကို ခြုံခိုတိုက်ခိုက်ဖို့ အလစ်ချောင်းရင်း စောင့်နေခဲ့တယ်။

ကို ရှာမတွေ့ဘူး။ ဟိုကြည့်ဒီကြည့်နဲ့ ဖြစ်နေတာရယ်။ ခုနက ကျနော့်ကို ခေါ် ထားတဲ့ ဖုန်းကို မက်ဆေ့ရိုပို့ကြည့်တယ်။ ရောက်နေပြီ။ နင်ဘယ်မှာ လဲ ပေါ့။ ပြန်မဖြေဘူး။ ကျနော့်မှာ ရှော့ပင်းစန်တာဖက်ကို ကြည့်လိုက်၊ ဘူတာရုံဖက်ကို မျှော်ကြည့်လိုက်နဲ့ ဗျာများနေရတယ်။

ရုတ်တရက် မွှေးခနဲ ရနံ့တွေရလိုက်တယ်။ တစ်စုံတစ်ယောက် က ကျနော့်ကို အနောက်ကနေ သိုင်းဖက်ပစ်လိုက်လို့ ဆတ်ခနဲတောင် တုန်သွားတယ်။ ဒါပေမယ့် လှည့်ကြည့်လို့မရဘူး။ ကျနော့် ချိုင်းနှစ်ဖက် အောက်ကနေ သူ့လက်နှစ်ဖက်ကို လျှိုတဲ့ပြီး ပခုံးကို ပင့်ကိုင်ပြီး ချုပ်ထား တာ။ ကျောကို ပါးနဲ့ အတင်းဖိကပ်ထားသေးတယ်။ လှည့်ဖို့ လုပ်တာကို အတင်းတွယ်ကပ်ပြီး ဖက်ထားရင်း၊ “ဟင့်အင်း … လှည့်မကြည့်နဲ့ ငါ ရှက်တယ်” တဲ့။

ဒုက္ခဗျား တစ်မိနစ် နှစ်မိနစ်လောက် ကြာတဲ့အထိ အဲ့လိုကြီးပဲ။ ကျနော် ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ပြီး အော်တယ်။

“ငါတို့ တစ်သက်လုံး ဒီလိုကြီး လုပ်နေကြတော့မှာလား၊ လွှတ် တော့ဟာ….

အဲ့ဒီတော့မှ သိုင်းဖက်ထားတာကို လွှတ်ပေးတယ်။ လှည့် ကြည့်လိုက်တော့ ကျနော့် မေရီလင်း၊ မျက်နှာလေးက ပန်းသွေးရောင် တောက်နေတာပဲ။ အောက်နှုတ်ခမ်းကို ခပ်တင်းတင်းကိုက်ထားရင်း ရှက်သွေးတွေ ဖြာနေတာဟာဟ။ ဘလတ်ဒီး မေရီလေးဟာ ကျနော် မြင်ခဲ့ဖူးတဲ့ ဆံပင်တွေကို နောက်စေ့မှာ စည်းနှောင်လို့ ရှပ်အဖြူ ဘောင်း ဘီရှည် အနက်ရောင်နဲ့ ရှူးဖိနပ်စွပ်ထားတဲ့ ကုန်လှောင်ရုံက စာရေးမလေး မဟုတ်တော့ဘူး။ အားကစားဘောင်းဘီတို နက်ပြာလေးနဲ့ တီရှပ် အဝါရောင်ကျပ်ကျပ် ခါးတိုလေးဝတ်လို့ ဆံပင်အရှည်တွေကို ဖားလျားချ ထားတဲ့ ကောင်မလေးဖြစ်နေတယ်။ လှလိုက်တာဗျာ။ တစ်ခါက ရုံးဝတ်ပုံနဲ့ ရှင်းသန့်တဲ့ လေဒီလေးကနေ ငယ်ရွယ်နုပျိုတဲ့ ကောင်မသေးသေး လေး ဖြစ်နေပြန်ရော။ ကျနော် ရင်တွေ တဒိတ်ဒိတ် ခုန်လိုက်တာရယ်။ ကျနော့်ကို ကြည့်နေတဲ့ ဟန်ပန်လေးက မချင့်မရဲလေး၊ မျက်လုံးနက် နက်လေးတွေက စိန်ပွင့်လေးတွေလို တလက်လက်တောက်ပလို့၊ "နင်အကျင့်မကောင်းဘူး၊ လစ်ပြေးသွားတာ.." "ငါ့ဖုန်းနံပါတ်ကို ပန်းနီးဆီက သွားတောင်းတာ ဟုတ်လား"

"ရှိလန် တောင်းပေးတာ ငါလေ အရက်ကိုမရှိတော့ပါဘူးဟွန့်"

"ငါက အလုပ်ပြီးရင်း အလုပ်ချည့်ပဲ ရှာနေရတာမို့ပါဟာ၊

ပြီးတော့ နင်ငါ့ကို နောက်နေတာလို့ ထင်နေခဲ့တာ"

ဘာလဲ... ဘယ်သူက နှင့်ကို ဘာဖြစ်နေလို့လဲ"

" "ဩော် ... အမှန်တိုင်းပြောရရင် ငါက တစ်ဖက်သတ်ဖြစ်နေခဲ့

တာပါလေ"

"အား... ငါနှင့်ကို မုန်းတယ်သိလား မုန်းတယ် မုန်းတယ်" အဲ့လို အော်ဟစ်ပြီး ကျနော့် ရင်ဘတ်ကို လက်သီးလေးတွေနဲ့ ဘယ်ပြန်ညာပြန် ပိတ်ထိုးတော့တာပါပဲ။ ရှက်ရမ်းရမ်းနေတဲ့ ချစ်စဖွယ် တရုတ်မလေးရဲ့လက်သီးချက်တွေကို ရင်ကော့ အံကြိတ်ပြီး ပေခံနေရင်း ကျနော် ကြည်နူးနေခဲ့မိတာပေါ့လေ။

ကျနော်နဲ့ မျက်နှာချင်းဆိုင်တယ် ခြေဖျားထောက်ပြီး လည်ပင်းကို သိုင်းဖက်တယ် 'ဟန်နီတဲ့...တိုးတိုးလေးခေါ်ပြီးသူ့မျက်နှာကိုအတင်း မော့ထားပေးတယ်

မှော်ရုံတောတွင် မှိန်းမောခြင်း

ကော့စ်ဂေးပိုင့် အဆောက်အဦးကြီးရဲ့ ဘေးဖက်မှာ အဲ့ဒီတုန်း က ကော်ဖီဆိုင်လေးတစ်ခု ရှိခဲ့တယ်။ အဲ့ဒီကော်ဖီဆိုင်လေးရဲ့ အပြင် ဗက် စားပွဲတစ်ခုမှာ ပခုံးပေါ်ထိ ဝဲကျနေတဲ့ ဆံပင်အရှည်နဲ့ တရုတ်ရုပ် ပေါက်နေတဲ့ ဗမာကောင်လေးရယ်၊ သူ့ရဲ့ ဘာတော်စပ်မှန်း၊ မသိသေးတဲ့ ဆံပင်ရှည်ရှည်နဲ့ ချစ်စရာ စကာ်ပူတရုတ်မ ပုစိပေါက်စောက်ကလေး ရယ် ထိုင်နေကြတယ်။ ဘာတွေ ဖြစ်သွားမှန်း အသေချာ မသိပေမယ့် နှစ် ယောက်သား မိုးမမြင် လေမမြင် ပျော်နေခဲ့ကြတာပေါ့။ နှစ်ယောက်စလုံး ရဲ့ မျက်နှာတွေက ချိုပြုံးနေကြတာရယ်။ တကယ်တော့ သူအရဲစွန့်ခဲ့လို့ သာ ဒီလိုတွေ ဖြစ်လာရတာပါလေ။ ကျနော့်ဖက်ကသာ စရမယ်ဆို ဘယ်တော့မှ ဒီအခြေနေမရောက်နိုင်တာ သေချာပါတယ်။

ဒီတိုင်းပြေက လူတွေဟာ နိုင်ငံခြားသားမှန်ရင် (အဖြူတွေကို တော့ ထားပါ) လူရာမသွင်းတတ်ကြဘူး။ အဲ့ဒီခေတ် အဲ့ဒီအခါက အလုပ် လာလုပ်တဲ့ ပြည်ကြီးတရုတ်၊ ကုလား (အိန္ဒိယ၊ ဘင်္ဂလား)၊ ယိုးဒယား၊ ဗမာ အစရှိတဲ့ နိုင်ငံခြားသားမှန်သမျှဟာ အခြေခံသိမ်း အလုပ်သမား တွေချည့်ပဲ။ နောက်ပိုင်းခေတ်တွေလို ပညာရှင်တွေ အများကြီးမရှိသေး ဘူး။ လူ့အောက်ကျတဲ့ အလုပ်တွေ လာလုပ်တဲ့ ကောင်တွေဆိုပြီး ကြည့် တဲ့ မျက်လုံးတွေ ကအစ ဆယ်ပြားတောင် မတန်တဲ့ လူတွေဆိုတဲ့အကြည့်မျိုး။ ရထားပေါ်မှာ ကိုယ်စီးနေတဲ့တွဲထဲ ဘင်္ဂလားတွေဝင်လာရင် သူတို့နိုင်ငံသူ တရုတ်မတွေက နှာခေါင်းပိတ်ပြီး နေရာရွှေ့သွားတက်ကြတာမျိုး။ ထမင်းဆိုင်မှာ ထမင်းဝယ်စားတာတောင် မချေမငံ နဲ့ ဆက်ဆံခံရတတ်တာမျိုး၊ ကျနော့်ရုပ်က သူတို့နဲ့ခြားနားတော့ သေသေသပ်သပ် ဝတ်စားထားတဲ့ အခါမျိုးမှာ သူလို ငါလို ဆက်ဆံ သော်ငြား ဗမာလို့ သိသွားတဲ့ အခါ မျက်နှာပေးတွေ ပြောင်းသွားတတ် တာမျိုး ... အစရှိသဖြင့် လူမျိုးရေးခွဲခြားမှုဟာ ဒီတိုင်းပြေရဲ့ လေထုထဲမှာ သိပ်သည်းလွန်းနေတယ်။ ဒီဇာတ်လမ်းအစမှာ ကျနော်ပြောပြခဲ့ဖူးသလို **WP** ကိုင်ဆောင်သူများ စကာ်ပူနိုင်ငံသူများနှင့် အိမ်ထောင်ပြုခွင့်မရှိပါ လို့ကြေညာထားတာက အစပေါ်ပေါ်ထင်ထင်ကြီးတွေ မဟုတ်လား။

ဒီကြားထဲ ကျနော့်ဘဝကြီးကို ကြည့်ပါဦးလေး မေရီနဲ့ စတွေ့ ခါစက စက်ရုံဖျက်တဲ့ အလုပ်သမားလေ။ ကူလီခေါင်းလေး။ အဲ့ဒါတောင် အမြဲတမ်းအလုပ်သမား မဟုတ်ဘူး။ ကြုံရာ ဘောက်လုပ်နေရတာ။ နေတာကလည်း လမ်းပေါ်မှာ။ ဒီတိုင်းပြေက ဥပဒေကိုလည်း ချိုးဖောက် ပြီး ထွက်ပြေးနေတဲ့ ဝရမ်းပြေး။ မနက်ဖန်ဆိုတာ မရှိတဲ့ လမ်းပေါ်က လူ့အောက်တန်းစား နိုင်ငံခြားသား ရွှေ့ပြောင်းကူလီ၊ အဲ့ဒီချာတိတ်လေး ရဲ့ ရင်ဘတ်ထဲမှာ သိမ်ငယ်စိတ်က ဘယ်လောက်များနေမလဲ စဉ်းစား ကြည့်ပေတော့။

ကျနော်ဟာ မေရီကို စမြင်ဖူးကထဲ ရင်တုန်ပန်းတုန်ဖြစ်ခဲ့ရတာ မညာပါဘူး။

သူက ရှင်းသန့်နေတဲ့ တရုတ်မ လှလှလေးကိုး။ ကုန်လှောင် ရုံထဲမှာ အလုပ်လုပ်နေတဲ့ ကျနော့်အနား ကပ်ကပ်လာတိုင်း အလစ်မှာ ခိုးခိုးကြည့်မိတာပါပဲ။ ကျနော် ခိုးခိုးကြည့်တာ ရိပ်မိမှာပါ။ တစ်ကြိမ် မဟုတ်တစ်ကြိမ် အလစ်ချောင်းပြီး ကျနော့်ကိုဖမ်းတော့ မိတာပါပဲ။ မသိ ချင်ယောင်ဆောင် တစ်ဖက်လှည့်သွားပြီး မချင့်မရဲဟန်နဲ့ အောက်နှုတ်ခမ်းလေးကို ကိုက်ကိုက်ပြနေခဲ့တာရယ်၊ အအေး တူတူသောက်၊ ဆစ်ကလက် တူတူဖွာကြရင်း မီးခြစ်ကမ်း၊ အအေးဘူးကမ်းပေးတဲ့ အခါ မတော် တဆ လက်ချောင်းချင်း တို့ထိမိသွားတဲ့အခါ ဓာတ်လိုက်သလို ကျဉ်တက် သွားတတ်တယ်။ ဟန်မဆောင်နိုင်ခဲ့ကြဘူး။ နှစ်ယောက်စလုံးရဲ့ မျက်နှာ တွေက နီမြန်းကုန်တာပဲ။

ကျနော်တို့ နှစ်ယောက်ကို ရှိလန် စလိုက်နောက်လိုက် လုပ်တဲ့ နေ့ကဆို ရင်ထဲ တလှိုက်လှိုက်ကို ဖြစ်ခဲ့ရတာပေါ့။ ဒါပေမယ့်ဗျာ.. လှူလှူ ချင်း ဘဝခြားနေခဲ့တာကြီးရယ်။ အပြင်မှာသာ ပါးစပ်က ပက်ခနဲ ပက်ခနဲ ပြောပြီး ဟန်ကိုယ့်ဖို့ လုပ်ပြနေခဲ့ပေမယ့် ရင်ထဲမှာ သိမ်ငယ်စိတ်က ပိုများ ခဲ့တယ်။ နောက်ဆုံးနေ့က သူ့အအသေချာမှာတယ်ငါ့ကို ခနစောင့်နေဦး ဆိုတာကို မသိဟန်ဆောင်လို့ မန်းနီးလာခေါ်ရာ ထလိုက်သွားခဲ့မိတယ်။ ငါ့ကို နင့်ဖုန်းနံပါတ်လေး ပေးမလားလို့ နောက်ဆုံးတစ်ရက်နှစ်ရက်မှာ တောင်းပစ်လိုက်ချင်ခဲ့ပေမယ့် အားစေးထည့်ထားသလို နှုတ်ဆိတ်နေခဲ့ မိတယ်။ ဒါပေမယ့် ကျနော်တို့ နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် သဘောကျနေမှန်း အတွင်းစိတ်မှာ ကိုယ်စီရိပ်မိပါတယ်။ သူက ခုလို ဖောက်ခွဲပစ်လိုက်ပြီမို့ ကျနော်လည်း ဘာကိုမှ ဂရုမစိုက်တော့ပါဘူး။ တိုင်းတပါးမှာ ဘဝကို မလှပစွာနဲ့ ရုန်းကန်နေရတဲ့ ဘဝမှာ လူငယ်ပီသ စွာနဲ့ ရည်းစားသနာထားချင်စိတ်ကလေးမှ ဖြစ်ခွင့်မရခဲ့တဲ့ အခြေနေမှာ ခုတော့ လွတ်ထွက်သွားခဲ့ရတယ်။

ကော်ဖီဆိုင်လေးမှာ မျက်နှာချင်းဆိုင်ထိုင်ရင်း ကျနော် သူ့ကို စူးနစ်နေအောင်စိုက် ကြည့်နေခဲ့တယ်။ ပြုံးပြုံးနေတဲ့ အဲ့ဒီကောင်မလေး ကျနော့်ကို ခိုးကြည့်လိုက်၊ ခေါင်းငုံ့လိုက်နဲ့ ယောက်ယက်ခတ်နေတာပါ ပဲ။ ခဏနေတော့ ကျနော် အားတင်းပြီး စကားစတယ်။“မေရီ”

ဘာလဲ

ငါတစ်ခုပြောမယ်ဟာ “အင်း”

နင့်ကို ချန်ထားခဲ့ရတဲ့ အဲ့ဒီညနေပြီးညက ငါအိပ်လို့မပျော်ခဲ့ဘူး၊

“အပိုတွေဟာ..လာလိမ်မနေနဲ့”

အဲ့လို အသံလေးနဲ့ ပြောနေပေမယ့် မျက်နှာက ကြည်နူးပုံပေါက်နေတယ်။

“ငါမညာပါဘူး ငါ နင့်ကို ဖုန်းနံပါတ်ပေးပါလားလို့ တောင်းမို့ အကြိမ်ကြိမ် ကြံစည်ခဲ့ဖူးသေးတာရယ်၊

“အလကား ငကြောက်ကောင် ဟွန်း...”

ငါ့ဘဝကြီးက နင်မြင်တဲ့အတိုင်းပဲဟာ အဲ့တော့ ငါ ဘယ်လို စကားစရဲ မှာတဲ့လဲ၊

“တော်တော့ အာ့လို မပြောနဲ့တော့ဟာ လူလူချင်းမှာ အာ့လိုမခွဲခြားရဘူး”

“ငါ...ငါ...နင့်ကို ကြိုက်တယ် ဆိုတာ သိတယ်မလား”

“အွန်း”

နင်ကောဟင်?

“ဟာ အရှူး ငါက ဒီအထိ ဘာလို့လိုက်လာ တာလဲ မသိဘူးလား”

သေချာအခြောင်လို့မေးနေတာ

“ခွီး အရူးမလေး“အာ့လိုနဲ့

ကျွန်တော်တို့တွေဟာ တရားဝင် ပူပူနွေးနွေးစုံတွဲလေးဘဝ ရောက်သွားခဲ့ရတာပါပဲ။တစ်ယောက်နဲ့တစ်ယောက် ရီဝေဝေလေးဝေးလိုက်။ ရှက်ဝဲဝဲဖြစ်သွားကြပြီး အဓိပ္ပာယ်မဲ့ အော်ရယ်လိုက်။ အရှက် ပြေ ဆစ်ကလက် တူတူဖွာလိုက်နဲ့ အချိန်တွေ ကုန်လို့ ကုန်မှန်းမသိလိုက်ကြဘူး။

ညနေစောင်းတော့ မေရီ အိမ်ပြန်တယ်။ ကျနော်က သူ့လက် ဖဝါး အိစက်စက်လေးကို တင်းတင်းဆုပ်ထားရင်း လိုက်ပို့တာပါပဲ။ အန်မို ကရှိ ဘူတာမှာ ဆင်းတယ်။ ဘူတာနဲ့ ကပ်လျက် တောင်ကုန်းလေးပေါ် တူတူတက်တယ်။ တောင်ကုန်းတစ်ဖက်မှာ သူ့အိမ်ကိုး။ တောင်ကုန်း တစ်ဖက် အဆင်းက တောအုပ်လေးထဲကို အဖြတ်မှာ မှောင်ရီပျိုးစ ဖြစ် နေပြီ။ ကျနော့်ခါးကို ဖက်ထားရင်း မှီတွယ်နေတဲ့ မေရီက တောအုပ် ကလေးကို အဖြတ်မှာ ခဏရပ်လိုက်တယ်။ ကျနော်နဲ့ မျက်နှာချင်းဆိုင် တယ်။ ခြေဖျားထောက်ပြီး လည်ပင်းကို သိုင်းဖက်တယ်။

“ဟန်နီ...” တဲ့၊ တိုးတိုးလေးခေါ်ပြီး သူ့မျက်နှာကို အတင်းမော့ ထားပေးတယ်။

သူ့ကိုယ်လုံး ကျဉ်ကျဉ်လေးကို ကျနော် တအား ပွေ့ဖက်ပစ် လိုက်မိတယ်။ တစ်ခါက အဝေးကပဲ ငေးကြည့်ခဲ့ပြီး မချင့်မရဲဖြစ်ခဲ့ရဖူးတဲ့ စံပယ်ဖူးလေးကို ကျနော် အတင်း မွှေးကြူးပစ်ခဲ့မိတယ်။ သူ့ကိုယ်လုံး လေးဟာ ကျနော့်ရင်ခွင်ထဲမှာ တဆတ်ဆတ်တုန်နေတာပဲ။ ကျနော့် ပါးပြင်တွေ၊ မျက်လုံးတွေ၊ နှုတ်ခမ်းတွေ၊ နားရွက်တွေ အို ... နေရာမလပ် ဘူး။ သူ့အနမ်းတွေက တရုတ်ရှုတ်နဲ့ရယ်။ ကျနော်ကလည်း မွှေးပျံ့နေတဲ့ သူ့ ဆံနွယ်ရှည်တွေ၊ လည်တိုင်တွေ၊ ပုခုံးသားတွေ၊ နားသယ်စပ်တွေပါ မကျန်အကုန်လျှောက်နမ်းပစ်တာပါပဲ။

အဲ့ဒီတုန်းက ကျနော်က အသက်နှစ်ဆယ့်တစ်နှစ်၊ မေရီက နှစ်ဆယ့်သုံးနှစ်။ ဘဝမှာ အရူးမိုက်ဆုံး အရွယ်တွေကိုးလေ။ တောအုပ်မှောင်မှောင်လေးထဲမှာ နှစ်ယောက်သား ဟိုဖက်လျှောက်လိုက် ဒီဖက် လျှောက်လိုက်နဲ့ ပတ်ချာလည် လျှောက်သွားရင်း မခွဲနိုင် မခွာရက်တွေ ဖြစ်နေတာ အကြာကြီးပဲ။ အတော်ကြီး ညဉ့်နက်တော့မှ မခွဲချင် ခွဲချင်နဲ့ ခွဲခွာခဲ့ကြရတယ်။

ရောမန္တိက နေ့ရက်များ

နောက်နေ့တွေမှာ မနက် ၅ နာရီလောက်ဆို ကျနော် အသင့် ဖြစ်နေပီ။ မနက် ၄ ခွဲလောက်ကတည်းက ထပြီး ရေမိုးချိုး အဝတ်အစား လဲထားတာရယ်။ မနက်စောစောမှာ ချမ်းအေးနေပေမယ့် ရေနွေးနဲ့ ချိုးတာပဲ။ ၅ နာရီ ထိုးတာနဲ့ စက်ရုံက လစ်ထွက်သွားတယ်။ ဘတ်စ်ကား တစ်တန်၊ ရထားတစ်တန်နဲ့ အန်မိုကရို တောင်ကုန်းလေးပေါ် ရောက် သွားတာပဲ။ ၆ နာရီ စွန်းစွန်းဆို အချစ်ကလေး မေရီဟာ ရုံးဝတ်စုံရှပ် အဖြူ၊ စတိုင်ပန်အနက်ကလေးနဲ့ ဆံပင်ကို နောက်စေ့မှာ ပိုနီတေးလ် လေး ချည်နှောင်လို့ လက်ဆွဲအိတ်ကလေး ကိုင်ရင်း တောင်ကုန်းလေး ပေါ် အပြေးလေးတက်လာတာ လှမ်းမြင်ရတယ်။ တောင်ကုန်းပေါ်ကနေ အပြုံးချိုချိုနဲ့ လက်ပိုက်ပြီး စောင့်နေတဲ့ သူ့ကောင်လေးနား နီးလာလေ လေ ခြေလှမ်းတွေက သွက်လာလေလေပဲ။

မျက်နှာချင်းဆိုင်မိတာနဲ့ ရင်ချင်းအပ်ပြီး သိုင်းဖက်ကြတယ်။ “အလွမ်းကို ပြေသွားတာပဲ ဟန်နီရာ…” တဲ့၊ ချွဲသေးတာရယ်။ ပွေ့ဖက်လို့ ဝတော့မှ လူချင်းဆွဲခွဲတယ်။ သူ့နဖူးဝင်းဝင်းလေးကို ကျနော့်နှုတ်ခမ်းနဲ့ ဖိကပ်ပီး ပွတ်ခန် နမ်းတယ်။ မျက်လုံးလေးတွေကို မျက်ခွံပေါ်က ဖိနမ်း ပေးတယ်။ ပါးဖောင်းဖောင်းလေးတွေကို ဘယ်ပြန်ညာပြန်။ နောက် တော့ နှုတ်ခမ်းဖူးဖူး။ ခဏတာ မှိန်းမောသွားကြပြီးတော့မှ သူ့လက်ထဲက လက်ဆွဲအိတ်ကို ကျနော်ဆွဲယူတယ်။ ဘေးချင်းယှဉ်လျက် ပခုံးကိုသိုင်းဖက်တယ်။ သူက ကျနော့်ခါးကို သိုင်းဖက်တယ်။ ခရီးဒရိုင်နဲ့ အပြန် အလှန် မှီတွယ်ရင်း ဘူတာရုံကို လမ်းလျှောက်ကြတယ်။ မြက်ခင်းစိမ်း စိမ်းလေးတွေ၊ သစ်ပင်အုပ်အုပ်လေးတွေ ကြားထဲမှာ တစ်လမ်းချင်း လျှောက်နေကြတဲ့ စုံတွဲလေးရယ်။ ကျေးငှက်ကလေးတွေရဲ့ နံနက်ခင်း တေးသံသာလေးတွေနဲ့ ဘယ်လောက် လိုက်ဖက်တဲ့ မြင်ကွင်းလေးလဲ ကွယ်။

ဘူတာရုံကို ရောက်တဲ့အခါ ကော်ဖီပူပူ နှစ်ခွက်ဝယ်တယ်။ ဘူတာဘေးက ဆစ်ကလက် သောက်လို့ရတဲ့ နေရာမှာ အတူတူထိုင်ပြီး ကော်ဖီမော့ရင်း ဆစ်ကလက်ဖွာကြတယ်။ ပြုံးစိစိနဲ့ တစ်ယောက်နဲ့ တစ်ယောက်ငေးမယ်။ ပြီးရင် အနီရောင်လိုင်းအတိုင်း အရှေ့ဂျူရောင်း ရထားကို တက်စီးကြတယ်။ လူရှင်းနေသေးတဲ့ ရထားပေါ်မှာ ထောင့်ကျ တဲ့နေရာတစ်ခုကိုယူ မတ်တပ်ရပ်ရင်း ဗမာကောင်လေးဟာ သူ့ချစ်သူ တရုတ်မ သေးသေးလေးကို ရင်ခွင်ထဲထည့်ထားတယ်။ ပုဒ်လန်းဘူတာ အရောက်မှာ ရင်ခွင်ထဲက ချစ်သူလေးရဲ့ နားထင်လေးကို တစ်ချက်နမ်း၊ ဂရုစိုက်နော် ငါ့မေရီလေးလို့ နှုတ်ဆက်ပြီး ဆင်းသွားတတ်တယ်။

စက်ရုံကို ပြန်ရောက်တဲ့အခါ လမ်းမှာဝယ်လာတဲ့ ဖယောင်း စက္ကူနဲ့ ထုပ်ထားတဲ့ ကြာဇံကြော်နဲ့ ပလတ်စတစ်အိတ်နဲ့ ထုပ်လာတဲ့ ကော်ဖီကို မနက်စာအဖြစ် အိပ်ချင်မူးဘူးဖြစ်နေဆဲ ကိုဖိုးကျော်ရဲ့လက်ထဲ ထည့်ပြီး ဆရာစားဖို့

ရော့ ဆိုပြီး ပေးတဲ့အခါ၊ ဟာ တယ်သိတတ်တဲ့ ကလေးဆိုပြီး သဘောတွေကျနေတာရယ်။ ဒါပေမယ့် ရက်တွေကြာလာ တဲ့ အခါ ကိုဖိုးကျော်တစ်ယောက် ရိပ်မိပြီး ဆဲတော့တာပဲ။

"မအဘေးလေး ... ငါ့မှာတော့ ငါ့တပည့်လေး ငါ့ကို ချစ်ရှာ တယ်ပေါ့...... ဒင်းကဖွန်ထထကြောင်နေရင်း ငါ့ကို ချော်လဲရောထိုင် လုပ်နေတာကိုး ... တဲ့။ "ကျနော် ဘယ်လောက်ပဲ မွန်နေပါစေ ... ဆရာ့ကို မမေ့ဘူးသိသာနေတာပဲ ... ဟာ လို့ ပြန်ပလီတော့ တဟား ဟား အော် ရယ်နေတယ်။

"နို့ ... မင့်ဟာလေးက ဘာလေးလဲ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ တရုတ်၊ ဗမာ ဘာလူမျိုးတုံးအတော်ချောသလားမာ..."

"စလုံးတရုတ်မ ..." "ဟေ...ဟုတ်ပါ့မလား"

အဲ့လိုပြောရင်း သူက အံ့သြဟန်ပြတယ်။ ဒါက ဘာကိုဖော်ပြ နေသလဲဆိုတော့ကာ ပြင်းထန်တဲ့ လူမျိုးရေးခွဲခြားမှု ရှိနေတဲ့နေရာပေါ့။ ဘယ်လူမျိုးက နိမ့်ပါးလို့ ဘယ်လူမျိုးက တစ်ဆင့်မြင့်တယ် ဆိုတာမျိုး။ အဲ့ဒီခေတ်ကာလက ဖြစ်ပျက်နေတဲ့ အခြေနေကို ထင်ဟပ်နေတယ် (ခု လည်း ဘာမှမထူးပါဘူး)။ ဗမာတွေကိုယ်တိုင်က ဖိလစ်ပိုင်မ၊ အင်ဒိုနီး ရှားမ၊ အိမ်ဖော်မတွေဆိုပြီး နိမ့်ချပြီး တွဲကြ။ စင်ကာပူနိုင်ငံသားတွေနဲ့ ဆက်ဆံတဲ့အခါမှာ သိမ်ငယ်စိတ်ဝင်ကြ။ တစ်ဖက်က မတူမတန်သလို ဆက်ဆံတာတွေကို အံကြိတ်ခံရင်း လူလူချင်းမှာ ငါတို့က တစ်ဆင့်နိမ့် ပါးတယ်လို့ ထင်မြင်နေကြရတယ်။ အဲ့ဒါတွေရဲ့ အကျိုးဆက်က ခု ကို ဖိုးကျော် မေးတဲ့ မေးခွန်းပါပဲ။ မင်းလို အပေအတေ ရွှေပြောင်းကူလီ ဗမာ လေးကို အိမ်ကြီးရှင်ရဲ့သမီးပျိုကကြိုက်သတဲ့လားပေါ့။ ဒါပါပဲ။

အချစ်စိတ် မွှန်ထူနေတဲ့ ကျနော်က အဲ့ဒါတွေ ဂရုမစိုက်ပါဘူး။ ဆရာမင်းလူရဲ့ဇာတ်လိုက် သံဂေါ်လီပြောသလို အချစ်မှာ လူသားစားတာ မရှိဘူးပေါ့ (လူတန်းစားခွဲခြားတာ မရှိဘူး)။

တစ်ပတ်မှာ သုံးလေးရက် မနက်အစောကြီး လမ်းမြဲ ထလျှက်ပဲ။ ချစ်စကြင်စ တရုတ်မလေးကို တောင်ကုန်းပေါ်က သွားသွားစောင့်လျှက်ပဲ။ နေ့စဉ်နဲ့အမျှ ည ဆယ့်တစ်နာရီတိတိမှ အလုပ်သိမ်းလေ့ ရှိပေမယ့် (အိုဗာတိုင်းမ်က အသေအကျေ လုပ်ရတဲ့ အလုပ်၊ နေ့လယ်စာကော ညစာပါ ကျွေးတယ်၊ ပက်ဆံကို လုပ်သလောက် သောက်သောက်လဲ ပေးထားတာမျိုး) စနေနေ့ဆို ညနေ ငါးနာရီမှာ ကိုဖိုးကျော်ကို ခွင့်ပန်ပြီး ဆရာ... တပည့် ဒီနေ့ ငါးနာရီအထိပဲနော် ... ဆိုပြီး စပ်ပြီးပြီးနဲ့လုပ်တော့ တာပဲ။ ရေမိုးချိုး အဝတ်အစား ခပ်သန့်သန့်လေးတွေ ဝတ်ခဲ့ပြီး ဘူတာရုံ ကနေကျနော့်ကို စောင့်နေမယ့် မေရီဆီ ပြေးတယ်။

ရုပ်ရှင် တူတူကြည့်တယ်။ ညစာ တူတူစားတယ်။ အဓာချတ် လမ်းမကြီးပေါ် လက်ချင်းချိတ်ပြီး လျှောက်သွားတယ်။ ကလပ်ကီးက မြစ်ကမ်းနံဘေးက မီးရောင်စုံနဲ့ အရက်ဘားတွေမှာ တူတူသောက်ကြ တယ်။ ညဉ်နက်သန်းခေါင်တိုင်တဲ့အထိ မခွဲနိုင်မခွာရက်တွေရယ်။ တစ်ခါ ကလေ ညမှောင်မှောင်မှာ လူရှင်းတဲ့ ပင်လယ်ကမ်းခြေကို တူတူသွား၊ သဲပြင်ပေါ်ပက်လက်လှန်အိပ်ရင်း ကောင်းကင်ထဲက ကြယ်ကလေးတွေ ကို မှုံးမှုံးနဲ့ ရေတွက်ကြတယ်။ စနေ့ညကို အဲ့လို ကုန်ဆုံးပြီးသွားတော့ မပြီးသေးဘူး။ တနင်္ဂနွေ တစ်နေ့ခင်းလုံး

ထပ်တွေ့ကြသေးတယ်။ ညနေ စောင်းမှ လမ်းခွဲကြတာပေါ့။ ချစ်စ ကြင်စရဲ့ အရှူးအမူးဖြစ်ရဆုံး နေ့ရက် တွေပေါ့။

ကျနော်ဟာ တည်ငြိမ်တဲ့ အလုပ်အကိုင် ကောင်းကောင်း တစ်ခုနဲ့ လုံခြုံစိတ်ချရတဲ့ နေရာမှာ နားခိုနေရပြီ။ လက်ဖျားမှာ ငွေသီးလာ တယ်။ ချစ်သူနဲ့ လျှောက်လည်တဲ့ အခါ ပိုက်ဆံကို အထပ်လိုက်ကိုင်ပြီး သုံးလာနိုင်တယ်။ နေထိုင်မှုပုံစံ၊ ဝတ်စားဆင်ယင်ပုံက အစ ပြောင်းလဲ လာတယ်။ မန်ဒရင်းလို လိပ်ပတ်လည်အောင် ပြောတတ်လာတယ်။ သူတို့နိုင်ငံသားတွေ လေသံနဲ့ အင်္ဂလိပ်စကားကို တုပြီးပြောလာပြီ။ကျနော်ဟာ ဒီတိုင်းပြည်မှာ လူရည်လည်တဲ့ လူတစ်ယောက်ဖြစ်သွားခဲ့ပြီး။ ကျနော့်ချစ်သူ တရုတ်မလေး မေရီနဲ့ လက်ချင်းချိတ်ပြီး လျှောက်သွားကို အခါ ဘယ်သူကမှ နိုင်ငံခြားသား ဗမာအလုပ်သမားမှန်း မရိပ်မိနိုင်တော့ ဘူး။ မေရီ ဆင်တဲ့ အဝတ်အထည်တွေကြောင့်ရယ်၊ သူနဲ့အတူတူတွဲကြ ရင်း မသိစိတ်က အလိုလို တုပလာမိတဲ့ သူတို့နေပုံထိုင်ပုံဟာ ကျနော့်ကို ကူးစက်လာခဲ့တယ်။ ဆံပင်ရှည်ကုပ်ထောက်နဲ့ တရုတ်ရုပ်ပေါက်နေတဲ့ ကောင်လေးဟာ မှတ်ပုံတင် တောင်းမကြည့်မချင်း ဝရမ်းပြေး ဗမာလေး၊ ဆိုတာ ဘယ်သူမှ မသိတော့ဘူး။ အဲဒီခေတ်က လုပ်လေ့ရှိတဲ့ ဘူတာရုံ အပေါက်ဝတွေမှာ ရဲတွေပိတ်စောင့်နေပြီး ထွက်လာသမျှ နိုင်ငံခြားသား တွေကို မှတ်ပုံတင်ပြပါ ဆိုပြီး (အိုဗာစတေးတွေ ဗလပွန့်ခေတ်) စစ်ဆေး တဲ့ အခါမှာတောင် ရဲတွေက ကျနော့်ကို ခေါ်စစ်ဖို့နေနေသာသာ အသေ ချာတောင် မကြည့်တော့တာမျိုးကို သတိထားမိလာတယ်။ တစ်ခါက အိမ်ကိုစ် ကမ်းခြေမှာ ဘောလုံးကန်နေတဲ့ ဗမာ အိုဗာစတေးအုပ်စုကြီးကို ပိတ်ဖမ်းဖို့ ပြင်နေတဲ့ ရဲတွေက မျက်နှာချင်းဆိုင်က လမ်းလျှောက်လာတဲ့ ကျနော့်ကို တားပြီးပြောတယ်။ ဟေ့ကောင် . . ဒီနားမလာနဲ့ သွား သွား၊ ငါတို့ အိုဗာစတေးတွေဖမ်းမလို့ ဆိုပြီး လစ်ခိုင်းတယ်။ အဲ့ဒီလိုတွေ ဖြစ်လာ တော့ ကျနော်ဟာ ဘဝမေ့စပြုလာပြီ။

မေရဲ့ ခါးကျဉ်ကျဉ်လေးကို ဖက်ပြီး လည်ပတ်စားသောက် ပျော်ရွှင်နေချိန်ဆို ကိုယ့်ကိုယ်ကိုယ် ဘာကောင်မှန်း သတိမထားမိတော ဘူး။ ငါသည်လည်းပဲ သူတို့ထဲက လူတစ်ယောက်ပါလား လို့ ထင်မှတ်မှား လာစပြုခဲ့ပြီ။ ဒေါင်းယောင်ဆောင်တဲ့ ကျီးကန်းလေး။ ကိုယ့်ဘဝကိုယ် နားမလည်တဲ့ ကျီးကန်းလေးပေါ့လေ။

ရန်သူဟောင်းအားဒုက္ခပေးခြင်း

တစ်နေ့မှာ ကျနော့်ဆီကို ချူးနဲ့ နီယိုဆီမှာ ကျန်ရစ်ခဲ့တဲ့ လူအုပ်စု ထဲက ကိုစောကြီး ကိုဖြူနဲ့ အသေးလေးတို့ ဖုန်းထက်ပြီး ချိန်းတယ်။ သူတို့နဲ့က ရန်ကုန်မှာကတည်းက အတွဲမိလာခဲ့တာဆိုတော့ သံယောဇဉ် အတော်ရှိခဲ့ကြတာကိုး။ မူလက ဟိုလူညစ်ပတ်တွေ ကျနော့်နောက်ကို နောက်ယောင်ခံလိုက်လာမှာ စိုးလို့ သူတို့နဲ့ အဆက်အသွယ် ဖြတ်ထားခဲ့ သမျှ ခုအချိန်မှာ ကျနော်က အကြောက်အလန့်နည်းစ ပြုလာတဲ့ အပြင် ကိုယ့်ကိုယ်ကိုယ် လူလည်လို့ ထင်စပြုလာပြီကိုး။

ကျနော်တို့ တစ်နေရာမှာချိန်းပြီး ပြန်ဆုံကြတော့ ကျနော့်ပုံစံ ကို ကြည့်ပြီး အတော်အံ့ဩကြတယ်။ အံ့ဩတယ်ဆိုတာက သူတို့ကို ကျွေးနိုင်မွေးနိုင် ဖြစ်နေတာရယ်၊ တောရုပ်မပေါက်တော့ပဲ ပတ်ပုံစားပုံ က အစဂိုက်နဲ့ဆိုက်နဲ့ ဖြစ်နေတာရယ်၊ သူတို့အတွက် ဈေး အင်မတန် ကြီးတဲ့ ဆစ်ကာလက်ကို လက်ကမချကမ်း၊ ဖွာနေတာရယ်တွေကြောင့် ပါ။ စိတ်မကောင်းစရာက သူတို့ဘဝဟာ ကျနော် သူတို့နဲ့ရှိစဉ်အခါကနဲ့ ဘာမှမထူးပါဘူး။ အလုပ်ရှိတဲ့အခါ တစ်နာရီ နှစ်ဒေါ်လာနဲ့ နေ့တွက်ရ မယ်။ အလုပ်နားနေရတဲ့ အခါ တစ်ရက်ကို ထမင်းဖိုး သုံးဒေါ်လာ ရမယ်။ ဒါနဲ့ပဲ လုံးချာလည်လိုက်ပြီး စုတ်ပြတ်သတ်နေဆဲပဲ။ ဝတ်ပုံစားပုံကအစ ရန်ကုန်ကအတိုင်းပဲ မပြောင်ရောင်ရှာဘူး။

ဒီတိုင်းပြေကိုသာ ရောက်နေတာ ဘယ်နားမှာ ဘာတွေရှိမှန်း မလည်ပတ်ဖူးတော့ ခုထိ ရေရေရာရာ မသိဘူး။ အပြင် ဟိုဟိုဒီဒီလေး ထွက်ဖို့တောင် ပိုက်ဆံ မသုံးနိုင်ကြရှာဘူး။ ဗမာပြေမှာ ကျန်ခဲ့တဲ့ မိသားစု တွေဆီ ငွေပြန်မပို့နိုင်တာလည်း ကြာနေကြပြီတဲ့။ အဂျေင်စီကို ပေးခဲ့ရ တဲ့ ပိုက်ဆံအရင်းလေးမှ ပြန်မရနိုင်ကြသေးဘူး။ ဘယ်လောက်တောင် ငတ်မွတ်ခေါင်းပါးနေကြရှာသလဲဆို … ကျနော်နဲ့ ချိန်းတွေ့နေတဲ့ အချိန် ကြိုက်သလောက် သောက်ကြစမ်း၊ အကုန်ရှင်းမယ်လို့ ကတိလည်းခံပြီး ကာ ဘီယာပုလင်းတွေကို တောင်ပုံရာပုံပဲ။ ဆစ်ကာလက်တွေပါ အဆက်မပြတ် ဖွာနေကြတာရယ်။ အစားအသောက်တွေကိုလည်း ဟန် မဆောင်နိုင်ပဲ နှိပ်တယ်။ နည်းနည်းလည်း မူးလာကော ပေါက်ကွဲ ပွင့်အန် စပြုလာတယ်။ တစ်ရက် သုံးဒေါ်လာပဲရနေတာ တစ်လကျော်ပြီး ဘယ်လို မှ သည်းမခံနိုင်တော့ဘူး၊ ငါတို့ကို ကယ်နိုင်မလား တဲ့။ ကျနော်တစ်ချက် တွေဝေသွားတယ်။ လူသုံးယောက်ကို တာဝန်ယူရမယ့် ကိစ္စဟာ ထင်သလောက် မလွယ်ဘူး။ ကျနော်ကိုယ်တိုင်တောင် လမ်းပေါ်မှာ ရက်ပေါင်းများစွာ အိပ်ခဲ့ဖူးခဲ့ပြီ မဟုတ်လား။

နောက်တစ်ခုက အန္တရာယ်ဗျ။ အလုပ်ရှင်တစ်ယောက်ဟာ အလုပ်သမားတစ်ယောက်ကို ခေါ်ဖို့ရာ အစိုးရဆီမှာ စပေါ်ငွေ အပေါင် သဘောမျိုး တင်ရတယ်။ တစ်ယောက်ကို ဒေါ်လာထောင်ဂဏန်း ဆိုပါ တော့။ အဲ့ဒီအလုပ်သမား

ထွက်ပြေးသွားရင် ပိုက်ဆံအဆုံးပဲ။ ဒီတော့ ကာ များသောအားဖြင့် အလုပ်သမား ထွက်ပြေးသွားတယ်ဆိုတိုင်း အလုပ်ရှင်တွေက အလုပ်သမားဝန်ကြီးဌာနကို သတင်းမပို့ဘူး။ ရဲမတိုင် ဘူး။ သူတို့ ဖာသာကြိတ်ရှာပြီး ပြန်ဖမ်းဖို့ကြိုးစားတယ်။ ဒါမှမဟုတ် လွှတ်ထားလိုက်ပြီး တစ်ချိန်မှာ ထွက်ပြေးတဲ့ အလုပ်သမားက အိမ်ပြန်

ချင်လို့ ပြန်ဆက်သွယ်လာတဲ့အခါမှ အချိန်းအချက်လုပ်၊ သူတို့ သိမ်းထား တဲ့ ပါးစပို့နဲ့ အလုပ်သမားကတ်ပြား အလဲအလှယ်လုပ်ပြီး ပြန်စေတယ်။ ကတ်ပြားသူတို့ လက်ထဲပြန်ရောက်သွားတော့ အပေါင်ငွေ မဆုံးတော့ ဘူး။ ဒါက ဖြစ်ရိုးဖြစ်စဉ်တစ်ခု ဆိုပါတော့။ ကျနော့်ကိစ္စမှာ သူတို့ဟာ ပိုက်ဆံအဆုံးခံပြီး ကျနော့်ကတ်ပြားကို ပယ်ဖျက်လိုက်ပြီလားဆိုတာ မသေရာဘူး။ ကျနော်ဟာ ဒီတိုင်းပြေမှာ တရားဝင်ဖြစ်နေသေးလား တရားမဝင် ဖြစ်သွားပြီးလားလည်း မသိဘူး။ စုံစမ်းစစ်ဆေးလို့ရတဲ့ အင်တာနက်မပေါ်သေးဘူး။

ကျနော့်ကို အားကိုးတကြီးကြည့်နေတဲ့ မိတ်ဆွေသုံးယောက် ရဲ့ မျက်နှာတွေကို ငေးရင်း ကျနော်တွေးနေတယ်။ သေချာတာက နှစ်ပြည့်ပြီး အိမ်ပြန်ရတဲ့အထိ သူတို့ ရင်းလာတဲ့ ပိုက်ဆံပမာဏကို ပြန်ရ တော့မှာ မဟုတ်ဘူး။ မိသားစုတွေ ဒုက္ခရောက်နေလောက်ပြီး၊ ဒါပေမယ့် ဗျာ၊ ကျနော် သူတို့ကို ကူညီလိုက်ရင် နောက်ဆက်တွဲ ဘာတွေဖြစ်လာ နိုင်သလဲ စဉ်းစားစရာတွေ ရှိလာတယ်။

ချူးနဲ့ နီယို ဟာ သူတို့သုံးယောက် ထွက်ပြေးသွားမှန်း သိတာနဲ့ ဒေါပွလိမ့်မယ်။ ကျနော် အပါအဝင်ဆို လေးယောက်တိတိ ပြေးကုန်ပြီ။ လေးယောက်စာ စပေါ်ငွေတွေ ဆုံးတော့မယ် ဆိုတဲ့ စိတ်နဲ့ အမျက်ပြင်း စွာ ထွက်တဲ့ပြီး ထုံးစံအတိုင်း ဂန်းစကားတွေငှားပြီး လိုက်တော့မယ်။ ဒီတိုင်းပြေက ထင်သလောက်မကျယ်ဘူး။ ခဲတစ်ပစ်စာလောက်လေး ရှိတာရယ်။ ပိတ်စိတ်တိုက် ရှာရင် ဘယ်လိုလုပ်မလဲ။ ပိုဆိုးတာက လူ လေးယောက်စလုံး တစ်နေရာတည်းမှာ စုမိနေရင် အစုလိုက်အပြုံလိုက် မိကုန်လိမ့်မယ်။ အန္တရာယ်များလွန်းတယ်။ ဒါပေမယ့် ညှိုးငယ်နေတဲ့ ဘော်ဒါသုံးယောက်ရဲ့ မျက်နှာနွမ်းနွမ်းတွေကို ကြည့်ပြီး ကျနော် စိတ်ထိခိုက်တယ်။

အဲ့ဒါအပြင် ကျနော့်မျက်စိထဲ ထိပ်ပြောင်နှုတ်ခမ်းမွေး ချူးနဲ့ မျက်စိတစ်ဖက်လပ် လူထွားကြီး နီယိုကို ပြန်မြင်ယောင်ပြီး ပေါသထွက် လာကယ်။ မအေဘေးကြီးတွေကို ငါဒုက္ခပေးတော့မယ်လို့ ဆုံးဖြတ်ချက် လိုက်မိတယ်။ အကုန်ပြေးစမ်း။ ငါ့လူ သုံးယောက်တင်မက ကျန်တဲ့ ဗမာတွေကိုပါ အကုန် အလုပ်ရှာပြီး ပြေးခိုင်းပစ်မယ်။ ဟာနမာန်မျောက် အမြီးကို မီးရှို့မှတော့ သိန်းယိုပြည် မီးဟုန်းဟုန်းတောက်ပေတော့ ဆိုတဲ့ မိုက်တိမိုက်ကန်းစိတ်က ဖျတ်ခနဲ ဝင်လာတယ်။ အဲ့ဒီမှာ သူတို့ရှေ့တင် မှာပဲ ကျနော် ကိုဖိုးကျော်ကို ဖုန်းလှမ်းခေါ်လိုက်တယ်။

လူသုံးယောက်လောက် သွင်းမလား၊ ဝလုံး မဟုတ်ဘူး။ ကာက် ပြား အမှန်တွေ ကိုင်ထားပြီး အလုပ်မရှိဖြစ်နေတဲ့ ဗမာသုံးယောက်ရှိ တယ် ဆရာလို့ လှမ်းမေးတယ်။ မင်း အာမခံနိုင်ရင်ခေါ်ခဲ့လေ၊ အလုံး (ကျနော်တို့အလုပ်ရှင် ပီနန်းတရုတ်) က ငါ့ကို အလုပ်မနိုင်လို့ လူရှာခိုင်း နေတာ မင်းအသိပဲ တဲ့။ အဲ့ဒီအချိန်က ကျနော်တို့ ကန်ပနီဟာ အလုပ် တွေ သေလောက်အောင်ရနေတဲ့ ကာလကြီးကိုး။ မနက်ခင်း ၉ နာရီက နေ့ ည ၁၁ နာရီအထိ နေ့တိုင်း လုပ်တာတောင် အပတ်မလည်ကြဘူး။ ချန်ဂီလေဆိပ်မှာ ကျည်ကာမှန်ကြီးတွေ တပ်တာကနေ၊ ဟော်လန်ဗစ် လေ့ရှ်နားက

မိုင်ဝက်နီးပါးရှည်တဲ့ အဆောက်အဦးကြီးမှာ၊ မီးခံမှန်တံခါး ကွေ့၊ စတီးဖရိန်တွေ တပ်၊ ဘာခုတ်ဖက်က ရှီမိဖုက ဆောက်နေတဲ့ ကွန်စထရပ်ရှင်း တစ်ခုမှာ အထပ်ပေါင်းများစွာရဲ့ မီးမံမှန်တံခါးတွေ အချပ်ပေါင်း များစွာ ကပ်နေရတာကိုး။ သူဌေး "အလုံး" က အသက် ၃၀ စွန်းစလေးပဲ ရှိသေးတဲ့ လူငယ်ဖြစ်တော့ ပေါင်းလို့သင်းလို့ အင်မတန် အဆင်ပြေ တယ် (ကိုဖိုးကျော်နဲ့ အရွယ်တူတွေ)၊ လက်ဖျားမှာ ငွေသီးနေတော့ သူ ကိုယ်တိုင်လည်း ပိုက်ဆံကို အထပ်လိုက်ကိုင်သုံးသလို၊ အလုပ်သမားတွေကိုလည်း နှင့်နေအောင် ပေးနေတဲ့ကာလ ဆိုပါတော့။ တစ်ခါတလေ အလုံးရေ ... ကျနော့်ကို ပိုက်ဆံချေးပါ ဆိုတာကို တစ်ရာတန် ငါးချပ် လောက် ထုတ်ပေးတတ်တာမျိုး။ အာ ... တစ်ရာလောက်ဆို ရပြီဆိုတာ ကို တစ်ရာဆို မပေးဘူးကွာ ကျက်သရေမရှိဘူး။ များများသုံးမှ များများ ဝင်မယ် ယူမှာလား မယူဘူးလား တဲ့။ နှစ်သစ်ကူးအကြိုလို ကိစ္စမျိုးဆို ပိုက်ဆံကို အထုပ်လိုက်ကြီး ယူလာ (ဘဏ်ကတ်တွေ ဘာတွေ မကိုင် ဘူး)၊ ရော့ကွာ အန်ပေါင်း ဆိုပြီး ဝေပြီးတဲ့အပြင် စက်ရုံထဲက စတီးဖြတ်စ တွေ အကုန်ရောင်းစားပြီး ခွဲယူကြလို့ ပေးတတ်သေးတယ်။ စတီးဖြတ်စ တွေက ဈေး အင်မတန်ကောင်းတယ်။ ညနေ နှစ်သစ်ကူး ထမင်းသွား စားကြရင် ဂေလန်းလို နေရာမျိုးကို ကားနဲ့ အကုန်တင်ပြီး ခေါ်သွား၊ အသားကုန် မှုးအောင် တိုက်ကျွေး၊ ကာရာအိုကေ ဘာညာ အကုန်လုပ် ပြီးရင် ပိုက်ဆံအိတ် အထုပ်ဖောင်းဖောင်းကြီးကို စားပွဲပေါ် ပစ်တင်ပြီး ဒီည ဒါအကုန်ချပစ်လိုက်စမ်း ဆိုပြီး သောင်းကျန်းတဲ့ဟာမျိုး။

တစ်ခုပဲ၊ အလုပ် လက်ကြောမတင်းတဲ့ ကောင်ကိုတော့ နှစ်ရက်လောက် ခိုင်းကြည့်ပြီးရင် နောက်နေ့ မလာခဲ့နဲ့တော့ လို့ မောင်း ထုတ်တတ်တယ်။ လိုရင်းက အင်မတန် အခေါင်မြင့်နေသလောက် သဘောကောင်းတဲ့ သူဌေးပေါက်စလေး ဆိုပါတော့။ ကျနော့်ကိုလည်း အင်မတန် အားကိုးတယ်။ ကိုဖိုးကျော်ပြီးရင် ကျနော်က သူ့အတွက် ဖေးဘရိတ်ပဲ။ စာတတ်တယ်၊ စကားပြောတတ်တယ် ဘာညာနဲ့ အထင်ကြီးရှာတာ။ သူက ပညာသိပ်မတတ်ဘူး။ ဝရိန်ဆော်တဲ့ အလုပ်သမား ဘဝက ကြီးပွားလာကာ။

လိုရင်း ပြောရရင်၊ ကိုစောကြီး၊ ကိုဖြူနဲ့ အသေးလေးတို့ သုံးယောက်ဟာ ကျနော်နဲ့ ချိန်းတွေ့ပြီး နောက်တစ်နေ့မှာ အထုပ်လေးတွေပိုက်ပြီးလစ်ပြေးလာတော့တာပဲ။ သူတို့ခဗျာအထိတ်တလန့်နဲ့လစ်လာကြတယ်။ဖုန်းကဒ်တွေအသစ်ပြောင်းတယ် ကျွန်တော့်အလုပ်ထဲမှာ အဆင်မပြေရင် ဒုက္ခများမှာ ကြောက်ပြီးအလုပ်တွေ အသားကုန် ကြိုးစားလုပ်ကြတယ်၊အပြင်မထွက်ရအောင်လို့ လောရီကားတွေနဲ့ဆိုက် တကာပတ်ပြီး စတီးတံခါးတွေ ဆင်တဲ့နေရာမှာသူတို့ကို မထားဘူး။ စက်ရုံထဲကနေ အပြင်လုံးဝ မထွက်ခိုင်းပဲအထဲမှာပဲ ခိုင်းတယ်။သံကတ်ပင်ပြားတွေဖြတ်၊ စတီးပြားတွေဖောက်၊မီးခံ ဖိုင်းယားဝုဒ်တွေလှီး၊ဖရိန်တွေခွေ အစရှိတာတွေကိုတစ်နေကုန် တကုတ်ကုတ်နဲ့ လုပ်ကြရတယ်၊တစ်ခါပြထားပြီးရင် နောက်ထပ်ပြစရာ မလိုတော့သည်အထိ သူတို့ကြိုးစားကြပါတယ်၊

ကိုဖိုးကျော် ကျွန်တော်နဲ့ မလေးရှား တစ်ရုတ်အုပ်စုက ကားတွေနဲ့ဆိုက်တကာ ပတ်ကြရတယ်။သူဌေး အလုံးနဲ့ ဗမာ အလုပ်သမားအသစ် သုံးယောက်က စက်ရုံမှာအတူတူပေါ့၊နေ့စဉ်နဲ့အမျှမနက်ကိုးနာရီမှာဒေါင်းခနဲစလိုက်ကြတာ၊ ညဆယ်နာရီမှာပဲရပ်ကြတယ်။ထမင်းကိုနေ့လည်စာညစာ၂နပ်တိတိဝယ်ကျွေးတယ်။ လက်ဖက်ရည်၊ မုန့်၊ စီးကရက်(သူဌေးစားပွဲပေါ်မှာ အတောင့်လိုက်တင်ထားတယ်၊ ယူသောက်ရုံပဲ သူကိုယ်တိုင်ကလဲ အဆက်မပြတ်ဖွာတယ်)၊ဖရီး တိုက်ကျွေးတယ်၊

အလုပ် လုပ်ရင်း စီးကရက် ခဲလို့ရတာ တစ်တိုင်းပြည်လုံးမှာ ဒီတစ်လုပ်ပဲ ရှိမယ်လို့ ထင်တာပါပဲ။

ကျွန်တော်အပြင်က ပြန်ရောက်လာတိုင်း ကိုယ့်လူတွေကို အားပေးတဲ့ အနေနဲ့ အနားသွားပြီး "ပင်ပန်းနေပြီလား ကိုယ့်လူတွေလို့" မေးတဲ့အခါ ချွေးတွေ သံတွေကြားထဲက "ဟင့်အင်း မပင်ပန်းဘူးကွာ အရမ်းစိတ်ချမ်းသာနေတယ်"လို့ ရယ်မောပြီး ပြန်ဖြေတတ်ကြတယ်။ခုချိန်မှာ ဟို မအဘေးတွေ (ချူးနဲ့ နီယို) ဘယ်လောက်များ ဒေါပွနေမလဲ တွေးပြီး ကျနော့်စိတ်ထဲမှာ လျောင်ပြုံးလေးပြုံးလို့ပေါ့။

သူတို့ အလုပ်ဆင်းတာ နှစ်ပတ်ပြည့်တဲ့အခါ ထုံးစံအတိုင်း ညနေစောင်းတစ်ခုမှာ သူဌေး အလုံးက လခထုတ်ပေးတယ်။ စာအိတ် ကလေးတွေ ကိုယ်စီနဲ့ပေါ့။ ပလတ်စတစ်အိတ်ထဲက ကော်ဖီရည်ပူပူတွေ ကို ပိုက်နဲ့ စုပ်သောက်ရင်း ဆစ်ကလက်ဖွာနေတဲ့ ကျနော်က စက်ရုံ ထောင့်တစ်ခုမှာ ထိုင်ရင်း အမောဖြေနေတာကို သူတို့ သုံးယောက်သား အနားကပ်လာတယ်။ လစာအိတ်ကလေးတွေကို ဖောက်ပြီးသွားကြ ပြီ။ ပိုက်ဆံအထပ်လိုက်တွေ ကိုင်လို့ ဝမ်းနည်းဝမ်းသာ မျက်နှာတွေနဲ့ ကျနော့်ကို စကား ဗလုံးဗထွေးတွေ လာပြောနေကြတယ်။ တစ်ယောက် တစ်ပေါက်နဲ့ ဘာမှန်းကိုမသိပါဘူး။

"ဟော့ကောင် ... နှစ်ပတ်ထဲကို တစ်ထောင်ကျော်ရတာလား

ဝူး ဟူးဟူး

"ဟား ငါတို့ ဒီရောက်ကတည်းက ဒီလောက်များတဲ့ ပိုက်ဆံ မကိုင်ဖူးဘူး၊ ဝမ်းသာလွန်းလို့ ရူးချင်နေပြီတော့..

"ဒီတိုင်းဆို ငါတို့အကြွေးတွေ နှစ်လတောင် မပြည့်ပဲ ကျေတော့မှာလား ဟား ဟား ... တန်သွားပြီဟေ့ ပြေးတာ တန်သွားပြီ ထောင်ကျတောင် မမှုးဘူး။ ငါးလလောက်ပဲလုပ်ရပါစေ"

"ကျေးဇူးရှင်လေး....ဒီညအပြင်ထွက်ရအောင် ဘီယာသောက် မလား ဂေလန်းမှာ -၁ချရင်ချလေ၊ ငါတို့ ဒကာခံပါရစေကွာ လုပ်ပစ်လိုက်စမ်းပါ။

ဆောင့်ကြောင့်လေး ထိုင်နေတဲ့ ကျနော်က သူမြှူးနေတဲ့ သူတို့တွေကို ဆစ်ကလက်ငွေ့တွေ ကြားထဲက ငါးခူပြုံးလေး ပြုံးရင်းခပ်ကြွားကြွားအသံနဲ့ ပြန်ဖြေတယ်။

"ဘာလဲ .. ကျုပ်အချစ်ကလေး မေရီ ပါးရိုက်လိမ့်မယ် အသာ နေကြစမ်းပါဗျာ..."လို့

စီနီကိုလု(ပ) က ဗမာ့ထွက်ရပ်ဂိုဏ်း

ပုဒ်လန်း စက်မှုဇုန်ထဲမှာ အဲ့ဒီလို ပျော်ပျော်ရွှင်ရွှင် အလုပ်လုပ် ကြရင်း စီနီကိုလု(ပ) တဝိုက်နားက စက်ရုံအလုပ်ရုံတွေမှာ အလုပ်လုပ် နေတဲ့ ဗမာတွေနဲ့ တဖြေးဖြေး အသိအကျွမ်းဖြစ်လာရာက အုပ်စုအကြီး ကြီး ဖြစ်လာခဲ့တယ်။ စင်ကာပူရုပ်မြင်သံကြားဌာနတွေမှာ ဆက်တင်တွေ ဆင်တဲ့ စက်ရုံက ဦးပုည၊ ခင်မောင်သိန်း၊ ကျော်စွာ။ သူတို့နဲ့ကပ်လျက် ဟဲဗီးမရှင်းတွေ ကိုင်တဲ့ စက်ရုံက ဇမျိုး။ ပေါင်မုန့်ကားမောင်းတဲ့ ဥက္ကဋ္ဌ၊ မလုမ်းမကမ်းက ဘာအလုပ်ရုံမှန်းမသိတဲ့ အဆောက်အုံထဲမှာ နေတဲ့ ကိုအာနိုး။ ကျနော်တို့နဲ့ ဖင်ချင်းပေါက် စက်ရုံက ဆေးသုတ်သမား ကိုတိုး ကြီး။ ကွန်စထပ်ရှင်းတွေမှာ ငြမ်းတွေ အငှားလိုက်တဲ့ စက်ရုံက ရော့ခ် ဂီတကို ရူးသွပ်တဲ့ ဟဲဗီးလို့ ခေါ်တဲ့ မုံရွာက ဗလကြီး။ အရက်မူးလာတဲ့ အခါတိုင်း ကဗျာရွတ်ပြတတ်တဲ့ သဃ်န်းကျွန်းက ကိုငြိမ်းချမ်း (သူတာ ဘာလုပ်လုပ်သလဲ ကျနော်တို့မသိဘူး)။ အဲ့ဒီလူတွေအပြင် ကျနော်တို့ စက်ရုံက လူလေးငါးယောက်ပါ ထပ်ပေါင်းလိုက်တော့ ဗမာဂိုဏ်းက အကြီးကြီးပဲ။

အဲ့ဒီအုပ်စုကြီးတစ်ခုလုံးဟာ အချိန်နည်းနည်းအားတာနဲ့ လူစု ပြီး ခြင်းခတ်လိုက်၊ ထမင်းဟင်း စုပြီး ချက်စားလိုက်၊ အပျော်တမ်း ဖဲရိုက် လိုက်နဲ့ ပျော်ရွှင်ဖွယ်ရာ ကမ္ဘာလေးဖြစ်လာခဲ့တယ်။ ကျနော်တို့ နေရာက ခန ၁၀ မိနစ်လောက် လမ်းလျှောက်သွားရင် TIBS (အခု မရှိတော့ဘူး ထင်တာပဲ) တက္ကဆီ အလုပ်ရုံကို ရောက်တယ်။ TIBS တံဆိပ်ပါတဲ့

တက္ကဆီတွေကို ပြုပြင်တဲ့ နေရာပေါ့။ ။ အဲ့ဒီအဆောက်အဦးကြီးရဲ့ ဘေး မှာက ဘောလုံးတွင်းကြီးတစ်ခု ရှိတယ်။ ကွင်းကြီးရဲ့ အဆုံးမှာက ရာဘာ တောအုပ်ကြီးပဲ။ နောင်အခါမှာ အဲ့ဒီ တောအုပ်ကြီးဟာ ရီပတ်ပလစ် ပိုလီ တက္ကနစ်ကျောင်း ဖြစ်လာတယ်။ တောအုပ်ထဲမှာ ဘာရှိသလဲ ဆိုတော့ ထုံးစံအတိုင်း ယိုးဒယား ဖာတန်းပေါ့။ ပုံ့တွေထဲမှာ မွေ့ရာတွေ ဘာတွေ နဲ့ရယ်။ တွမ်တီဒေါ်လာ တွမ်တီဒေါ်လာနဲ့ အော်သံတွေကို ဆူညံနေတာပဲ။ တစ်ဘူး ၂ ကျပ်နဲ့ ဈေးပေါပေါ မာဘိုရို ဆစ်ကရက်တွေ မှောင်ခိုရမယ်။ အရက်ကလေးများ ပူးလာပြီလားဆို ကျနော်တို့ ဗမာအုပ်စုဟာ ဆစ်က လက် ဝယ်ရအခေါင်ဆိုပြီး အဲ့ဒီ တောအုပ်ထဲဝင်ပြီး ဂျပိုးသွားထိုးကြတော့ တာပဲ။ လူမျိုးပေါင်းစုံ ပွဲဈေးတန်းကြီးလိုဖြစ်နေတဲ့ တောအုပ်ထဲဝင်သွား ပြီး မူးကြောင်ရူးကြောင်နဲ့ ယိုးဒယားမတွေဆီက ဆစ်ကလက်ဘူးလေး တွေ ဝယ်လိုက်၊ တဟီဟီနဲ့ ပေါက်ကရလေးတွေ ပြောလိုက် ပျော်ရွှင်မြူး တူးနေကြတာရယ်။ ဘယ်သူမှတော့ တွမ်တီဒေါ်လာ ပေးပြီး ချုံထဲမလိုက် ရဲဘူး။ ကိုယ့်လူတွေရှေ့မှာ အဲ့လိုသွားလုပ်ရင် တစ်သက်လုံး စောက်ပြော ခံပေတော့ပဲကိုး။

အဲ့ဒီလို ဂျပိုးထိုးနေကြတုံး ပတ်တရောင်ရဲဝါယာလက်ကားရဲ့ မီးရောင်ကို ဖျတ်ခနဲ မြင်ရပြီဆိုပါတော့၊ တရုတ်၊ ကုလား၊ ယိုးဒယား၊ ဗမာ လူမျိုးပေါင်းစုံပါတဲ့

လူအုပ်ကြီးဟာ ဒရောသောပါး ပြေးကြရပြီ။ တောအုပ်ထဲက ထွက်တဲ့ပြီး ခုနက ပြောတဲ့ ဘောလုံးကွင်းကြီးကို ဖြတ် ပြေးကြတယ်။ အင်တာနယ်ရှင်နယ် မာရသွန်ပေါ့။ ပြေးရင်းလွှားရင်း ဗမာလို အော်ကြရသေးတယ်။ ဘယ်သူ.. ဘယ်ဝါရေ...ပါလာသလား ပြေးကြပါတဲ့ ဘာညာပေါ့။ ရဲကလည်း ဒီလောက်လူအုပ်ကြီးကို ဘယ် ဖမ်းရဲမှာတုံး။ ဏ လာခြောက်လှန့်ပြီး ပြန်သွားတာပါပဲ။ အဲ့ဒီတော့မှစာရင်းချုပ်တဲ့အခါ ဖိနပ်ပျောက်တဲ့ကောင်နဲ့၊ချေးပုံတက်နင်းတဲ့ ကောင် နဲ့ ဖုန်းပျောက်သွားတဲ့ ကောင်နဲ့၊ အနီးအနားက ယိုးဒယားမက လက်ဆွဲ ပြီး ထွက်ပြေးလို့ မြေအောက် ရေပိုက်လုံးထဲထိ ရောက်သွားတဲ့ကောင်နဲ့ ရှုပ်ရှက်ကိုခတ်နေတာရယ်။ ကိုယ့်စက်ရုံစုရပ်ကို ပြန်ရောက်ကြတော့မှ အဖြစ်အပျက်တွေကို စားမြုံ့ပြန်ရင်း တခွိခွိနဲ့ ပွဲကျနေကြပြန်ရော။ လ အနည်းငယ်ကြာတဲ့ အခါမှာ အဲ့ဒီ အချစ်တောအုပ်လေးလည်း ပျက်စီး ရှာတာပါပဲ။

နာမည် တအားကြီးလာပြီး လူတွေ ရှုပ်ရှက်ခတ်လာတဲ့အခါ ဟိုစဥ်က မာနယ်ပလောစခန်းလိုပဲ ရဲနဲ့စစ်တပ်ပေါင်းပြီးတောအုပ်ကို ဝင်စီးတာပဲ။ ကံကောင်းချင်တော့ စီနိကိုလု(ပ) က ဗမာဂိုဏ်းသားတွေ အဲ့ဒီနေ့က အချစ်တောအုပ်ဖက် ခြေဦးမလှည့်ဖြစ်ကြဘူး။ စက်ရုံတစ်ရုံ မှာ ချက်ပြုတ်စားသောက်ပြီး ပိုကာဒေါင်းနေကြတယ်။ တီဗီသတင်းက လိုက်ဖ်လွှင့်တာကို တစ်ယောက်ယောက်က မြင်လိုက်ပြီး ဟာ ... ဒီမှာ ဟေ့ ဆိုတော့မှ ဖဲဝိုင်းကို ရပ်လိုက်ပြီး ဝိုင်းအုံကြည့်ကြရတယ်။ ကျနော် တို့ ဖြတ်ပြေးခဲ့ဖူးတဲ့ ဘောလုံးကွင်းထဲမှာ ယိုးဒယားမလေးတွေဟာ ကေဘယ်လ်တိုင်းနဲ့ လက်နောက်ပြန်အရည်ခံရပြီး ဆောင့်ကြောင့်လေး တွေ ထိုင်ငိုနေလို့ရယ်။ စိတ်မကောင်းစရာပါပဲလေ။ ဒီကြားထဲ ကျနော့် ဘေးက ကိုစောကြီးက မှုံးမှုံးနဲ့ မျက်ရည်တွေသုတ်နေလို့ ...

“ဟယ် ... ဘာဖြစ်တာတုံး ကိုစောကြီးရယ် ” လို့ မေးကြည့် တော့၊ ငိုသံပါကြီးနဲ့၊ “ဟိုမယ်လေ ရှေ့ဆုံးတန်း ဘယ်အစွန်မှာ ... ငါ့သမီး လေးကွာ၊ အနှင့် ဆိုတဲ့ ငါ့သမီးလေး ... ယိုးဒယားမှာ ကျန်ခဲ့တဲ့ အမေအို ကြီးကို လုပ်ကျွေးနေတဲ့ ချစ်စရာသမီးလေး ဘယ်လောက်အားငယ်နေ ရှာမလဲကွာ၊ ငါမခံစားနိုင်တော့ဘူး” ဆိုပြီး မျက်ရည်တွေ သုတ်နေတယ်။မသာကြီးက လူပျိုသိုးကြီးရယ်။ အသက်က ၄၀ ကျော်နေပြီ အဲ့ဒီတုန်းက။ တစ်သက်လုံး ရည်းစားမထားဖူးဘူး။ အဲ့ဒါကို ဆစ်ကလက် သွားဝယ်တိုင်း အဲ့ဒီ ယိုးဒယားမလေးဆီကပဲ အမြဲဝယ်တယ်။ ကောင်မ လေးက ခပ်ချောချောလေး။ ညုတုတု အမြဲလုပ်တော့ ဒင်းက ကြွေသွားပုံ ရပါတယ်။ ကျနော်တို့ ရှေ့မှာတော့ လူကြီးပီပီ ခေါင်းပေါင်းဖြူကြီး၊ စိပ် ပုတီးကြီးနဲ့ ဂိုက်ဖမ်းနေပြီး လူအလစ်မှာ အဲ့ဒီ “အနှင့်” ဆီ တစ်ယောက် တည်း လစ်လစ်သွားပြီး တွမ်တီဒေါ်လာ သွားသွားပေးနေတယ်နေမှာ ပေါ့။ ခုလိုလည်း အဖမ်းခံရတာလည်း မြင်ကော မှုံးမှုံးနဲ့ ဟန်မဆောင်နိုင် ပဲ ငိုပါလေရောလား။ နောက်မှ အင်တာဗျူးကြည့်တာ ဘန်ကောက်မှာ ပြန်ဆုံကြဖို့ ချိန်းထားတဲ့အပြင် ကောင်မလေးက သူ့အမေနဲ့တောင် တွေ့ပေးဖို့ ကတိပေးထားပြီးသား တဲ့။ ရည်းစားဦးဇာတ်လမ်းလေးက ကိုစောကြီးအတွက် ဇာတ်သိမ်းမလှရှာပါလားပေါ့။ ကျနော်က သူ့ကို တိတ်ပါဗျာ ဆိုပြီး ချော့လိုက်၊ ကျန်တဲ့လူတွေက တဟားဟား ဝိုင်းရယ် လိုက်နဲ့ ငိုအားထက် ရယ်အားသန်ခဲ့ရတယ်။

အဲ့ဒီလိုနဲ့ ရက်တွေ လတွေကြာလာခဲ့တယ်။

စီနိကိုလု(ပ) ထဲမှာ လူတွေ လျော့ပါးစပြုလာပြီ။ ပထမဆုံး ကျနော့်ဆရာ

ကိုဖိုးကျော်ဟာ မိသားစု အရေးတစ်ခုပေါ်လာလို့ ဗမာပြေ ပြန်သွားတယ်။ ကိုအာနိုးဟာ တစ်ရက်မှာ အပြင်ထွက်ရာက ပြန်မလာပဲ ပျောက်ဆုံးသွားတယ်။ ဘာဖြစ်သွားတာလဲ ဗေဒင်မေးစရာမလိုပါဘူး။ တစ်ခါက ဖိုးရှောင်ပျောက်သွားတာ ကြုံဖူးတဲ့ ကျနော်က တန်းသိတာပဲ။ သူ ပြန်မလာလောက်တော့ဘူး။ မျှော်မနေကြနဲ့လို့ နာနာကျင်ကျင် ပြော ရင်း အံကြိတ်ထားမိတယ်။ ကျန်တဲ့ လူတွေဟာ မျက်နှာမကောင်းဘူး။ တစ်ပတ် နှစ်ပတ်လောက်အထိ အာနိုးကွာ အာနိုးကွာ နဲ့ တဖွဖွ ရွှတ်ရင်းစိတ်ထိခိုက်နေခဲ့ကြတယ်။ အဲ့ဒါဖြစ်ပြီး သိပ်မကြာဘူး အပြင်လောက က သတင်းတွေကလည်း ကျနော့်ဆီ အဆက်မပြတ် ရောက်ရောက်လာပြန် တယ်။

ကန်ထရိုက်တာ မောင်နီ ထောင်ကျသွားပြီ တဲ့။ လူက တရား မဝင် နေနေတဲ့အထဲ ကန်ထရိုက်လုပ်တဲ့ပြီး တရားမဝင်အလုပ်သမား တွေနဲ့ လုပ်ကိုင်စားသောက်နေတာကို ပြိုင်ဖက်တစ်ယောက်ယောက်က တိုင်လိုက်ပုံရတယ်။ ရဲဖမ်းခံလိုက်ရပြီး အမှုကြီးသွားတယ် တဲ့။ ကိုယ့် အပေါ်မှာ ကျေးဇူးရှိဖူးသူတစ်ယောက် ဆိုတော့ စိတ်မကောင်းဘူး။ ဆက်တိုက်ဆိုသလိုပဲ တစ်ခါက ဂေလန်းမှာ ကျနော့်ကို ခေါက်ဆွဲပြုတ် တိုက်ဖူးတဲ့ ကိုလှဝင်း ပါသွားတဲ့ သတင်း ကြားရတယ်။ ပိုက်ဆံလေး နည်းနည်းပေါတာနဲ့ ချောင်းဆိုးပျောက်ဆေး(ငါး) ချပြီး စက်ဘီးလေးနဲ့ လျှောက်သွားနေတတ်တဲ့ ကိုလှဝင်း။ **4D** ထီ ပေါက်သွားပြီး ပိုက်ဆံ တထောကြီး အရမှာ ငါးတွေ ချ၊ လောဘကို အတောမသတ်နိုင်ပဲ ငါးကို ပုံးလိုက်ကြီး သွားဝယ်ပြီး အိမ်အပြန် ရဲနဲ့ ပက်ပင်းတိုးသွားတယ်တဲ့။ ဒုက္ခ ဗျာ။ ငိုရမလား ရယ်ရမလား မသိဘူး။

ကျနော်တို့ အလုပ်မှာလည်း ကိုဖိုးကျော်ပြန်သွားကတည်းက ပြဿနာနည်းနည်းရှိလာတယ်။ သူ့ဌေးက မလေးရှားဖက်က လုပ်ငန်း တွေကို ဦးစီးနေတဲ့ သူ့ညီတစ်ယောက်ကို ခေါ်လာပြီး လစ်လပ်သွားတဲ့ ကိုဖိုးကျော်နေရာကို ဦးစီးစေတယ်။ အဲ့ဒီမလေးရှား တရုတ်ဟာ သူ့အကို နဲ့ အမူအကျင့်ပိုင်းဆိုင်ရာ သိပ်မတူဘူး။ နည်းနည်း ပါဝါပြချင်တဲ့ အနေ အထားရှိတယ်။ လုပ်ငန်းကျွမ်းကျင်နေပြီဖြစ်တဲ့ ကျနော်၊ ကိုစောကြီးနဲ့ အသေးလေးတို့ကို သူ ဘာမှသိပ်မပြောရဲပေမယ့် တစ်ခါတရံမှာ အူတူတူ ဖြစ်တတ်တဲ့ ကိုဖြူကို နည်းနည်းပြဿနာရှာချင်တဲ့ သဘောရှိတယ်။တတ်နိုင်သလောက် သတိထားဖို့ ကျနော် ကိုဖြူကိုသတိပေးနေရတယ်။ တစ်နေ့မှာ မမျှော်လင့်ထားတဲ့ အဖြစ်အပျက်တစ်ခုနဲ့ ထပ်ကြုံ ပြန်တယ်။ ဆိုက်တစ်ခုကအပြန် လော်ရီကားပေါ်မှာ ကျနော်က ခေါင်းခန်းက လိုက်လာတယ်။ အဖောင်း ဆိုတဲ့ မလေးရှားတရုတ်က ဒရိုင်ဗာ။ လော်ရီနောက်ခန်းမှာ ပစ္စည်းကိရိယာတွေနဲ့အတူ ကိုစောကြီး က ငုတ်တုတ်လေး ထိုင်ပြီး ငိုက်ရင်းပါလာတယ်။ ညနေ ၄ နာရီကျော် လောက်မှာ ပီအိုင်အီးဟိုင်းဝေးပေါ် ဖြတ်နေတုန်း ကားဘေး နောက် ကြည့်မှန်ကနေ အပြာရောင် လော်ရီကားတစ်စီး ကပ်လိုက်လာတာကို မြင်တယ်။ မသင်္ကာတာနဲ့ ဆက်တိုက် အကဲခတ်နေရင်း နှီးနှီးကပ်ကပ် တစ်ချက်ဖြစ်အသွားမှာ ကျနော်မှတ်မိသွားတယ်။ ဒါ ကျနော်တို့ ထွက် ပြေးလာခဲ့တဲ့ အလုပ်က ကားပဲ၊ သေချာတယ်။ နောက်ခန်း ဟာလာ ဟင်းလင်းကြီးမှာ ငုတ်တုတ်ထိုင်ငိုက်နေတဲ့ ကိုစောကြီးကို မှတ်မိသွား ပြီး လိုက်လာတာဖြစ်ဖို့များတယ်။ ဟိုလူ ကြောက်လန့်တကြား ဖြစ်မှာစိုး လို့ ကျနော် လှမ်းမပြောဘူး။ အသာလေးငြိမ်ပြီး မှန်ထဲကနေ ဆက် ကြည့်နေရင်း ဘေးချင်းတစ်ချက် အယှဉ်မှာ အဲ့ဒီကားအပြာကို မောင်း နေတဲ့ ဒရိုင်ဗာကို ရိပ်ခနဲ မြင်လိုက်ရတယ်။ နီယို ... မျက်စိတစ်ဖက်လပ် လူထွားကြီး၊ သေချာတာပေါ့၊ ဒင်းမှ ဒင်းအစစ်ပဲ။

ဟိုင်းဝေးပေါ်က ဆင်းလာပြီး ကျနော်တို့ စက်ရုံရှိရာ ဝုဒ်လန်း

စက်မှုဇုန်ထဲအထိ မလှမ်းမကမ်းကနေ ကပ်လိုက်လာနေတယ်။ ဒင်းကို စက်ရုံအထိတော့ အပါမခံတော့ဘူး ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ လမ်းထိပ်မှာ ဒရိုင်ဗာ အဖော်းကို ကားခဏ ရပ်ခိုင်းလိုက်တယ်။ ငါ လက်ဖက်ရည်နဲ့ ဆစ်ကလက် ဆင်းဝယ်လိုက်ဦးမယ်ဆိုပြီး ကားရပ်တာနဲ့ တံခါးဖွင့်ပြီး ခုန်ဆင်းလိုက်တယ်။ ဓာတ်တိုင်နစ်တိုင် အကွာလောက်မှာ နောက်ကလိုက်လာတဲ့ ကားအပြာလည်း ထိုးရပ်သွားတယ်။ အိပ်ငိုက်နေတဲ့ ကိုစော ကြီးက မျက်လုံးပွင့်လာပြီး ဟေ့ကောင် ဘယ်လဲ ... လို့ လှမ်းမပေးတာကို မဖြေမိဘူး။ အဝေးမှာ ရပ်နေတဲ့ ကားအပြာဆီကို တစ်လှမ်းချင်း လျှောက် သွားတယ်။ ကျနော့်စိတ်ထဲမှာ ကြောက်စိတ်မရှိဘူး။ နာကျည်းခံပြင်းတဲ့ စိတ်ပဲ ကြီးစိုးနေတာရယ်။ မင်း ဘာလုပ်မလို့ နောက်ယောင်ခံ လိုက်လာ တာလဲ လို့ မျက်နှာချင်းဆိုင်ပြီး မေးချင်နေတယ်။ ငါတို့ကို ဖမ်းချင်ရင် ရဲနဲ့ လာခဲ့ပါကွာ၊ ဒါမှမဟုတ် အရင်တစ်ခါကလို ဂန်းစတားတွေ ခေါ်လာ မှ ရမယ်။ ဒီတိုင်း လိုက်လာလို့ကတော့ မမူဘူးကွလို့ ပြောပစ်လိုက်ချင် တာရယ်။

ဒါပေမယ့် ကားအပြာဟာ ရုတ်တရက် ကွေ့ခေါက်ပြီး မောင်း ထွက်သွားတယ်။ ကျနော် ထိပ်တိုက်လာရင်ဆိုင်တော့မှာကို မလိုလား ဘူးလား ဘာလား မသေချာဘူး။ ဒါမှမဟုတ် ကျနော်တို့ ဝပ်ကျင်းရှိတဲ့ နေရာတဝိုက်ကို ခန့်မှန်းလို့ ရသွားပြီမို့ အသာလေးလှို့ပြီး ပြန်လစ်သွား ပြီလားပေ့ါ။ တင်းထားတဲ့ စိတ်ကို လျှော့ချလိုက်ပြီး အနီးအနားက ကန်တင်းတစ်ခုမှာ လက်ဖက်ရည်နဲ့ ဆစ်ကလက်တွေ ဝယ်ပြီး စက်ရုံကို ပြန်ခဲ့လိုက်တယ်။ ကိုယ့်လူတွေကတော့ ဘာမှမရိပ်မိရှာပါဘူး။ ကျနော် ဝယ်လာတဲ့ လက်ဖက်ရည်နဲ့ ဆစ်ကလက်တွေ သောက်လို့ ဟီး ဟီး ဟားဟားနဲ့ပဲ။

မျက်နှာမပျက်အောင် ဟန်ဆောင်ထားပေမယ့် ကျနော့်ရင် ထဲမှာ ခဲဆွဲထားသလို လေးလံနေတယ်။ ဒီအလုပ်မှာ သိပ်ကြာတော့မယ် မထင်ဘူး။

မိုက်မဲတဲ့ ဘာလက်ဒီးမေရီ

တစ်ရက်သား အပြင်မှာ အတူတူလျှောက်လည်နေရင်း ကျွန်တော်ဘာကောင်လဲ ဆို မေရီလင်းကို အကုန်ဖွင့်ပြောလိုက်တယ်၊တမင်တကာ ထိန်ချန်ထားတာမျိုးမဟုတ်ပဲ ဒီကိစ္စကို သူနဲ့ ကျွန်တော်ကြား စကား မစ ဖြစ်ခဲ့ဖူးဘူး။ သူ့စိတ်ထဲ ကျွန်တော်ကသာမာန် နိုင်ငံခြားသား အလုပ်သမားလေးလို့ ထင်နေပုံရတယ်။ကျွန်တော့် ပိုက်ဆံ အိတ်ထဲက အလုပ်သမား မှတ်ပုံတင်ကတ်ပြားကိုလည်း သူမြင်ဖူးနေတာကိုး။ဒါပေမယ့် ကျွန်တော်တို့ အုပ်စုကို ကားအပြာကနောက်ယောင်ခံ လိုက်လာတယ်လို့ ထင်မှတ်လိုက်တဲ့ နေ့ကတည်းက စပြီး၊ ကျွန်တော် ရင်ပူစ ပြုလာပြီး မတော်လို့များ ချူးနဲ့ နီယိုက ကျွန်တော်တို့ကို အတင်းလာဖမ်းပြီး အိမ်ပြန်ပို့တာခံရရင် ကျွန်တော်ဟာ မေရီကို နှုတ်ဆက်ခွင့် တောင်းရမှာ မဟုတ်ဘူး ဆိုတာကို သိနေတယ်။အဲဒီစိတ်ကြီးနဲ့ ကြိတ်မှိတ်ခံနေရတာဟာ ဝဋ်ကြီးလွန်းတယ်။ကြာလာတော့ မခံနိုင်တော့ဘူး။ အပြင်မှာ အတူတူလျှောက်လည်ပြီးလို့ သူ့ကို အိမ်အပြန် လိုက်အပို့မှာ

တောင်ကုန်းလေးပေါ်အရောက် "ခနနေဦး အချစ်ဆိုပြီး ဖြစ်ကြောင်းကုန်စင်ကိုဇာတ်စုံ ခင်းပြလိုက်မိတယ်။သူ့မျက်လုံး နက်နက်ကလေးတွေက ထိန့်လန့်တုန်လှုပ်သွားတာကို ကျွန်တော် အသေအချာ မြင်လိုက်ရတယ်။မွေးကတည်းက ဆင်းရဲငတ်မွတ်မှု ဆိုတာကို ဘာမှန်းမသိ ဒုက္ခဆိုတာ မကြုံဖူးရှာတဲ့ တစ်ပြည်သူ ကျွန်တော့်ချစ်သူ တရုတ်မလေးဟာ စိတ်မကောင်းဖြစ်သွားရှာတယ်။ဥပဒေချိုးဖောက်မှုတို့ ရဲအမှုအခင်းတို့ကို အင်မတန် ကြောက်လန့်အခေါင် ပုံသွင်းထားခံရတဲ့ တိုင်းပြည်မှာ မွေးလာရသူ ပီပီ၊ ဝရမ်းပြေးနေတဲ့ သူပါလားဆိုတဲ့ဖြစ်ရပ်ကြောင့် သူ့မျက်နှာ ကွက်ခနဲပျက်သွားတာ ဟန်မဆောင်ရှာနိုင်ဘူးဘာမှလဲ မှတ်ချက်မပေးပဲ မျက်နှာအိုအိုလေးနဲ့ ပြန်သွားရှာတယ်။သူကြောက်ရှာမှာပေါ့။

အိမ်အပြန်လမ်းမှာ ကမ္ဘာ ပျက်ရတာ ကျွန်တော့ပေါ့။အသက် ၂၀ စွန်းစ ချာတိတ်လေးဟာ ရထားပေါ်မှာ မျက်ရည်စက်လက်နဲ့ရယ်။ချစ်ရတဲ့သူက ဂုဏ်ရည်မတူသူ ငါကဝရမ်းပြေးခွေးဝင်စားကောင်။ငါ့ကြောင့် သူကြောက်လန့်သွားရှာပြီ၊ ငါဆိုတဲ့ဗမာ ကောင်ကို ချစ်မိခဲ့လို့ သူဝမ်းနည်းရှာပြီ။ နဂိုက ရွှေပြောင်းကူလီအခေါက်တန်းစားလေးကို များ သနားပြီး အကြင်နာ ပိုရှာတယ်လို့ စိတ်မကောင်း ဖြစ်ခဲ့ရတယ်။ခုဆို အဲ့ဒီထက်တောင်ဆိုးတဲ့ ဥပဒေ ပြင်ပက ကောင်မှန်း သိသွားရှာပြီ၊ငါ့ကြောင့် ထိခိုက်နာ ကျင်ရရှာတယ်၊ကံဆိုးလိုက်တဲ့ ငါ့မေရီလေးရာလို့ မချိတင်ကဲ ဖြစ်ပြီး မျက်ရည်ကျရတယ်။

ဝုဒ်လန်းဘူတာရောက်တော့ မိုးချုပ်စပြုနေပြီ၊စက်ရုံဖက် ပြန်တဲ့ ရထားပေါ် မတက်ဖြစ်ခဲ့ဘူး၊၂၄နာရီ ဖွင့်တဲ့ တရုတ် ထမင်းဆိုင်တစ်ခုမှာ ထိုင်ပြီး ဘီယာတွေ တစ်လုံးပြီး တစ်လုံး ထိုင်သောက်တယ်။မူးလေလေ ရင်ဘက်ထဲမှာ နာကျင်လေလေပဲ။

ငါဟာ ဘယ်လို ကံတရားကြောင့်များ ဒီလိုဘဝမျိုး ရောက်နေရတာလဲ လို့တွေးပြီး ရင်နာရတယ်။ငါက မိုးပျံနေအခေါင် မတော်ပေမယ့် သာမာန်လူတွေ အခေါက်တော့ မရောက်တဲ့ အသိဉာဏ် ရှိခဲ့တာပဲ။ငါဟာ စာကြီးပေကြီးတွေ ဖတ်ခဲ့ မှတ်ခဲ့ လေ့လာခဲ့ဖူးပြီး ဦးနှောက်က အတိုင်းအတာ တစ်ခုထိ ရင့်ကျက်နေတာပဲ၊ဒါပေမယ့် ဘဝကြီးက ခါးသက်လွန်းနေတာရယ် ငန်ခါးနေတာပဲ၊အဲဒါငါ့ဘဝရဲ့ အမှန်တရား သာမန်လူတစ်ယောက်ရဲ့ ဘဝမျိုးတောင် မရနိုင်ခဲ့တဲ့ကောင်၊ဘာမှ စောက်ဦးနှောက်မရှိတဲ့ ကောင်တွေကျတော့ ကံတရားလေးက ဖေးမှတော့

ငါ့မျက်စိရှေ့တင် ပြေပြေလည်လည် ဘဝမျိုးလေးတွေနဲ့ ဘဝကို အသာအယာ ရှင်သန်နေကြရတယ်။ငါက သေလောက်အခေါင်ကြီးစားပေမယ့် လူ့အလွှာရဲ့ အခေါက်ဆုံးက မတက်နိုင်ဘူးတဲ့လား။ အဲဒီလိုတွေ တွေးရင်း ချာချာလည်နေခဲ့တယ်။

“ဟန်နီ .. အိမ်ပြန်ရောက်ပြီလား၊ ဘာလို့ မက်ဆေ့မပို့တာလဲ ‘ ဆိုတဲ့ မေရီက မတ်ဆေ့လေးဝင်လာမှ ကျနော်သ တင်း ဘာမှပြန်မဖြေပဲ ဒရီးဒရိုင်နဲ့ကား တက္ကစီတစ်စီး တားပြီး အိမ်ကို အနိုင်နိုင်ပြန်ခဲ့ရတယ်။

နောက်နေ့တွေမှာကျွန်တော်မပျော်တော့ဘူး၊ကားအပြာဟာ ကျနော်တို့နေတဲ့နေရာကိုသိနေပြီဆိုတဲ့စိတ်ကခြောက်လှန့်နေတယ်။

(ကျန်တဲ့လူတွေကိုလုံးဝမပြောပြဖြစ်ဘူး)

ကျနော့်ဘဝအမှန်ကိုသိသွားတဲ့ချစ်သူမေရီဟာကျနော်အပေါ်ဘာဖြစ်သွားခဲ့ပြီလဲ ၊မရေရာဘူး။စိတ်တွေဟာ
ညစ်ညူးနေခဲ့တဲ့အပြင်အလိုလိုနေရင်းမာကျောကြွတ်စပ်နေတာပဲ။
အဲဒီမှာပြဿနာတစ်ခုထဖြစ်တာပဲ။

သူဌေးညီဆောက်ကြွားကြွားကောင်ဟာ အလုပ်လုပ်ရင်း ပုံမလာလို့ဆိုပြီး ကိုဖြူကိုနားရင်းသွားရိုက်လိုက်တယ်၊
ကိုယ့်သားအရွယ်လောက်ကလေးကကိုယ်ထိလက်ရောက် အလုပ်ခံလိုက်ရတော့ ကိုဖြူက မျက်နာငယ်လေးနဲ့ရယ်။ကျနော်ဒေါသကထိန်းမရတော့ဘူး။
လက်ညှိုးညှောင်းငေါက်ထိုးပြီးစိန်ခေါ်မိတယ်။
အဲတာမင်းအဖေအရွယ်လောက်ရှိတယ်ကွ။ရီး
ဖြစ်လို့ကိုယ်ထိလက်ရောက်လုပ်တာလား၊

လာခဲ့စမ်းငါနဲ့ချမလား။မအရေး မင်းကိုငါသက်ပြီး ဟိုဘက်ကမ်းရေကူးပြန်သွားမှာ။ငါတို့မှာဥပဒေမရှိဘူးဟုတ်လားလာလေ ၊ ဘာညာနဲ့စိန်ခေါ်မိတယ်။ကံကောင်းချင်တော့ သူဌေး အလုံး စက်ရုံထဲ ရောက်အလာနဲ့ တိုးတယ်။ ကျနော့်ကို ပခုံးဖက်ပြီး ထမင်းသွားစားရအခေါင်ကွာ ဆိုပြီး သူ့ရုံးခန်းထဲခေါ်သွားတယ်။

ကျနော်နဲ့ အလုံး ဘယ်လိုပဲ ညှိနှိုင်း ညှိနှိုင်း အဆင်မပြေကြ တော့ဘူး။ သူ့အတွက်ကလည်း တစ်ယောက်က ညီအရင်း၊ နောက်တစ် ယောက်က အားကိုးရတဲ့ တပည့်။ ဘယ်လိုမှ မဖြေရှင်းနိုင်ရှာတော့ပါဘူး။ စာရင်းချုပ်လိုက်တော့ ကျနော် အထုပ်ဆွဲပြီး စက်ရုံက တစ်ခါတည်း ထွက်လာလိုက်တာပါပဲ။ အဖြစ်အပျက်က မြန်ဆန်လွန်းတယ်။ ဒါပေ မယ့် ကျနော့်အမှားဆိုတာ သွေးအေးသွားတဲ့အခါ

ကိုယ့်ကိုယ်ကို ဝန်ခံ မိပါတယ်လေ။ ကားအပြာကို သွေးလန့်နေတာရယ်၊ မေရီကို ဆုံးရှုံးရပြီ ဆိုတဲ့ အသိရယ် နှစ်ခုပေါင်းပြီး ဘာမှမမြင်နိုင်တော့အခေါင် သွေးဆူခဲ့မိတာလို့ပဲ မှတ်ယူခဲ့ပါတယ်။ အလုပ်ရှင် အလုံးအပေါ်မှာ အဲ့လို ပစ်ပစ်ခါခါ လုပ်ခဲ့မိတာကိုတော့ နောင်တရခဲ့တယ်။

စက်ရုံက ကျနော်အထွက်မှာ နောက်တစ်ခါ လမ်းပေါ် ရောက် ခဲ့ပြီလားပေါ့။ အဲ့လိုတော့လည်း မဟုတ်တော့ပါဘူး။ စီနီကိုလု(ပ)ထဲမှာ ဗမာတွေ အများကြီးပဲဟာ၊ တွေ့ကရာ စက်ရုံထဲ အထုပ်ဆွဲပြီး ဝင်သွားခဲ့ တာပါပဲ။

စင်ကာပူရုပ်မြင်သံကြား ဌာနတွေအတွက် ဆက်တင်တွေ ဆင်တဲ့ စက်ရုံက ဦးပုညဆိုတဲ့လူဆီ ရောက်သွားတယ်။ ဖြစ်ပုံပျက်ပုံ တွေ ဇာတ်စုံခင်းပြတော့ လုပ်ငးဝတဲ့ စောက်မလေးရှားတရုတ်ကို ရိုက်ခဲ့ ရမှာ ... ညံ့ပါ့ကွာ တဲ့။ အဲ့လို အချီအချ ပြောနေကြတုန်း စက်ရုံထဲ လူ တစ်ယောက် ဝင်လာတယ်။ ကိုဖြူရယ်၊ အထုပ်ကလေးပိုက်လို့။ ညီလေး ရာ ... မင်းမရှိမှတော့ ငါလည်း မနေတော့ဘူး၊ ထွက်လာခဲ့ပြီ တဲ့၊ ခင်ဗျားကလည်း ကျနော်တောင် ဘယ်နား သွားနေရမှန်းမသိသေးဘူးလို့ ပြောတော့ ထုံးစံအတိုင်း မျက်နှာငယ်လေးနဲ့ရယ်။ ဒါပေမယ့် တစ်ရက်မကြာ ပါဘူး။ ဦးပုညသူဌေးနဲ့ အရင်က ပါတနာဖြစ်ခဲ့တဲ့ ဂျင်မီတန် ဆိုတဲ့ တရုတ် တစ်ကောင် ရှိပါကောလား။ အားလပ်ချိန်တွေမှာ ဒီစက်ရုံက ဆက်တင် ဆင်တဲ့ အလုပ်တွေကို ကျနော်တို့က အချိန်ပိုင်းဝင်ကူဖူးတော့ အဲ့ဒီ တရုတ်နဲ့လည်း ခင်ခင်မင်မင် ရှိပြီးသားဆိုပါတော့။ ခု အဲ့ဒီ ဂျင်မီတန်က အလုပ်ခွဲထောင်ထားပြီ တဲ့။ **TIBS Taxi** တွေကို ဝါယာကြိုး ဆင်၊ ကြော်ငြာ စတစ်ကာတွေ ကပ်ပေးတဲ့ လုပ်ငန်းဆိုလား။ ခုကို အလုပ် သမား လိုက်ရှာနေတယ်တဲ့။ ဦးပုညက ဖုန်းကောက်ဆက်ပေးပြီး ဂျင်မီ ရေ ... အလုပ်သမားရမယ်၊ အင်တာဗျူးကြည့်ပါ ဆိုပြီး ဖုန်းထိုးအပေး ကျနော်က လှမ်းနှုတ်ဆက်တယ်။

“ဟေ့.. ဂျင်မီ” လို့ပဲ ပြောရသေးတယ် အသံကို မှတ်မိဟန်နဲ့ “ဟာ ဟေ့ကောင် လခွမ်း ... လာမနောက်နဲ့နော်၊ ငါ့ဆီ တကယ်လုပ်မှာ လား၊ ခုညနေ တွေ့မယ်လေ” ဆိုပြီး အလုပ်တန်းခန့်ပါတယ်။ ကံတရား က ထင်သလောက် မဆိုးပါဘူးလေပေါ့။ အထုပ်ပိုက်ပြီး ကျနော်နဲ့ ကိုဖြူ နေရာအသစ်ကို ရွှေ့သွားကြတယ်။ ဒါပါပဲ။

အခု ပြောပြနေတဲ့ အဖြစ်အပျက်တွေ အားလုံးဟာ မေရီ ဆီက ပြန်လာပြီး သုံးလေးရက်အတွင်းမှာ ဖြစ်ပျက်သွားခဲ့တာပဲ။ ဘဝ အလှည့် အပြောင်းက မြန်ဆန်လွန်းတယ်။ ဂျင်မီဆီ ရောက်သွားပြီး အလုပ် အသစ်မှာ အထိုင်ကျဖို့ ကြိုးစားနေဆဲမှာ မေရီဆီက ဖုန်းလာတယ်။

“ဟန်နီ...ငါနင်နဲ့တွေ့ချင်တယ်” တဲ့။ အဲ့ဒီအချိန်မှာ ကျနော်က အလုပ်သိမ်းပြီးလို့ အသည်းကွဲ ဒဏ်ရာကို ကုစားတဲ့အနေနဲ့ အရက်သောက်နေတာ အတော်မူးနေပြီ။ကျနော့်ကို ဗရမ်းပြေးမှန်း သိသွားကတည်းက တိတ်ဆိတ်သွားတာ နည်းနည်းကြာနေတဲ့ သူ့ကို ကျနော်က ရီဝေဝေနဲ့ရိသ့ဲသဲ့ပြန်လုပ်တော့ တာပဲ။

“ဟာဟာ့...ငါ့ကို ချိန်းတာမကြောက်ဘူးလား၊ ငါကဝရမ်းပြေး နော် ...” ဆိုတော့၊ “ငါမသိဘူး ဟန်နီ၊ ငါ နင့်ကို လွမ်းတယ် ... တဲ့။ ငါ့ဖာသာ နေပါရစေတော့ဟာ၊ နောက်နောင် လာမပတ်သက်ပါနဲ့တော့... လို့ မောင်းထုတ်တာကို မရဘူး။

"ဟာင့်အင်း... ငါခုအိမ်က ထွက်လာမယ်၊ ဘယ်မှာလဲ ဘယ်မှာ လဲ... ခုပြောစမ်း" တဲ့။ ကျနော့်ကို ဖုန်းထဲကနေ ကုန်းအော်တယ်။

ကျနော် ဆက်မပြောပဲ ဖုန်းချလိုက်မိတယ်။ နေပါစေတော့ လေ။ သူ့ဘဝလေးနဲ့ သူသာ နေပါစေတော့။ ကံဆိုးမလေး၊ ငါ့ကြောင့် မနာကျင်စေချင်တော့ပါဘူး လို့ တွေးရင်း ဆစ်ကလက်ကို တွင်တွင်ဖွာရင်း မျက်ရည်ဝဲနေမိတယ်။

နောက်ထပ် နာရီဝက်လောက် အကြာမှာ ကျနော့်ဖုန်းဟာ အဆက်မပြတ် ပြည်နေတယ်။ အသံပိတ်ထားလည်း မိုင်ဗရေးရှင်းမုဒ် ကြောင့် တုန်နေတုန်းပဲ။ ဥပက္ခာပြုထားဖို့ ကြိုးစားပေမယ့်လည်း မရဘူး။ ဆတ်ခနဲ ကောက်ကိုင်ပြီး နားထောင်လိုက်တော့ ဗလုံးဗထွေးတွေ ပြော နေတဲ့ မေရီရဲ့အသံ။

"ဟန်နီ... ငါ ဝုဒ်လန်း ကော့စ်ဝေး ပို့စ့်နားမှာ ခု .. ဘာဖြစ်လို့ ငါ့ကို စကားပြန်မပြောတာလဲ ဟလို ဟလို ... ဟန်နီ နင် အဲ့လိုမလုပ်နဲ့ ဟာ .. ငါ အော်ငိုနေတာ ကြားတယ်မလား လူတွေဝိုင်းကြည့်နေပြီ၊ ငါသေသွားလိမ့်မယ်... အခု ငါ့ဆီကို ချက်ချင်းလာ..."

အဲ့လို အော်ဟစ်နေရင်း ဂလုတ်ဂလက် သံတွေ ကြားလိုက်ရပြီးဖုန်းကျသွားတယ်။ ကျနော့်ရင်ဘတ်ထဲ ဗလောင်ဆူကုန်ရော၊ ဘုရား ... ဘုရား ... မေရီ ဘာဖြစ်သွားပြီလဲပေါ့။ အင်္ကျီတစ်ထည် ကောက်စွပ်ပြီး ထပြေးတာပဲ။

မိနစ်အနည်းငယ် အကြာမှာ ကော့စ်ဝေးပို့စ့်နား ကျနော် ရောက်သွားတော့ ကြိတ်ကြိတ်တိုးနေတဲ့ လူအုပ်ကြီးဟာ ဘူတာရုံနဲ့ ရှော့ပင်းစင်တာ ကြားထဲမှာ ပြည့်ကြပ်နေတာပဲ။ နကိုက အရက်သောက် ထားလို့ ရီဝေဝေဖြစ်နေတဲ့ အရှိန်ဟာ ပျောက်သွားတယ်။ မေရီ ဘယ်မှာ လဲ မေရီ၊ ကျနော်နဲ့ ဖုန်းပြောနေရာက ဘာဖြစ်သွားတာလဲ မသိဘူး။ ဒုက္ခဗျာ။ သူ့ဖုန်းကို တစ်လမ်းလုံး ကျနော်ခေါ်လာတာလည်းမရ တော့ဘူး။ လူအုပ်ကြီးကြားထဲမှာ ဟိုပြေးဒီပြေးနဲ့ ကျနော် ဗျာများနေခဲ့ တယ်။

နောက်ဆုံး၊ လူအုပ်ကြားထဲက ထွက်ပြီး မာဆဲလင်းရပ်ကွက် ဖက်ကို ဆင်းတဲ့ ကုန်းလျှောကလေးရဲ့ ဆန်းရိုတ်တွေ မိုးထားတဲ့ လျှောက် လမ်းကလေးထိပ်မှာ တိုင်လေးတစ်ခုကို မှီတွယ်ပြီး အရုပ်ကြိုးပြတ်ထိုင် နေတဲ့ အနီရောင် အရိပ်ကလေးတစ်ခုကို လှမ်းမြင်လိုက်ရတယ်။ တီရှပ် အနီရောင်နဲ့ ဘောင်းဘီတို အနက်ရောင်လေးဝတ်ထားတဲ့ မိန်းမပျိုလေး တစ်ယောက်။ အနားကို အသာလေး ကပ်သွားတော့ နီယွန်မီးရောင် အောက်မှာ ကိုယ်လုံးလေးက တသိမ့်သိမ့်တုန်နေဆဲပဲ။ တအင့်အင့် ရှိုက်သံ သဲ့သဲ့လေးကိုတောင် ကြားနေရသလိုလို။ ခေါင်းငိုက်စိုက်ကျနေ တော့ ဆံနွယ်ရှည်တွေက မျက်နှာကို ကွယ်နေတယ်။ လက်နှစ်ဖက်လုံးနဲ့ ကျစ်ကျစ်ပါအောင် ဘာကိုဆုပ်ကိုင်ထားမှန်း မသိဘူး။ သူ့ရှေ့မှာ ကျနော် ဆောင့်ကြောင့်ထိုင်ချလိုက်တာကို မော့မကြည့်ဘူး။ ကျစ်ကျစ်ပါအောင် ဆုပ်ထားတဲ့ သူ့လက်နှစ်ဖက်ကို ဆွဲယူပြီး ဖြည်ကြည့်လိုက်တော့ တစ်စစီဖြစ်နေတဲ့ ဖုန်းလေးရယ်၊ ဘက္ထရီတွေ မှန်တွေ ဖုန်းအိမ်တွေ လက်ထဲက လွတ်ကျပြီး ကွဲသွားဟန်နဲ့ အကုန်လုံး တစ်စစီဖြစ်နေတယ်။အဲဒီ အပိုင်းအစ တွေကို သူ့လက်ထဲက ဆွဲထုတ်ပြီး မြေကြီးပေါ်ချထားလိုက်ရင်း ဆံနွယ်တွေကို ဆွဲဖယ်ရင်း သူ့မျက်နှာ ဖူးဖူးလေးကို ဆွဲထူ လိုက်တော့ပြူးကျယ်ဝိုင်းစက်တဲ့မျက်လုံးလေးတွေဟာ

မျက်ရည်တွေပြည့်လျှံနေတာမြင်လိုက်ရတယ်။ကျနော်မှန်းသိသွားတဲ့အခါ မေရီဟာ တင်ထားသမျှ လျှော့ချပစ်လိုက်ပုံရတယ်။ ကျနော့်ရင်ခွင်ထဲကိုပြိုဆင်းလာတယ်။ အလိုက်သင့်လေးသိမ်းကျုံးပွေ့ဖက်ထားရင်းက၊
ကျနော်နာနာကျင်ကျင်ရေရွတ်မိတယ်။

"သနားစရာငါ့အချစ်လေးရာငါ့ကြောင့်ငါ့ကြောင့်"သူကအင်ခနဲတစ်ချက်ရှိုက်ရင်း အငိုတဝက်နဲ့ ဗလုံးဗထွေးပြောတယ် ငါနင့်ကိုဘယ်တော့မှ ပြန်မတွေ့ရတော့ဘူးလို့ ထင်သွားတာ ဟန်နီရာတဲ့။

သူ့ရှေ့မှာဒူးထောက်ပြီးသိမ်းကျုံးပွေ့ဖက်ထားရာကလူချင်းဆွဲခွာတယ်။ မျက်နှာပေါ်မှာဝဲကျနေတဲ့ဆံနွယ်လေးတွေကိုလက်နဲ့သတ်ဖယ်ပေးတယ်။ မျက်ရည်တွေနဲ့ရွဲနစ်နေတဲ့ပါးပြင်လေးကို ကျတော်ပါးနဲ့ဘဲပြန်ညှာပြန်ကပ်ပြီးပွတ်ရင်း မျက်ရည်တွေကိုသုတ်ပေးနေမိတယ်။

ကျနော်ကောင်မလေးဟာကြေကွဲဆို့နှစ်နေတဲ့ကြားက အားတင်းပြီး ပြုံးပြနေတယ်။

အဲဒီမျက်ရည်စက်တွေနဲ့ စိုလက်နေတဲ့အပြုံးလေးကို မြင်လိုက်ရတဲ့အချိန်မှာ ကျွန်တော်ဟာ မိုးကောင်းကင်ကို ဒူးနဲ့ တိုက်ရဲတဲ့ သတ္တိ ရှိသွားပြီ။သူ့ကို ဆွဲထူရင်း ကျွန်တော်ပါ အတူတူ မတ်တပ် ရပ်လိုက်တယ်။ ဒူးပျော့ပြီး ခွေယိုင်သွားတဲ့သူ့ကို ဖေးမထားရင်း ရင်ခွင်ထဲ တင်းတင်းကြပ်ကြပ် ဖက်ထားတယ်။

အဲ့ဒီနောက်မှာ သူ့ကို အသာအယာ တွန်းဖယ်ပြီး မြေကြီးပေါ်က တစ်စစီဖြစ်နေတဲ့ သူ့ဖုန်းအပိုင်းအစ လေးတွေကို ကောက်ပြီး ကျနော့် ဂျင်းပန်နောက်ဖက်အိတ်ထဲ ထိုးထည့်၊ သူ့ပခုံးလေးကို ခပ်တင်းတင်းဖက်ပြီး ကော့စ်ဝေးပွိုင့် ရှော့ပင်းစန်တာထဲ ခေါ်သွားတော့တာပါပဲ။

ကျကွဲသွားတဲ့ သူ့ဖုန်းလေးနဲ့ အရောင်ကော မိုဒယ်ပါ တူတဲ့ ဖုန်းလေးတစ်လုံး ကောက်ဝယ်ပေးတယ်။ အားပါးတရ ငိုကြွေးထားလို့ နွမ်းလျနေတဲ့ သူ့မျက်နှာလေးက ပြုံးယောင်သမ်းသွားတယ်။ ကျနော့် ဘဝမှာ သူ့ကို ပထမဆုံး ဝယ်ပေးဖူးတဲ့ လက်ဆောင်လေးပါပဲ။ ကျနော် ဝတ်နေတဲ့ တီရှပ်တွေ၊ လီဗိုင်းဂျင်းပန်တွေ ဆိုတာ လတိုင်း သူချည့်ပဲ ဝယ်ပေးနေကျကိုး။ ခုလို ဝယ်ပေးတာကို ငြင်းဆန်တာတွေ ဘာတွေ လည်း မရှိပါဘူး။ ဖုန်းလေး လက်ထဲ ထည့်ပေးလိုက်တာနဲ့ သိုင်းခရူး ဟန်နီ ... လို့ ရွှင်ပျနေတဲ့ အသံလေးနဲ့ ခပ်တိုးတိုးရေရွတ်၊ ခြေဖျားလေး ထောက်ပြီး ကျနော့်ပါးကို ရွှတ်ကခနဲ ကောက်နမ်းပစ်လို့ ဖုန်းဆိုင်ထဲမှာ ရှက်ဝဲဝဲဖြစ်ရသေးတယ်။ ဖုန်းဝယ်ပြီးတာနဲ့ ခေါက်ဆွဲပြုတ်ဆိုင်တစ်ဆိုင် ဝင်ပြီး ခေါက်ဆွဲပြုတ်တစ်ခွက်စီ သောက်တယ်။ နှစ်ယောက်သား ပူးကပ်ပြီး အရိပ်တကြည့်ကြည့်ပဲ။ တစ်ယောက်ကို တစ်ယောက် မျက်စိ အောက်က အပျောက်မခံကြဘူး။ ခုထိလည်း စကားကောင်းကောင်း မပြောဘူးရယ်။ တစ်ယောက်ရဲ့ မျက်ဝန်းတွေထဲ နောက်တစ်ယောက်က စူးစူးနစ်နစ် စိုက်ကြည့်နေကြတာပါပဲ။ ခေါက်ဆွဲပြုတ်သောက်ပြီးလို့ ကော့စ်ဝေးပွိုင့် အပြင်ဖက်ကို လက်ချင်းချိတ်ပြီး ထွက်လာကြတော့

မေရီကျနော့်ကို မှီတွယ်ရင်း ခပ်တိုးတိုးပြောတယ်။ .... တဲ့။ "ငါ ဒီညအိမ်မပြန်ချင်ဘူး ဟန်နီ... နင်နဲ့ ဒီညတော့ မခွဲပါရစေတူတူပဲလို့ ပြန်ဖြေရင်း ကျနော်

တက္ကဆီ တစ်စီးကို လက်လှမ်း တားလိုက်မိတယ်။

ကျနော်နဲ့ ကိုဖြူတို့ နေတဲ့ အခန်းလေးကို ရောက်သွားတော့ ကိုဖြူတစ်ယောက် အံ့သြဟန်ပြတယ်။

ဟော့ကောင် ကြည့်လုပ်ဦး စောက်ပြဿနာတွေ တက်မယ် နော် ... လို့ ကျနော့်ကို ဗမာလို လှမ်းပြောတာကို၊ ဗမာလိုတစ်လုံးမှ နား မလည်တဲ့ မေရီက ခပ်တည်တည်နဲ့ ကိုဖြူကို အင်္ဂလိပ်လိုလှမ်းပြော တယ်။

စိတ်မပူပါနဲ့ အန်ကယ်၊ ကျမ အရွယ်ရောက်ပြီးသားပါ၊ ဘာမှ မဖြစ်ဘူး ... တဲ့။ ကျနော်က ပြုံးစိစိနဲ့ ကိုင်း ... ကြားတယ်မလား လို့ ကိုဖြူကို မေးငေါ့ရင်း ထောက်ခံပြလိုက်တော့ ကိုဖြူ ဘာမှမပြောတော့ ဘူး။

ကျနော်နဲ့ ကိုဖြူတို့ နေတဲ့ အခန်းက ခြောက်ထပ် အဆောက် အဦးကြီးရဲ့ မြေညီထပ် ထောင့်ဆုံးအခန်းပဲ။ အခန်းဘေးမှာက မြက်ခင်း ပြင်ကြီး။ အုန်းပင်အပုလေးတွေလည်း အစီအရီ စိုက်ထားတယ်။ အဲ့ဒီ အုန်းပင်လေးတွေ အောက်က မြင်ခင်းပြင်မှာ ခေါက်ကုလားထိုင်လေး ခင်းပြီး မေရီနဲ့ကျနော် ပက်လက်လှန်အိပ်ရင်း ကောင်းကင်ထဲကို မော့ ကြည့်နေကြတာ တစ်ညလုံးပါပဲ။ လေနုအေးလေးတွေက တစ်ညလုံး တိုက်နေတဲ့ ညဆိုတာ ကျနော်မှတ်မိပါသေးတယ်။ တစ်ယောက်နဲ့ တစ်ယောက် တင်းကြပ်စွာ ဖက်ထားရင်း ကျနော်တို့ စကားတွေ အပြန် အလှန် ပြောခဲ့မိတယ်။

“ဟန်နီ နင်ဘာဖြစ်လို့ ဒီဘဝရောက်နေရတာလဲ” “ဟော... ငါနားမလည်““အင်း ... ငါပြောချင်တာက ဘင်္ဂလားတွေ၊ ယိုးဒယားတွေ၊ ပြည်ကြီးတရုတ်တွေအဲ့ဒီအလုပ်သမားတွေတောကလာတဲ့လယ်သမား တွေဟာ...”

“အို...ငါလည်း တောမြို့ကလေးက လာတာပါပဲ အချစ်ရာ”

“နိုး ... အဲ့လို ပြောတာ မဟုတ်ဘူး၊ သူတို့တွေက စာမတတ်၊ ပညာမတတ်၊ အသိဉာဏ်နုံချာကြရရှာလို့ ကြုံရာလုပ်ရင်း ဒီမှာ ဝမ်းစာ လာရှာကြရတာ၊ အင်္ဂလိပ်လိုတောင် တစ်လုံးစနစ်လုံးစပဲ ပြောကတတ်ကြ တယ်

“ဟန်နီက ကူလီထမ်း၊ ပစ္စည်းတွေ သယ်ပိုး အဲ့လို ကြုံရာ ကျပန်း အလုပ်တွေ လုပ်ရင်း ဘာဖြစ်လို့ ဟဲမင်းဝေးတွေ၊ တော်စတွိုင်း တွေ ပြောပြောနေရတာလဲ ငါနားမလည်ဘူး၊ အဲ့ဒါ ပညာတတ်တွေ ပြော တတ်တဲ့ အကြောင်းအရာတွေ မဟုတ်လား”

ဟ...ဟ

“ပြီးတော့ အင်္ဂလိပ်စကားကို လိပ်ပတ်လည်အောင်ပြော တတ်တယ်၊ သန့်သန့်ပြန့်ပြန့် နေတတ်တယ်၊ ယဉ်ကျေးပျူငှာတဲ့ အမူ အကျင့် ရှိတယ်၊ ဘဝကို အကောင်း အမြဲမြင်တတ်တယ်၊ ငါ အသေချာ သိတယ် ဟန်နီရာ...နင် ဒီဘဝနဲ့ မတန်ဘူး သိလား”

“အင်း...တန်မတန်ငါမပြောတတ်ဘူး အချစ်ရာ”

“ငါက နင့်ကိုချစ်နေလို့ ဒီစကားတွေ ပြောတာမဟုတ်ဘူး သိလား ဟန်နီ၊ နင့်ကိုလေ ငါ ပထမဆုံး မြင်ဖူးခဲ့တုန်းကလေ၊ ဒီလောက် ဆင်းရဲပင်ပန်းတဲ့ အလုပ်တွေ လုပ်နေရတာတောင် ခေါင်းမှာ စွပ်ကျယ် အဖြူလေးကို စည်းနှောင်လို့ ချွေးတွေသံတွေ ရွှဲနစ်နေတဲ့ ကြားထဲကတွေ့တဲ့ လူတိုင်းကို ရယ်ပြုံးပြနေတဲ့ ပိန်ရှည်ရှည်ကောင်လေးဟာ....”

“အမလေးဗျာ...ငါက အဲ့လိုတဲ့လား”

“အင်း ... တခြားအလုပ်သမားတွေက ပင်ပန်းလွန်းတဲ့ အလုပ်အကိုင်ကြောင့် မျက်နှာတွေက ညှိုးနွမ်းနေတာရယ်၊ နင့်ပုံစံက ပြုံးစိစိနဲ့၊ ငါနဲ့ ငါတို့ အလုပ်က အဘိုးကြီး ရှိလန်တို့ အနားရောက်လာတိုင်း ပြုံးရွှင်ပြီး စကားတွေ ဖောင်ဖွဲ့နေတာရယ်၊ လောကကြီးကို အကောင်း မြင်နေတဲ့ ဟန်နဲ့ နော်၊ ရှိလန်က နင့်ကို ဘယ်လိုမှတ်ချက်ချသလဲ သိလား

“အင်း...ဘာတဲ့လဲ”

“ဒီကောင်လေး ဘယ်လိုဖြစ်ပြီး ဒီဘဝရောက်နေရတာလဲ မသိဘူးတဲ့၊ ရုပ်က ပညာတတ်ရုပ်ပဲတဲ့၊ လူရည်ကလည်း လည်သေး အံ့ဩစရာကွာတဲ့...”

(ဒီနေရာအရောက်မှာ ကျနော် မေရီကို နောက်ဦးမလို့ပဲ။ ဒါပေ မယ့် ဘေးတိုက်လှဲရင်း အုပ်မိုးပြီး မြင်နေရတဲ့ သူ့မျက်လုံးတွေက ဝမ်းနည်းညှိုးငယ်နေဟန်နဲ့မို့ မနောက်ရက်တော့ဘူး)

“ငါလေ ... အဲ့ဒီ နင့်ဟန်ပန်လေးကို ငေးငေးပြီး ကြိတ်ကြွေခဲ့ရ တာပေါ့၊ ခုဆို ငါစိတ်ထိခိုက်တယ်၊ ငါ့ကောင်လေးရဲ့ဘဝကိုတွေးမိတိုင်း ငါရင်နာရတယ်သိလား”

အဲ့လို လေးလေးနက်နက်လေး ပြောရင်း စိတ်ထိခိုက်လွန်းလို့ သူ့အသံက တိမ်ဝင်သွားရှာတယ်။ ကျနော်လည်း အခြေနေကိုထိန်းတဲ့ အနေနဲ့ ရယ်သံလေးစွက်ပြီး နောက်ပြောင်ဖို့ ကြိုးစားရတယ်။

“အိုး ... ငါတော့ သတိတောင်မထားမိခဲ့ပါဘူး အချစ်ရာ . . - ဟိုဟာလေ.. ဘူတာရုံမှာ နောက်ကနေ လာသိုင်းဖက်တာ ခံလိုက်ရမှဖီးလ်တက်သွားတာ သိလားဟားဟား...”

ရုတ်တရက် ရှက်ပြီး မေရီကျနော့် ရင်ဘတ်ကို လက်သီးလေးနဲ့ ဘုတ်ခနဲ ထိုးတယ်။ ကျနော် သူ့ကို သိုင်းဖက်ပြီး နဖူးပြောင်ပြောင်လေး ကို နှုတ်ခမ်းနဲ့ ဖိကပ်ထားမိတယ်။ သူ့ဆံနွယ်တွေဆီက ရနံ့သင်းပျပျ ကလေးကို မွှေးကြူရင်း တအားကြီး ဖက်ထားလိုက်မိတယ်။ ခဏကြာ အခေါင် ငြိမ်နေကြပြီး မေရီတစ်ယောက် ကျနော့်ရင်ခွင်ထဲကနေ လူးလွန့် ပြီး လူချင်းခွာတယ်။ ကျနော့်မျက်နှာကို သူ့လက်ဖဝါးလေး နှစ်ခုကြားမှာ ညှပ်ပြီး တစိမ့်စိမ့်ကြည့်တယ်။ အမြတ်တနိုး ကြည့်တယ်။ ပြီးတော့ အရူးမ လေးလို တတွတ်တွတ်တွေ ဆီမန်းမန်းသလိုရွတ်ပြန်ရော။

“ဟန်နီ ... နင့်ဘဝ ဘာဖြစ်နေနေ ငါဂရုမစိုက်ဘူး သိလား၊ နင်က ငါ့ချစ်သူပဲ၊ နင်နဲ့ဝေးများဝေးရရင် ငါသေသွားလိမ့်မယ်၊ တစ်ခုခု လုပ်လို့မရဘူးလားဟာ တစ်ခုခုလေ...”

"ဒီလိုဘဝကြီး မဟုတ်ပဲ နည်းမှန်လမ်းမှန်နဲ့ သာမန်ဘဝတစ်ခု ရအောင် အဲ့လို လုပ်လို့မရဘူးလား၊ ငါလေ ငါက သာမန်ဝန်ထမ်းမလေး ပါဟာ... ဒါပေမယ့် ငါ့မှာ ပိုက်ဆံလေးစုထားတာနည်းနည်းရှိပါတယ်"

ရေ့လျှောက်ပြီးတော့လည်း နင်နဲ့ငါ ပိုက်ဆံချွေတာကြမယ် လေ၊ အခါတိုင်းလို မသုံးကြနဲ့စို့ဟာ ... အဲ့လိုလေးတွေ စုဆောင်းပြီး တော့လေ ... နင် အိမ်ပြန်သွားပြီး ဒီကို ပြန်လာလို့မရဘူးလားဟင် ... ဟို ကျောင်းလာတက်တာတို့ ဘာတို့လိုမျိုးပေါ့..."ကျောင်းသားဖြစ်သွားရင် ငါတို့ဘဝတွေ နီးစပ်ဖို့ ဖြစ်နိုင်သွား ပြီသိလား၊ ငါပြောတာ နားလည်တယ်မလားဟန်နီရာ...ဟင်...လို့"

"ငါလေ... ငါ... ဒီရက်တွေမှာ အဲ့ဒီဟာတွေချည့်ပဲ တွေးနေ လို့ ညကောင်းကောင်း အိပ်မပျော်ဘူးကွာ သိလား၊ ငါတို့ အနာဂတ်ကို တွေးမိတိုင်း ငိုရလွန်းလို့ သေတော့မယ်ဟာ..."

တစ်ချိန်လုံးငြိမ်ပြီး နားထောင်ခဲ့သမျှ ရုတ်တရက်ရှုး...ရှုး... လို့ ကျနော့်ပါးစပ်က အသံပြုလိုက်မိတယ်။ စိတ်လှုပ်ရှားပြီး စကားတွေ အဆက်မပြတ် ပြောနေတဲ့ မေရီကို ကျနော် အတင်းဆွဲဖက်ထားလိုက် တယ်။ သနားပါတယ်ဗျာ။

"စိတ်ကိုလျှော့ထား အချစ်ရာ ... ငါတို့ အဆင်ပြေမှာပါ၊ တစ်ချိန်ကျ အဆင်ပြေသွားမှာပါကွာ" လို့ တဖွဖွ ပြောရင်း သူ့ကျောပြင် လေးကို ပွတ်ပေးနေမိတယ်။ မေရီ ဆိုတဲ့ ကောင်မလေးဟာ ကျနော့် ချော့မြူမှုကြောင့် ခဏအကြာမှာ စိတ်လှုပ်ရှားပြီး တဆတ်ဆတ် တုန် နေရာက ပြန်လည်ငြိမ်သက်သွားတယ်။

မိနစ် အတန်ကြာအောင် ငြိမ်နေကြအပြီးမှာ ကျနော် မေရီ နားရွက်နား ကပ်ပြီး ခပ်တိုးတိုးလေး လေသံလေးနဲ့ ပြောတယ်။ "မိုက်မဲ တဲ့ ငါ့ရဲ့ဘလတ်ဒီး မေရီလေးပဲ ..."လို့။

သူက ကျနော့် မေးစေ့ကို ပါးဖောင်းဖောင်းလေးနဲ့ ပွတ်သပ်ရင်း ပြန်ဖြေတယ်။ အချစ်က လူတိုင်းကို မိုက်မဲစေတာကိုး ဟန်နီရာ... တဲ့။ အဲ့ဒီညက မိုးလင်းတဲ့အထိ ကျနော်တို့ မအိပ်ပဲ တစ်ယောက် နဲ့ တစ်ယောက် ထွေးပွေ့ထားခဲ့မိကြတယ်။

ရှိုးဒေါင်း

နောက်ဆုံး အလုပ်ရှင် ဂျင်မီတန်ဟာ လူကောင်းဗျ။ သူ့အလုပ် သမားတွေ ဖြစ်တဲ့ ကျနော်နဲ့ ကိုဖြူ့အတွက် နေရာထိုင်ခင်းကို သန့်ပြန့် နေအောင် ထားပေးတယ်။ ဘော်ဒါတွေလိုပဲ ဆက်ဆံတယ်။ ကျနော်တို့ အလုပ်ဆိုတာကလည်း အင်မတန်ရိုးရှင်းပြီး သက်သာလွန်းတယ်။ မနက် အိပ်ရာထ ရေမိုးချိုး၊ စပို့ရှပ်အဝါနဲ့ ဘောင်းဘီရှည်အနက် ယူနီဖောင်း ဝတ်၊ ရှူးဖိနပ်စီး၊ ကော်ဖီသောက် ဆစ်ကလက်ဖွာရင်း ရှိလန် လာကြိုတာ ကို စောင့်နေလိုက်။ သူရောက်လာရင် လုပ်ငန်းသုံး ထူးစ်ဘောက်စ်လေး တွေ ဆွဲပြီး ကားပေါ်တက်လိုက်သွားရုံပဲ။

TIBS တက္ကစီ အလုပ်ရုံဝင်းထဲ ရောက်သွားမယ်။ ဒုတိယ ထပ်က ကျနော်တို့ အလုပ်လုပ်မယ့် နေရာလေးမှာ ချပေးပြီး သူထွက် သွားတာပဲ။ ကျနော်တို့ရဲ့ တစ်နေ့တာ တာဝန်က ဘာလဲဆိုတော့ကာ တက္ကစီတွေ လာထိုးပေးတာကို ခေါင်မိုးပေါ်မှာ ဒီစီဘတ်ထရီသုံး ဖောက် စက်နဲ့ အပေါက်ဖောက်ပြီး ဒိုင်ဘာဂလပ်စ်နဲ့ မိုလောင်းထားတဲ့ ပစ္စည်း တွေ စွပ်ပေး၊ စတစ်ကာလေးတွေ ကပ်ပေး၊ အဲ့ဒီပစ္စည်းတွေထဲ ထည့်ထား တဲ့ အလှမီးလုံးလေးတွေ အလုပ်လုပ်အောင် ကားထဲက ဓာတ်ကြိုးနဲ့ ဆက်ပေး၊ ဒါပါပဲ။ အင်တာနက်တွေ မပေါ်ခင်က အင်မတန်ခေတ်စားတဲ့ ကြော်ငြာလုပ်ငန်း ဆိုပါတော့။ မျက်စိထဲမြင်အောင် ပြောရရင် ဘရန်းကြက်ပေါင်းရည် ဆိုပါတော့။ အဲ့ဒီ ဘရန်းကြက်ပေါင်းရည်ပုလင်းနဲ့ ပုံတူ ပုလင်းအကြီးကြီးကို တက္ကစီခေါင်မိုးပေါ်မှာ တပ်ပေးလိုက်တာပါပဲ။ မီးလုံး လှလှလေးတွေပါ ပါမယ်။ နီကွန်ကင်မရာ အသစ်ထွက်တယ်ဆိုလည်း ထိုနည်း၄င်းပဲ။ ကင်မရာအကြီးကြီး လုပ်ပြီး ခေါင်မိုးပေါ် တပ်ပေးလိုက် တာရယ်။

တစ်ရက်ကို ပျမ်းမျှ တက္ကစီ ၈ စီး ဆင်ပေးရတယ်။ တပ်ဆင် ချိန် မိနစ်နှစ်ဆယ် နာရီဝက်ပေါ့။ တစ်စီးတပ်ပြီးသွားရင် အနားမှာဖွင့်ထား တဲ့ ကော်ဖီဆိုင်မှာ သွားထိုင်ပြီး ဝတ္ထုထိုင်ဖတ်လိုက်၊ ကော်ဖီသောက်၊ ဆစ်ကလက်ဖွာလိုက် လုပ်နေလို့ရတဲ့ အထိ သက်သာတယ်။ ညနေ ၅ နာရီထိုးတာနဲ့ **TIBS** အလုပ်ရုံပိတ်တယ်။ တခြားအထပ်က မက္ကင်းနစ် တွေ ဘာတွေကအစ အကုန်အလုပ်ဆင်းရရော။ အဲ့ဒီအချိန်ရောက်တာ နဲ့ ဂျင်မီတန်တစ်ယောက် လာကြိုပြီး အိမ်ပြန်ပို့ပေးတယ်။ နိစ္စဓူဝ ဒါပါပဲ။ စနေ တနင်္ဂနွေ ပိတ်တယ်။ **TIBS** အလုပ်ရုံကိုက ပိတ်တာရယ်။ ဘယ် လောက် သာယာလိုက်တဲ့ အလုပ်လဲ လို့၊

သိပ်မကြာပါဘူး၊ ဂျင်မီရဲ့ လုပ်ငန်းဟာ အတော်အောင်မြင်လာ တယ်။ ဘစ်ရှန်းမှာ ရှိတဲ့ နောက်ထပ် တက္ကစီကုမ္ပဏီ တစ်ခုဖြစ်တဲ့ **City Cab** နဲ့ပါ ထပ်လုပ်ဖို့ အလုပ်တွေထပ်ရပြန်ရော။ တက္ကစီ အစီးရေ ငါးရာ၊ တစ်ထောင်လောက်ရဲ့ ခေါင်မိုးတွေမှာ ကြော်ငြာပစ္စည်းတွေ၊ မီး တွေ ဆင်ရတော့မယ်။ အဲ့ဒီမှာ ကျနော်တို့ မနိုင်တော့ဘူး၊ လူအင်အား လိုလာပြီ။ အရင်အလုပ်မှာ ကျန်ခဲ့တဲ့ ကိုစောကြီးနဲ့ အသေးလေးကို လှမ်းပြောတယ်။ ထွက်ခဲ့ပြီး ဒီဖက်ပြောင်းလာပါလို့။ ကျနော်နဲ့

ကိုဖြူတို့ ရဲ့ အခြေနေကို လာကြည့်ပြီး သူတို့လည်း ချက်ချင်းရောက်လာတာပဲ။ သန့်ပြန့်အောင် ဝတ်စားရတယ်။ မပင်ပန်းဘူး။ ဝင်ငွေကောင်းတယ်။အလုပ်ရှင်ဟာ မခွဲခြားဘူး။ လူလိုသူလို ဆက်ဆံတယ်။ သောကြာညမျိုး ဆို အလုပ်ရှင်က အလုပ်သမားတွေနဲ့ တစ်နိုင်ငံလုံး ပတ်ပြီး ဆိုင်ကောင်း ကောင်းတစ်ခုရှာပြီး အတူတူသောက်စားကြတာပဲ။ ဒီလိုဘဝမျိုး ဘယ် နား သွားရှာမတုံး။ ကျနော်တို့ လေးယောက်စလုံးပြန်ပေါင်းစည်းမိပြီး။

အဲ့ဒီလို တည်ငြိမ်တဲ့ ဘဝမျိုးအရမှာ ကျနော်တွေးတွေးဆဆ ပြောမိသေးတယ်။ အစကတည်းက ဒီလိုအလုပ်ရှင်ဆီသာ ရောက်လာခဲ့ ရင် ဘယ်လောက်ကောင်းမလဲဗျာ လို့။ ကျနော်တို့က လူညံ့တွေမှ မဟုတ် တာပဲ။ ခုလို အလုပ်မျိုးနဲ့ မခွဲခြား မနှိပ်စက်တဲ့ အလုပ်ရှင်မျိုးဆီသာ ရောက်ခဲ့ရင် ကိုဖြူတို့ ကိုစောကြီးတို့လို လူကြီးတွေဟာ အလုပ်ကို ဖောက်ချလုပ်ပြီး ငွေစု အိမ်ကို ငွေပို့ပြီး တစ်ချိန်မှာ ပျော်ပျော်ရွှင်ရွှင် အိမ် ပြန်နိုင်ကြမယ်။ လူငယ်ဖြစ်တဲ့ ကျနော်တို့ အသေးလေးတို့ဟာလည်း ကိုယ့်ဘဝ တိုးတက်ရာ တိုးတက်ကြောင်းဖြစ်တဲ့ ညကျောင်းလေး ဘာ လေး ဆက်တက်ပြီး ပိုမိုကောင်းမွန်တဲ့ အနာဂတ်ဆီ သွားလို့ရမယ်။ ခုတော့ ကံမကောင်း အကြောင်းမလှစွာနဲ့ ကျုပ်တို့ အနာဂတ်ဟာ ဘာမှန်းမသိတော့ပါဘူးဗျာ…လို့။

အရာရာဟာ ကံတရားပေါ့လေ လို့ပဲ ရေရွတ်ရင်း ခပ်ယဲ့ယဲ့ပြုံးရုံပဲတတ်နိုင်တော့တယ်။

ကျနော်နဲ့ မေရီတို့ရဲ့ အချစ်ရေးကလည်း ဖြောင့်ဖြောင့်ဖြူးဖြူး ပါပဲ။ သူက ကျနော့်ရဲဘော်တွေနဲ့ ခင်ခင်မင်မင်တောင် ဖြစ်လာတာရ ကိုယ့်လူတွေက ဘာပြောလဲ ဆိုတော့ မင့်တို့နှစ်ယောက်က အရမ်းလိုက် ဖက်ညီတဲ့ စုံတွဲပဲကွာတဲ့။ မြှောက်ပြောတာလားတော့ မသိပါဘူး။ ဟေ့ကောင်တဲ့၊ မင်းတို့သာ တကယ်ညားရင် မွေးလာတဲ့ ကလေးက ဆံပင် အတော်လှမှာကွ တဲ့။ နှစ်ယောက်စလုံးရဲ့ ဆံပင်တွေက အရမ်းနက်မှောင်ပြီး အိစက်နေတာမျိုး တဲ့၊ ကျနော်ကတော့ ပြုံးပြီးပြီးနဲ့ ကျေနပ် နေတာပါပဲ။

ဒီလိုနဲ့ လပေါင်းများစွာ အကြာမှာ ကျနော်တို့ရဲ့ အလုပ်သမား မှတ်ပုံတင် **WP** ကတ်ပြားတွေ သက်တမ်းကုန်ဆုံးခါ နီးလာတယ်။ ဘာ ဆက်လုပ်ကြမလဲ ဆုံးဖြတ်ရမယ့် အချိန်ကို ရောက်လုနီးလာပြီ။ အရာရာ အဆင်ပြေနေတာပဲဆိုပြီး အိမ်မပြန်ပဲ အလုပ်ဆက်လုပ်နေကြမယ် ဆိုရင် ကတ်ပြားသက်တမ်း ကျော်တာနဲ့ သေချာပေါက် တရားမဝင်တွေ ဖြစ်ကြရတော့မယ်။ အိမ်ပြန်ကြဖို့ ဆိုတာကလည်း ကျနော်တို့ အားလုံးရဲ့ ပါ့စပို့တွေက မူလ အလုပ်ရှင်တွေဖြစ်တဲ့ ချူးနဲ့နီယိုတို့ရဲ့ လက်ထဲမှာ။ ကိုင်း … ဘာဆက်လုပ်ကြမလဲပေါ့။

ကျနော်တော့ တရားမဝင်ဘဝနဲ့ ဆက်မနေနိုင်ဘူး။ တရား မဝင် ဗမာဝလုံးတွေ အချင်းချင်း ဒီမှာ အတူနေပြီး ညား၊ ကိုယ်ဝန်ရ၊ ဆေးရုံ သွားလို့မရတော့ အိမ်မှာ မွေးဖို့ကြိုးစား၊ ကလေးမမွေးနိုင်ပဲ အသက်ဆုံး ရ။ အတူတူနေတဲ့ လူတွေက ပြဿနာတက်ပြီဆိုပြီး အလောင်းကို ထားပြီး ထွက်ပြေးကြ … အစရှိတဲ့ ရင်နာစရာဘဝတွေရယ်။ ဟိုအိမ်ကို တော့ ရဲတက်ဖမ်းသွားပြီ၊ ဟိုကောင်တော့ ပါသွားပြီ … အစရှိတဲ့ သတင်း စကားတွေ ကြားရတိုင်း ထိတ်လန့်သွားတတ်တဲ့ မျက်လုံးတွေနဲ့ ဗမာ တွေ။ အို … ဘယ်လိုမှ မဖြစ်နိုင်ဘူးထင်တယ်ဗျာ။ အဲ့ထက် အရေးကြီး တာတစ်ခုရှိသေးတယ်။

မေရီ … ကျနော့်ကို ချစ်တဲ့ တရုတ်မလေး မေရီဟာ တစ်သက် လုံး အထိတ်တလန့်နဲ့ ကျနော့်ကို ချစ်နေရရှာလိမ့်မယ်။ ဘယ်အချိန်မှာ များ သူ့ချစ်သူ ပျောက်ဆုံးသွားမှာလဲ ဆိုတဲ့ စိုးရိမ်စိတ်ကြီးနဲ့၊ အို… သနား စရာကွယ်။ မရပါဘူး။ ပြန်မယ်။ ကျနော်အိမ်ပြန်မယ်။ တစ်နည်းနည်းနဲ့တရားဝင် ပြန်ဝင်လာမယ်။ ဂျင်မီတန်ဆီ အလုပ်သမား ပြန်လာလုပ်ရင် လုပ်၊ မလုပ်ရင် ကျောင်းလျှောက်မယ်။ ဝါကျနော့်ဆုံးဖြတ်ချက်ပဲ။ ကျနော် တို့ ရင်းကြတာပေါ့။ ပဲ့စပို့နဲ့ မှတ်ပုံတင်ကတ် လဲပြီး အိပ်ရအဘောင်ပြန်ကြ မယ်။ ခင်ဗျားတို့ "ဇ" ရှိရင် ကျုပ်နောက်သာ လိုက်ခဲ့ကြ။ ကျုပ်ရှင်းမယ်။

ကျနော့်စကား အဆုံးမှာ ရဲဘော်သုံးယောက်ဟာ ခေါင်းတ ဆတ်ဆတ် ညိတ်တယ်။ ချက္ကာ…. တစ်ခုခုအဆင်မပြေဖြစ်လို့ ထောင်ထဲ သွားရလည်း အကုန်အတူတူပေါ့ လို့ ဝိုင်းပြောကြတယ်။ အဲ့ဒီ သဘောတူ ညီမှုလေး အရမှာ ကျနော်တို့ရင်ထဲမှာ လေးလံနေသမျှ ပေါ့ပါးသွားသလို ပဲ၊ အလိုလို ပြုံးနိုင်လာကြပြီ။

အားလုံးအသင့်ဖြစ်တဲ့ တစ်နေ့မှာ လမ်းဘေး အကြွေစေ့ ဖုန်း တစ်ခုကနေ ကျနော်ဖုန်းခေါ်လိုက်ပါတယ်။

"ဟိုင်း…ချူး"

"ဘယ်သူလဲ"

"ငါပါ **Thet**"

"မင်း ဘာလိုချင်လို့လဲ"

"ငါတို့လက်ထဲက ကတ်ပြားတွေနဲ့ မင့်လက်ထဲက ပဲ့စပို့တွေနဲ့

လဲချင်တယ်"

"ဘွန်းလေး ဘူတာရုံ ထွက်ပေါက် ဒီညနေ ၅ နာရီ စောင့်နေပါ

"မင်းတစ်ယောက်တည်းလာမှာလား"

"နီယို ပါမှာပေါ့

"အိုခေ … ငါတို့ ၄ စလုံးလာမယ် နောက်ထပ် လူပိုတော့ ခေါ်

မလာပါနဲ့"

"ဟားဟား… ကြောက်သလား""မင်း ငါ့ကို ဖမ်းဖို့ လွှတ်ခဲ့ဖူးတဲ့ ကုလားနှစ်ကောင်ကို မေး ကြည့်ပါလား ငါကြောက်တတ်သလား ဆိုတာ….

"မင်းက ဂန်းစတားပေါ့ဟုတ်လားဟားဟား ကြိုက်ပြီဟေ့"

"ညနေ တွေ့မယ် ဒါပဲ ဘိုင့်"

ဖုန်းခွက်ကို ဖုန်းအိမ်ပေါ် ပြန်ချိတ်ပြီး လှည့်ကြည့်လိုက်တော့ မျှော်လင့်တကြီး

ကြည့်နေတဲ့ ကျနော့်ရဲဘော်တွေရဲ့ မျက်နှာတွေ။ မျက်စိတစ်ဖက် မှိတ်ပြပြီး ပြုံးပြရင်း ကျနော်လှမ်းပြောတယ်။

"ဘွန်းလေး ဘူတာမှာ ဒီညနေတွေ့ဖို့ ချိန်းလိုက်ပြီ..." လို့။ ညနေ ၅ နာရီ အတိမှာ ဘွန်းလေးဘူတာ အပြင်ဖက်မှာ ကျနော်တို့ ရပ်နေကြတယ်။ ကားအပြာရောင် ထိုးဆိုက်လာတယ်။ ထိပ် ပြောင် နှုတ်ခမ်းမွေးနဲ့ တရုတ်တစ်ယောက် ကားအပြာပေါ်က ဆတ်ခနဲ ဆင်းပြီး လက်ပိုက်ရပ်နေတဲ့ ကျနော့်ဆီ တန်းလာတယ်။ သူ့နောက်က မျက်လုံးတစ်ဖက်လပ် လူကောင်ထွားထွားနဲ့ တရုတ်တစ်ကောင် လိုက် လာဖို့ လုပ်တယ်။ လူက ရှုံးရှုံးရှားရှား ဖြစ်နေဟန်ပြတယ်။

နီယိုနဲ့ ငါစကားမပြောဘူး ချူး ... ဒီနေရာမှာ သူနဲ့ ငါတို့ ရှုန်းရင်းဆန်ခတ် မဖြစ်ချင်ဘူး လို့ ခပ်မာမာ အော်ပြောလိုက်တော့ ချူးက နီယိုဖက်ကို လှည့်ပြီး ဟော့ကင်းတရုတ်ဘာသာစကားနဲ့ တစ်ခုခု လှမ်း ပြောတယ်။ နီယိုက ကားပေါ်ပြန်တက်ထိုင်ပြီး တံခါးဆောင့်ပိတ်တယ်။ ကျနော့် လူသုံးယောက်ကိုလည်း ခပ်လှမ်းလှမ်းမှာပဲ ရပ်ခိုင်းထားလိုက် တယ်။ချူးနဲ့ ကျနော် နှစ်ယောက်တည်းပဲ ခပ်လှမ်းလှမ်းက ကျောက်စားပွဲ တစ်ခုမှာ သွားထိုင်ပြီး မျက်နှာချင်းဆိုင် စကားပြောကြတယ်။

"ဘယ်မှာလဲ မင့်တို့ ကတ်ပြားတွေ

"ငါတို့ ပွဲစပို့တွေ အရင်ပြ"ဒီမှာ ..."

ပွဲစပို့အနီရောင် ၄ အုပ်ကို စားပွဲပေါ်ပစ်တင်လာလို့ ကျနော် လှန်လှောကြည့်လိုက်တော့ အကုန်လုံး မှန်ကန်တယ်။ ကျနော်၊ ကိုစော ကြီး၊ ကိုဖြူ၊ အသေးလေးတို့ရဲ့ ပွဲစပို့စာအုပ်တွေပါပဲ။ စစ်ဆေးပြီးတာနဲ့ ကျနော့် ဂျင်းဘောင်းဘီ နောက်အိတ်ကပ်ထဲက **WIP** ကတ်ပြား ၄ ခု ကို ထုတ်ပြီး သူ့ရှေ့မှာ ပစ်ချပေးလိုက်တယ်။ သတိအနေအထားနဲ့ မတ်တပ် ထရပ်တယ်။ တစ်ယောက်နဲ့ တစ်ယောက် အလစ်မပေးဘူး။ အပြန် အလှန် စိုက်ကြည့်နေကြတဲ့ မျက်လုံးတွေမှာ အမုန်းတရားတွေ အလျှံ တညီးညီးပဲ။

"မင်းတို့ ဘယ်တော့ပြန်မှာလဲ"

"မင့် ကတ်ပြားတွေ ပြန်ရပီမလား၊ ကျန်တာ ငါတို့ကိစ္စပဲ၊ ငါတို့ လည်း မနေပါဘူး

"ဗမာတွေက လူလည်တွေပေါ့ ဟုတ်လား၊ ငါ့တိုင်းပြေထဲ လာပြီး ငါ့ကို ဖုံကျရင်း နှစ်ချီပြီး ရှောင်ပုန်းနိုင်သွားတယ်ပေါ့ ဟက် ဟက်"

"မင်း ဗမာပြေဖက် လာလည်ဦးမလား၊ လာလည်ရင် ပြောဦး

"ဟား ဟား ငါ့ကို သတ်မယ်ပေါ့၊ မင်းတို့တိုင်းပြေ အစုတ် ပလုတ်ကို ယောင်လို့တောင် မလာဘူး စိတ်ကူးမယဉ်စမ်းနဲ့

"ဂွတ်ဘိုင် ချူး ... နီယိုကိုလည်း ငါက နှုတ်ဆက်လိုက်တယ် လို့ပြောလိုက်ပါ

အဲ့လို ရိသဲ့သဲ့ပြောပြီး ချာခနဲ လှည့်ထွက်လာခဲ့လိုက်တယ်။ ခပ်လှမ်းလှမ်းက

စိတ်လှုပ်ရှားစွာ ရပ်ကြည့်နေတဲ့ကိုယ့်ရဲဘော် ၃ယောက် ကို လက်ဝှေ့ယမ်းပြီး သွားကြစို့လို့ ခေါ်ရင်း ဘူတာရုံထဲကို သတိကြီးစွာဝင်ခဲ့လိုက်တယ်။

အိမ်အပြန် ရထားပေါ်မှာ ကိုယ့်ပဲ့စပို့ အနီရောင်လေးတွေကို ကိုယ်စီ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း ကျနော်တို့ ၄ ယောက် ဟာ ပျော်ရွှင်ရယ်မောနေခဲ့ကြတာပေါ့။

အစောင်မြင်စွာဆုတ်ခွာရန် ကြိုးပမ်းကြခြင်း

ပါ့စပို့စာအုပ် ကိုယ်စီလက်ထဲပြန်ရလာတဲ့ အချိန်မှာ တိုင်ပင် ကြတယ်။ ချူးနဲ့ နီယိုဟာ တကယ်ပဲ ကျနော်တို့ကို ရဲတိုင်တာ၊ WP ခေါ် အလုပ်သမား မှတ်ပုံတင်ကတ်တွေကို ပယ်ဖျက်တာတွေ မလုပ်ထားခဲ့ ဘူးပေါ့။ မူလက ကျနော်တို့ တွက်ဆထားတဲ့အတိုင်း အစိုးရကို တင်ထား ရတဲ့ စပေါ်ငွေတွေ အဆုံးမခံနိုင်လို့ ကတ်ပြားနဲ့ ပါ့စပို့ ပြန်လာလဲသည့် အထိ စောင့်နေခဲ့သေးတယ်ပေါ့။ တစ်ခါက ကျနော်တို့ ဘယ်နေရာမှာ အလုပ်ခိုးလုပ်နေတယ်ဆိုတာ သိလျှက်နဲ့ ပြဿနာ လာမရှာရဲပဲ ငြိမ်နေ ခဲ့တာ တကယ်ပေါ့။ ဒါပေမယ့် ခု အခြေနေထိ အရာရာ စင်းလုံးချော ဖြစ်နေခဲ့တာကို ကျနော် သိပ်မသကာဘူး။ ကိုယ့်လူတွေကတော့ ပါ့စပို့ လက်ထဲရောက်တာနဲ့ လေယာဉ်လက်မှတ်ဝယ်ပြီး တန်းပြန်မယ်လို့ ကြုံးဝါးရင်း ဖင်တကြွကြွ ဖြစ်နေကြတယ်။

အန္တရာယ်ကို ကြိုကာတဲ့ အနေနဲ့ ကျနော် အစီအစဉ်တစ်ခု ချလိုက်တယ်။

ကိုစောကြီးနဲ့ အသေးလေးတို့က တစ်သုတ်၊ ကျနော်နဲ့ ကိုဖြူ တို့က တစ်သုတ်၊ အဲ့လို လူစုခွဲပြီး ပြန်မလား၊ ဒါမှမဟုတ် တစ်ယောက် ချင်းစီ ခွဲပြီး တစ်ကိုယ်တော် လစ်ထွက်မလား။ ကြိုက်တာကို ရွေးကြပေ တော့လို့။ လေးယောက်စလုံး တစ်စုတစ်စည်းထဲ ပြုံပြီးထွက်တာက တော့ မိုက်မဲရာကျလွန်းတယ်ပေါ့။ အဲ့ဒီမှာ အဖြေတစ်ခု ထွက်လာတယ်။ နှစ်ယောက်တစ်တွဲနဲ့ နှစ်သုတ်ခွဲပြီး ဒီတိုင်းပြေက ထွက်ကြဖို့။ လေယာဉ်လက်မှတ်တွေဖြတ်လိုက်ကြပြီ။

ပထမ အသုတ်အနေနဲ့ ကိုစောကြီးနဲ့ အသေးလေးတို့ ထွက်ဖို့ လုပ်တယ်။ အလုပ်ရှင် ဂျင်မီတန်၊ ကျနော်နဲ့ ကိုဖြူတို့က လေဆိပ်ကို လိုက်ပို့တယ်။ လေဆိပ်ထဲက အင်မီဂရေးရှင်း ကောင်တာတွေကို ဖြတ် ဖို့ မှန်ခန်းထဲ ဝင်ခါနီးမှာ ကျနော် သူတို့ကို မှာတယ်။ လူခွဲပါ။ ကောင်တာ တစ်ခုထဲမှာ အတူတူ သွားမတန်းစီပါနဲ့။ တစ်ယောက် တစ်ဂိတ်စီ ဖြတ် ကြပါလို့။ တစ်ခုခု ထဖြစ်ရင် အနည်းဆုံး တစ်ယောက်ပဲ ငြိမယ်ပေါ့။ သူတို့ ဝင်သွားတာကို ရင်တထိတ်ထိတ်နဲ့ မှန်ချပ်ကြီးရဲ့ တစ်ဖက်ကနေ စောင့် ကြည့်နေရတယ်။ တစ်ယောက်ချင်းစီ အလှည့်ရောက်ပြီ။ ပါ့စပို့နဲ့ လူ တိုက်စစ်တယ်။ အထွက်တံဆိပ်တုံး ဒုန်းခနဲ ထုပေးတယ်။ ဟိုဖက်ကို ဖြတ်လို့ရသွားပြီ။ ဘုရားမ လို့ ဘာမှမဖြစ်ဘူး၊ အင်မီဂရေးရှင်းကောင်တာ ကို ဖြတ်လို့ ဟိုဖက်ရောက်နေပြီဟာကို ကိုယ်တက်ရမယ့် လေယာဉ်ရှိ တဲ့ ဂိတ်ကို တန်းမသွားဘူး။ နှစ်ကောင်သား ခုန်ဆွဆွနဲ့ ကျနော်တို့ကို လက်တွေ့ပြလိုက်၊ လက်မတွေ ထောင်ပြလိုက် လုပ်နေကြတယ်။ ကျနော် သူတို့ကို ဖုန်းထောင်ပြလိုက်တယ်။ ဖုန်းခေါ်ပါပေါ့။ ဖုန်းမြည်လာတာနဲ့ ကောက်ကိုင်တယ်။ ကျနော် ဒေါသတကြီး ကလော်ဆဲတော့တာပဲ။

"ဟေ့ကောင် အသေးလေး နိမ်းမေစပ့ါတွေ ဖြစ်လို့ အဲ့နားမှာ ဆက်ရပ်ပြီး

ရှင်မြူးပြနေကြတာလား လေယာဉ်တက်မယ့် ဂိတ်ကို အခု သွားကြစမ်း။ မင့်ပထွေးတွေ ရိုပ်မိပြီး ခေါ်စစ်လို့ ဒုက္ခများကုန်မယ်၊ သွား သွား... ငါတို့ နောက်အပတ် လိုက်လာမယ်၊ ငါမှာထားတဲ့အတိုင်း ရန်ကုန် ကနေစောင့်နေကြ၊ ဒါပဲ...

သူတို့နှစ်ယောက် မြင်ကွင်းက ပျောက်သွားတော့မှ သက်ပြင်း ချနိုင်တယ်။ အိမ်အပြန်လမ်းမှာ စိတ်လှုပ်ရှားနေတဲ့ ကိုဖြူက ဝမ်းသာအားရ ကျနော့်ကို ပြောတယ်။ ညီလေး ငါတို့လည်း အဆင်ပြေမှာပါနော် တဲ့။ ကျနော်က စိုးရိမ်စိတ်နည်းနည်း ကျန်နေသေးပေမယ့် ပြုံးရင်း ပြန် ဖြေလိုက်တယ်။ အိုး... မပြေစရာဘာရှိလို့လဲ အကို့မိန်းမကိုသာ ရန်ကုန် လေဆိပ် လာကြိုခိုင်းထားပေတော့...လို့။

ကိုစောကြီးနဲ့ အသေးလေးတို့ လွတ်သွားတဲ့နောက်မှာ အိမ် ပြန်မယ့် ရက်ကိုစောင့်နေရင်း ကျနော် စီစဉ်စရာရှိတာ စီစဉ်တယ်။ ဒီ အချိန်မှာ ဂျင်မီဟာ ကျနော်တို့ကို အတော် အားကိုးအားထား ဖြစ်နေရ တဲ့ အနေအထားရောက်နေပြီ။ အသစ်အသစ်ရလာတဲ့ ကြော်ငြာတွေရဲ့ ထုတ်ကုန်ပစ္စည်းတွေကို ကျနော်တို့ ဗမာလေးယောက်က ပလတ်စတစ် တွေ၊ ဖိုင်ဘာဂလပ်စ်တွေနဲ့ ပုံတူလုပ်တဲ့ နေရာမှာကအစ အားကိုးနေရ ပြီကိုး။ သူက ပုံဒီဇိုင်းထုတ်ရုံ သက်သက်ပဲ၊ ကျနော်တို့ လေးယောက် ပြန်တဲ့အခါ ကသီလင်တ အတော်နိုင်မယ့် အခြေနေဆိုက်တော့မယ်။ မူလက ပုစိပေါက်စောက် သူ့လုပ်ငန်းလေးဟာ အခုခါမှာ အတော်ကြီး ကျယ်တဲ့အထိ အခောင်မြင်နေတယ်။ သူ့လက်ထဲမှာ လောလောဆယ် ရထားတဲ့ ပရောဂျက်တချို့က မီးလုံးနဲ့ချိအခောင် တန်တဲ့ဟာတွေ ပါနေပြီ။ အဲ့ဒီလို အချိန်မှာ ကျနော်တို့ ရုတ်တရက် ထပြန်တော့ သူ့အကျပ်ဆိုက် ကရောပဲ။ လတ်တလော ဖြေရှင်းနည်းက အလုပ်သမားအေဂျင်စီတွေ က ကိုင်ထားတဲ့ ဘင်္ဂလားအလုပ်သမားတွေကို **On Loan** လို့ခေါ်တဲ့ အငှားနဲ့ ပိုက်ဆံပေးပြီး ခဏခေါ်ခိုင်းထားရုံပေ့ါ။

ဘင်္ဂလားလူသစ်တွေကို ကျနော်နဲ့ ကိုဖြူက ထရိန်နင်ပေးနေ ရတယ်။ အဆင်က သိပ်တော့မပြေဘူး။ သူတို့မှာက ကျနော် ပြောဖူး သလို ပြဿနာနည်းနည်း ရှိတယ်။ ဥပမာ စက်ရုံမှာ သူတို့ကို ပစ္စည်းတွေ အပေါက်ဖောက်ဖို့ ခိုင်းထားပြီး ကျနော်တို့က အလုပ်ကိစ္စတစ်ခုနဲ့ အပြင်သွား မီတင်တက်တယ် ဆိုပါတော့။ မွန်းလွဲ ၃ နာရီလောက် စက်ရုံပြန် လာတဲ့အခါ အလုပ်တွေမပြီးပဲ ဘင်္ဂလားတွေ ငုတ်တုတ်ထိုင်ပြီး စကား ပြောနေကြတာ မြင်ရတယ်။ ဘာဖြစ်တာလဲ မေးကြည့်တော့ အပေါက် ဖောက်တဲ့ ဆူးသွားတွေ ကျိုးသွားလို့ ထိုင်စောင့်နေတာတဲ့။ ကျနော်က စိတ်တိုတိုနဲ့ ဆဲရော။

မင့်တို့လက်ထဲမှာ ဖုန်းရှိတယ်ကွာ၊ လှမ်းဆက်ပါလား။ ယတ်စွ အဆုံး ဟိုမှာ လမ်းမတစ်ဖက်ခြမ်းမှာ ဟာ့ဒ်ဝဲ ပစ္စည်းတွေရောင်းတဲ့ ကုန်မာဆိုင် ရှိတယ်။ ပိုက်ဆံစိုက်ပြီး ဆူးသွားတွေ တစ်သိန်းလောက် သွားဝယ်နိုင်တယ်။ ဘာလုပ်ကြတာလဲ။ ဦးနှောက်မရှိဘူးလား ဟမ်။ ဦးနှောက်မရှိဘူးလား လို့ အော်ဟစ်ပြီး ဆဲတော့လည်း မထုံတက်တေး ရုပ်တွေနဲ့ ပေခံနေကြတာရယ်။

ဂျင်မီကတော့ ပြုံးစိစိနဲ့ပဲ။ ကျနော့်ကိုတောင် ဖျောင်းဖြလိုက် သေးတယ်။ စိတ်တိုမနေစမ်းပါနဲ့ကွာ၊ နေပလေ့စေ။ အဆင်မပြေလည်း နောက်ထပ်အသစ် ထပ်ခေါ်ရမှာပေ့ါ။ သူတို့က ဦးနှောက်ရှိပါတယ်။ တမင် မသုံးတာကွ လို့ နောက်တီးနောက်တောက်တွေ လုပ်ရော။ အဲ့ဒီ ရက်ပိုင်းလေးအတွင်းမှာပဲ ဂျင်မီတန်နဲ့ ကျနော် လုပ်စရာရှိတာတွေ ဆက် စီစဉ်တယ်။ စင်္ကာပူက နိုင်ငံခြားသား အလုပ်သမားရေးရာမှာ ကျွမ်းကျင် တဲ့ တရုတ်အေးဂျင့်တစ်ယောက်ကို ရှာပြီး

တစ်ခါတည်း အလုပ်အပ်ဖို့ ကြိုးစားတာပေါ့။ ကျနော်၊ ကိုဖြူ၊ အသေးလေး၊ ကိုစောကြီး၊ ဒီ ၄ ယောက် ကို တစ်နည်းနည်းနဲ့ ဂျင်မီအလုပ်သမားတွေအဖြစ် ပြန်ခေါ်ဖို့။ ကုန်ကျ စရိတ်အကုန်လုံးကို ကျနော်တို့က တစ်ဝက်ခံပါ့မယ် ဆိုတာကို ဂျင်မီက လက်မခံဘူး။ ငါအကုန်ပေးပါ့မယ်ကွာ ... မင်းတို့သာ မြန်မြန်ပြန်လာခဲ့၊ ငါ့အလုပ်တွေ မနိုင်မနင်းနဲ့ ဒုက္ခအရောက် မခံနိုင်ဘူး၊ ဒီဖက်က WPကျပြီလို့ ငါဖုန်းဆက်တာနဲ့ ချက်ချင်းသာ ပြန်လာပေးတဲ့။

အခြေနေတွေက အဲ့ဒီလို အဆင်ပြေချောမွေ့နေတဲ့ အခါ ကျနော် တော်တော်စိတ်လှုပ်ရှားခဲ့ရတယ်။ ကျနော်တို့ ပြန်လာကြမယ်။ ကိုစောကြီးနဲ့ ကိုဖြူတို့ လူကြီးနှစ်ယောက်က အလုပ်ကို ဇောက်ချလုပ် ပြီး ပိုက်ဆံအိမ်ပြန်ပို့လို့၊ ကျနော်နဲ့သက်တူ ရွယ်တူ အသေးလေးက နှစ်ယောက်သား အလုပ်တစ်ဖက်နဲ့ ညကျောင်းတက်ကြမယ်။ ရှိလန် လို အလုပ်ရှင်မျိုးက ဘော်ဒါလို ပေါင်းဖက်နေတဲ့ဟာမျိုး ဆိုတော့ အခွင့် တောင်းစရာတောင် မလိုဘူး။ သူ့အလုပ်ကိုသာ အဆင်ပြေအောင် လုပ် ပေးနေဖို့ပဲ။ ကိုင်း... ဒီ့ထက်ကောင်းတဲ့ ဘဝအခြေနေ ဘာရှိဦးမှာလဲဗျာ။ အခု လက်ရှိ ဖြစ်ပျက်နေတာတွေကို ကျနော် မေရီကို လုံးဝ မပြောပြထားဘူး။

ဘာကြောင့်လဲလို့ မေးလာရင်၊ အဖြေက ရိုးရိုးလေးပဲ။ သူ စိုးရိမ်ထိတ်လန့်မှာကို ကျနော်မလိုလားဘူး။ ချူးနဲ့ နီယိုတို့နဲ့ သွားရင်ဆိုင် ရတာဟာ အန္တရာယ်ဘယ်လောက် များလိုက်သလဲ။ အဆင်ပြေပြေ ဖြစ်ခဲ့ပြီး ပဲ့စပို့တွေ လက်ထဲရောက်လာပေမယ့် ဘာဆက်ဖြစ်မလဲ ဘယ်သူမှ ကံသေကံမ မပြောနိုင်ပြန်သေးဘူး။ ခု လက်ရှိမှာ ကိုစောကြီးနဲ့ အသေးလေးတို့ လွတ်သွားပြီ။ နက်ဖန် သန်ဘက်ခါ ဆိုသလို ကျနော်နဲ့ ကိုဖြူ ပြန်ကြမယ်။ အဆင်ပြေပြေ လွတ်သွားရင် ပြီးပြီ။ ရန်ကုန်ကို လေယာဉ်ဆိုက်ဆိုက်ချင်း ကျနော် မေရီကို ဖုန်းလှမ်းဆက်မယ်။

အချစ်ရေ...ငါဗမာပြေကို အန္တရာယ်ကင်းစွာ ထွက်သွားနိုင်ခဲ့ ပြီ၊ ဘာမှမပြောခဲ့တာ ခွင့်လွှတ်ပါ၊ မကြာခင် ငါပြန်လာပါ့မယ်၊ ဒီတစ်ခါမှာ ဝရမ်းပြေးမဟုတ်တော့တဲ့ သာမန်ကောင်လေးဘဝနဲ့ ရောက်လာပြီး နင်နဲ့တူတူ ပျော်ပျော်ရွှင်ရွှင် ဘဝကို ရုန်းကန်ကြမယ်လေ၊ နင် စိတ်မပူရတော့ဘူး သိလား...

အဲ့လို ဖုန်းဆက်တဲ့အခါ မေရီဟာ အံ့ဩပျော်ရွှင်သွားလိမ့် မယ်။ သူ့ကို မပြောသွားရကောင်းလားလို့ စိတ်ကောက်ကောင်း ကောက် လိမ့်မယ်။ ကိစ္စမရှိပါဘူး။ တစ်နေ့ ကျနော်တို့ ပြန်ဆုံတဲ့အခါ အတင်းဖက် ပြီး နမ်းပေးလိုက်မှာပေါ့။ လွန်ရောကျွံရော ကျနော့် ရင်ဘတ်ကို လက်သီး နဲ့ တဘုန်းဘုန်း ပိတ်ထိုးရုံလောက်ပါပဲ။ အဲ့ဒီလို တွေးပြီး ကျနော့်မယ် ပြုံးစိစိပေါ့။

နက်ဖန်မှာ လေယာဉ်နဲ့ လိုက်ရမယ်ဆိုရင် ဒီနေ့ညနေပေါ့။ ကျနော် မေရီကို အလုပ်က သွားကြိုတယ်။ လူနည်းနည်းကြပ်နေတဲ့ ရထားထဲမှာ တွဲနှစ်ခု ဆက်တဲ့နားက ချောင်ကလေးမှာ တူတူရပ်ရင်း ရင်ခွင်ထဲ ထည့်ထားမိတယ်။ နားသယ်စပ်ကလေးကို မသိမသာ ခဏ ခဏ ခိုးခိုးနမ်းပေးနေမိတယ်။ ကိုယ်လုံး သွယ်လျလျလေးကို မချင့်မရဲ ဖျစ်ညှစ်မိတာလည်း ခဏခဏပဲ။ သူဆင်းရမယ့် အန်မိုကရှိ ဘူတာ ရောက်တော့ ဆင်းပြီး ကော်ဖီတစ်ခွက်စီ ဝယ်သောက်တယ်။ တရုတ် သာလိကာမလေးဟာ ပြုံးရွှင်စွာနဲ့ စကားတွေ ကတွတ်တွတ် ပြောနေ ပေမယ့် ကျနော်က အင်း...အဲ လိုက်ရင်း နှုတ်မသွက်ပဲ သူ့ကို ကြင်နာစွာ ပေးကြည့်နေတာပါပဲ။

ကော်ဖီဆိုင်က ထတော့ အန်မိုကရို တောင်ကုန်းလေးပေါ် တက်ကြတယ်။ တိတ်ဆိတ်ငြိမ်သက်တဲ့ အပင်အုပ်အုပ်ကလေးတွေ အောက်က ခုံတန်းတစ်ခုမှာ ထိုင်၊ တစ်ယောက်နဲ့တစ်ယောက် မှီတွယ် ရင်း ဆစ်ကလက်တစ်လိပ်စီ ဖွာကြတယ်။ နက်ဖန်မှာ ကျနော် သူ့ကို ခဏ ပစ်ထားခဲ့ရတော့မယ်။ စိတ်ထဲ ခပ်ဆွေးဆွေးကြီးရယ်။ တစ်ချက် တစ်ချက်များကို ပါးစပ်က လွှတ်ခနဲ ထွက်သွားမတတ် ဖြစ်ဖြစ်သွားတာကိုး။ ဒါပေမယ့် ပြောမထွက်ဘူး။ ကျနော် ပြောခဲ့သလိုပါပဲ။ သူ့ကို စိုးရိမ် စိတ်ကလေး တစ်စက်တောင် မရှိစေချင်တာကိုး။

ဟန်နီ ... နင် ဒီနေ့ဘာဖြစ်နေတာလဲ၊ ငါ့ကို အရိပ်တကြည့်ကြည့်နဲ့ လို့ မေရီ မေးတာကို ကျနော် ဘာမှ ပြန်မဖြေဘူး။ မရှိမစဉ်ရုပ်နဲ့ ငေးကြည့်နေခဲ့မိတယ်။ တောင်ကုန်းလေးရဲ့ တစ်ဖက် ဆင်ခြေ လျှော လမ်းကလေးအတိုင်း အိမ်အပြန်လိုက်အဖွဲ့မှာ ကျနော်သူ့ကို အထင်း ထွေးပွေ့ထားမိတယ်။ နှုတ်ခမ်းတွေကို မွတ်မွတ်သိပ်သိပ်နမ်းခဲ့တယ်။ ကျနော် အမြတ်နိုးဆုံး နဖူးဝင်းဝင်းလေးကို ပါးနဲ့ကပ်ထားမိခဲ့တယ်။ မျက်လုံးနှစ်ဖက်ကို နှုတ်ခမ်းနဲ့ဖိကပ်ပြီး နမ်းတယ်။ ပါးဖောင်းဖောင်းလေး နှစ်ခုကို မွှေးကြူတယ်။ ခပ်တင်းတင်း တစ်ချက်ဖတ်ပြီး လွှတ်ပေးလိုက် တယ်။

ဆီးယူ အချစ်ကလေး ... လို့ အဓိပ္ပာယ်ပါပါနဲ့ နှုတ်ဆက်တာ ကို အချစ်ဆိပ်တက်နေတဲ့ ရုပ်ကလေးနဲ့ ကျနော့်ကို ကြည့်တဲ့ပြီး နေ့တိုင်း ဒီလို အချစ်ခံရရင် သိပ်ကောင်းမှာလို့ ပြောင်ချော်ချော်ပြောရင်း များနဲ့ လှည့်ထွက်သွားတယ်။

အဝေးက မေရဲ့အရိပ်ကလေး ပျောက်ကွယ်သွားတဲ့ အထိ တောင်ကုန်းပေါ်ကနေ ငေးကြည့်ရင်း ကျနော်ရပ်နေမိခဲ့တာပေါ့။

နောက်တစ်နေ့မနက်မှာ ကျနော်နဲ့ ကိုဖြူ အလုပ်ကိုယ်စီဆွဲပြီး လေဆိပ်ဆင်းတယ်။ ထုံးစံအတိုင်း ရှိလန် လိုက်ပို့တယ်။ လေဆိပ်က မှန်ချပ်ကြီးရဲ့ တစ်ဖက်ကို မဝင်ခင် စိတ်နည်းနည်း လှုပ်ရှားမိသေးတယ်။ စိတ်ကို တည်ငြိမ်အောင်ထိန်းပြီး ဝင်တယ်။ အင်မီဂရေးရှင်းကောင်တာ တွေမှာ ထုံးစံအတိုင်း ကိုဖြူနဲ့ ကျနော် လူခွဲပြီး ပင်တန်းစီတယ်။ မသိမသာ အကဲစက်လိုက်တော့ ကိုဖြူ လွတ်ထွက်သွားပြီ။ကျနော့်အလှည့်။

အင်မီဂရေးရှင်း အရာရှိက ကျနော့်ပတ်စပို့ကို ကြည့်တယ်။ ကွန်ပြူတာမှာ ဟိုခေါက်ဒီခေါက် လုပ်တယ်။ ကျနော့်ကို မော့ကြည့်တယ်။ ဟန်ကိုယ့်ဖို့ လုပ်ပြီး ကျနော် ပြုံးပြတယ်။ အင်မီဂရေးရှင်း အရာရှိက ကျနော့်ပတ်စပို့မှာ အထွက်တုံး ထုမပေးဘူး။ ကျနော့်လက်ထဲ ပြန်ကမ်းပေး

ပြီး ခပ်တိုတိုပဲ ပြောလာတယ်။ “မင်းပြန်လို့ မရသေးဘူး၊ အလုပ်သမားဝန်ကြီးဌာနကို ခုပဲ သွားလိုက်ပါဦး...” တဲ့။

ကျနော် ပြန်လှည့်ခဲ့ရတယ်။ ဖုန်းအသံမြည်လာလို့ ကောက် ကိုင်လိုက်တော့ တစ်ဖက်ရောက်သွားပြီဖြစ်တဲ့ ကိုဖြူရယ်။

“ညီလေး... ညီလေး ဘာဖြစ်ကုန်ပြီလဲ...” တဲ့။ “မသိသေးဘူး...” လို့ ကျနော် ခပ်တိုးတိုးပြန်ဖြေတယ်။ “ငါ... ငါ...ပြန်ထွက်ခဲ့ရမလား ညီလေး ... ငါမင့်ကို မထားခဲ့နိုင်ဘူး၊ ဒို့တွေက ဘာမဆို အတူတူလေ...ငါပြန်လာခဲ့မယ်“

“စောက်ရှုးမထန်နဲ့၊ သွား…သွား … လေယာဉ်တက်မယ့် ဂိတ် ကို ခုပြေး၊ ခင်ဗျားကို ရန်ကုန်လေဆိပ်မှာ မိန်းမနဲ့ကလေးတွေ လာကြို နေမှာ၊ အရှူးလာမထန်နဲ့၊ ကျုပ်ဖာသာ ကြည့်ရှင်းပြီး ပြန်ခဲ့မယ်၊ မကြာ လောက်ပါဘူး…ဒါပဲဗျာ…”

“ညီလေး…ဟော့ကောင်” ကျနော် ဖုန်းချပစ်လိုက်တယ်။

အမှောင်ထုထဲ သို့

အလုပ်သမားဝန်ကြီးဌာနကို ရောက်သွားတော့ ကျနော်နဲ့ မှန်ခန်းကျဉ်းကျဉ်းလေးထဲမှာ နှစ်ယောက်တည်း စကားပြောရတဲ့ အရာရှိ က အဒေါ်အရွယ် တရုတ်မကြီးပဲ။ ဖြစ်ကြောင်းကုန်စင် ကျနော်ပြောသမျှ ကို လိုက်မှတ်တယ်။ ခေါင်းတခါခါနဲ့ မျက်နှာသိပ်မကောင်းဘူး။ ကျနော် က သူ့သားအရွယ်လောက် ကောင်လေးပဲ တဲ့။ ငါ့မှာ မင်းအရွယ် ကောလိပ်ကျောင်း တက်နေတဲ့ သားကလေး ရှိတာကွလို့လည်း ပြော တယ်။

နိဂုံးချုပ်တော့ သူ့ကွန်ပြူတာပေါ်က အချက်အလက်တွေအရ လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်ကတည်းက ကျနော့် အလုပ်သမား မှတ်ပုံတင် ကတ်ပြားဟာ ပယ်ဖျက်ပြီးသား ဖြစ်နေပြီတဲ့။ ချူးနဲ့ နီယိုဟာ ကျနော်တစ်ယောက်စာ စပေါ်ငွေကို အဆုံးခံပြီး ကတ်ပြားကို လာပယ် ဖျက်သွားခဲ့တယ် တဲ့။ ကျန်တဲ့ လူသုံးယောက်ရဲ့ ကတ်ပြားတွေကိုတော့ ဒီတိုင်းထား ထားခဲ့တယ်ပေါ့။ သူပြောတဲ့ ဒိတ်အရ ကျနော့် ကတ်ပြားကို မူလ ထွက်ပြေးသွားခါစမှာ ဘာမှမလုပ်ပဲ ဒီအတိုင်းပစ်ထားခဲ့သေးပုံ ရ တယ်။ ကိုစောကြီး၊ ကိုဖြူနဲ့ အသေးလေးတို့ သုံးယောက် ထပ်ပြီး ထွက်ပြေးတဲ့ အခါမှ ကျနော့်စနက်ဆိုတာ ရိပ်မိပြီး ဒေါသထွက်သွားဟန် နဲ့ အဲ့ဒီ အချိန်လောက်မှာမှ ပိုက်ဆံ အဆုံးခံပြီး ကျနော့် ကတ်ကို လာဖျက် သိမ်းပစ်လိုက်တာပေါ့။လိုရင်းပြောရရင် ကျနော်ဟာ ဒီတိုင်းပြေမှာ တရားမဝင် နေ ထိုင်ခဲ့တာ တစ်နှစ်ကျော်သွားခဲ့ပြီ။ ဒါပါပဲ။ ဒါကို ချူးနဲ့ နီယိုက တပင် ဘာမှမပြောပဲ စောက်ကျင့်ယုတ်ပြီး လေဆိပ်မှာ ထွက်လို့မရပဲ အဖမ်းခံရ အောင် ဟာပေးလိုက်တာ။

တရုတ်မကြီးက ခပ်ရိုးရိုးပဲပြောတယ်။

“ငါ့သား... ခု မင်း လာဗင်းဒါး ဘူတာနားက လဝက ရုံးချုပ်ကို ဒီစာယူပြီး သွားပါ။ အဲ့ဒီရုံးက လူတွေကို မင်း ငါ့ကို ခုပြောပြခဲ့သလိုပဲ အသေချာ ရှင်းပြပါ။ သူတို့ဟာ လူသားတွေပါပဲ။ နှလုံးသားရှိတဲ့ လူတွေ ပေါ့။ မင်း ငါ့ကို ကတိပေးသွားပါ။ ဘာပဲဖြစ်ဖြစ် အဲ့ဒီရုံးကို ရောက်အောင် သွားပါ့မယ်လို့။ ဥပဒေနဲ့အညီ ရင်ဆိုင်ပါ့မယ်လို့။ ထွက်မပြေးပါဘူးလို့”

“ကျေးဇူးပါ မဒမ် ... ကျနော် ယောက်ျားပါဗျာ” လို့ ပြောရင်း လက်ဆွဲနှုတ်ဆက်တယ်။

သူ့လက်ထဲက စာနဲ့ ကျနော့်ပုံ့စပို့လေးကို လှမ်းယူပြီး မှန်ခန်း လေးထဲက ထွက်ခဲ့လိုက်တယ်။ ရုံးအပြင် ရောက်တော့ စိုးရိမ်ထိတ်လန့် စွာ စောင့်မျှော်နေတဲ့ ဂျင်မီနဲ့ မျက်နှာချင်းဆိုင်တယ်။ ဆစ်ကလက် တစ်လိပ်စီ တူတူဖွာတယ်။ တိုတိုနဲ့ လိုရင်းပဲ ပြောတယ်။

“ဂျင်မီ ... မင်း လစ်တော့၊ ငါနဲ့ လိုက်မလာနဲ့၊ ဒီကိစ္စမှာ မင်းပါ

မပတ်သက်စေချင်ဘူး၊ ငါနဲ့ ငါတို့အဖွဲ့ကို လူလိုသူလို ဆက်ဆံပြီး အလုပ် ပေးခဲ့တဲ့ မင့်ကျေးဇူးတွေ ငါဒီတစ်သက်မမေ့ပါဘူးကွာ ... လို့ ပြောပြီး ပွေ့ဖက်နှုတ်ဆက်လိုက်တယ်။ တရားမဝင် နေထိုင်သူကို အလုပ်ပေး ထားတာဟာ ကြီးလေးတဲ့ ပြစ်ဒဏ်ကျနိုင်တာကိုး။

ဂျင်မီဟာ ခေါင်းတခါခါနဲ့ သူ့ကားပေါ် တက်ပြီး မောင်းထွက် သွားခဲ့တယ်။ ဒါပေမယ့်အဲ့ဒီနေ့က ကျနော် လာဖင်းဂါး ဘူတာနားက လဝက ရုံးချုပ်ကို ရောက်သွားတော့ အချိန်လင့်နေလို့ နောက်နေ့ပြန်လာခဲ့ပါ ဆိုပြီး ချိန်းတယ်။ ဒါနဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ အိမ်မှာ တစ်ညဝင်အိပ် လိုက်ရတယ်။ ဖြစ်ပုံပျက်ပုံကို နည်းနည်း ရှင်းပြတော့ အိမ်ရှင် သူငယ်ချင်း ကမျက်နှာမကောင်းဘူး။ ကျနော်က ဘာမှသိပ်မစဉ်းစားတော့ပဲ ထိုးအိပ် ပစ်လိုက်တာပါပဲ။

မနက်မိုးလင်းတော့ လာဖင်းဒါးဘူတာကို ရထားစီးသွားတယ်။ ဘူတာရုံနားက ထမင်းဆိုင်မှာ မလေးရှား အုန်းထမင်းတစ်ပွဲ ဝယ်စား တယ်။ စားပြီးတော့ လက်ဖက်ရည်တစ်ခွက် သောက်တယ်။ ကျနော် သိပ်ကြိုက်တဲ့ မာဘိုရိုဘူးပျော့ ဆစ်ကလက် အရှည်နှစ်လိပ် ဖွာတယ်။ ထောင်ထဲ မသွားခင် အရသာခံသွားတဲ့ သဘောပါပဲ။ ကျနော် ဘာဖြစ် တော့မယ်ဆိုတာ ရိပ်မိပြီးသားပဲဟာ။

လဝက ရုံးချုပ်ထဲ ဝင်တယ်။ အမှုစစ်အရာရှိနဲ့ အစစ်ဆေးခံ တယ်။ ဇာတ်လမ်းတစ်ခုလုံး ရုပ်လုံးပေါ်လာချိန်မှာ အမှုစစ်အရာရှိက ခေါင်းကို ဘယ်ညာရမ်းခါပြီး ပြောတယ်။

“တစ်နှစ်ကျော်ကြီး ရက်ကျော်သွားတာကတော့ ငါလည်း မကယ်နိုင်တော့ဘူး ချာတိတ်ရာ... တဲ့။

“မင်းပြဿနာဖြစ်ဖြစ်ချင်း အလုပ်သမားဝန်ကြီးဌာနကို မပြေး သွားခဲ့တာ အမှားပဲ၊ မင့်အလုပ်ရှင် စောက်ကျင့်ယုတ်တာကိုတော့ ငါ လည်း နားထောင်နေရင်းကို ဒေါပွတယ်ကွာ၊ ဒါပေမယ့် ကျွတ် ... မတတ် နိုင်ဘူး သိလား ... ငါဘာမှလုပ်ပေးလို့မရဘူး မင်းကို ရုံးတင်ပေးလိုက်ရုံ ပဲ၊ ထောင်ကျလိမ့်မယ်၊ ကြိမ်ဒဏ်ထိမယ်ဒါပါပဲ...”

ကျနော် စိတ်ကို အားတင်းထားပြီး သူ့ကို မေးလိုက်တယ်။ အခုအချုပ်ထဲ ထည့်တော့မှာလားလို့။

အဲ့ဒီမှာ၊ အဲ့ဒီနေရာမှာတင် သူ ကျနော့်ကို အချုပ်ထဲ တန်းထည့် လိုက်ရင် ကိစ္စပြီးသွားမှာပဲ။ အရာရာဟာ သံသရာထပ်ရှည်စရာ ဘာ အကြောင်းမှ မရှိဘူး။ သူ ဘာစိတ်ကူးပေါက်သွားတယ် မသိဘူး။ မင့် သူဌေး ချူးရဲ့ ဖုန်းနံပါတ်ရှိရင် ပေးစမ်းကွာ ဆိုပြီး တောင်းတယ်။ ကျနော် ထုတ်ပေးလိုက်တော့ ချူးကို ဖုန်းခေါ်တယ်။ လဝက ရုံးချုပ်က အရာရှိပါ၊ မင်း ငါ့ဆီ လာခဲ့ပါဦးလို့ လှမ်းခေါ်လိုက်တယ်။ သူဘာကြောင့် အဲ့လို လုပ်ရ တာလဲ ဆိုတာ နောက်နှစ်ပေါင်းများစွာ အထိ ကျနော် နားမလည်ခဲ့ပါဘူး လေ။ ခပ်တိုတိုပြောရရင် ထိပ်ပြောင် နှုတ်ခမ်းမွှေး ချူးနဲ့ ကျနော် မျက်နှာ ချင်းဆိုင် တွေ့တာပဲ။ အမှုစစ်အရာရှိက ကျနော့်စစ်ချက်တွေဖတ်ပြတယ်။ မင်းရဲ့ နိုင်ငံခြားသား အလုပ်သမားတွေအပေါ် ဒီလို နိုင့်ထက်စီးနင်း လုပ် တာ ကောင်းသလား ဘာညာပေ့ါ။

ချူး က စပ်ဖြီးဖြီးပဲ။ ဒါက သူ့တစ်ဖက်သတ်စစ်ချက်တွေပဲ တဲ့။ ပြောနေတာ လဲ ပေ့ါ)။ အမှုစစ်အရာရှိလည်း ဘာမှဆက်မပြောနိုင်ဘူး။ ထိပ်ပြောင် နှုတ်ခမ်းမွှေးက

အဖေးဆေးပဲ။ သူ့ဖက်က အပိုင်ဖြစ်နေပြီကိုး။ ကုန်ကုန် ပြောရရင် ကျနော့်ကတ်ပြားကို သူ့စပေါ်ငွေတွေ အဆုံးခံပြီး ပယ်ဖျက် လိုက်ကတည်းက ကျနော်နဲ့ သူနဲ့ ဘာမှမဆိုင်တော့ပါဘူး။ အဲ့ဒါကို အဓိက အချက်အနေနဲ့ သူကိုင်ထားတယ်။

အမှုစစ် အရာရှိဟာ ဒေါပွတယ်။ ဒါပေမယ့် ဘာမှ မတတ်နိုင် ဘူး။ ကျနော့်ကို တစ်ချက်ကြည့်ပြီး ပြောတယ်။ ငါစိတ်မကောင်းဘူး ကောင်လေးရာ တဲ့။ ဟိုကောင့် ဥပဓိရုပ်ကို ကြည့်တာနဲ့ သိတယ်။ဂန်းစတားလိုလို ဘာလိုလို အဓောက်တန်းစားကောင်ကြီးကွ တဲ့။ အဲ့လို ကျနော့်ကို ကပ်ပြောပြီး အခန်းထဲက ထွက်သွားခဲ့တယ်။ အခန်းကျဉ်း လေးထဲမှာ ကျနော်နဲ့ ချူး နှစ်ယောက်တည်း ချန်ထားခဲ့တယ်။

“ထောင်ထဲဝင်ဖို့ အသင့်ဖြစ်ပြီလား…” တဲ့။ အဲ့လို သရော်တော်တော် လေသံနဲ့ လှမ်းမေးလို့ ကျနော်ကြည့် လိုက်တော့ စားပွဲတစ်ဖက်ကနေ ကျနော့်ကို ပြီတီတီနဲ့ လှမ်းကြည့်နေတဲ့ ထိပ်ပြောင် ချူး။

“သူတို့တွေက မင့်ဖင်ကို ကြိမ်လုံးအကြီးကြီးနဲ့ ရိုက်တော့မှာ ကွ … ဟားဟား … ဘယ်လိုလဲ ကိုယ့်ကိုယ်ကိုယ် လူလည်လို့ ထင်နေသေးလား … မင့်ဖင်ကို သူတို့က တရှမ်းရှမ်းမြည်အောင် ကြိမ်လုံး …အကြီးကြီးနဲ့

ကျနော် ဘာလုပ်မိမှန်း မသိတော့ဘူး။ စိတ်လွတ်သွားတယ်။ သတိဝင်လာတဲ့ အချိန်မှာ စားပွဲပေါ်ခုန်တက်ပြီး ချူးရဲ့ ထိပ်ပြောင်ပြောင် ကို ကုလားထိုင်နဲ့ ရိုက်ပစ်လိုက်မိပြီ။ သွေးချင်းချင်း ရဲသွားတဲ့ ချူးရဲ့ ခေါင်းပြောင်ပြောင်ကိုပဲ ကျနော်မှတ်မိတယ်။ လဝက အရာရှိ သုံးလေး ယောက်လောက် အခန်းထဲ ပြေးဝင်လာပြီး ကျနော့်ကို လုံးထွေးပြီး ဖမ်း ချုပ်ထားတယ်။ ကျနော့် အမှုစစ်အရာရှိက ကျနော့်ကို အတင်း ချုပ်ထား ရင်း အော်ဟစ်နေတယ်။

မလုပ်နဲ့ ကောင်လေး မလုပ်နဲ့၊ ဒုက္ခတွေများကုန်ပြီကွာ ….တဲ့။

ပြစ်မှုနှင့် ပြစ်ဒဏ်

မြေတိုက်အချုပ်ခန်းဟာ မီးလုံးဝါကျင့်ကျင့်လေးတွေပဲ ထွန်း ထားတယ်။ အထဲမှာ လူမျိုးပေါင်းစုံပါတဲ့ အချုပ်သားတွေက ပြည့်လျှံနေ တော့ကာ မွန်းကြပ်နေတာပဲ။ အခန်းက မြေတိုက်ထဲမှာဆိုတော့ အစေးစိမ့် နေရတဲ့အထဲ အခင်းက သံမံတလင်းဆိုတော့ ရက်ကြာလာတာနဲ့ အမျှ ထုံကျဉ်တာတွေ ဖြစ်စပြုလာပြီ။ လူတွေက သွေးစုပ်ဖုတ်ကောင်တွေလို့ ဖျော့တော့တော့တွေရယ်။ ကျနော် ခုထိ အမြင်အာရုံမှာဖျောက်မရပဲ ပြန် မြင်ယောင်မိနေတာက အဲ့ဒီ သွေးစုတ်ဖုတ်ကောင်တွေရဲ့ မျက်လုံးတွေ။ မျော်လင့်ချက်မဲ့နေတဲ့ မျက်လုံးတွေ။ ကိုယ့်ဘဝကိုယ် ဘယ်သောင် ကမ်း ဆိုက်မယ် မသိတဲ့ ညှိုးငယ်ထိတ်လန့်နေတဲ့ မျက်လုံးတွေပေါ့။

ဒီထဲမှာ ကြာကြာဆက်နေ နေရရင် ကျနော် ရူးသွားတော့ မလားမသိဘူး လို့တောင် တွေးမိနေပြီ။ ဒါပေမယ့် သိပ်မကြာလိုက်ပဲ ကံကောင်းထောက်မစွာနဲ့ ကျနော့်ကို ရုံးထုတ်တယ်။

တခြား အချုပ်သားတွေနဲ့ အတူတူ သံဆန့်ခါတွေ ကာထားတဲ့ ဘတ်စ်ကားကြီးနဲ့ တရားရုံးကို ပါသွားရော။ တရားရုံး အဆောက်အဦးရဲ့ ယာယီ အချုပ်ခန်းထဲမှာ ငုတ်တုတ်ထိုင်နေရတုန်း ကျနော့် အမှုစစ်အရာရှိ ရောက်လာတယ်။ ကိုယ့်ကိုယ်ကိုယ် မှတ်ဉာဏ်ကောင်းလွန်းခဲ့တယ်လို့ ထင်ပေမယ့် သူ့နာမည်ကို ကျနော် ခုထိ ပြန်စဉ်းစားလို့ မရတော့ဘူး။

ချာတိတ် အဆင်ပြေလား တဲ့။ ရုတ်တရက် ကိုယ်အလေးချိန် ထိုးကျသွားပုံရတဲ့ ကျနော့်ပုံစံက အဆင်မပြေနေတာ အသိသာကြီးပဲ။ သူလည်း အဖြစ်သဘော မေးပုံရပါတယ်။ အသင့်ပါလာတဲ့ ခေါက်ဆွဲ ကြော်ထုပ်ကို လက်ထဲ ထိုးထည့်ပေးတယ်။ စားကွာ တဲ့။ ကျနော် ပလုတ် ပလောင်း စားနေတုန်း သူ အသေချာ မှာတမ်းချွေတယ်။

တရားသူကြီးက မင့်ကို အပြစ်ရှိပါသလားလို့ မေးတဲ့အခါ ဟိုငြင်း ဒီငြင်း ထငြင်းတာမျိုး သွားမလုပ်ပါနဲ့။ နောက်ထပ် နောက်ထပ် ရုံးချိန်းတွေ ထပ်ချိန်းပြီး သံသရာရှည်ကုန်မယ်။ ဟို မြေတိုက် အချုပ်ခန်း က ဘယ်လောက်ဆိုးဝါးသလဲ မင်းခု ကြုံခဲ့ရပြီးပြီ။ လိုရင်းက အပြစ်ရှိပါ သလားလို့ မေးတဲ့အခါ ရှိပါတယ်လို့ တန်းပြောလိုက်။ စီရင်ချက်ချလိမ့် မယ်။ ပြီးတာနဲ့ ကွင်းစ်တောင်းထောင်ကို တန်းပို့တယ်။ ထောင်ရောက် ရင် မင်း ချောင်ချောင်ချိချိ လင်းလင်းချင်းချင်း သက်သောင့်သက်သာ နေရမယ်။ ငါ မင့်ကို မှာချင်တာ အဲ့ဒါပါပဲ။ ငါပြောတာ နားလည်တယ်မလား။

ကျနော် ခေါင်းညိတ်ပြတယ်။ သူ ကျနော့်ကို ကြင်ကြင်နာနာ ပွေ့ဖက်တယ်။ မင်း ပြန်ထွက်လာတဲ့အခါ ငါနဲ့ ထပ်တွေ့ကြသေးတာပေါ့ လို့ ပြောရင်း နှုတ်ဆက်ပြီး

ထွက်သွားခဲ့တယ်။

ကျနော့်ကို တရားခွင်တင်တဲ့အခါ သူသင်ပေးထားတဲ့ အတိုင်းပါပဲ

“အပြစ်ရှိပါသလား” “အပြစ်ရှိပါတယ်” “စီရင်ချက်ချတယ်” ဒါပါပဲ။ တရားရုံးကနေ ထောင်ကို ပို့တဲ့အခါ နည်းနည်းခက်ခဲတဲ့ အခြေနေနဲ့ ရင်ဆိုင်ရတယ်။ သံဆန်ကာ ကာထားတဲ့ ဘတ်စ်ကားကြီး မဟုတ်တော့ဘူး။ အချုပ်ကားသပ်သပ် ဖြစ်သွားပြီ။ လူတွေက ကြပ်သိပ် နေတာရယ်။ ကားကလည်း အလုံပိတ်ကြီး။ အထဲမှာ မီးချောင်းတွေ ထွန်း ထားလို့ လင်းထိန်နေတာတစ်ခုပဲ။ အဲကွန်း ပါလို့သာ တော်သေး တယ်။ မဟုတ်ရင် မွန်းပီး သေကုန်မလားမသိဘူး။ အထဲမှာ ပါလာတဲ့ ကျသစ် တွေ့ အကုန်လုံးက လက်ထိပ်ကို လက်နောက်ပြန်တွေ အခတ်ခံထားရ တာရယ်။ တရုတ်၊ ကုလား၊ ဗမာ၊ မလေး၊ အင်ဒို၊ အဖြူ၊ လူမျိုးအစုံပဲ။ ဘာသာမျိုးစုံနဲ့ ဆူညံနေအောင် စကားတွေ အော်ဟစ်ပြောနေကြတယ်။ ကျနော်လည်း ငြိမ်မနေပါဘူး။ ဗမာလို စွတ်အော်တာပဲ။

“ဗမာပါသလား ဗမာ...ဒီမှာ ဗမာပါတယ်” “ဗမာ ပါသလား ဗမာ... ဒီမှာဗမာပါတယ်ဗျို့”

“ပါတယ်...ပါတယ်...ဒီမှာဗျို့” ဆူညံပွက်လောရိုက်နေတဲ့ လူအုပ်ကြီးကြားထဲက ပြန်အော် သံ။ ကျနော် တိုးဝှေ့ပြီး လိုက်ရှာတယ်။ တွေ့တယ်။ အပြန်အလှန်အော် ပြီး နှုတ်ဆက်တယ်။

“အောင်သူရ၊ မေမြို့က ... ဓားထိုးမှု ၈ နှစ် ကျတယ်၊ ညီလေး စာကော

“ကျနော်... မြို့က၊ အကို့လောက်မများဘူးကျတာက “မင်း ကျောပေးပြီး အကို့အတွင်းခံထဲ လက်နှိုက်စမ်းပါ ကျနော် တစ်ဖက်လှည့်ပြီး နှိုက်လိုက်တော့ ဆစ်ကလက်ဘူးနဲ့ မီးခြစ် ထွက်လာတယ်။ လက်နောက်ပြန် အနေအထားတွေနဲ့ ကုတ်ကတ် ပြီး မီးငြိတယ်။ တစ်ယောက်က ကိုင်ထားပေးပြီး နောက်တစ်ယောက်က ဖင်ကုန်းလို့ ဆစ်ကလက်ဖွာရတယ်။ ကောင်းလိုက်တာဗျာ။ကျန်တဲ့ အချုပ်သားတွေကိုပါ ဝေပေးဖို့ပြင်တယ်။ ထောင်ထဲ အဝင်မှာ တလာစီရင် ဒီဆစ်ကလက်ဘူး အလကားဖြစ်မှာပဲလေ။

ဆစ်ကလက် ဖွာကြမလားလို့ အော်တော့ လာဝေယူကြတယ်။ ကျနော်နဲ့ ကိုအောင်သူရ သောက်သလိုပဲ တစ်ယောက်ကိုင်ပေး၊ နောက် တစ်ယောက်က ကုန်းဖွာနဲ့ အလုပ်တွေဖြစ်နေကြတယ်။ ကားတစ်စီးလုံး လည်း ဆစ်ကလက်မီးခိုးတွေနဲ့ မွှန်ထူကုန်ပြီ။ အဲ့ဒီမှာ ဆစ်ကလက် လာယူတဲ့ အချုပ်သားတစ်ကောင်က ကျနော့်ကို အော်ပြီးဖုန်း ပေးတယ်။ ဖုန်း ဆက်ချင်သလား၊ ဖုန်း ပါလာတယ်တဲ့။ ကျနော် စိတ်မထိန်းနိုင်ဘူး။ အလွတ်ရနေတဲ့ ဖုန်းနံပါတ်ကို အော်ပြောတယ်။

ဖုန်းပိုင်ရှင် လက်နောက်ပြန် ကိုင်ထားပေးတဲ့ ဖုန်းနားကို ကုန်း ပြီး နားရွက်ကပ်တယ်။

"ဟလို... မေရီ အချစ်"

"ဟန်နီ...ဟန်နီ...နင်ဘယ်မှာလဲငါစိတ်ပူလို့သေတော့မယ်"
"မေရီငါတို့နောက်နောင် ဘယ်တော့မှ ပြန်မဆုံနိုင်တော့ဘူး"

"ဟန်နီ...နင်ဘယ်မှာလဲလို့ ငါမေးနေတယ်လေ"

"ငါ့ကို ဂရုစိုက်ခဲ့တာတွေအတွက် ကျေးဇူးတင် ပါတယ်"

"မဟုတ်သေးဘူးဟာ... နင်ဘယ်မှာလဲ ငါ့ကိုပြော ငါလာမယ်

အခု

"မေရီ နင်မငိုပါနဲ့ဟာ... နင်လိုက်လာလို့မရတော့တဲ့နေရာမှာ ငါ

"အား ... ဟန်နီ နင်အဲ့လိုမပြောနဲ့ ငါနင်မရှိပဲ ဘယ်လိုမှ နေလို့ မတတ်...

"မေရီ... ဂွတ်ဘိုင် အချစ်...ဂွတ်ဘိုင်..." ဖုန်းထဲကနေ ကမ္ဘာပျက်မတတ် အော်ဟစ်ငိုယိုနေတဲ့ ကျနော့် ချစ်သူ မေရီလေးရဲ့အသံကို ကျနော် ဆက်နားမထောင်နိုင်ခဲ့ဘူး။ ကုန်း ကွကွ လုပ်ထားရာက ကိုယ်ကို ပြန်မတ်လိုက်ပြီး ဖုန်းပိုင်ရှင်ကို ကတုန်ကယင်နဲ့ အော်ဟစ်ခဲ့တယ်။

"ဖုန်းချလိုက်တော့... ဖုန်းချလိုက်တော့..." ကိုအခေါင်သူရ ... ကျနော့်ကို ဆစ်ကလက်တစ်လိပ်လောက် ထပ်တိုက်ဗျာ လို့ တောင်းဆိုတယ်။ ဖင်ကုန်းပြီး ဆစ်ကလက်တွေ အဆက်မပြတ် ဖွာတယ်။ တဟွတ်ဟွတ်နဲ့ မီးခိုးငွေ့တွေ နင်တယ်။ မျက်ရည်တွေ ပေါက်ပေါက်ကျတယ်။ ကျနော့် ဘယ်ဖက်ရင်အုံထဲမှာ စူးစူးကြီးဗျာ။ ဖြစ်နိုင်ရင် ရှုပ်ရှက်ခတ်ပြီး ဆူညံပွက်လောရိုက်နေတဲ့ ဒီ အချုပ်ကားကြီးထဲမှာပဲ ကျနော် ရုတ်တရက် သေဆုံးပစ်လိုက်ချင်တယ်။

Papillon သို့ ဦးညွှတ်ခြင်း

မြေတိုက်အချုပ်ခန်းထက် ထောင်က ပိုကောင်းတယ်ဆိုတာ ရာနှုန်းပြည့် မမှန်ခဲ့ဘူး။

ကျနော့်ကို ချမှတ်လိုက်တဲ့ ပြစ်ဒဏ်ထဲမှာ စုစုပေါင်း သုံးမျိုး ပါတယ်။ ပီစီ၊ ကြိမ်ဒဏ်နဲ့ ထောင်ဒဏ်။ ချက်ချင်းတော့ မထောင်းသာလှ သေးဘူး။ ထောင်ထဲ ရောက်ရောက်ချင်း ပါလာတဲ့ ပစ္စည်းတွေ အကုန် လုံး တလာစီတယ်။ ပိုက်ဆံ၊ ဖုန်း၊ အဝတ်အစား ... အစရှိသဖြင့် အကုန် စာရင်းမှတ်ပြီး သိမ်းသွားတယ်။ ပြန်ထွက်တော့ အကုန်အတိအကျ ပြန်ရ ပါတယ်။ အထူးသဖြင့် ပလတ်စတစ်အိတ်နဲ့ ထည့်ထားတဲ့ ပိုက်ဆံတွေက တစ်ကျပ်တောင် လျော့မနေဘူး။ စွပ်ကျယ်လက်စက အဖြူနဲ့ ဘောင်းဘီ တို အပြာရောင် ဝတ်ရတယ်။ ခေါင်းက ဆံပင်တွေကို ဂိုက်နဲ့ ထိုးပြီး ကတုံးဆံတောက်ညှပ်တာ ခံရတယ်။ ကျနော့်မှာ နာမည်မရှိတော့ဘူး။ လက်ကောက်ဝတ်မှာ ပတ်ထားတဲ့ ဘားကုဒ်ပါတဲ့ ပလတ်စတစ် လက် ကောက်အရ ကျနော်ဟာ ၁၁၁၆ ဆိုတဲ့ နံပါတ်တစ်ခုပဲ။ သွားတိုက်ဆေး၊သွားပွတ်တံလက်မလောက်၊ ဆပ်ပြာ၊ အဝတ်အပိုတစ်စုံ အစရှိတဲ့တိုလီမိုလီတွေ ထည့်ဖို့ ပလတ်စတစ်ပုံး အသေးလေးတစ်ခုရတယ်။ ပထမဆုံး ညက နှစ်ထပ်ဆောင်တစ်ခုရဲ့ ထောင့်ဆုံးအခန်း မှာ ကုလားတစ်ကောင်နဲ့အတူ နေရတယ်။ မျက်နှာတက သံတိုင်တွေနဲ့ ဟင်းလင်းဖွင့်ထားတော့ မဆိုးဘူးပေါ့။ ညနေစာကို ဆန်ကြမ်းထမင်းနဲ့အသီးအရွက်၊ ငါးမှတ် စပ်သေးသေးတစ်ကောင် ပေးတယ်။ ပန်းသီး အစိမ်းတစ်လုံးတောင် ပါသေး။ မိုးချုပ်တော့ လူစစ်တယ်။ ထောင်ဝါဒါ တွေ လာစစ်တဲ့အခါ ပုံစံထိုင်ပြီး သူတို့ အော်ခေါ်တဲ့ ကိုယ့်နံပါတ်ကြားရင် “ရှိ´ လို့ အော်ရုံပဲ။ လာစစ်ဆေးပြီး ခဏနေတော့ မီးတွေပိတ်သွားတာပဲ။ အိပ်ချိန်ပေါ့။ အခန်းဖော် ကုလားနဲ့ စကားစမြည်နည်းနည်း ပြောဖြစ် တယ်။ အာဂျန်တဲ့ သူ့နာမည်က၊ သူ့ဇာတ်လမ်းက ဖန်တစ်ရာတေနေတဲ့ ဇာတ်ပါပဲ။

လယ်ရောင်း၊ အိမ်ပေါင်၊ အငေးဂျင့်အပ်၊ စက်ာပူရောက်၊ အငေးဂျင့်ထွက်ပြေး၊ လမ်းပေါ်ရောက်၊ တရားမဝင်ဖြစ်၊ ဆီရန်ဂွန်းက ကုလားတန်းမှာ စဏခိုပြီး ကြုံရာလုပ်နေတုန်း ပတ္တရောင်ရဲနဲ့ တွေ့ပြီး ထောင်ကျလာတာ။ ဒါပါပဲ။ သူ့ဇာတ်လမ်းကို ပြောပြနေရင်းနဲ့ ကုလား ပြေမှာ ကျန်ခဲ့တဲ့ ငါ့မိန်းမနဲ့ ကလေးတွေ ငါဘာဖြစ်သွားမှန်း သိရှာမှာ မဟုတ်ဘူးကွာ လို့ပြောရင်း အသံတိမ်ဝင်သွားတယ်။

ဆင်းရဲမွဲတေမှုဟာ ကင်ဆာပဲ အာဂျန်ရာ ... လို့ ပြောရင်း ကျနော်သက်ပြင်းချမိတယ်။ သံတိုင်တွေကြားထဲနေ အခန်းထဲ ဖြာကျ နေတဲ့ လရောင်ကို အဓိပ္ပာယ်မဲ့ ငေးကြည့်တယ်။ လရောင်အောက်က တောင်ကုန်းလေးပေါ်သွားတဲ့ပြီး အတူတူထိုင်နေကျ ခုံတန်းလေးပေါ်မှာ ကျနော့် ဘလက်ပီး မေရီလေးဟာ ခွေခွေလေး လှဲအိပ်ရင်း မျက်ရည်တွေ ကျနေရှာမလားလို့ တွေးရင်း ဆွေးမြည့်စွာ ငေးငိုင်နေလိုက်တာ ဘယ် အချိန် အိပ်ပျော်သွားမှန်း

မသိလိုက်ဘူး။

မနက်မိုးလင်းတော့ ရေတစ်ခွက်၊ မိုင်လိုကျဲကျဲ တစ်ရှက်၊ ပေါင် မုန့်တစ်ချပ် ရတယ်။ ပြဿနာက ရေ။ မတ်ခွက် တစ်ခွက်စာပဲ ရတာ။ မျက်နှာသစ်၊ သွားတိုက်တာနဲ့တင် ပြောင်သွားတယ်။ ထပ်မပေးဘူး။

နည်းနည်းကြာတော့ ရေသောက်ချင်လာတယ်။ မရှိဘူး။ အခန်းထဲမှာ လည်း ရေရနိုင်တာ ဘာမှမရှိ။ အခန်းဖော်ကုလား လုပ်နေတာကို ကြည့်ပြီး ပိျုတက်သွားတယ်။ အိမ်သာ ကမုတ်ခွက်နား သွား၊ ရေဆွဲချ၊ ဆင်းလာ တဲ့ ရေကို အိမ်သာခွက်ထဲ လက်ထိုးထည့်ပြီး ခွက်ကလေးစောင်းပြီး ခံနေတာရယ်။ အဲ့ဒီတော့မှ တစ်ခါက ထောင်ထဲ အကြိမ်ကြိမ်ဝင်ခဲ့ဖူးတဲ့ ဗမာဝလုံးတွေ ပြောစကားကို သွားအမှတ်ရတယ်။ ထောင်ထဲမှာ ခရာအလုံ အလောက် မရဘူး။ အိမ်သာထဲက ရေကို ခပ်သောက်ရတယ်ဆိုတာ တကယ်ပါလားလို့။ ဒီလိုတိုင်းပြည်မှာ အဲ့လိုလုပ်ပါမလား ဆိုပြီး ကျနော် သံသယ ဝင်ခဲ့ဖူးတာပေ့ါ။ ခုတော့ လက်တွေ့ကြုံနေရပြီလေ။

ကျနော်တော့ အဲ့ဒီ ရေကို မသောက်နိုင်ဘူး။ လူ့ဂုဏ်သိက္ခာ ကို **Degrade** လုပ်တာလို့ မှတ်ယူတယ်။ တစ်နေကုန် ရေမသောက်ပဲ အစောင့်ထားတာ အာခေါင်တွေကို ခြောက်ကပ်နေတာပဲ။ နေ့ခင်းဖက် ရောက်လာလေလေ နေရောင်ထိုးတော့ အပူရှိန်က မြင့်လာလေ့ရှိ အလူးအလိမ့် ခံနေရတယ်။ ညနေ ရေချိုးထုတ်တော့မှ ရေပန်းအောက် မှာ ပါးစပ်ဟပြီး အဝသောက်တာပဲ။ အဲ့ဒီအခန်းမှာ သုံးရက်နေရပြီး၊ လေးရက်မြောက်နေ့မှာ ကျနော့်ပြစ်ဒဏ်တွေထဲက ပထမဆုံး ပြစ်ဒဏ်ကို စတင်ကျခံရတယ်။ ထောင်ဝါဒါတွေ လာခေါ်ထုတ်တော့။ အခန်းဖော် ကုလားက မင့်ကို ဘယ်ရွှေ့မလို့လဲ မသိဘူးလို့ ရေရွတ်တာကို ကျနော်က ခပ်ပေ့ါပေ့ါပဲ ပီစီ ဆိုလားကွာ လို့ပြန်ဖြေမိတယ်။ အဲ့ဒီမှာ ကုလားရဲ့မျက်နှာ က သိသိသာသာ ထိတ်လန့်သွားဟန် ပြတယ်။ ဘယ်လောက်တဲ့လဲ တဲ့။ စိတ်မကောင်းဟန်နဲ့ ဆက်မေးတယ်။ တစ်လစွန်းစွန်းပေ့ါ လို့ ဖြေလိုက် တော့ ကျနော်လက်ကို ဖမ်းကိုင်တယ်။ အတင်းဖြစ်ညှစ်ထားတယ်။ အဲ့ဒီအထိ ကျနော် အသေချာနားမလည်သေးဘူးရယ်။ပီစီ ဆိုတာ အင်္ဂလိပ်လို **P.C** ပေ့ါ။ အတိုကောက်ခေါ်တဲ့ ဟာ၊ ရှင်းအောင် ပြောရရင် တိုက်ပိတ်တာပါပဲ။ တစ်ယောက်ခန်းထဲမှာ ကျနော့်ကို တစ်လ ပိတ်ထားမယ်ပေ့ါ။ အဲ့လောက်ပဲ ခပ်လွယ်လွယ် တွေး ထားခဲ့မိတယ်။ တကယ်တမ်း ရောက်သွားတော့ ထင်ထားသလို မဟုတ် ဘူးရယ်။

ဆရာကြီး ရွှေဥဒေါင်းကို ဖဆပလ အစိုးရက အိုးဘိုထောင်ထဲ ပို့လိုက်တုန်းက ကြိုးတိုက်ထဲ ထည့်ထားတာလို့ ကျနော် စာထဲ ဖတ်ဖူးခဲ့ တာကိုး။ နေရောင် တိုက်ရိုက်ထိုးတဲ့ အခန်းလေးဆိုတော့ ပူလောင်လွန်း လို့ ကျောကော့အောင်ခံအရမှာ သူ့ရင်ဘတ်ထဲ ဆူးကြီးတစ်ချောင်း ပေါက်ခဲ့တယ်လို့ ရေးဖူးတယ်မဟုတ်လား။

ကျနော့်အခန်းလေးဟာလည်း ပူလွန်းတယ်။ အဆိုးရွားဆုံးက အလုံပိတ်အခန်း ဖြစ်နေတာပဲ။ အဲ့ဒီတိုက်ထဲ ကျနော့်ကို ထည့်ပိတ်ပြီး အပြင်က သော့ခတ်ထားတယ်။ အထဲမှာ မှောင်ရီဝိုးတဝါးပဲ။ လေဝင် ပေါက်က အလင်းရောင်လေးကြောင့် ဘယ်နားက ဘာဆိုတာ ခန့်မှန်းလို့ ရနေတာလေးပဲ ရှိတယ်။ အခန်းရဲ့ အကျယ်အဝန်းက အလယ်တည့် တည့်မှာ ဆောင့်ကြောင့်ထိုင်ပြီး ငှက်တောင်ပံဖြန့်သလို လက်နှစ်ဖက် ဆန့်တန်းလိုက်ရင် ဘေးနံရံနှစ်ဖက်ကို တိုက်နေတယ်။ အရှည်က လူ တစ်ရပ်စာ လှဲအိပ်လိုက်ရင် ဆန့်ရုံပဲ။ ထောင့်ဆုံးမှာ

အိမ်သာခွက်တစ်ခု ရှိတယ်။ ဒါပါပဲ။

အခန်းထဲကို အထည့်ခံလိုက်ရတဲ့ အခါ ကျနော် ရုတ်တရက် ပျာယာခတ်သွားတယ်။ အမှောင်ခန်း။ ငါ့ကို ဒီအမှောင်ခန်းထဲမှာ ရက် တွေအကြာကြီး ပိတ်ထားတော့မယ် ဆိုတဲ့ ကြောက်စိတ်က လူကို သွေး ပျက် ထိတ်လန့်သွားစေတယ်။ ဂယောက်ဂယက်နဲ့ အခန်းကျဉ်းလေးထဲကိုလျှောက်ဒီလျှောက်နဲ့ရယ်။ ငါ့ကို ပီစီထဲ ထည့်တော့မယ်လို့ ပြောတုန်း က ဟိုကုလား ထိတ်လန့်သွားတာ ဒါကြောင့်ပဲလို့ သိသွားရပြီ။ စကား ပြောဖော် မရှိဘူး။ ဘာမှ မမြင်ရဘူး။ အသံလည်း မကြားရဘူး။ ငါ ဒီထဲ မှာ ဘယ်လောက်ထိ တောင့်ခံနိုင်မှာတဲ့လဲ ဆိုတဲ့ စိုးရိမ်စိတ်က ကြီးစိုး လာတယ်။ လက်စသတ်တော့ ပီစီ ဆိုတာ သာမန် ရိုးရိုးအခန်းလေး မဟုတ်ပါလား။ **solitary confinement cell** ဖြစ်နေပါရောလား။ ကျနော်ဟာ တစ်ရက် နှစ်ဆယ့်လေးနာရီမှာ နှစ်ဆယ့်သုံးနာရီတိတိ ဒီ အထဲမှာ အပိတ်ခံရတော့မယ်ပေါ့။ တစ်နာရီ၊ နှစ်နာရီ၊ သုံးနာရီ ... ကျနော် မမှတ်နိုင်တော့ဘူး။ အမှောင်ထဲမှာ ဟိုဒီလျှောက်ရင်း ရူးချင်သလိုလို တွေ ဖြစ်သွားခဲ့ပြီ။ သီချင်းတွေ အော်ဆိုတယ်။ ရသမျှ သီချင်းတွေ ကုန် သွားရင်၊ ဖတ်ခဲ့ဖူးသမျှ စာအုပ်တွေအကြောင်း စဉ်းစားတယ်။ ဒိုက်ထိုး တယ်။ တစ်ကိုယ်လုံးက အားတွေ ကုန်သွားတဲ့အထိ ဒိုက်ထိုးတယ်။ ပျော့ခွေသွားတော့မှ ကြမ်းပြင်ပေါ် ခွေအိပ်ရင်း အိပ်ပျော်သွားတယ်။ အိပ်ရာက နိုးလာတဲ့အခါ ဘယ်ရောက်နေမှန်းမသိဘူး။ အမှောင်ထုကြီး ထဲမှာပဲ။

တစ်ရက်၊ နှစ်ရက်၊ သုံးရက် ... ကျနော် သတိတစ်ချက် တစ်ချက်လွတ်ချင်လာပြီ။

တစ်ခါတလေ အော်ငိုတယ်။ အဘွားရေသားကို လာ မကယ်နိုင်တော့ဘူးလား လို့ နာနာကျင်ကျင်အော်ဟစ်တယ်။

အမှောင်ထဲမှာ လူရိပ်လိုလိုတွေ ဖျတ်ခနဲ မြင်မြင်နေရတယ်။ ကျနော့်ကို ဒီဘဝရောက်အောင် တွန်းပို့ခဲ့တဲ့ ချူးကို မျက်စိထဲ မြင်ယောင် တယ်။ လက်သီးတွေ၊ ကန်ချက်တွေ အမှောင်ထုထဲမှာ။ မင်းကို ငါ အသေ သတ်ပြီး ကြီးစင်တက်မယ်ကွ.... လို့ အော်တယ်။ ကျနော့်စိတ်တွေ ပုံမှန်မဟုတ်တော့မှန်း ရိပ်စားမိလာပြီ။ ကြမ်းပြင်ပေါ်မှာ ဆောင့်ကြောင့်ထိုင်ချ ရင်း စိတ်က ဖျတ်ခနဲ **Papillon** ဆီ ရောက်သွားတယ်။ ကျနော် ငယ်ငယ် က ဖတ်ခဲ့ဖူးတဲ့ အွန်နရီချာရီရေး ရဲ့ **Papillon** ပါပီလွန်၊ သို့မဟုတ် ပြင်သစ်လို ပါပီယွန်။

ရင်ဘတ်မှာ လိပ်ပြာပုံ တက်တူးနဲ့ကောင် ထောင်အကြိမ်ကြိမ် ဖောက်ပြေးတဲ့ ပါရီမြို့က လူမိုက်၊ တစ်ကျွန်းကျနေတာတောင် ကမ်းမမြင် လမ်းမမြင် ပင်လယ်ကြီးကို ဖြတ်ပြေးရဲတဲ့ကောင်။ အကြိမ်ကြိမ် ပြေး အခါခါ ပြန်မိ။ ဘယ်တော့မှ လက်မလျှော့တဲ့ ကောင်။ နောက်ဆုံး သရဲ ကျွန်း ချောက်ကမ်းပါးပေါ်ကနေ အုန်းခွံတွေ ထည့်ထားတဲ့ အိတ်တစ်လုံး နဲ့ ခုန်ချသွားခဲ့ပြီး ပင်လယ်ပြင်ကို လက်ပစ်ကူးလို့ တောင်အမေရိက ဆီ လွတ်မြောက်သွားခဲ့တဲ့ ကောင်ကြီး။ ကျားဆိုမှ ကျား။ ဘယ်တော့မှ အရှုံး မပေးဘူး။ သူ့ကိုလည်း တစ်ကျွန်းပေါ်မှာ **solitary confinement cell** ထဲ ထည့်ထားခဲ့တာ မဟုတ်လား။ အဲ့ဒီအခန်းထဲ အထည့်ခံရတဲ့ လူတွေ ဟာ ရူးတဲ့ လူတွေက ရူး၊ သေတဲ့ လူတွေက သေပေမယ့်လို့ **Papillon** က တည်တည်ငြိမ်ငြိမ် ရင်ဆိုင်နိုင်ခဲ့တယ်လေ။ သူကိုယ့်သူ သေမသွား အောင် တောင့်ခံသွားနိုင်ခဲ့တယ်။ ဒီကောင်ကြီးကို ငါအားကျခဲ့ဖူးပေမယ့် ခုဆို ရက်ပိုင်းကလေးနဲ့ ငါက သွက်သွက်ခါအောင် ရူးချင်နေပြီတဲ့လား။

အဲ့ဒီလို တွေးမိသွားတဲ့ အချိန်မှာ ကျနော် အင်္ဂါဟစ်ပြီး ရယ်မောပစ်လိုက်ခဲ့တယ်။ ကျနော် မကြောက်တော့ဘူးရယ်။ ဒီအမှောင် ခန်းထဲမှာ ရက်အနည်းငယ် ဖြတ်သန်းပြီးရင် ငါဟာ အရင်ကထက် အဆ မတန် ပိုမိုမာကျောတဲ့ ယောက်ျားအဖြစ်နဲ့ အပြင်ကို ထွက်လိမ့်မယ်။ ငါဟာ အသက်ကလေး ၂၀ စွန်းစမှာ ဘဝစုံနေအောင် ကျင်လည်ခဲ့ရပြီး ပြီ။ ငါဟာ ရင့်ကျက်မှု ရှိတန်သလောက် ရှိတော့မယ်။ ဒီအခန်းထဲမှာကြံ့ကြံ့ခံမယ်။ ကိုယ့်ကိုယ်ကိုယ် ရူးမသွားအောင်၊ သေမသွားအောင် မွေးမြူမယ်။ ဒါပါပဲ လို့ ယတိပြတ်ဆုံးဖြတ်ချက်ချလိုက်တယ် သူ့သူငယ်ချင်း လူဝီဒက်ဂါးကို **Papillon** ပြောသွားတဲ့ စကား

"အရေးအကြီးဆုံး အချက်က ငါတို့ အသက်ရှင်နေသေးတယ် ဆိုတာပါပဲ..." တဲ့။

အဲ့ဒါလေးကိုပဲ အမြဲနှလုံးသွင်းပြီး တောင့်ခံနေနိုင်ခဲ့တယ်။ ဖတ် ဖူးသမျှ စာအုပ်တွေအကြောင်း၊ ဇာတ်လမ်းဇာတ်ကွက်တွေ အကြောင်း အသေးစိပ် ပြန်တွေးတောပြီး စိတ်ကူးနဲ့ ပုံဖော်တယ်။ ရုပ်ရှင်ဇာတ်ကား လို တဖျတ်ဖျတ် ပေါ်အောင် မြင်ယောင်ကြည့်တယ်။ ကိုယ့်စိတ်ကူးထဲမှာ ချူး ဆိုတဲ့ ထိပ်ပြောင်နှုတ်ခမ်းမွေးကို ဇာတ်လမ်းရေးပြီး သတ်သတ်ပစ် တယ်။ ကျနော် အရမ်းပျော်တာပဲ။ အခန်းကျဉ်းလေးထဲမှာ အဆက်မပြတ် ကိုယ်လက်လှုပ်ရှားတယ်။ အွန်နရီ ချာရီရေး ရဲ့ **Papillon** ကို အာရုံပြု တယ်။ မတစ်ထောင် တစ်ကောင်ဘွားကြီး ဆိုပြီး အိပ်ရာက နိုးလာတာ နဲ့ ဦးညွှတ်တယ်။ ငါ ထောင်က လွတ်ရင် သူ့လိုပဲ ရင်ဘတ်မှာ လိပ်ပြာပုံ တက်တူးထိုးပစ်မယ်လို့ ကြုံးဝါးတယ်။

သတ်မှတ်ရက် ပြည့်တဲ့အခါ ပီစီခန်းထဲကနေ ကျနော် မရူးပဲ ထွက်လာနိုင်ခဲ့ပါတယ်။ အတန်ငယ် တုန်ချိနေပေမယ့် အခန်းတံခါး လာ ဖွင့်ပေးတဲ့ ထောင်ဝါဒါတွေကို ဇာတ်လိုက်ကျော် **Papillon** ဂိုက် ဖမ်းရင်း ကျနော် ပြုံးပြပြီး ခပ်တိုးတိုးရေရွတ်ခဲ့တယ်။ **I m still here** လို့

သင်ယူခြင်း

တစ်ခန်းကို အယောက်သုံးဆယ် နီးပါး ရှိတဲ့ အခန်းတစ်ခုထဲ ကျနော်ရောက်သွားတယ်။ ပီစီခန်းထဲက ထွက်လာတဲ့ ကျနော့်အတွက် နိဗ္ဗာန်ဘုံပါပဲ။ လူတွေ ဟိုဟိုဒီဒီ လျှောက်လို့ရအောင် ကျယ်ဝန်းတယ်။ ရေချိုးအုတ်ကန် အကြီးကြီးနှစ်ခု အခန်းထဲမှာ ပါပြီးသား။ အိမ်သာနှစ်လုံး က အခန်းထောင့်မှာ။ လူ သုံးဆယ် ဘယ်ညာ နံရံကပ်ပြီး၊ ရင်စို့လောက် မြင့်တဲ့ သစ်သားကွပ်ပျစ်ပေါ်မှာ အိပ်ဖို့ နေရာပေးထားတယ်။ အရေး အကြီးဆုံး အချက်က မျက်နှာစာက ဟာလာဟင်းလင်းကြီး (သံတိုင်တွေ တော့ကာထားတာပေါ့)။ အလင်းရောင် ကောင်းကောင်းရတယ်။ သတင်း စာ ဖတ်ရတယ်(မိန်းမပုံတွေကိုတော့ ငွေမင်သုတ်ပြီး ဆင်ဆာဖြတ်ထား တာရယ်)။ ရီးဒါးဒိုင်ဂျက်စ် မဂ္ဂဇင်းအဟောင်းတွေ ဖတ်ရတယ်။ အကျဉ်း သားတွေကတော့ လူမျိုးအစုံပဲ။ တရုတ်၊ ကုလား၊ ဗီယက်နမ်၊ မလေး၊ အင်ဒို၊ ဗမာ၊ ဥရောပတိုက်သား အစရှိသဖြင့် ကာလာစုံပါပဲ။

တရုတ်၊ ကုလား အများစုက အိုဗာစတေးအမှုတွေ များတယ်။ ကျန်တဲ့ လူတွေက ရာဇဝတ်မှုတွေ၊ နှစ်ချီတဲ့ အမှုတွေချည့်ပဲ။ ဗီယက်နမ် ခါးပိုက်နှိုက်၊ မလေး ဆေးခြောက်ပစ်သမား၊ အင်ဒိုနီးရှားဓားပြ၊ အရှေ့ ဥရောပက လာပြီး အာရှတစ်ခွင်က အတော်အမ် ငွေထုတ်စက်ကို ဖောက် ထွင်းတဲ့ အုပ်စု စသဖြင့် ရှုပ်ရှက်ခတ်နေတဲ့ ဘက်ဂရောင်းတွေနဲ့ရယ်။ပထမဆုံး ရက်တွေမှာ ခပ်တန်းတန်းဖြစ်နေခဲ့ပေမယ့် ရက်ကြာ လာတာနဲ့ အမျှ ကျနော်ဟာ အခန်းဖော်တွေနဲ့ ရင်းနှီးလာခဲ့ပြီ။ ဆပ်ပြာတုံး နဲ့ လုပ်ထားတဲ့ အံစာသီးတွေကို ခေါက်ပြီး ကစားရတဲ့ လောင်းကစား နည်းကို အုပ်စုဖွဲ့ပြီး ကစားတတ်လာတယ်။ လောင်းကြေးကတော့ မနက် တိုင်းရတဲ့ ပေါင်မုန့်တစ်ချပ်ပေါ့။ တချို့ဆိုရင် အံစာရှုံးလွန်းလို့ မနက်စာ ပေါင်မုန့် တစ်လနှစ်လလောက် ငတ်ကုန်တာတွေ့ရတယ်။

အခန်းဖော်တွေနဲ့ တဖြေးဖြေး ရင်းနှီးကျွမ်းဝင်လာတဲ့ အခါ ကျနော်ဟာ ဆေးခြောက်တွေ ဗီစီဒီချပ်တွေ ဘယ်လို မှောင်ခိုသွင်းရ တယ်ဆိုတာ သိလာတယ်။ လူကြပ်တဲ့ ရထားပေါ်မှာ ခါးပိုက် ဘယ်လို နှိုက်ရသလဲ လက်တွေ့သင်ခန်းစာ အနေနဲ့ သရုပ်ပြတာတွေ ကြည့်ရင်း နားလည်လာတယ်။ ဘဏ်က ငွေထုတ်ပြီး ထွက်လာတဲ့ လူတွေကို ဘယ်လို ချဉ်းကပ်မယ်၊ ထွက်လမ်း ဘယ်လိုရှာမယ်၊ ဘယ်လို လုပြီး ဘယ်လို ခြေရာဖျောက်ရမယ် ဆိုတာတွေ သဘောပေါက်လာတယ်။ ကျနော် သဘောအကျဆုံးက အတော်အမ်စက်တွေကို ဖောက် ထွင်းတဲ့ အရှေ့ဥရောပ အုပ်စုပဲ။ သာမန် ရာဇဝတ်ကောင်တွေနဲ့ မတူဘူး။ သူတို့က မာစတာမိုင်း လို့ ခေါ်တဲ့ အဆင့်မြင့်သူခိုးတွေ။ အတော်အမ် စက် ထဲမှာ သုံးတဲ့ အလက်ထရောနစ် ပစ္စည်းတွေကို လေ့လာ။ ငွေထုတ်စက် ရဲ့ ဦးနှောက်အဖြစ် သုံးထားတဲ့ ချစ်ပ်ကို လွှမ်းမိုးနိုင်တဲ့ ပစ္စည်းလေး တီထွင်၊ အကြိမ်ကြိမ် စမ်းသပ်လို့ အောင်မြင်ပြီဆိုတော့မှ လူအုပ်စုဖွဲ့ပြီး တစ်ကမ္ဘာလုံး ပတ်၊ အတော်အမ်စက်တွေထဲ သူတို့ပစ္စည်းကို ထိုးထည့်ပြီး ငွေတွေ အကန့်အသတ်မဲ့ ထုတ်ယူကြတာတဲ့။ တယ်မိုက်တဲ့ ကောင်တွေ ပါလားလို့

အထင်ကြီးမိတယ်။ အခန်းထဲက လူမျိုးစုံနဲ့ အဆင်ပြေပြေ ပြောဆိုဆက်ဆံနေတဲ့ ဇမာချာတိတ်လေး ကျနော့်ကို ပေါင်းရသင်းရတာအဆင်ပြေတဲ့ ကောင်လေးလို့ ယူဆပုံရပြီး ထောင်ကထွက်ရင် ငါတို့နဲ့ အတူတူအလုပ်လုပ်မလားလို့ ခေါ်နေသေးတာရယ်။

ဒီလိုနဲ့ အဲ့ဒီအခန်းလေးထဲမှာ ကျနော် ပျော်ပျော်ရွှင်ရွှင် ရှင်သန် နိုင်သွားခဲ့ပြီ။ ကြိမ်ဒဏ် ထိသွားတဲ့ ရက်က ရေချိုးရင် အနာရင်းမှာစိုးလို့ ရေနစ်ရက်မချိုး တာကလွဲပြီး နေ့တိုင်းရေဝဝချိုးတယ်။ တစ်ရက်တစ်နာရီ အပြင်ထွက်ရတဲ့အခါ ခြင်းခတ်တယ်၊ ဘောလုံးကန်တယ်။ အခန်းထဲမှာ ဒိုက် မှန်မှန်ထိုးတယ်။ ထောင်စာကြည့်တိုက်က အင်္ဂလိပ်လို ရေးထား တဲ့ ဝတ္ထု၊ မဂ္ဂဇင်း မှန်သမျှ အကုန်ငှားဖတ်တယ်။ ခန္ဓာကိုယ်ကော၊ စိတ် ဓာတ်ပါအဆမတန် ကျန်းမာသန်စွမ်းလာခဲ့ပြီ။

ညတိုင်ကျရင် ကမ္ဘာတစ်ဝန်းက လာတဲ့ ရာဇဝတ်ကောင်တွေ ဝိုင်းဖွဲ့ထိုင်ရင်း သူတို့ကြုံခဲ့ရတဲ့ တုန်လှုပ်ဖွယ်ရာ လောကီထုပ္ပတ် လူ့တို့ ဇာတ်တွေတစ်ယောက်တစ်လှည့်ပြောပြတာကိုအံ့သြတကြီးနားထောင် တယ်။ ဒီလို နားထောင်လာတာ ညပေါင်းများစွာ ကြာလာပြီး နောက်မှာ အွန်နရီ ချာရီရေး တဲ့စာအုပ်ထဲက **Papillon** ကို ကျနော် နားလည်သွားခဲ့ တယ်။

တကယ်တော့ **Papillon** ဆိုတဲ့ ရာဇဝတ်ကောင်ဟာ တစ် ယောက်တည်း ဟုတ်ချင်မှ ဟုတ်လိမ့်မယ် လို့ နားလည်စ ပြုလာတယ်။ အွန်နရီ ရှာရီရေးဟာ သရဲကျွန်းပေါ် အကျဉ်းကျဖူးရင်း ဘေးဘီဝဲယာက ရာဇဝတ်ကောင်တွေဆီက ကြားဖူးခဲ့တဲ့ ဇာတ်လမ်းတွေကို စုပေါင်းပြီး သူ့ဇာတ်ကောင်ကို ဖန်တီးခဲ့တာပဲ ဆိုတာ မြင်သွားခဲ့တယ်။ ဒါပေမယ့် တကယ်ဟုတ်ခြင်း မဟုတ်ခြင်းကလည်း အရေးမကြီးတော့ပါဘူး။ အနည်းဆုံးတော့ သူ့ဇာတ်ကောင်ကို သဘောကျခဲ့မိတဲ့ ကျနော်ဟာ အလုံပိတ်အခန်းထဲမှာ မရူးသွားအောင် တောင့်ခံနိုင်ခဲ့တယ်မဟုတ်လား။

လွတ်မြောက်သွားသူ

အချိန်တွေ ကြာလာတာနဲ့အမျှ ကျနော်တို့အခန်းထဲက လူ တွေဟာ တိုးလိုက် လျော့လိုက်ပါပဲ။ ဗမာတွေလည်း ရောက်ရောက်လာ တတ်တယ်။ များသောအားဖြင့် **ICA case** လို့ ခေါ်တဲ့ ရက်ကျော်၊ အိုဗာ စတေး အမှုတွေပါပဲ။ ဒါပေမယ့် ဘာလို့မှန်းမသိဘူး၊ သူတို့ကို တစ်ခန်း တည်း ကြာကြာမထားဘူး။ တစ်ပတ်လောက်နေရင် ရွှေပစ်လိုက်တယ်။ ထောင်က ကြီးလွန်းပြီး အဆောင်တွေ များလွန်းတော့ကာ ဘယ်နား ရောက်သွားမှန်း မသိဘူးရယ်။ သူတို့ ဇာတ်လမ်းတွေကလည်း ရယ်ရ အခက် ငိုရအခက်တွေချည့်ပါပဲ။

ဂေလန်းက တရုတ်ထမင်းဆိုင်မှာ ညဖက် ထမင်းဟင်းချက် အလုပ်လုပ်တဲ့ ဝလုံး ဗမာနှစ်ယောက်ရဲ့ ဇာတ်လမ်းဆိုပါတော့။ တစ်ည လုံး မိုးလင်းပေါက်အလုပ် လုပ်ပြီး အိမ်ပြန်တော့ ထုံးစံအတိုင်း အိပ်တယ်။ အိပ်လို့ ကောင်းနေတုန်း မနက်ခင်း ဆယ်နာရီလောက်မှာ သူတို့ ဘေး အခန်း မီးလောင်ရော။ နှစ်ကောင်သား အိပ်ကောင်းကောင်းနဲ့ အိပ်နေ တော့ကာ လုံးဝမနိုးဘူးတဲ့။ မီးသတ်သမားတွေ လှေကားနဲ့ တက်လာ၊ ပြူတင်းပေါက်က ဝင်လာပြီး နှိုးမှ အိပ်မှုန်စုံမွှားနဲ့ ထလာတယ်။ မီးသတ် လှေကားကနေ တစ်ဆင့် အောက်ကို ဆင်းတော့ အောက်မှာ လူအုပ် ကြီး ဖြစ်နေပြီ။ အောက်လည်း ရောက်သွားရော လူနာတင်ကားပေါ် တက်ခိုင်းတယ်။ အောက်ဆီဂျင်တွေ ဘာတွေပေးတာကို နှစ်ကောင်သား ငြိမ်ခံမနေပဲ၊ အို ... ရပါတယ် ငါတို့ဘာမှမဖြစ်ပါဘူး ဆိုပြီး အောက် ပြန်ဆင်းတယ်။ အောက်အဆင်းမှာ စစ်ချက်ယူမယ့် ရဲက စောင့်နေပြီ။ မှတ်ပုံတင်ပြ ဆိုတော့ ... ဟီး မရှိဘူး တဲ့။ ဪ ... မှတ်ပုံတင် မရှိတဲ့ ကောင်တွေလား ဒါဆို ရဲစခန်းလိုက်ခဲ့ပေတော့ ဆိုပြီး ပါသွားတာပါပဲကွာ တဲ့။ အသာလေး မှိန်းနေပြီး လူနာတင်ကားနဲ့ ဆေးရုံထိ လိုက်သွား၊ ဆေးရုံကနေမှ ထွက်ပြေးရင် လွတ်နေမင့်ဟာကိုကွာ တောက်...တဲ့။

သူတို့နှစ်ယောက်လို လူတွေက ဒီတိုင်းပြေကို အကြိမ်ကြိမ် ဝင်ထွက်၊ ထောင်လည်း အကြိမ်ကြိမ်ကျဖူးတော့ ဝါရင့်နေတဲ့ လူတွေပေါ့။ ရဲတွေကအမှုစစ်တာတောင် ရှည်ရှည်ဝေးဝေး ပြောမနေဘူး။ ဟေ့ကောင် တွေ ဟိုဖက်လှည့် ဆိုပြီး ဖင်ချွတ်ကြည့်တာပဲ။ တင်ပါးမှာ ကြိမ်ရိုက်ခံထား တဲ့ ဒဏ်ရာဟောင်းရှာတာ။ တွေ့ပြီဆိုတာနဲ့၊ ကိုင်း အမှုဟောင်းတုန်းက သုံးခဲ့တဲ့ နာမည်လေး ပြန်ပြောပေတော့ ဆိုပြီး ဖိုင်အဟောင်းကို ကွန်ပြူ တာထဲ ပြန်ရှာတော့တာပဲ တဲ့။ လွယ်ကူသွားတာပေါ့လေ။ သူတို့အချင်း ချင်း ပြောနေတာလည်း ကြည့်ဦး...

“မင့်ဆီမှာ ပိုက်ဆံပါလာသေးတယ်မလား၊ အိမ်ပြန်ဖို့ ရက်စေ့ ရင် ငါ့လေယာဉ်လက်မှတ်ဖိုး ခဏချေးနော်...” ရန်ကုန်ပြန်ရောက်ရင် ပြန်ဆပ်မှာလား”

“ဟင့်အင်း နောက်တစ်ခေါက် ဒီပြန်ရောက်ရင် ပေးမယ်လေ

"ပီးရော"

အဲ့လိုတွေရယ်။ လူတွေက ထောင်က မလွတ်သေးဘူး။ ပြန် လာဖို့ ရည်ရွယ်ပြီးသား။ တကယ့် လက်ကောက်တွေဆိုပါတော့။ ကျနော် တို့ အခန်းထဲမှာ သူတို့ ကြာကြာမနေရဘူး။ အခန်းပြောင်းသွားရတယ်။ တစ်ပတ်လောက်နေတော့ ဘောင်းဘီအနီ ဝတ်ပြီး ထမင်းစားချိန်မှာထမင်းလိုက်ဝေတဲ့ လူတွေအဖြစ် ပြန်တွေ့ရတော့ ကျနော် အံ့သြပြီး မေး ကြည့်သေးတယ်၊ ဘယ်လိုဖြစ်တာလဲ လို့။ ထောင် ခဏခဏကျဖူးလို့ ထောင်အာဏာပိုင်တွေက မှတ်မိနေပြီလေ။ အလုပ်တန်းခန့်တာပဲ။ နေ့တွက် ပိုက်ဆံတောင်ရတယ် ဆိုလား။

ဒီလိုနဲ့ လအတန်ကြာ ကုန်လွန်ခဲ့ပြီး တစ်နေ့မှာ ထောင်ဝါဒါ တစ်ယောက် ရောက်လာပြီး ၁၁၁၆ ငါနဲ့လိုက်ခဲ့လို့ လာခေါ်ထုတ်တယ်။ ရုံးခန်းထဲ ထိုင်ခိုင်းပြီး စာတစ်စောင် ဖတ်ပြတယ်။ လိုရင်းက **Special Release** စာရင်းထဲ ကျနော်ပါတဲ့အတွက် ထောင်က လွှတ်ပေးလိုက်ပြီ။ ခုချက်ချင်းပဲ လဝကရုံးချုပ်က အချုပ်ကို ပြောင်းမယ်။ ကျန်တဲ့ ကိစ္စအဝဝ သည် လဝက က ဆက်လက်စီစဉ်မယ်တဲ့။ ဒါပါပဲ။ အံ့သြစရာကောင်းတာ က ကျနော်ထူးပြီး မပျော်ရွှင်သွားဘူးရယ်။ ဘဝမှာ အရာရာရှုံးနိမ့်ခဲ့ပြီးမှ တော့ စောစော ထွက်ရတော့ကော ဘာထူးဦးမှာလဲ ဆိုတဲ့ စိတ်ကြီးနဲ့ ထုံပေပေကြီးဖြစ်နေတယ်။

အခန်းထဲ ပြန်ရောက်လာပြီး ရေမိုးချိုးတယ်။ ထောင်ကို ပြန် အပ်ရမယ့် ပစ္စည်းတွေကို ပလတ်စတစ်ပုံးလေးထဲ ထည့်တယ်။ ကျနော့် မိတ်ဆွေတွေကို နှုတ်ဆက်တယ်။ ဗီယက်နမ် ခါးပိုက်နှိုက်၊ အရှေ့ဥရောပ က ဘဏ်ငွေထုတ်စက်ကို ဖောက်ထွင်းတဲ့ လူဆိုးဂိုဏ်းသားတွေ၊ အင်ဒို နီးရှား ဓားပြ၊ မလေးရှားက ဆေးခြောက်ကုန်သည် ... အစရှိသဖြင့် သံယောဇဉ် တွယ်တာခဲ့ရတဲ့ လူတွေနဲ့ ပွေ့ဖက်နှုတ်ဆက်ကြတယ်။ သူတို့ ဘယ်လိုပဲ တတွတ်တွတ် မှာတမ်းခြွေပြီး ပြန်လည် ဆုံတွေ့ကြဖို့ ချိန်းဆိုနေကြပေမယ့် ကျနော့်စိတ်ထဲမှာ သေချာနေတာက ဘယ်တော့မှ

ပြန်မဆုံတော့ဘူး ဆိုတာပါပဲ။ ရာဇဝတ်သားတွေဟာလည်း လူသားတွေပါပဲလား ဆိုတာကျနော်နားလည်သွားခဲ့ပေမယ့် သူတို့နဲ့ အပြင်လောကမှာ ထပ်မံဆုံတွေ့ ပြီး လူဆိုးလူမိုက်တစ်ယောက် လုပ်ရလောက်အောင် ကျနော် မမိုက်ပဲ သေးပါဘူးလေ။ အခန်းထဲက မထွက်ခင်မှာ နံရံတွေပေါ်မှာ ရေးခြစ်ထား တဲ့ စာကြောင်းတွေထဲက ဗမာစာကြောင်းတွေရဲ့ ရှေ့မှာ ကျနော်ရပ်ခဲ့ တယ်။ ဘယ်သူရေးသွားမှန်း မသိတဲ့ဗမာစာကြောင်းလေးတွေ၊

"အကို့ကို ကယ်ပါညီမလေး..."

" မေမေနဲ့ဖေဖေ... သား အိမ်ပြန်ချင်တယ်"

"ကိုထွန်းနိုင်(မြဝတီ) ဒီနေရာကို ရောက်ခဲ့တယ်"

"မခိုးဘူး၊ မဝှက်ဘူး။ ထမင်းငတ်လို့ အလုပ်လာလုပ်မိပါတယ်။ အမေဒေါ်အောင်ဆန်းစုကြည် ကယ်ပါ... ချက်ကြီး (ကျောက်မြောင်း) " တဲ့။

"အမေ ခုထိ သူ့အိမ်ထဲကနေ အပြင်ထွက်လို့ မရသေးဘူး ကိုချက်ကြီးရာ ... (ပါပီယွန်)" လို့ ကျနော် သူ့စာကြောင်းအောက်မှာ သွားပွတ်တံ အနောင့်နဲ့ ရေးခြစ်ခဲ့လိုက်တယ်။

ရေးခြစ်ပြီးလို့ ငေးမောနေစဉ်မှာပဲ ထောင်ဝါဒါတွေ ရောက်လာ တယ်။ ၁၁၁၆ ငါတို့နဲ့ လိုက်ခဲ့ပါတဲ့။

ကျနော့် လူတွေကို လက်ပြပြီး ထွက်ခွာခဲ့ရပြီ။

အိမ်အပြန်

လာဇန်းဒါး ဘူတာနားက လ၀ကရုံးချုပ်မှာ ရှိတဲ့ မြေတိုက်ခန်း ဟာ နောက်တစ်ကြိမ်ပြန်အရောက်မှာ ငရဲကြီးရှစ်ထပ်ပဲ။ အရင်တစ်ခါက နေခဲ့ဖူးပြီးသားပေမယ့် လင်းလင်းချင်းချင်း ကျယ်ကျယ်လွင့်လွင့်ရှိလှတဲ့ ထောင်ကနေ မှောင်ကြောင်ကြောင် မီးသီးအ၀ါရောင်တွေ ထွန်းထားတဲ့ မြေတိုက်ခန်းထဲက အချုပ်ခန်းတွေကို ပြန်ရောက်လာတဲ့ အခါ စိတ်ဓာတ် ကျဆင်းစရာ အင်မတန် ကောင်းလွန်းလှတယ်။ စိုထိုင်းပြီး အေးစက် မှောင်မည်းနေတဲ့ အချုပ်ခန်းတွေဟာ လောကငရဲပါပဲ။ ငါက အလုံပိတ် အမှောင်ခန်းထဲကတောင် မရှူးပဲ ပြန်ထွက်လာခဲ့တဲ့ ကောင်ပါကွ လို့ ကိုယ့်ကိုယ်ကိုယ် ပြန်အားပေးနေရပြန်တယ်။ ကျနော့်မှာ တခြားသူတွေ ထက် သာတာက ပဲ့စပို့ အမှန်အကန် လက်ထဲရှိနေတာရယ်၊ ရှာဖွေပုံစံနဲ့ သိမ်းသွားတဲ့ ကိုယ်ပိုင်ပိုက်ဆံ ဒေါ်လာထောင်ဂဏန်း ထောင်က ပြန်ပေး လိုက်တော့ လေယာဥ်လက်မှတ် တန်း၀ယ်ဖို့ရတာရယ်ကြောင့် ကြာကြာ နေစရာ မလိုဘူး။ လေယာဥ်လက်မှတ်ဖြတ်လို့ ရတာနဲ့ ပြန်လို့ရပြီ။ဒီမြေတိုက် အချုပ်ခန်းတွေထဲမှာ သွေးစုတ်ဖုတ်ကောင်တွေ လို ဖြူစေပြီး မျှော်လင့်ချက်မဲ့နေတဲ့ ကောင်တွေ အများကြီးပဲ။ ပြစ်ဒဏ် ကျခံပြီးပေမယ့် လက်ထဲမှာ ပတ်စပို့မရှိလို့ အိမ်ပြန်ပို့လို့ မရသေးဘူး။သက်ဆိုင်ရာ သံရုံးတွေက လိုက်လာပြီး ယာယီ ပါစပို့ မလုပ်ပေးချင်း ဒီထဲမှာ ငရဲကျပေရော့ပဲ။ အဲ့ဒီ ပဲ့စပို့ ရပါပြီတဲ့၊ လေယာဥ်လက်မှတ် ၀ယ်ရ မယ်။ တစ်ပြားမှမရှိတဲ့ ကောင်တွေ ဘယ်လိုလုပ်ကြမလဲ။ အပြင်မှာ အဆက်အသွယ် ကျန်နေခဲ့သေးတဲ့ ကောင်တွေဆီ ဖုန်းဆက်ခွင့် ပေး ထားတဲ့အတွက် လေယာဥ်လက်မှတ် လာ၀ယ်ပို့ပေးဖို့ အကူးအညီ တောင်းရင် ရနိုင်ပေမယ့် အများစုကြီးက ဘာအဆက်အသွယ်မှ မရှိကြ ဘူး။ သူတို့ဘ၀ ဘာဆက်ဖြစ်မယ်ဆိုတာလည်း မရေရာဘူး။ မြေတိုက် ခန်းထဲမှာ နောက်ထပ် လပေါင်းများစွာ ဒီတိုင်းပစ်ထားတာပါပဲ။ ဘယ် လောက် သွေးပျက်စရာကောင်းလွန်းတဲ့ ဘ၀တွေလဲ နေမှန်း ညမှန်း မသိရတဲ့ အချုပ်ခန်းထဲက မီးလုံး၀ါ၀ါအောက်မှာ ခွေလဲပြီး နံရံတွေကိုပဲ စိုက်ကြည့်နေကြရတယ်။ ကျနော်လို ပါစပို့ပါ ပိုက်ဆံပါ လက်ထဲ အသင့်ရှိနေတဲ့ ကောင်တောင် အဲ့ဒီ ငရဲကြီးရှစ်ထပ်ထဲ သုံးရက်နဲ့ သုံးည တိတိအစောင့်အညီးနေခဲ့ရတာပေါ့။

ရောက်ရောက်ချင်း ကျနော့်အမှုကို တိုင်းတဲ့ အရာရှိ တန်းပြီး ရောက်လာတယ်။

လူ့ဘ၀ရဲ့ ကံတရားဆိုတာ ထင်သလောက် မဆိုးသေးပါဘူး။ ချာတိတ် တဲ့ ပြုံးပြီး အဲ့လိုပြောတယ်။ သူဘာကို ဆိုလိုချင်မှန်း ကျနော် သိပါဘူး။ ထောင်ဒဏ် အပြည့်မခံရတာကို ပြောတာထင်းတာပဲ။ အိမ် ပြန်ပြီး ဘ၀အသစ်တစ်ခု တည်ဆောက်ရေးကွာ၊ မင်းက တစ်ချိန်ကျရင် လူလူသူသူ ဖြစ်မယ့်ကောင်မှန်း ငါအသေအချာ ပြောရပါတယ် ညီရာ..တဲ့၊ ကျနော်က နာနာကျင်ကျင်ပဲ ပြုံးပြနေမိတယ်။ ကျနော့်ကို လေယာဥ် လက်မှတ် ချက်ချင်း ၀ယ်ပေးပါလို့ ပြောတော့

ချက်ချင်းရစေရမယ်လို့ ကတိပေးတယ်။ တစ်ညှ အိပ်တယ်။ စိတ်မရှည်တော့ဘူး။ မနည်း အခေါင့် အည်း သည်းခံနေရတယ်။ ဝါကျင့်ကျင့် မီးရောင်အခောက်က နံရံဖြူဖြူ တွေက လွှပြီး ဘာမှ ကြည့်စရာမရှိဘူး။

ကျနော့်စိတ်ထဲ အန်တိုနီဂရေးရဲ့ ဆိုင်ဂုံဝတ္ထုထဲက ဇာတ်ကွက် ကို ပြေးမြင်မိသေးတယ်။ ဗီယက်နမ်စစ်ပွဲကာလမှာ ဖမ်းမိထားတဲ့ ဗီယက် ကောင်း ထိပ်တန်းခေါင်းဆောင်တစ်ယောက်ကို အမေရိကန် စီအိုင်အေ က အနေစက်နေတဲ့ အခန်းထဲမှာ နှစ်တွေ ချီအခေါင် ထည့်ထားတဲ့ ဇာတ် ကွက်။ နံရံတွေကိုလည်း ဆေးအဖြူတွေချည့်ပဲ သုတ်ထားတာဆိုလား။ ခုလည်း ကျနော့် အခန်းက အနေစက်နေတာပဲ။ နံရံတွေက အဖြူတွေ။ မျက်နှာကြက်ပေါ်က မီးလုံးအရောင်က ဝါကျင့်ကျင့်ကြီး။ စိတ် အင်မတန် ညစ်ညူးတယ်ဗျာ။ နံရံပေါ်မှာ ဗမာလို ရေးခြစ်ထားတဲ့ "စိတ်ဓာတ် မကျနဲ့ ညီအကိုတို့ ရှေ့မှာ ရန်ကုန်ပဲ..." ဆိုတဲ့ စာကြောင်းကိုပဲ ကြည့်ကြည့်ပြီး စိတ်ဖြေနေရတယ်။ ဒုတိယနေ့မှာ အမှုစစ်အရာရှိ ကျနော့်ကို လာတွေ့ ပြီး ပြောတယ်။ လေယာဉ်လက်မှတ် ဖြတ်ပြီးပြီး သန်ဘက်ခါ နေ့လယ် လေယာဉ် တဲ့။ နှစ်ညှ အိပ်ပြီးရင် မင်း အိမ်ပြန်ရောက်ပြီကွ တဲ့။ ကျနော် စိတ်အတော်ပေ့ါသွားပြီး။ စိတ်လက်ပေ့ါပါးစွာနဲ့ အဲ့ဒီညမှာ အိပ်ပျော်ဖို့ ကြိုးစားနေတုန်း ရုတ်တရက် ငရဲပွက်သလိုတွေ ဖြစ်ကုန်တယ်။

ကျနော့်ဘေးအခန်းက လူ။ ကျနော် ရောက်ကတည်းက ငုတ် တုတ် ငုတ်ကြီး ထိုင်နေတာ မလှုပ်မရှားပဲ။ ထမင်း လာကျွေးလည်း ထမစား ဘူး။ ဒီမြေတိုက်ခန်းထဲ ရောက်နေတာ ဘယ်လောက်ကြာပြီလဲ မသိဘူး ရယ်၊ ဇက်ကြီး ကျိုးလို့။ အဲ့ဒီလူက ရုတ်တရက် ဆတ်ခနဲ ထတယ်။ သံတိုင်တွေကို ခေါင်းနဲ့ ပြေးပြေးဆောင့်တယ်။ ပါးစပ်က အာခေါင်ခြစ်ပြီး အော် တယ်။

I want to go home!!!

I want to go home!!

သံတိုင်ကို ခေါင်းနဲ့ ပြေးပြေးဆောင့်တဲ့ အရှိန်ဟာ ပြင်းထန် လွန်းတော့ ကျနော့်အခန်းဖက်က သံတိုင်တွေပါ တုန်ခါနေတယ်။ သွေး လန့်နေတဲ့ ကျနော် အသေချာကြည့်လိုက်မှ မှတ်မိသွားတယ်။ ဘုရား ဘုရား ... ကျနော် ထောင်ထဲ ရောက်တဲ့ ပထမဆုံးရက်တွေမှာ အတူတူ နေခဲ့ရဖူးတဲ့ ကုလားပါလား။ သွေးအလူးလူး ဖြစ်နေတဲ့ သူ့မျက်နှာဟာ မီးရောင်ဝါဝါအခောက်မှာ နာကျည်းမှုတွေ အပြည့်နဲ့၊ သံတိုင်တွေကို ခေါင်းနဲ့ဆောင့်ရင်း သေပစ်လိုက်တော့မယ်လို့ ဆုံးဖြတ်လိုက်ပြီနေမယ်။ ကျနော် အော်တယ်

"အာဂျန်... အာဂျန်... သူငယ်ချင်း... အဲ့လို မလုပ်ပါနဲ့ကွာ ဟေ့ကောင် မင်းသေသွားလိမ့်မယ် မလုပ်ပါနဲ့ကွာ..."

သူ့ကို အော်ဟစ်တားမြစ်ရင်း ကျနော့်ပါးပြင်ပေါ်မှာ မျက်ရည်စ တွေ ရွှဲနစ်နေတာပဲ။ ကျနော်က ကိုယ့်ကိုယ်ကိုယ် စောက်ကြောမာတယ် လို့ ဘယ်လောက် ဟန်လုပ်ခဲ့ပေမယ့် အသည်းနုတဲ့ ချာတိတ်ကလေး ပါပဲလေ။ လဝက အရာရှိတွေ ရောက်လာပြီး အခန်းထဲ သော့ဖွင့်ဝင်၊ အတင်းချုပ်ထားတော့မှ ရှူးသွပ်လုနီးပါးဖြစ်နေတဲ့ အာဂျန်ဟာ ငြိမ်သက် သွားတယ်။ တအီအီနဲ့ ရှိုက်ငိုနေတယ်။ ဦးခေါင်းတစ်ခုလုံး သွေးတွေ ချင်းချင်းနီလို့။

ရုပ်အင်္ကျီတစ်ခုလုံးလည်း သွေးတွေ ရွှဲနစ်နေပြီ။

“အာဂျန် .... အာဂျန် ... ငါလေ သူငယ်ချင်း ၁၁၁၆ လေ... ဗမာကောင်လေးလေကွာ .. မင်း စိတ်ကိုထိန်းထားနော် .. မပူနဲ့ မင်းအိမ်ပြန်ရလိမ့်မယ် သိလား..”

“အစ်ဖစ်ဆာတို့ ... အရာရှိမင်းတို့ ... ဒီကောင် လေယာဉ် လက်မှတ်ဖိုး မရှိလို့ မဟုတ်လား၊ ရှာဖွေပုံစံနဲ့ သိမ်းထားတဲ့ အထဲမှာ ကျနော့်ပိုက်ဆံတွေ ထောင်ချီပြီး ရှိပါတယ်ဗျာ၊ သူ့လေယာဉ်လက်မှတ်ဖိုး ကျနော်ပေးပါ့မယ်၊ ဝယ်ပေးလိုက်ပါဗျာ ... သနားပါတယ် ... ဝယ်ပေး လိုက်ပါ...-

ကျနော် ဒီဖက်အခန်းကခန အဲ့လိုတွေ တတွတ်တွတ် အော် ပြောနေမိတယ်။ ဒေါ်လာလေး လေးငါးရာနဲ့ ကျနော် မွဲမသွားပါဘူး။ လူတစ်ယောက် ရူးသွပ်သေဆုံးသွားမှာကို ထိုင်ကြည့်နေရမှာတဲ့လား ဗျာ။ အာဂျန်ဟာ ဒီမြေတိုက်ထဲမှာ လပေါင်းများစွာကြာအောင် မျှော်လင့် ချက် မဲ့နေခဲ့ရရှာတယ်တဲ့လား။ သူ အိမ်ပြန်ပါစေတော့ဗျာ။ သူ့မိသားစုနဲ့ ပြန်ဆုံပါစေတော့လား။ လူမဆန်တဲ့ ဒီနေရာကြီးကနေ ကျနော့်အကူ အညီနဲ့ လွတ်မြောက်သွားပါစေတော့လေ။

လေးရက်မြောက်နေ့မှာ မြေတိုက်ခန်းထဲက ရေဂေါက်မှာ ကျနော် ခြေလက်ဆေး မျက်နှာသစ်တယ်။ လက်ထဲရောက်လာတဲ့ အဝတ်အိတ်ထဲက အသစ်လွင်ဆုံး အဝတ်တစ်စုံကို ကျနော် လဲဝတ် တယ်။ ဘေးအခန်းက ဒီဘဝမှာ ဘယ်တော့မှ ပြန်မဆုံတော့မယ့် ကုလား အာဂျန်ကို နှုတ်ဆက်တယ်။ လက်ထဲရောက်နေပြီဖြစ်တဲ့ ပိုက်ဆံအထုပ် ထဲက ငါးဆယ်တန်တစ်ရွက်ကို သူ့အခန်းထဲ ထိုးထည့်ပေးရင်း ပြော တယ်၊ “ဂျူတီဖရီးမှာ မင့်ကလေးတွေအတွက် တစ်ခုခုဝယ်သွားလိုက်ကွာ” လို့။

နောက်နှစ်ရက် နေရင် သူပြန်လို့ရပြီတဲ့။ ကျနော့် အမှုစစ်အရာရှိ လာခေါ်လို့ လေဆိပ်ဆင်းဖို့ အခန်းထဲ က ထွက်ခါနီးမှာ ကျနော် အာဂျန့်ကို လက်ပြတယ်။ ဂွတ်ဒ်ဘိုင် မိုင်ဖရန်လို့နှုတ်ဆက်တော့ သူမျက်ရည်ကျနေတယ်။

လေဆိပ်သွားရာ လမ်းပေါ်က အချုပ်ကားပေါ်မှာ ကျနော်နဲ့ အတူ ယိုးဒယား ပြည့်တန်ဆာတွေ အပြည့်ပဲ။ ယောကျာ်းလေးဆိုလို့ ကျနော်တစ်ယောက်တည်း။ အချုပ်ကားပေါ် ပါလာတဲ့ အစောင့်ရဲမေက ကျနော့်ကိုပြုံးပြရင်းလှမ်းမေးတယ်။

“နင်ကဘာအမှုလဲ...” တဲ့။

“ဆင်းရဲမွဲတေမှု ...” လို့ ခပ်ပြတ်ပြတ် ပြန်ဖြေရင်း လမ်းဘေး ဝဲယာကို ငေးကြည့်ရင်း အတွေးတွေက ဟိုရောက်ဒီရောက်ပေါ့။

လေဆိပ်ထဲ ရောက်တော့ နေရထိုင်ရတာ သိပ်အဆင်မပြေဘူး။ ယိုးဒယား ပြည့်တန်ဆာမတွေနဲ့ အတူတူ အတွဲလိုက်ကြီး လက်ထိပ် ခတ်ပြီး ခေါ်သွားတာဆိုတော့ လူတွေ ဝိုင်းကြည့်နေတာရယ်။ ငါ့များ ယိုးဒယားဖာခေါင်း ထင်နေကြပြီလားလို့ တွေးပြီး ကိုယ့်ဘဝကို ကိုယ် ရှက်ရွံ့နာကျည်းနေမိသလိုပဲ။ ဒါပေမယ့် သိပ်မကြာပါဘူး။ လေယာဉ်ပေါ် ရောက်သွားတယ်။ လေယာဉ်ပေါ်ရောက်မှ လက်ထိပ်ဖြုတ်ပေးတော့ကာ ကျနော့်ကို ခရီးသည်တွေက စူးစမ်းတဲ့ အကြည့်နဲ့ ကြည့်နေကြတာပေါ့။

ကိုယ့်ခုံမှာ ကိုယ်ဝင်ထိုင်ပြီး မျက်လုံး စုံမှိတ်ထားလိုက်မိတယ်။ လေယာဉ်ထွက်ပြီ။ မှေးခနဲ အိပ်ပျော်သွားတယ်။ လူတစ်ယောက်က ပခုံးကို လာပုတ်နှိုးလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ လေယာဉ်မောင် ဖြစ်နေတယ်။ ကျနော့်ကို အပြုံးချိုချိုနဲ့ ပြုံးပြပြီး ဘာစားမလဲတဲ့။ ကျနော် ခေါင်းခါပြတယ်။

အာ . . - နည်းနည်းတော့ စားပါ ညီလေးရာ ... တဲ့။ ဗိုက်ထဲ အစာရှိတော့ နေသာတာပေါ့၊ လို့၊ အတင်းတိုက်တွန်းလို့ ကျနော် ယူစား တယ်။ လေယာဉ်မောင်ဟာ ကျနော့်ဘေးက ခုံအလွတ်မှာ ဝင်ထိုင်ပြီးစကားစမြည်ပြောတယ်။ ဖြစ်သမျှအကြောင်း အကောင်းချည့်ပဲကွာ။ နောက် ၂ နာရီဆိုရင် ရန်ကုန်ရောက်ပြီ။ ဒီလေယာဉ်ပေါ်က လူတွေနဲ့ မင်းနဲ့ မသိပါဘူး။ ရှက်မနေနဲ့။ ဒီမျက်လုံးတွေအောက်က ခဏနေရင် လွတ်တော့မှာ အားတင်ထားလို့ အားပေးတယ်။ သူ့ရဲ့ ကြင်နာတတ်တဲ့ နှလုံးသားကို ကျနော် မှတ်တမ်းတင်မိခဲ့ပါတယ်။

မင်္ဂလာဒုံလေဆိပ်ကို လေယာဉ်ဆိုက်တယ်။ ဘာမှ အခက် အခဲ မရှိပဲ လဝက ကောင်တာကို ကျနော်ဖြတ်နိုင်ခဲ့တယ်။ ကောင်တာ ထိုင်တဲ့ အရာရှိက ကျနော်တို့ ငယ်ငယ်က နာမည်ကြီးဘောလုံးသမားပဲ။ အခွန်မဆောင်လာဘူးလားလို့ မေးပြီး နည်းနည်းရစ်ဖို့ ကြိုးစားသေး တယ်။ ကျုပ် ထောင်က ထွက်လာတာ လို့ ဘုတောလိုက်မှ ဘာမှမပြော တော့ပဲ လွှတ်ပေးလိုက်တယ်။ လေဆိပ်အပြင်ဖက်ကို ရောက်သွားတာနဲ့ ပုပ်အဲ့အဲ့ အနံ့တွေ ရတယ်။ ကွမ်းသွေးကွက်တွေ ဟိုနားဒီနား။ လမ်းဘေး မှာ အမှိုက်တွေ။ အရာရာဟာ ညစ်ထေးဟောင်းနွမ်း စုတ်ပြတ်နေဆဲပဲ။ လေဆိပ်ထဲက ဂျူတီဖရီးဆိုင်က ဝယ်လာတဲ့ ငါးသုံးလုံး ဆစ်ကလက် တွေကို ပလက်ဖောင်းပေါ်ထိုင်ရင်း အဆက်မပြတ် ဖွာနေမိတယ်။ မိုးက ချုပ်စပြုလာပြီ၊ ဘယ်သွားရမှန်းမသိဘူး။ ဆစ်ကလက် မသောက်တာ ကြာပီမို့ လူက မူးရိပ်ရိပ်နဲ့ရယ်။

တက္ကဆီ တစ်စီးငှားပြီး လှည်းတန်းဖက် ရောက်သွားတော့ မီးပျက်နေတယ်။ ရာသီဥတုက ပူလောင်အိုက်စပ်နေရတဲ့ အထဲ မှောင် ကြောင်ကြောင်ကြီး။ မီးစက်တွေရဲ့ တဖြဲဖြဲအော်မြည်သံတွေက ဆူညံနေ တာပဲ။ နွမ်းဖတ်ပြီး ပျော်ရွှင်မှုပျောက်ဆုံးနေဟန် တူတဲ့ လူတွေက တိုးဝှေ့ ပြီး သွားလာနေကြတယ်။ အိတ်တစ်လုံး လက်က ဆွဲပြီး လှည်းတန်း မီးပွိုင့်နားမှာ ရပ်နေတဲ့ ကျနော်ဟာ ပတ်ဝန်းကျင်အသစ်ကို ဘယ်လိုမှလက်ခံနိုင်စွမ်း မရှိသေးဘူး။ ငါဟာ ပစ္စန္တရာဇ် အရပ်ကို ရောက်နေပါ ကောလားလို့ တွေးနေမိတယ်။ အိတ်ကို တရွတ်ဆွဲရင်း လှည်းတန်း အဝိုင်းဘေးနားက တဲအိမ်လေးနဲ့ ဖုန်းဆိုင်တစ်ခုကို ရောက်သွားတယ်။

“အိုဗာဆီး ဖုန်းခေါ်ဆိုနိုင်သည်” တဲ့၊ ဆိုင်းဘုတ်လေး ချိတ်ဆွဲ ထားတာကို မြင်ရတယ်။

သံဆန်ကာတစ်ဖက်က ဝန်ထမ်းအမျိုးသမီးကို အေးစက်စက် အသံနဲ့ လှမ်းမေးတယ်။

“စင်္ကာပူကို ခေါ်လို့ရမလား…”

“ဖုန်းနံပါတ် ပြောပါ…”

"ခေါ်နေပါပြီ....

ဖုန်းခွက် လက်ထဲရောက်လာတယ်။ နားရွက်မှာ ကပ်ထား တယ်။ ရင်ထဲမှာ တဒိတ်ဒိတ်နဲ့ရယ်။

"ဟလို...မေရီ ပြောနေပါတယ်"

"ဟလို ဟလို ဘယ်သူလဲ..."

ဆက်နားမထောင်ရဲတော့ဘူး။ ကတုန်ကယင်နဲ့ ဖုန်းခွက်ကို ဖုန်းအိမ်ပေါ်ဂွပ်ခနဲ ချပစ်လိုက်မိတယ်။

"ဘယ်လောက်ကျလဲ..."

ဖုန်းဆိုင်က ကောင်မလေးဟာ ကျနော့်ကို အံ့သြတကြီး ငေး ကြည့်လို့ရယ်။ လှည်းတန်းအဝိုင်းဘေးက ဖုန်းဆိုင်လေးကနေ ကျနော် အိတ် ဆွဲပြီး ဒရီးဒရိုင်နဲ့ ထွက်လာခဲ့တယ်။ ကျနော်ဟာ လူမဟုတ်တော့ဘူး။ အသက်မရှိတော့တဲ့ ရုပ်အလောင်းကောင်တစ်ခုပဲ။ အဲ့ဒီအလောင်း ကောင်ဟာ ခြေဦးတည့်ရာ လျှောက်နေရင်း ပါးစပ်က ကယောင်ကတမ်း တွေ ရေရွတ်နေတယ်။

မေရီရေ ... ငါ့အချစ်လေးရေ ... ဘလတ်ဒီး မေရီလေးရေ... ကံဆိုးမလေးရေ ... ငါ့ကိုခွင့်လွှတ်ပါ ... ငါမင့်ဆီ ပြန်မလာနိုင်တော့ဘူးကွာ....

အင်္ဂါပစ်ဆူညံ ပျော်ရွှင်နေတဲ့ လူတွေကို ဥပေက္ခာပြုထားရင်း

ရထားလမ်းဘေးက အမိုးနီနီနဲ့ အိမ်သေးသေးလေးတွေ ကောက်ရိုးထုံး အဝါရောင်တွေ လယ်ကွင်းတွေကို အစိမ်းပွယ်မဲ့ ငေးမောနေမိတယ်

နော်စတဲဂျား

လန်ဒန် အိုလံပစ်ပွဲတော် ကာလကြီးပေါ့။

ဟီသရိုး လေဆိပ်မှာ လူတွေ ပြည့်ကြပ်နေတာပဲ။ တစ်ကမ္ဘာ လုံးက လူတွေဟာ အင်္ဂလန်ကိုပဲ ဦးတည်ပြီး လာနေကြသလား မှတ်ရ တယ်။ အင်္ဂလန်တစ်နေရာတည်းတင် မကပါဘူး။ ယူကေ လို့ ခေါ်တဲ့ ယူနိုက်တက်ကင်းဒမ်း နယ်နိမိတ်ထဲ ပါတဲ့ နေရာတွေကို ဥဒဟို သွားလာ နေကြတယ်။ အိုလံပစ် ဘောလုံးပွဲတွေက မြို့ကြီးတွေမှာ ပတ်ချာလည် ကျင်းပတာ မဟုတ်လား။

အသားအရည် အရောင်အသွေး စုံလင်လွန်းနေတဲ့ လူအုပ်ကြီး ကို ကြည့်ပြီး ကျနော်တောင် ရှင်မြူးသလိုလိုဖြစ်လာတယ်။ ကြားနေရတဲ့ ဘာသာစကားတွေကလည်း အမျိုးမျိုးပဲ။

ကျနော်က ခရီးထွက်ရင်း ပြန်ရောက်လာတာရယ်။ လန်ဒန်က ခရီးဆုံး မဟုတ်သေးဘူး။ အင်္ဂလန် အရှေ့မြောက်ဖက်က မြို့ကြီးတစ်မြို့ ဆီကို လေယာဉ်နောက်တစ်ဆင့် ဆက်စီးရဦးမှာ။ လူက ပင်ပန်းနွမ်းနယ် လွန်းလှပြီ။ နောက်ထပ် တစ်နာရီလောက် လေယာဉ်စီးပြီးရင် လေဆိပ် ကနေ မက်ထရိုလို့ခေါ်တဲ့ မြို့တွင်းပြေးတဲ့ ရထားကို မိနစ် ၄၀ လောက် ထပ်စီးမှ အိမ်ပြန်ရောက်မှာ၊ မြန်မြန် အိမ်ရောက်ပြီး နားချင်လှပါပြီ။

နေရောင်ခြည် တောက်ပလွန်းတဲ့ နွေရာသီကြီးမှာ လူတွေ ပြည့်လျှံနေတဲ့ ဒီလေဆိပ်ကြီးဟာ မွန်းကြပ်လွန်းနေတယ်။ စင်ယော်ငှက် အော်မြည်သံတွေ ဆူညံနေပြီး လေနအေးလေးတွေ တိုက်နေမယ့် ပင်လယ်ကမ်းစပ်က ကျနော့်မြို့ဆီ ရောက်တာနဲ့ အိမ်ကို တန်းပြန်မယ်။ရေမိုးချိုးမယ်။ ပေါ့ပေါ့ပါးပါး အဝတ်အစားလေးတွေ ဝတ်ပြီး အိမ်နားက အနောက်စွပ်ဒေါင်းလမ်းထောင့်က အရက်ဘားမှာ တစ်ခွက်တစ်ဖလား သွားချဦးမှပါလို့ တွေးနေမိတယ်။

"ဗြိတိသျှအဲယားဝေးစ် လေယာဉ် ခရီးစဉ်အမှတ် **BA 1334** ဖြင့် လိုက်ပါမယ့်ခရီးသည်များ..."

ဟော...ခေါ်ပြီဗျား ... ဆိုပြီး ကျောပိုးအိတ်ကို ဆတ်ခနဲ ဆွဲယူ ပြီး ကျောမှာပိုးရင်း ထတယ်။ ဘာရယ်မဟုတ် ကျနော့်ရှေ့တည့်တည့် မှန်ချပ်ကြီးကို မရည်ရွယ်ပဲ လှမ်းကြည့်မိသွားတယ်။ အရှေ့တိုင်းသူ မိန်းမ တစ်ယောက်ရယ်၊ ကျနော့်ကို မှန်ချပ်ကြီးရဲ့ တစ်ဖက်ကနေ စူးစိုက်ပြီး ကြည့်နေတာဗျာ။ သူ့မျက်နှာက အံ့ဩတုန်လှုပ်နေတဲ့ ပုံပဲ။ ကလေးတစ် ယောက်ကို ပွေ့ချီထားပြီး နောက်ကလေးတစ်ယောက်ကို လက်က ဆွဲ ထားတယ်။ ရင်ဘက်ထဲမှာ ထိတ်ခနဲပဲ။

အို...မေရီမဟုတ်လားကွယ်...တစ်ခါက ကျနော့်ရဲ့ချစ်လှစွာ သော

ဘလတ်ဒီးမေရီကလေးရယ်...

ဆယ်စုနှစ်တစ်ခု ကြာသွားတာတောင် ဒီရုပ်ဒီရည်အတိုင်းပါပဲ လားကွယ်။ ဘာမှ ပြောင်းလဲမသွားပါလား။ ကျနော့်ကို အသေအချာ မှတ်မိဟန်နဲ့ တွေတွေကလေး စိုက်ကြည့်နေရှာတယ်။ ကျနော်ကလည်း ဟိုစဉ်က သူမြင်ခဲ့ဖူးသလို ဆံပင်ကုပ်ထောက်နဲ့ပဲကိုး။ ဘယ်လို ကံတရား ကြောင့် ဒီလိုကြီးပြန်လာဆုံရတာလဲဗျာ။

ကျနော် ဘာလုပ်ရမလဲ။ စကားလည်း လှမ်းပြောလို့မရဘူး။ မှန်ချပ်ကြီးက အလယ်မှာခြားထားတယ်။

ဟု အချစ်၊ ငါ့ ဘလက်ဒီး မေရီလေး ... ကမ္ဘာကြီးက ကျဉ်း ကျဉ်းလေးပါလားနော်၊ ငါလေ . . ငါ ထောင်ကျသွားခဲ့တာ အချစ်ရာ ...ငါ နင့်ကို ရှောင်ပုန်းသွားခဲ့တာ မဟုတ်ရပါဘူးလေ။ ငါလေ နင့်ကို ဒီ

တစ်သက် ပြန်မမြင်ရတော့ဘူး မှတ်နေခဲ့တာဟာ။ နင် အိမ်ထောင်ကျခဲ့ပြီပေါ့။ အဲလေ ... နှစ်တွေ အများကြီး ကြာသွားခဲ့ပြီကိုး။ ကလေးတွေက

ချောလိုက်တာဟာ။ နင့်ရုပ်ကလေးတွေ အတိုင်းပဲ့။ ပြန်မလာနိုင်ခဲ့တဲ့ငါ့ကို ခွင့်လွှတ်တယ် မဟုတ်လား ဟင်။ နောက်တစ်ဘဝဆိုတာ တကယ်ရှိသေးမယ်ဆိုရင် ငါနင်နဲ့ ပြန်ဆုံရပါစေလို့ ဆုတောင်းနေမယ်ဟာ။

ဒီမယ် ... ဒီမယ် ကြည့်စမ်း၊ ငါဝတ်ထားတဲ့ ဂျင်းပန်လေးလေ။ နင် ဝယ်ပေးထားတဲ့ ဟာလေး။ ဝတ်လို့ ရနေသေးတယ် တွေ့လား။ ခုထိ ရှိရှိသေသေချာ သိမ်းထားတာနော် ဟာဟ့။ ငါ့ဘဝက ဘာမှ မပြောင်းသေးပါဘူး

ဟာ။ ခုထိ ကူလီထမ်းနေရတုန်းပဲ။ နိုင်ငံပြောင်းပြီး ကူလီထမ်းတယ်ပေါ့

ဟာ။ တစ်ခုပဲ ... နင်ဖြစ်စေချင်တဲ့ ပညာတတ်ကြီး ဖြစ်ဖို့ လမ်းခုလပ်ရောက်နေပြီ သိလား။ နင်ပျော်တယ်မလား ဒီလို ကြားရတော့။ နင့်အိမ်ထောင်နဲ့ကော အဆင်ပြေတယ်မလား။ အဆင်ပြေပါစေဟာ။ တစ်ခါတစ်ခါတော့ နင့်ကို ဘလတ်ဒီး မေရီလေး လို့ ခေါ်တတ်တဲ့ တစ်ပြေတစ်ရွာက ကူလီထမ်းတဲ့ ရည်းစားဟောင်းကို လွမ်းမိမှာပေါ့။ ဟုတ်တယ်မလား။

မညာကြေးဟာ။ လွမ်းရင် လွမ်းတယ်ပေါ့။ ဟော့ ... ငါတော့ မတော်တဆများ ကံပါလို့ အိမ်ထောင်ကျခဲ့ရင် သမီးလေးမွေးမှာ သိလား။ နာမည့်ကိုတော့ မေရီ လို့ ပေးပစ်မယ်။ စိတ်ကောင်းနှလုံးကောင်း ရှိပြီး လူတန်းစားမခွဲခြားတတ်တဲ့ နင့်လို မိန်းမပျိုလေး ဖြစ်စေချင်တယ်ဟာ။

ကဲ.... နင်ကျေနပ်တယ်မလား ငါ့အကြံအစည်ကို။ အားမရလိုက်တာဟာ ... ဒီမှန်ချပ်ကြီးကလည်း ဘာကိစ္စခြားထားရတာတုံး...။

စိတ်ထဲက အဲ့လိုတွေ အဆက်မပြတ် ပြောနေရင်း မှန်ချပ်ကြီး ကို ထွင်းဖောက်ပြီး တစ်ခါက ကျနော့် အချစ်ကလေးရဲ့ ဆွေးရီရီ မျက်ဝန်းတွေကို ငေးကြည့်နေမိတယ်။

ဖြိုတိသျှ အဲယားဝေးစ် လေယာဉ်ခရီးစဉ်အမှတ် **BA 1334** ဖြင့် လိုက်ပါမည့် ခရီးသည်များ...

ငါ သွားပြီနော် အချစ် ... ငါသွားရပြန်ပြီ ဘာလတ်ဒီး မေရီ လေးရာ ။ ဘဝမှာ မတော်တဆ ပြန်ဆုံခဲ့တာတောင် စကားလေး တစ်ခွန်း ပြောခွင့်မရရှာတဲ့ ငါတို့ကံကြမ္မာကိုပဲ ယိုးမယ်ဖွဲ့လိုက်ကြပါစို့ ဟာ... ဂွတ်ဒ်ဘိုင် မိုင် လစ်တဲ ဘာလတ်ဒီး မေရီ...

ကျနော်ဟာ တစ်ခါက သူချစ်ခဲ့ဖူးတဲ့ ဗမာရွှေပြောင်းကူလီ လေးမှန်း သေချာသွားအခေါင် တစ်ချက်ပြုံးပြလိုက်ရင်း ချာခနဲ လှည့် ထွက်ခဲ့တယ်။ သူဘယ်လို ကျန်ရစ်ခဲ့ရှာသလဲ မသိတော့ပါဘူးလေ။လေယာဉ်ဆီကို အပြေးတစ်ပိုင်း သွားနေတဲ့ ကျနော့်ရင်ဘတ် ထဲမှာ ဘယ်တုန်းကမှ မကြုံဖူးခဲ့တဲ့ ဝမ်းနည်းအားငယ်မှုကြီးဗျာ။

တစ်နာရီခွဲလောက် ကြာသွားတဲ့အခါ ကျနော်ဟာ အိုလံပစ် ပရိသတ်တွေ အပြည့်ပါလာတဲ့ မက်ထရို ရထားပေါ်မှာ ခေါင်းငိုက်စိုက် ပြီး စီးနင်းနေတယ်။ အင်္ဂလိပ်စကားဖြဲ့ ပျော်ရွှင်နေတဲ့ လူတွေကို ဥပက္ခာပြု ထားရင်း ရထားလမ်းဘေးက အမိုးနီနီနဲ့ အိမ်သေးသေးလေးတွေ၊ ကောက်ရိုးထုံး အဝါရောင်တွေ၊ လယ်ကွင်းတွေကို အဓိပ္ပါယ်မဲ့ ငေးမော နေမိတယ်။

နောက် ဘူတာ... **seaburn** ဆိုတဲ့ ကြေညာသံ ကြားတဲ့အခါ ဆတ်ခနဲ သတိဝင်လာတယ်။

အိမ်မပြန်ချင်သေးဘူး။ ဒီရွာကလေးမှာ ဆင်းနေရစ်ခဲ့မယ် ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ဘူတာရုံသေးသေးလေးမှာ ဆင်းလိုက်တယ်။ **seaburn ... seaburn** လောင်ကျွမ်းတဲ့ ပင်လယ် တဲ့ နာမည်ကိုက။

ပင်လယ်ဘေးက အရက်ဘားဆိုင်လေးဆီ ရောက်တော့ ဘား အပြင်ဖက်က စားပွဲတစ်ခုမှာ ထိုင်တယ်။ ပင်လယ်ကမ်းခြေကို လှိုင်းခေါင်း ဖြူဖြူတွေ လာပုတ်နေတဲ့ မြင်ကွင်းကို ငေးတယ်။ လတ်ဆက်တဲ့ လေ အေးတွေက တဝူးဝူး တိုက်ခတ်နေတော့ စိတ်ထောင်းကိုယ်ကြေ ဖြစ်လာ တဲ့ ကျနော် နည်းနည်း နေသာထိုင်သာ ရှိသွားတယ်။ ဘွတ်ရှ်မီးလ် တံဆိပ် အိုင်းရစ်ရှ်ဝီစကီ နှစ်ပက်မှာပြီး ဆက်တိုက် မော့ပစ်လိုက်တယ်။ ကျောပိုး အိတ်ထဲက ဒန်းဟီးလ် ဆစ်ကလက်ဘူးကို ထုတ်ပြီး ဖွာတယ်။ ဘွတ်ရှ်မီး နှစ်ပက် ထပ်မှာပြီး ဖြေးဖြေးချင်း သောက်တယ်။ အိုင်းရစ်ရှ် ဝီစကီ ၄ ပက် အရှိန်နဲ့ ကျနော် နည်းနည်း ပျော်ရွှင်စပြုလာတယ်။ ညနေစောင်းသွားပေ မယ့် နွေရာသီမို့ နေရောင်က မပျောက်သေးဘူး။ လင်းချင်းနေတုန်းပဲ။ ရီဝေဝေ အပြာရောင် ပင်လယ်ကြီးနဲ့ ကြည်လင်နေတဲ့ ကောင်းကင်ထဲ က ဖြူဆွတ်ဆွတ် တိမ်တွေကို ငေးတယ်။ ဆစ်ကလက်ကို မျှင်းပြီးဖွာ တယ်။ တဖြေးဖြေးနဲ့ အဲ့ဒါတွေဟာ ကျနော့် အတွက် ရုပ်ရှင်ပိတ်ကားကြီး ဖြစ်လာတယ်။ ပင်လယ်ပြာနဲ့ ကောင်းကင်အပြာရောင်ပေါ်မှာ ပုံရိပ်တွေ တဖျတ်ဖျတ် ပြေးနေတယ်။

သရုပ်ဆောင်တွေ အများကြီးပဲ။ချူးနဲ့ နီယို၊ ကန်ထရိုက်တာ မောင်နီ၊ ငါးသမား ကိုလုဝင်း၊ တောင်ဇလပ်ပန်း ဆိုတဲ့ အမကြီး၊ ဖိုးရှောင် နဲ့ တရုတ်မလေး၊ မာနယ်ပလောစခန်းက တိုင်းရင်းသားရဲဘော်တွေနဲ့ သူတို့တည်ထားတဲ့ ထုံးစေတီကလေး၊ အလောင်းဘုရား မင်းမင်း၊ မန်းနီး၊ ရှိလန်၊ အလုံး၊ ကိုဖြူ၊ ကိုစောကြီး၊ အသေးလေး၊ စီနီကိုလု(ပ)က ဗမာ့ ထွက်ရပ်ဂိုဏ်း၊ ကိုအာနီး၊ ဦးပုည၊

ဂျင်မီတန်၊ အချုပ်ကားထဲက ကိုအခေါင် သူ့ရဲ၊ ဗီယက်နမ် ခါးပိုက်နှိုက်၊ မလေးရှား ဆေးခြောက်ကုန်သည်၊ အင်ဒို နီးရှား ဓားပြ၊ အရှေ့ဥရောပက အတော်အမ်စက် ဖောက်ထွင်းတဲ့ ဂိုဏ်းသားတွေ၊ ကြင်နာတတ်တဲ့ လဝက အရာရှိလေး၊ သံတိုင်တွေကို ခေါင်းနဲ့ ပြေးဆောင့်တဲ့ ကုလားအာဂျန်...

နောက်ဆုံး၊ အန်မိုကရှိ တောင်ကုန်းလေးပေါ်က အပြစ်ကင်း စင်တဲ့ ကောင်လေးနဲ့ ကောင်မလေး...

နေလုံးနီနီဟာ ပင်လယ်ထဲ တစ်ပိုင်းတစ နှစ်မြုပ်သွားခဲ့ပြီ။ ရုပ်ရှင်ဇာတ်ကားကြီးလည်း ဇာတ်သိမ်းသွားပြီ။

ဆံပင်ရှည်ရှည်နဲ့ လူတစ်ယောက်ဟာ ပင်လယ်ပြင်ကြီးရဲ့ အစွန်းတစ်ဖက်က မိုးကုတ်စက်ဝိုင်းကို ဆွေးရီရီ ငေးကြည့်ရင်း သူ့ပါးပြင် ပေါ်က မျက်ရည်တွေကို လက်ဖမိုးနဲ့ ပွတ်သပ်နေခဲ့တယ်။

နော်စတဲလ်ဂျား - **Nostalgia**

ကျေးဇူးတင်လျက်

ပါပီယွန်

Whispers of Words

"အောက်တန်းစားမာလီးများအား
အိမ်ကြီးရှင်သမီးနှင့်
မပေးစားပါ"

Whisper of Words
BOOK CHANNEL